၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
http://www.7daynewsjournal.com

အတွဲ(၁၀)၊ အမှတ်(၂၆) | ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၃ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက် ၊ ကြာသပတေး၊ (စက်တင်ဘာ ၁၅ ၊ ၂၀၁၁)

■ သီးလေးသီးအဖွဲ့ဝင်အချို့ ရန်ကုန်ပြန်ရောက်ပြီ
စာ(၆)သို့

■ ဘဏ်ငွေစာရင်း ကန်ဒေါ်လာသုံးသောင်းအထက်ရှိ ပြည်ပတွင်အလုပ်လုပ်ကိုင်နေသူများ ကားတစ်စီးတင်သွင်းနိုင်
စာ(၃)သို့

■ နိုင်ငံခြားငွေရှိသော ပြည်တွင်းလုပ်ငန်းရှင်များပါ ကားအရောင်းပြခန်း ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုမည်
စာ(၃)သို့



# ဟောင်းနွမ်းနေသောကားများ လဲလှယ်ရေး စက်တင်ဘာ ၁၉ ရက်တွင် စတင်မည်

ဟောင်းနွမ်းအိုမင်းနေပြီဖြစ်သော်လည်း အလုပ်ဖြစ်နေဆဲဖြစ်သည့် လေးဘီးယာဉ်တစ်စီးကို စက်တင်ဘာ ၁၂ရက်က ရွှေဂုံတိုင်မီးပွိုင့်တွင် တွေ့ရစဉ် ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ကားအဟောင်း အပ်ပြီး ကားဝယ်ခွင့်ပါမစ်ရသူများ ကားတင်သွင်းပါက အကြမ်းဖျင်း တင်သွင်းသော ကားတန်ကြေး၏ ၁၅၀ ရာခိုင်နှုန်းကျော် အခွန်ဆောင်ရဖွယ်ရှိသည်။ သို့သော် ကားတင်သွင်းလျှင်ဆောင်ရမည့် အခွန်နှုန်းမှာ အတိအကျ မသတ်မှတ်ရသေးဘဲ အပြောင်းအလဲရှိနိုင်သည်။**

အားမာန်

**နေပြည်တော်၊ စက်တင်ဘာ - ၁၁**

အိုမင်းဟောင်းနွမ်းနေသော ပုဂ္ဂလိကပိုင် ကားများအား အစားထိုး လဲလှယ်ပေးမည့် အစီအစဉ်ကို လာမည့်စက်တင်ဘာလ ၁၉ ရက်နေ့မှစတင်ဆောင်ရွက်ပေးရန် စီစဉ်ထားကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ပြောကြားသည်။ စာ(၁၂)သို့

## ရေထဲမျောလာသော ပီပါကို ရေကျင်းသောက်ရာမှ ခြောက်ဦးသေဆုံးပြီး ၂၇ ဦး ဆေးရုံရောက်

ဝေယံ

**ရန်ကုန်၊ စက်တင်ဘာ - ၈**

လပွတ္တာမြို့နယ်ရှိ မင်္ဂလာတောင်တန်း ကျေးရွာတွင် ကပ္ပလီပင်လယ်ပြင်အတွင်းမှ မျောပါလာသည့်ပီပါတစ်လုံးအား အရက်ပီပါဟုယူဆကာ ရေကျင်းသောက်သုံးခြင်းကြောင့် လူခြောက်ဦး သေဆုံးခဲ့ပြီး ၂၇ဦးဆေးရုံ ရောက်ခဲ့ရကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ အတည်ပြုပြောကြားသည်။ စာ(၆)သို့

စီးပွားရေး **ရင်းနှီးမြှုပ်နှံမှု**

## မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို ပြန်လည်ဖွဲ့စည်း

### ကော်မရှင်အဖွဲ့သစ်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများကို နှစ်ပတ်အတွင်း အပြီးဆောင်ရွက်ပေးမည်ဟု ဥက္ကဋ္ဌသစ်ပြောကြား

အားမာန်

**ရန်ကုန်၊ စက်တင်ဘာ- ၁၂**

အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)က ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို အများဆုံး နှစ်ပတ်အတွင်းစိစစ်ခွင့်ပြုပေးနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကော်မရှင်ဥက္ကဋ္ဌဦးစိုးသိန်းကပြောသည်။ စာ(၆)သို့



မြစ်ဆုံစီမံကိန်းလုပ်ငန်းခွင်ကို ၂၀၁၀မတ်လအတွင်းက တွေ့ရစဉ်။ ဓာတ်ပုံ - အေးမြကျော်

## ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရှစ်နှစ်အတွင်း အပြီးတည်ဆောက်မည်ဟုဆို

အားမာန်

**နေပြည်တော်၊ စက်တင်ဘာ- ၁၁**

မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ပူးပေါင်းဆောင်ရွက်နေသော ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းကို ရှစ်နှစ်အတွင်း အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းကပြောကြားသည်။ စာ(၂၇)သို့



7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားစည်းလုံးညီညွတ်မှုခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး၊

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**
- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွား ရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော် နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး၊

**လူမှုရေး ဦးတည်ချက်(၄)ရပ်**
- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး၊
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက် ပျက်အောင်ထိန်းသိမ်းစောင့်ရှောက်ရေး၊
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတစ်ကျောင်းတွင် ကလေးဗဟိုပြုသင်ကြားနည်းစနစ်ဖြင့် ပညာသင်ယူနေသော ကလေးငယ်များ ဓာတ်ပုံ - နေလင်းထွန်း

# မူလတန်းပညာမပြီးဆုံးသော ကျောင်းသားနှုန်းမြင့်မားလျက်ရှိ

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၃**

မြန်မာနိုင်ငံ၏ အခြေခံပညာကျောင်းများ၌ပညာသင်ယူနေကြသော ကလေးငယ်များတွင် မူလတန်းပညာမပြီးဆုံးသော ကျောင်းသား နှုန်းမြင့်မားလျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူကပြောကြားသည်။

အခြေခံပညာကျောင်းများတွင်မသင်မနေရနှင့်အခမဲ့ပညာရေး စနစ်ကြောင့် ကျောင်းအပ်နှံမှုနှုန်းမြင့်မားသော်လည်း ကျောင်းသား မိဘများ၏ စားဝတ်နေရေးနှင့် စီးပွားရေးအခြေအနေတို့ကြောင့် မူလ တန်းပညာရေးပြီးဆုံးမှုနှုန်း လျော့ကျလျက်ရှိခြင်းဖြစ်သည်။

“ငါးနှစ်အတွင်း ကျောင်းဖွင့်စအပ်တာမှာ ၂၀ရာခိုင်နှုန်းလောက် က မူလတန်းပညာမပြီးသွားပါဘူး။ မူလတန်းကျောင်းတက်တဲ့ကလေး သူငယ်က ငါးသန်းနဲ့သူငယ်တန်းက တစ်သန်းရှိပါတယ်။ ရှစ်သိန်း လောက်က မူလတန်းပညာမပြီးဆုံးကြပါဘူး” ဟု ဒုတိယဝန်ကြီးက ကုန်သည်ကြီးများ ဟိုတယ်၌ စက်တင်ဘာ ၃ရက်က ကျင်းပခဲ့သည့် ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်အခမ်းအနားတွင် ပြော ကြားခဲ့သည်။

အခြေခံပညာကျောင်းများတွင် မူလတန်းပညာမပြီးဆုံးခဲ့ သော ကလေးငယ်များအတွက် ကျောင်းပြင်ပပညာရေး အစီအစဉ် များကို ဆောင်ရွက်လျက်ရှိပြီး ယခုအခါ မြို့နယ် ၄၈မြို့နယ်ရှိကလေး သူငယ်ပေါင်း ၉၀၀၀ ကျော်အား ပညာသင်ယူစေလျက်ရှိသည်။ ထို့ပြင် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းများသည် မိဘအုပ်ထိန်းသူတို့ ၏ စီးပွားရေးအဆင်မပြေမှုကြောင့် ကျောင်းမနေနိုင်သော ကလေး ငယ်များအတန်းကျောင်းပညာဆက်လက်သင်ယူနိုင်စေရန်အထောက် အပံ့များ ဖြစ်စေလျက်ရှိသည်။

“မူလတန်းကျောင်းသား နုတ်ထွက်မှုနှုန်းများနေတယ်။ ထွက် သွားတဲ့ကလေးတွေ ဘုန်းတော်ကြီးကျောင်း တွေကို ရောက်သွားတာရှိတယ်။ ကုလ သမဂ္ဂရဲ့ ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင် မှာ လက်မှတ်ထိုးထားတဲ့အတွက် အဲဒီမှာ ပါတဲ့အခြေခံပညာရေး (Universal Primary Education) ရည်မှန်းချက်အဆင့် ကိုမြှင့်တင်ရပါမယ်။ အခုက စာတတ်မြောက် မှုနှုန်းများနေပေမယ့် အတန်းပညာပြီးဆုံး တဲ့နှုန်းက လျော့ကျနေပါတယ်”ဟု ဘုန်း တော်ကြီးသင်ပညာရေးလုပ်ငန်းများဆောင် ရွက်နေသည့် ဝါရင့်ပညာရေးဝန်ထမ်း ဟောင်းတစ်ဦးကဆိုသည်။

ထောင်စုနှစ်ရည်မှန်းချက်ပန်းတိုင် (Millennium Develpement Goals) အရ အခြေခံပညာမူလတန်းပြီးဆုံးသော ကလေးဦးရေအား လက်ရှိ ၈၀ ရာခိုင်နှုန်း ခန့်မှ ၂၀၁၅ ခုနှစ်တွင် ၉၀ ရာခိုင်နှုန်းထိ မြင့်တက်လာစေရန် ရည်ရွယ်ဆောင်ရွက် လျက်ရှိသည်။ ကလေးငယ်များ မူလ တန်းပညာပြီးဆုံးစေရန် ကြုံတွေ့နေရ သော စိန်ခေါ်မှုသည် အခြေခံပညာရေး အရည်အသွေးမြှင့်တင်မှု၊ သူငယ်တန်း ကျောင်းသားနုတ်ထွက်နှုန်းမြင့်တက်နေမှု နှင့် အစိုးရ၏ ပညာရေးအသုံးစရိတ်နည်း ပါးနေမှုတို့ကြောင့်ဖြစ်ကြောင်း ပညာရေး စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အားကိုးကား၍ ပညာရေး ကျွမ်းကျင်သူတစ်ဦးကဆိုသည်။

မြန်မာနိုင်ငံတွင်စာတတ်မြောက်မှုနှုန်း ၉၅ရာ ခိုင်နှုန်းခန့်ရှိနေကြောင်း တရားဝင် ထုတ်ပြန်ကြေညာထားပြီး အတန်းပညာ မပြီးဆုံးသော ကျောင်းသားဦးရေလည်း မြင့်တက်လျက်ရှိနေခြင်းဖြစ်သည်။



# နိုင်ငံခြားငွေရှိသော ပြည်တွင်းလုပ်ငန်းရှင်များပါ ကားအရောင်းပြခန်း ဖွင့်လှစ်လုပ်ကိုင်ခွင့်ပြုမည်

**အားမာန်**

**နေပြည်တော်၊ စက်တင်ဘာ - ၁၁**

နိုင်ငံခြားငွေရှိပြီး ကားအရောင်းပြခန်းဖွင့်လှစ်၍ ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသော ပြည်တွင်းလုပ်ငန်းရှင်များကို ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကပြောကြားသည်။

"နိုင်ငံခြားငွေရှိတဲ့ လူကဒီကိစ္စကို(ပြည်ပမှ ကားများ တင်သွင်း၍ အရောင်းပြခန်းဖွင့်လှစ်၍ ရောင်းချဖြန့်ဖြူးသောလုပ်ငန်း) ရင်းနှီးမြှုပ်နှံချင်လို့ အရောင်းပြခန်းဖွင့်ချင်တယ်ဆိုရင်လည်း ခုနပြောတဲ့နိုင်ငံတွေဖြစ်တဲ့ ဂျပန်တို့၊ ဘာတို့က ကားတွေသွင်းလာလို့ရတယ်"ဟု ဦးအောင်မင်းကပြောသည်။

မှတ်ပုံတင်သက်တမ်း ကြာမြင့်သောကားများကို ပယ်ဖျက်ပြီး အစားထိုး ကားတင်သွင်းရေးအစီအစဉ်အရ ကားအဟောင်း အပ်ပြီး ကားသွင်းခွင့်ပါမစ်ရသူများ ကိုယ်တိုင်ကားမတင်သွင်းတတ်ပါက အဆင်ပြေစေရန် ကားအရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချမှုကိုခွင့်ပြုမည်ဖြစ်သည်။ ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ မလေးရှား၊ ထိုင်း စသောနိုင်ငံများမှ ကုမ္ပဏီများ ကားအရောင်းပြခန်းဖွင့်လှစ်လိုပါက ရောင်းချခွင့်ပြုမည်ဖြစ်သည်။ ပထမဦးဆုံးတွင်မြန်မာမီနီဆလွန်း အရောင်းပြခန်းကို မကြာမီ ဖွင့်လှစ်မည်ဖြစ်ကြောင်းလည်း စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့် ဦးအောင်မင်းတို့ကပြောသည်။



ရန်ကုန်မြို့တွင်း အများအပြားတွေ့နေရဆဲဖြစ်သည့် လိပ်ခုံးဟုခေါ်သော ဖောက်စ်ဝက်ဂွန်ကားများကို တာမွေမြို့နယ်တစ်နေရာ၌ တစ်စုတစ်စည်းတည်း တွေ့ရစဉ်

ကားအရောင်းပြခန်းများဖွင့်လှစ်ခွင့်ပြုမည့်သတင်းကြောင့် ရက်ပိုင်းအတွင်းမှာပင် ပြည်ပမှ ကားကုမ္ပဏီအချို့နှင့် ပြည်တွင်းလုပ်ငန်းရှင်အချို့မှာကားအရောင်းပြခန်းဖွင့်လှစ်ရန် ဆက်သွယ်စုံစမ်းနေပြီဖြစ်ကြောင်း သတင်းရရှိသည်။

"Show Room မှာပဲ စနစ်တကျ အခွန်အကောက်တွေကောက်မယ်။ စနစ်တကျ လုပ်မယ်ဆိုရင် လိမ်တာ ညာတာတွေ ပပျောက်သွားနိုင်တယ်။ ကြိုက်တဲ့ကားကို Use ကားပဲဖြစ်ဖြစ်၊ အရောင်းပြခန်းတွေမှာကြိုက်တာဝယ်နိုင်အောင် ကျွန်တော်တို့က ဖန်တီးပေးသွားမှာ။ ဒါလည်း အမြန်ဆုံးလုပ်မှာ။ အမြန်ဆုံးလုပ်မယ်ဆိုရင်လည်း သုံး၊ လေးလလောက်တော့ကြာမယ်"ဟု ဦးစိုးသိန်းက ကားအရောင်းပြခန်းများနှင့်ပတ်သက်၍ပြောသည်။ ထိုသို့ ပြည်ပမှ ကားများကို အရောင်းပြခန်းများတွင် ဝယ်နိုင်အောင် စီစဉ်သည့်နည်းတူပြည်တွင်းကားထုတ်လုပ်မှုကိုလည်း တိုးတက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောသည်။

အရောင်းပြခန်းများ ဖွင့်လှစ်လာပါက ပထမအဆင့်တွင် ရောင်းချသောကားများကို ကားဟောင်းအပ်ပြီး ကားတင်သွင်းခွင့်ပါမစ်ရရှိထားသူများကသာ ဝယ်ယူနိုင်မည်ဖြစ်သည်။ သို့သော် နောက်ပိုင်းတွင် သတ်မှတ်အခွန်ဆောင်၍ ပြည်သူများကပါ လွတ်လပ်စွာ ဝယ်ယူနိုင်ရန်အထိ ပါရည်မှန်းထားကြောင်း ဦးအောင်မင်းက ပြောသည်။

ထို့အပြင် အက်ဖ်အီးစီကိုင်ဆောင်ထားသူများကို သတ်မှတ်အခွန်ပေးဆောင်စေ၍ အရောင်းပြခန်းမှ ကားများ ဝယ်ယူခွင့်ပြုရန်ကိုပါစဉ်းစားနေကြောင်း တာဝန်ရှိသူများကပြောသည်။

## ဘဏ်ငွေစာရင်း ကန်ဒေါ်လာသုံးသောင်းအထက်ရှိသော သင်္ဘောသားနှင့် ပြည်ပတွင်အလုပ်လုပ်ကိုင်နေသူများ ကားတစ်စီး တင်သွင်းနိုင်

**အားမာန်**

**နေပြည်တော်၊ စက်တင်ဘာ - ၁၁**

ပို့ကုန်လုပ်ငန်းများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်နေသောကုမ္ပဏီများ၏ ဘဏ်ငွေစာရင်းတွင် ကန်ဒေါ်လာတစ်သိန်းနှင့်အထက်ရှိပါက ကား တစ်စီးတင်သွင်းနိုင်ကြောင်း ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းကပြောကြားသည်။

ထို့အပြင် နိုင်ငံခြားတွင် တရားဝင်လုပ်ကိုင်နေသော သင်္ဘောသားများနှင့် ပြည်ပအလုပ်သမားများအနေဖြင့် ဘဏ်ငွေစာရင်းဖွင့်ထားပြီး ၎င်းတို့ဘဏ်ငွေစာရင်းတွင် ဒေါ်လာသုံးသောင်းနှင့်အထက်ရှိပါက ကားတစ်စီးတင်သွင်းနိုင်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

စာ(၃၀)သို့






7DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

CRIME CORNER

## ထူးဆန်းသည့် လောကနတ် ုပ် ရောင်းရန်ဆိုပြီး ဖုန်း၊ ငွေ၊ ရွှေနှင့် ဆိုင်ကယ်များ လိမ်ယူ

**စောရန်နိုင်**

**မကွေး၊ ဩဂုတ်- ၂၅**

ထူးဆန်းသည့် လောကနတ်ရုပ်ရောင်းရန်ပြောဆိုပြီး မင်းဘူးမြို့နယ်နေသူတစ်ဦးထံမှ ကတ်ဖုန်း၊ ရွှေဆွဲကြိုးတစ်ကုံး၊ငွေကျပ်ဆယ့်ငါးသိန်းနှင့် ဌာနပိုင်ဆိုင်ကယ်တစ်စီးပါ လိမ်လည်ယူမှု ဩဂုတ် ၃ရက်က ဖြစ်ပွားခဲ့သည်။

အဆိုပါနေ့ နေ့လယ် ၂နာရီ ၃၀မိနစ်အချိန်ခန့်၌ မင်းဘူးမြို့၊ ကန်ရေအုပ်စု၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံဝင်းနေသူ ဦးလှကို (မြမြင့်မိုရ်ကားဘော်ဒီလုပ်ငန်းလုပ်ကိုင်သူ) ကို နတ်မောက်မြို့နယ်နေ ဦးသိန်းအောင်က ၎င်းထံ၌ထူးဆန်းသော လောကနတ်ရုပ်ရောင်းရန်ရှိကြောင်း ပြောဆိုအယုံသွင်းကာ ဦးသိန်းအောင်၊ ဦးသန်းဆောင်နှင့် အမည်မသိလူတစ်ဦးတို့ကို လှည့်ဖြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဦးလှကို၏ညီဖြစ်သူ ကျော်ထွေးအောင်၊ဦးလေးဖြစ်သူ ဦးဇော်လင်းတို့ထံမှ ကတ်မပါသည့်လက်ကိုင်ဖုန်းတစ်လုံး၊ ကတ်ပါသည့် လက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ်ဆယ့်ငါးသိန်း၊ ရွှေဆွဲကြိုးတစ်ကုံး အချိန်တစ်ကျပ်ခွဲသားခန့်နှင့် လျှပ်စစ်ဌာနပိုင်ဆိုင်ကယ်တစ်စီး စုစုပေါင်း ၃,၈၃၅,၀၀၀ကျပ်တို့အား လိမ်လည်ရယူသွားသည့်ဦးသိန်းအောင်ပါ သုံးဦးအား အရေးယူပေးပါရန် တိုင်တန်းခဲ့ရာ သက်ဆိုင်ရာ နတ်မောက်ရဲစခန်းမှ (ပ)၁၇၂/၁၁၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၂၀ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

## အမျိုးသမီးတစ်ဦးထံမှ ရွှေငွေယူ၍သတ်ဖြတ်ခဲ့သူကို ထောင်ဒဏ်နှစ် ၂၀ချမှတ်

**စောရန်နိုင်**

**မကွေး၊ ဩဂုတ်- ၂၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်တွင် ခင်ပွန်းအမျိုးသားမရှိခိုက် အခွင့်ကောင်းယူကာ အမျိုးသမီးတစ်ဦးကို ရက်စက်စွာ သတ်ဖြတ်၍ ရွှေနှင့် ငွေများယူဆောင်သွားခဲ့မှုကို မင်းဘူးခရိုင်တရားရုံးက စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသဖြင့် ဩဂုတ်လ ၂၃ရက်ကထောင်ဒဏ်နှစ် ၂၀ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီ ၇ ရက်၊ ညနေ ၄ နာရီချိန်ခန့်က ပွင့်ဖြူမြို့နယ်၊ လက်ပံနွယ်ကျေးရွာနေ ဦးတင်ရွှေသည် ရှောက်တောကျေးရွာ အထက်တန်းကျောင်းမှ ကျောင်းဆင်း၍ ၎င်းနေအိမ်သို့ ပြန်ရောက်ရှိစဉ် ဇနီးဖြစ်သူအား လိုက်ရှာဖွေရာ အိမ်အောက်ထပ် ခုတင်နှစ်လုံးကြား မြေကြီးပေါ်၌ပက်လက်အနေအထားနှင့် နဖူးနှင့် နှာခေါင်းပေါ်တွင် ဖူး ရောင်ပေါက်ပြဲဒဏ်ရာတစ်ချက်စီ၊ မေးစေ့အောက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်၊ ဝမ်းဗိုက်အောက်တွင် ထိုးသွင်းဒဏ်ရာတစ်ချက်တို့ဖြင့် သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် တိုင်တန်းခဲ့ရာ ပွင့်ဖြူရဲစခန်းမှ (ပ)၈/၁၁၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုဖွင့်စစ်ဆေးခဲ့သည်။

စစ်ဆေးပေါ် ပေါက်ချက်များအရပြစ်မှုကျူးလွန်သူ အောင်နိုင်စိုးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

သက်ဆိုင်ရာတရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အမှုကြီးအမှတ် ၁၀/၁၁ ဖြင့် လက်ခံစစ်ဆေးပြီး ပြစ်မှုကျူးလွန်သူ အောင်နိုင်စိုးအား ပုဒ်မ ၃၀၂ (၂)အရ ထောင်ဒဏ်(၁၀ နှစ်)၊ ပုဒ်မ-၃၉၂ အရ ထောင်ဒဏ် (၁၀နှစ်)တစ်ပေါင်းတည်းကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်းသိရသည်။

# ကုန်သွယ်ခွန် ခြောက်လကင်းလွတ်ခွင့်က ရေလုပ်ငန်း လုပ်ကိုင်သူများကို အကျိုးသက်ရောက်မှု မရှိနိုင်

**သန်းဒွေး**

**ရန်ကုန်၊ စက်တင်ဘာ-၆**

ပြည်ပပို့ကုန်ရောင်းရငွေအပေါ် ကုန်သွယ်လုပ်ငန်းခွန် ခြောက်လကင်းလွတ်ခွင့်ပြုခြင်းက ရေထွက်လုပ်ငန်း အခြေခံထုတ်လုပ်သူ မွေးမြူရေးသမားများကို အကျိုးသက်ရောက်မှုမရှိကြောင်း မြန်မာနိုင်ငံငါးမွေးမြူရေးလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးသန်းလွင်က ပြောသည်။

"အခွန်လျှော့တာ နောင်နှစ် ဖေဖော်ဝါရီအထိသွားမှာ၊ ကျွန်တော်တို့ ငါးမွေးသူတွေက ဇွန်၊ ဇူလိုင်၊ ဩဂုတ်မှာ ငါးတွေ စမွေးခဲ့တော့ မတ်၊ ဧပြီ၊ မေမှာ ကုန်ထုတ်တဲ့အခါ အရှုံးကြီး ရှုံးဦးမှာပဲ" ဟု ၎င်းကပြောသည်။

သားဖောက်ထုတ်ကာ ငါးသန်ထုတ်၍ ရောင်းချသူများ၊ ငါးသန်မှ ငါးဖြန်းထုတ်လုပ်ရောင်းချသူများ၊ ငါးဖြန်းမှ ရောင်းတန်းဝင်ငါးအရွယ် မွေးမြူထုတ်လုပ်ရောင်းချသူများမှာ အထက်ပါကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုမှု အကျိုးကျေးဇူးအား ခံစားရမည် မဟုတ်နိုင်ကြောင်း ငါးမွေးမြူရေး လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ရေချိုငါးမွေးမြူရေးသမားများ အခက်အခဲကြုံနေသောကြောင့် ယခုနှစ်တွင် ငါးလျှော့မွေးကြသကဲ့သို့ပင်လယ်ပြင်မှ ဖမ်းဆီးရရှိမှုမှာလည်း အထိအမိနည်းကာ အင်းအိုင်များတွင်ပါ ငါးအထွက်ကျလာကြောင်း ဦးသန်းလွင်က ပြောသည်။

"ကျွန်တော်တို့ မွေးတဲ့လူလည်း ဈေးမရ၊ ပို့တဲ့လူလည်း ငွေလဲနှုန်းကျတော့ အဆင်မပြေ၊ စားတဲ့လူကလည်းဈေးကြီးပေးရနဲ့ ဖြစ်နေကြတယ်" ဟု ၎င်းက ပြောသည်။

ယခင်က မည်သည့် ကုန်ပစ္စည်းမဆို ပြည်ပသို့တင်ပို့ရာတွင် ပို့ကုန်ရောင်းရငွေအားလုံးတွင် ဆယ်ရာခိုင်နှုန်းကို နိုင်ငံတော်သို့ အခွန်ပေးဆောင်နေရာမှ ရှစ်ရာခိုင်နှုန်းဖြစ်သော ကုန်သွယ်လုပ်ငန်းခွန်အား ကင်းလွတ်ခွင့်ပြုကြောင်း အမိန့်ကိုယခုနှစ် ဩဂုတ် ၁၁ ရက်တွင် ကြေညာခဲ့သည်။ ထို့ကြောင့် ရေချို၊ ရေငန်ထွက်ရေထွက်ပစ္စည်းများအားလုံး ပြည်ပတင်ပို့ရာတွင် ပို့ကုန်ရောင်းရငွေမှ နှစ်ရာခိုင်နှုန်းသာ အခွန်ဆောင်ရတော့သည်။

# စက်ချို့ယွင်း၍ရန်ကုန်သို့ လေယာဉ်ပြန်ဆင်းရခြင်းကို အဲပုဂံရှင်းလင်း

**ရန်ကုန်၊ စက်တင်ဘာ-၉**

ဩဂုတ်လ ၃၀ရက်က ရန်ကုန်မြို့မှ မန္တလေးမြို့သို့ ဦးတည်ပျံသန်းခဲ့သော အဲပုဂံလေယာဉ်ခရီးစဉ် (FL-250)သည်ရန်ကုန်လေဆိပ်မှ ထွက်ခွာလာပြီးမိနစ် ၂၀ကျော်အကြာတွင် စက်ချို့ယွင်းခဲ့သဖြင့် လေယာဉ်များ၏ လုံခြုံရေးစနစ်အရထွက်ခွာလာပြီးမိုင် ၁၀၀ အတွင်းတွင်ရှိနေသေးသဖြင့်ရန်ကုန်သို့ လေယာဉ်ပြန်လှည့်ခဲ့ခြင်းဖြစ်ကြောင်း အဲပုဂံလေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။



**လေဆိပ်တွင် ရပ်နားထားသည့် အဲပုဂံလေယာဉ်တစ်စင်း**

လေယာဉ်စက်ချို့ယွင်းခဲ့သော နေရာ၏ မြေပြင်အကွာအဝေးမှာ တောင်ငူမြို့၏ အနောက်မြောက်ဘက်မိုင် ၂၀အကွာတွင် ဖြစ်ကြောင်း ထိုနေ့ကလေယာဉ်ကိုမောင်းနှင်ခဲ့သောလေယာဉ်မှူး၏ပြောကြားချက်အရသိရသည်။

"ကပ္ပတိန်ရဲ့ ပြောကြားချက်အရ စက်ချို့ယွင်းခဲ့တာပျံသန်းပြီး မိနစ် ၂၀ စွန်းစွန်းမှာပါ။ ရန်ကုန်ထွက်လာပြီး မိုင်နဲ့ပြောရရင် ၉၁ မိုင်အရောက်မှာပါ။Control Terminal Area အတွင်းမှာပဲ ရှိနေသေးတဲ့အတွက် လုပ်ထုံးလုပ်နည်းအတိုင်း ရန်ကုန်လေဆိပ်ကို ပြန်လှည့်ခဲ့ရတာပါ" ဟုအဲပုဂံလေကြောင်းလိုင်းမှ ပြောရေးဆိုခွင့်ရှိသူ မစဝ်သန္တာနွံ့ုင်ကထိုနေ့က လေယာဉ်ကိုမောင်းနှင်ခဲ့သော လေယာဉ်မှူး၏ပြောကြားချက်ကို ကိုးကားကာပြန်လည်ပြောကြားသည်။

ဖြစ်စဉ်မှာ လေယာဉ်သည် မောင်းနှင်နေစဉ်အတောအတွင်း ခလုတ်အား နှိပ်လိုက်ချိန်တွင် စက်ပစ္စည်းချို့ယွင်းသဖြင့် သတိပေးချက် ထွက်ပေါ်လာခဲ့သောကြောင့်

စာ(၁၂)သို့



**ရွှေဂုံတိုင်လမ်းဆုံတွင် ခုံးကျော်တံတား တည်ဆောက်ရေးအတွက် တိုင်းတာမှုပြုလုပ်နေစဉ်**

ဓာတ်ပုံ - အေးမြကျော်

# လှည်းတန်းနှင့် ရွှေဂုံတိုင်လမ်းဆုံတို့တွင် ခုံးကျော်တံတား တည်ဆောက်မည်

**ကျော်သီဟ**

**ရန်ကုန်၊ စက်တင်ဘာ - ၈**

ယာဉ်အသွားအလာရှုပ်ထွေးမှုနှင့် ကြန့်ကြာမှုရှိသည့် လှည်းတန်း လမ်းဆုံနှင့် ရွှေဂုံတိုင်လမ်းဆုံတို့ကို မြို့တော်စည်ပင်သာယာရေးကော်မတီက ခုံးကျော်တံတားများ တည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီ လမ်းတံတားအင်ဂျင်နီယာဌာန၊ ဌာနမှူး ဦးမြင့်ဦးက ပြောကြားသည်။

"လှည်းတန်းနဲ့ ရွှေဂုံတိုင်မှာ ပထမအဆင့်အနေနဲ့ဆာဗေးတွေ လုပ်နေပါတယ်။ အဲဒီ့နောက်မှ ဒီဇိုင်းဆွဲပြီး ဆောက်လုပ်သွားမှာပါ။ တည်ဆောက်ရေးကာလကိုတော့ အတိအကျမသိရသေးပါဘူး" ဟု ဦးမြင့်ဦးကပြောကြားသည်။

လှည်းတန်းလမ်းဆုံနှင့် ရွှေဂုံတိုင်လမ်းဆုံနှစ်နေရာတွင် ခုံးကျော်တံတား တည်ဆောက်ရခြင်းမှာ အဆိုပါ နေရာများသည် နေ့စဉ်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့မှုဖြစ်နေခြင်းကြောင့် အများပြည်သူများ သွားလာရေး အဆင်ပြေစေရန်နှင့် မြို့လယ်သို့ သွားလာသည့်ယာဉ်များ ကြန့်ကြာမှုမရှိစေရန် တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

7DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011



အသင်းအဖွဲ့များ စုဝေးခဲ့ရာ မော်ဘီမင်္ဂလာကျောင်းတိုက်

# ဆရာတော်ဦးသုမင်္ဂလဦးဆောင်သော အစည်းအဝေး ပရဟိတအသင်းများ တက်ရောက်

ပြည်သိမ်း

**ရန်ကုန်၊ စက်တင်ဘာ - ၅**

တစ်နိုင်ငံလုံးမှ လူမှုရေးအသင်းအဖွဲ့၇၀၀ကျော်သည်မှော်ဘီမင်္ဂလာကျောင်းတိုက်တွင် စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်က အစည်းအဝေးပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါအစည်းအဝေးကို ဒယ်အိုးဆရာတော်ဟု လူသိများသော ဆရာတော်ဦးသုမင်္ဂလမှ ဦးဆောင်ကျင်းပပြီး လူမှုရေးအသင်းအဖွဲ့ ၇၀၀ ကျော်၊ လူဦးရေ ၃,၀၀၀ ကျော်တက်ရောက်ခဲ့ကြောင်း အစည်းအဝေးတွင် ပါဝင်တက်ရောက်ခဲ့သည့် ဆရာတော်တစ်ပါးကမိန့်ကြားသည်။

ယခုကဲ့သို့တစ်နိုင်ငံလုံး လူမှုရေးအသင်းအဖွဲ့များ စုပေါင်းပြီး အစည်းအဝေးပြုလုပ်ခြင်းမှာ ချို့တဲ့သော ပရိယတ္တိဝန်ဆောင် သံဃာတော်များ၊ ငွေကြေးမတတ်နိုင်သော ကျောင်းသား၊ ကျောင်းသူများ၊ သံဃာဆေးရုံကြီးများ၊ လူပုဂ္ဂိုလ်ဆေးရုံများ စသည်တို့အပြင် အခြားသော လူမှုရေးလုပ်ငန်းများကိုပါ ကူညီဆောင်ရွက်နိုင်ရန် လှူဒါန်းရာတွင်လည်း အကျိုးရှိသည့် အလှူဒါနမျိုးဖြစ်စေရန်ရည်ရွယ်၍ဖြစ်ကြောင်းသတင်းရရှိသည်။

ထိုအစည်းအဝေးတွင် တက်ရောက်လာသော အသင်း၊ အဖွဲ့၊ ဖောင်ဒေးရှင်းအချို့က မိမိတို့အသင်းအဖွဲ့၏ နောက်ခံသမိုင်းနှင့် ဆောင်ရွက်နေသည်များ ရှင်းလင်းခဲ့ကြသည်။

# နိုင်ငံတော်သို့ရွှေပေးသွင်းရန်ကျန်သော ကုမ္ပဏီများအား ရွှေပေးသွင်းရန် နောက်ဆုံးရက်သတ်မှတ်

အားမာန်

**ရန်ကုန်၊ စက်တင်ဘာ-၁၀**

နိုင်ငံတော်သို့ ရွှေပေးသွင်းရန် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှစ၍ လိုနေသေးသော ကုမ္ပဏီအချို့အား ၂၀၁၂ ဖေဖော်ဝါရီလ ကုန်နောက်ဆုံးထားပေးသွင်းရန်သတ်မှတ်ထားကြောင်း ရွှေတူးဖော်သည့်ကုမ္ပဏီအချို့မှ တာဝန်ရှိသူများကပြောသည်။

"၂၀၀၈ ကနေ ၂၀၁၁အထိ နိုင်ငံတော်ကိုသွင်းရမယ့် ရွှေကျန်တဲ့ ကုမ္ပဏီတွေ စုပြီး ပြန်သွင်းရမှာ အဲဒီထဲမှာ ကုန်သွယ်လုပ်ငန်းခွန်တို့ဘာတို့ မပါဘူး။ အခွန်တွေက ဆောင်ပြီးကြပြီးသား။ တစ်လကို နှစ်ကျပ်သားနှုန်းနဲ့ တစ်နှစ် ၂၄ ကျပ်သားသွင်းရမယ့်ဟာကို ပြောတာ။ ကုမ္ပဏီတစ်ခုတစ်ခု မနည်းဘူး။ ကျွန်တော်တို့ ကုမ္ပဏီဆို နှစ်ပိဿာလောက်သွင်းရမှာ"ဟု ရွှေတူးဖော်သည့် ကုမ္ပဏီလုပ်ငန်းရှင်ကပြောသည်။

ရွှေတူးဖော်သည့်ကုမ္ပဏီအချို့သည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေး နှစ်မှစ၍ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ်အထိ (ဘဏ္ဍာနှစ်သုံးနှစ်) ဘဏ္ဍာရေးနှစ်အလိုက် စာအုပ်ပါ စည်းကမ်းသတ်မှတ်ချက်များအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည့် ရွှေအချိုးများ ပေးသွင်းရန် ပျက်ကွက်ခဲ့ကြောင်း သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်က ပြောသည်။ ထို့ကြောင့် သတ်မှတ်ချက်အတိုင်း ပေးသွင်းရန် ပျက်ကွက်နေသော ရွှေတူးဖော်သည့် ကုမ္ပဏီများကို နိုင်ငံတော်သို့ ပေးသွင်းရမည့် ရွှေအချိုး မပျက်မကွက်ပေးသွင်းရန် တွန်းအားပေးဆောင်ရွက်နေကြောင်း ပြည်ထောင်စုဝန်ကြီးဦးသိန်းထိုက်က ပထမအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန်အစည်းအဝေး ၁၃ရက်မြောက်နေ့တွင် ပြောကြားခဲ့ကြောင်း စက်တင်ဘာလ ၉ရက်ထုတ် နိုင်ငံပိုင်သတင်းစာများ၌ ဖော်ပြထားသည်။

ထိုသို့ပေးသွင်းရန်ကျန်သော ရွှေများကို ပြန်လည်ပေးသွင်းစေခဲ့သည့်အတွက် အချို့ကုမ္ပဏီမှာ ရွှေပိဿာချိန်အနည်းငယ်မှ ပိဿာပေါင်းဆယ်နှင့်ချီ၍ ပေးသွင်းရမည်ဖြစ်သည်။

စာ(၁၂)သို့



7 DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011

## မျက်နှာဖုံး-ရေထဲမျောလာသောပီပါကို ရေကျင်းသောက်ရာ ခြောက်ဦးသေဆုံးပြီး ၂၇ ဦး ဆေး ုံရောက် မှ

ယခုလ၄ရက်က လပွတ္တာခရိုင် ပြင်စလူမြို့နယ် ပြင်အလန်းအုပ်စုမင်္ဂလာတောင်တန်းကျေးရွာတွင် နေထိုင်သော ဦးတင်စိုးဆိုသူက ကပွလီပင်လယ်ပြင်အတွင်းမှ မျောပါလာသည့် ပီပါခွံတစ်လုံးအား ဆယ်ယူရရှိခဲ့သည်။ ထိုပီပါအား ရေကျင်းရာမှ ထွက်လာသောရေကိုကြည့်ကာ အရက်ဆီဟု ထင်မှားပြီး ကျေးရွာမှရွာသားစုစုပေါင်း ၃၂ဦးသောက်သုံးခဲ့ကြခြင်းဖြစ်သည်။

ထိုသို့ သောက်သုံးခြင်းကြောင့် ငါးဦးမှာ ကျေးရွာတွင်ပင် သေဆုံးပြီး ကျန်ရှိသောသူများမှာ လပွတ္တာဆေးရုံသို့ ရောက်ရှိခဲ့ကြောင်း လပွတ္တာမြို့နယ်မှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးကပြောသည်။ ရွာတွင်ကျန်ခဲ့သည့် ရွာသားတစ်ဦးမှာမူ စက်တင်ဘာ ၇ ရက်က ရွာ၌ပင် သေဆုံးခဲ့သည်။ "ရေထဲမျောလာတာတဲ့ ပီပါထဲကအဆီတွေကို ရေကျင်းပြီး သောက်ကြည့်တော့ အရက်အရသာဖြစ်နေတာနဲ့ သောက်ကြတာ။ အခု အရက်လား၊ ဓာတုပစ္စည်းလားဆိုတာ သက်ဆိုင်ရာက စစ်ဆေးနေတုန်းပါပဲ"ဟု လပွတ္တာမြို့နယ် အုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ရှိသူက အတည်ပြုပြောကြားသည်။


ဆေးရုံတွင် တက်ရောက်ကုသနေသော လူနာ ၂၇ ဦးအနက် ၂၆ ဦးမှာ ဆေးရုံမှဆင်းသွားပြီဖြစ်ပြီး တစ်ဦးသာဆေးရုံ၌ ကျန်ရှိတော့ကြောင်း သိရသည်။

## မျက်နှာဖုံး-မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ပြန်လည်ဖွဲ့စည်း မှ

"အသစ်ဖွဲ့စည်းပြီးတော့ မြန်အောင်၊ သွက်လက်အောင် ပြောရရင်ကော့စ်(အလုပ်ကိစ္စ)တစ်ခုကိုနှစ်ပတ်အတွင်း အပြီးလုပ်ပေးပါလို့ နိုင်ငံတော်သမ္မတက လမ်းညွှန်ထားတယ်။ ပြည်တွင်းပြည်ပက ရင်းနှီးမြှုပ်နှံမယ့်သူတွေကို ကျွန်တော်ဖိတ်ခေါ်ပါတယ်။ မီဒီယာကတစ်ဆင့် အမြန်လာရောက်တွေ့ဆုံနိုင်ပါတယ်။ တချို့နိုင်ငံတွေမှာဆိုရင် သုံးလေးရက်နဲ့တောင်လုပ်ပါတယ်။ ကျွန်တော်တို့စုံပြီဆိုရင် အများဆုံး ၂ပတ်အတွင်းမှာ အမြန်ဆုံးလုပ်ပေးပါမယ်။ MIC နဲ့ ပတ်သက်လို့ ဘာကိစ္စမဆိုလာရောက်ဆွေးနွေးလို့ရပါတယ်။ ရင်းနှီးမြှုပ်နှံမှုတွေသွက်လက်အောင်နဲ့ မြန်ဆန်အောင် ပြည်တွင်းပြည်ပ ပေါင်းထားတာတွေရှိပါမယ်။ ပုဂ္ဂလိကရှိမယ်။ ဖက်စပ်လုပ်ငန်းတွေရှိပါမယ်။ တစ်ချိန်မှာ အများပိုင်ကုမ္ပဏီတွေဖြစ်လာပါမယ်။ ဒါတွေကို သွက်သွက်လက်လက်နဲ့ မြန်မြန်ဆန်ဆန်ဆောင်ရွက်သွားဖို့အတွက် ပြင်ဆင်ဖွဲ့စည်းခြင်းဖြစ်တယ်"ဟု ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဥက္ကဋ္ဌသစ် ဦးစိုးသိန်းက ပြောသည်။

ယခင်က မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်ကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက ဥက္ကဋ္ဌဖြစ်သည်။ အဖွဲ့ဝင် ၇ ဦးဖြင့် အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော ကော်မရှင်ဥက္ကဋ္ဌမှာ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးရေးကော်မတီဥက္ကဋ္ဌ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနနှင့် အမှတ်(၂)စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းဖြစ်သည်။ အတွင်းရေးမှူးမှာ ဦးတင်နိုင်သိန်းဖြစ်ပြီး တွဲဖက်အတွင်းရေးမှူးမှာ ပြည်ထောင်စု ဒုတိယဝန်ကြီး သူရဦးသောင်းလွင်ဖြစ်သည်။ ကျန်အဖွဲ့ဝင်များမှာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးလှထွန်းနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဦးထွန်းရှင်တို့ဖြစ်သည်။

"ယခုလုပ်နေတဲ့အဖွဲ့အစည်းကလည်း တိုးတက်အောင်ဆောင်ရွက်နေပါတယ်။ ဒါပေမဲ့ဒီထက်ပို၍ မြန်အောင် သွက်လက်အောင် One Stop Service ကို ပီပြင်အောင်ဆိုပြီးနိုင်ငံတော်သမ္မတက ပြန်လည်ဖွဲ့စည်းဖို့ ညွှန်ကြားလိုက်တာပါ"ဟု ဦးစိုးသိန်းက ဆက်လက်ပြောသည်။




# အမေရိကန်အထူးကိုယ်စားလှယ်နှင့်အဖွဲ့ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ သွားရောက်


နာရေးကူညီမှုအသင်းတာဝန်ရှိသူများနှင့်အတူတွေ့ရသည့် Mr.Derek Mitchell

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ- ၁၁**

အမေရိကန်အစိုးရ၏ မြန်မာနိုင်ငံဆိုင်ရာအထူးကိုယ်စားလှယ်နှင့် မူဝါဒရေးရာညှိနှိုင်းရေးမှူး Mr. Derek Mitchell နှင့် အဖွဲ့သည် စက်တင်ဘာလ ၁၁ ရက် နံနက်ရှစ်နာရီခွဲက ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လာရောက်လေ့လာခဲ့ကြောင်းအဆိုပါ အသင်း ဥက္ကဋ္ဌ ဦးကျော်သူက ပြောသည်။

"သူတို့ မနက်ရှစ်ခွဲလောက် အသင်းရုံးခန်းကို ရောက်လာပြီး အသင်းကိုဘယ်တုန်းကစဖွဲ့ခဲ့တာလဲ၊ နာရေးတွေကို ဘယ်တုန်းက စကူညီခဲ့တာလဲ၊ ဘာကြောင့် ဖွဲ့စည်းခဲ့တာလဲ၊ ဘာတွေကူညီခဲ့တာလဲစတဲ့ အသင်းနဲ့ပတ်သက်တာတွေကို မေးမြန်းခဲ့ပါတယ်။ ပညာရေးပိုင်းမှာလည်း အင်္ဂလိပ်စာသင်တန်းတွေသင်ကြားပေးနေတာကို လေ့လာသွားပါတယ်။ နောက်မကြာခင်ဟိုတယ်နဲ့ခရီးသွားလုပ်ငန်း သင်တန်းကိုလည်း ဖွင့်လှစ်ဖို့ရှိတာကို ပြောပြခဲ့ပါတယ်"ဟု ပြောသည်။

အမေရိကန်အထူးကိုယ်စားလှယ်အပါအဝင် အဖွဲ့ဝင်ခုနစ်ဦးတို့သည်နာရေးကူညီမှုအသင်းနှင့် သုခကုသိုလ်ဖြစ်ဆေးခန်းတို့ရှိ အသင်းပိုင်အခေါင်းများ၊ လူနာဆောင်များ၊ မျက်စိခွဲခန်းတို့ကို လေ့လာခဲ့ပြီးဆေးခန်းနှင့် ပတ်သက်သည့် အကြံဉာဏ်များပေးသွားခဲ့သည်ဟု ဦးကျော်သူက ပြောသည်။

အမေရိကန်အထူးကိုယ်စားလှယ်သည်အသင်းရှိ အင်္ဂလိပ်စာသင်တန်း ကျောင်းသားများကို 'ကျေးဇူးတင်ပါတယ်'၊ 'ဝမ်းသာပါတယ်' ဟု မြန်မာဘာသာဖြင့် ပြောကြားခဲ့ပြီး မြန်မာနိုင်ငံရှိ အမေရိကန်သံရုံး၏ ဆက်သွယ်မှုဖြင့် နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ လာရောက်လေ့လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Mr Derek Mitchell နှင့် အဖွဲ့သည်ယင်းနေ့တွင်ပင်ရန်ကုန်မြို့ရှိလူမှုရေးအသင်းအဖွဲ့များကို သွားရောက်ခဲ့ပြီး ဒဂုံမြို့သစ်(တောင်ပိုင်း)တွင် ဖွင့်လှစ်ထားသည့်မဖြူဖြူသင်းတို့၏ HIV/AIDS ဂေဟာသို့လည်း သွားရောက်ခဲ့သည်။

အမေရိကန်အစိုးရက ပထမဆုံးခန့်အပ်ထားသည့်မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် မူဝါဒညှိနှိုင်းရေးမှူး Mr Derek Mitchell သည် စက်တင်ဘာလ ၉ ရက်မှ ၁၄ ရက်အထိ ၎င်း၏ ပထမဆုံးခရီးစဉ်အဖြစ် မြန်မာနိုင်ငံသို့လာရောက်ခဲ့ခြင်းဖြစ်သည်။

# သီးလေးသီးအဖွဲ့ဝင်အချို့ ရန်ကုန်ပြန်ရောက်ပြီ


ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်တွေ့ရသည့် သီးလေးသီးအဖွဲ့ဝင်အချို့ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ- ၁၁**

သီးလေးသီးဆေးရောင်စုံအဖွဲ့နှင့် သိကျွမ်းခဲ့သော ပြည်ပရောက်မြန်မာနိုင်ငံသားများမှာ ပြန်လာရန်စီစဉ်နေကြကြောင်း သီးလေးသီးအဖွဲ့ဝင်တစ်ဦးက ရန်ကုန်လေဆိပ်တွင်သတင်းထောက်များသို့ပြောသည်။

"အစ်မတို့ကိုကြည့်ပြီးဝင်လာကြမယ့်သူတွေအများကြီးပဲ။ ထိုင်းနိုင်ငံအပြင် တခြားနိုင်ငံတွေမှာရောက်နေတဲ့လူတွေလည်း ပါတယ်" ဟု သီးလေးသီးအဖွဲ့ဝင် မင်းသမီး ချောစုမျိုးကပြောသည်။

"ပြန်လာမယ့်သူအများကြီးဆိုတော့ နာမည်တွေတောင် ပြောပြလို့မရဘူး"ဟု မြန်မာပြည်သို့ ပြန်ရောက်လာသူ သီးလေးသီးအဖွဲ့ဝင်တစ်ဦးက ဆိုသည်။

ထိုကဲ့သို့မြန်မာနိုင်ငံသို့ပြန်လာနိုင်ရန်တစ်လကျော်ခန့်ဆောင်ရွက်ခဲ့ရပြီး "အားလုံးရှောရှောရှူရှူပါပဲ"ဟု အဖွဲ့ခေါင်းဆောင်ကို ဂေါ်ဇီလာက ပြောသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်က ဩဂုတ်လ ၇ ရက် နေပြည်တော်၌ ပြောကြားသော မိန့်ခွန်းတွင် အကြောင်းအမျိုးမျိုးကြောင့်ပြည်ပကိုရောက်နေကြတဲ့ မြန်မာနိုင်ငံသား တိုင်းရင်းသားများကိုလည်း ပြစ်မှုတစ်စုံတစ်ရာကျူးလွန်သွားတာမရှိဘူးဆိုရင် အချိန်မရွေး ပြန်လာနိုင်ဖို့ ကျွန်တော်တို့စဉ်းစားပေးမှာဖြစ်ပါတယ် ဟု ပြောကြားခဲ့သည်။

ထိုကဲ့သို့ သမ္မတဦးသိန်းစိန်ကပြောကြားခဲ့သဖြင့် ပြန်လာရန်ဆုံးဖြတ်ခဲ့ပြီး မောင်မောင်တင်(ဂေါ်ဇီလာ)၊ သန်းထွန်း(စိန်သီး)၊ ဇော်နိုင်ထွေး (ဇီးသီး)နှင့် ချောစုမျိုးတို့မှာ စက်တင်ဘာ ၁၁ ရက် ညနေ ၆ နာရီခန့်တွင် ပြန်လည်ရောက်ရှိပြီး ကျန်ခဲ့သူနှစ်ဦးမှာလည်း မကြာမီပြန်လာတော့မည်ဟုသိရသည်။

7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

# ကားဟောင်းများ အရောင်းအဝယ်လိုက်၍ ဈေးနှစ်ဆကျော် မြင့်တက်

မင်းဒင်

**မန္တလေး၊ စက်တင်ဘာ - ၁၂**

မှတ်ပုံတင်သက်တမ်း ကြာမြင့်သည့် ကားဟောင်းများအတွက် အစားထိုးယာဉ်တင်သွင်းခွင့်ရမည့် ကြေညာချက်ထွက်လာအပြီးကား ဟောင်းများအရောင်းအဝယ်လိုက်၍ ဈေးနှုန်း နှစ်ဆကျော်ခန့် မြင့်တက်သွားကြောင်း မန္တလေးမြို့ခံ ကားဝယ်ရောင်းပွဲစားများက ပြောသည်။

"ကားဟောင်းပိုင်ရှင်တွေအတွက် ကောင်းသွားတာပေါ့။ ဆီထုတ်ဖို့ပဲ သုံးလို့ရတယ်။ ဈေးကောင်းပေးဝယ်ရင် အရင်က ရောင်းချင်ကြပေမယ့် အခုဝယ်သူတွေလိုက်လာတော့ ရောင်းဖို့စဉ်းစားသူတွေများလာတယ်။ ဝယ်လက်များပြီး ရောင်းသူပြေးနေကြတာ။ ကားဟောင်းပိုင်ရှင်တွေအနေနဲ့တော့ ကားအပ်ပြီး ရမယ့်ပါမစ်နဲ့ ကားထုတ်နိုင်သူနည်းတယ်။ ကားဟောင်းပိုင်ရှင်တွေ ရောင်းကြဖို့များပါတယ်"ဟု လက်ရှိဖြစ်ပေါ်လာသည့်ကားဟောင်းဈေးကွက်အပေါ် သုံးသပ်ပြောသည်။

သက်ဆိုင်ရာဌာန၏ သတ်မှတ်ထားသော အကောက်ခွန်နှုန်းနှင့် ပြန်လည်တင်သွင်းရမည့်ကား၏ဈေးနှုန်းနှစ်ခုပေါင်း ကုန်ကျစရိတ်သည်လက်ရှိကားပေါက်ဈေးထက် သက်သာနိုင်သည်မှာ မဖြစ်နိုင်ကြောင်း ဝါရင့်ကားပွဲစားတစ်ဦးကသုံးသပ်သည်။

"လေးဘီး ဘီ ၃၆၀ တွေ သိန်းနှစ်ဆယ်၊ အစိတ်ဖြစ်သွားတယ်။ဖင်မလီယာကားတွေလည်း သိန်းသုံးဆယ်ကျော်သွားတယ်။ ပွဲစားတွေအနေနဲ့ ဝင်ကစားသူတွေ အလုပ်ဖြစ်နေကြတာပါ။ အလုပ်မရှိတာ၊ မဖြစ်တာကြာပြီ" ဟု ကားဝပ်ရှော့ဆရာတစ်ဦးက ၎င်းဆီသို့ လာရောက်ဝယ်ယူသူတွေများပြားမှုကို ပြန်လည်ဖြေကြားသည်။

ထိုသို့ သက်တမ်းကြာ ကားဟောင်းပိုင်ရှင်အချို့အနေဖြင့် ဘော်ဒီ၊ ဆေး၊ အင်ဂျင်များ ပြုပြင်ကာ စီးရအောင်လုပ်ဆောင်ထားကြပြီး အချို့လိပ်ခုံးကားလေးများတွင် ကျပ်သိန်းတစ်ရာဝန်းကျင်အထိ အကုန်ကျခံကာ ပြုပြင်စီးနင်းနေကြရကြောင်း သိရသည်။

"ကားဟောင်းတွေကို ပြန်ရှိုင်းပြီး စီးသူတွေရှိတယ်။ ဝပ်ရှော့ပိုင်းဆိုင်ရာတွေလည်း ပစ္စည်းတွေပြန်ထည့်တာ၊ အင်ဂျင်ပြောင်းတာတွေလုပ်ထားကြတယ်။ ကားဟောင်းတွေ လဲပေးလိုက်တာကောင်းပါတယ်။ အသစ်သွင်းချင်စီးချင်သူတွေ အဆင်ပြေတာပေါ့" ဟု ဝါရင့်ကားဝယ်ရောင်းတစ်ဦးကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ဆီထုတ်ပြန်ရောင်းသည့်ဈေးကွက်ကောင်းချိန်ကလည်း သက်တမ်းရင့်ကားများအလုပ်ဖြစ်ခဲ့ကြသည်**

## ပလာဇာဓာတ်လှေကားအတွင်း နာရီဝက်ခန့် ပိတ်မိနေသော အမျိုးသမီးနှစ်ဦး လုံခြုံရေးနှင့် မီးသတ်တို့ ကယ်ဆယ်ခဲ့ရ

နေလင်းထွန်း

**ရန်ကုန်၊ စက်တင်ဘာ- ၉**

ဒဂုံမြို့နယ်အတွင်းရှိလပြည့်ဝန်းပလာဇာဓာတ်လှေကားအတွင်း အမျိုးသမီးနှစ်ဦး နာရီဝက်ခန့် ပိတ်မိနေခဲ့ပြီး လုံခြုံရေးဝန်ထမ်းနှင့် မီးသတ်ဦးစီးဌာနတို့ ကယ်ဆယ်ခဲ့ရကြောင်း သတင်းရရှိသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၆ရက် ညနေ ၆နာရီခွဲခန့်၌ အဆိုပါ ပလာဇာ၏ ရှစ်လွှာတွင် ရုံးခန်းဖွင့်လှစ်ထားသော အမျိုးသမီးတစ်ဦးနှင့် ၎င်း၏အစ်မတို့ ဓာတ်လှေကားဖြင့် ဆင်းလာချိန်တွင် ရပ်သွားခြင်းဖြစ်ပြီး ပြင်ပသို့ အရေးပေါ် ခလုတ်နှိပ်အသိပေးခြင်း၊ တံခါးအားထု၍ အသိပေးခြင်းတို့ပြုလုပ်ခဲ့သည်။ သို့သော်လည်း မည်သည့်အကူအညီမှ ရောက်မလာသဖြင့် ဂျီအက်စ်အမ်ဖုန်းလိုင်းသုံးစွဲ၍ ပလာဇာပိုင်ရှင်ဖြစ်သူနှင့် မီးသတ်ဦးစီးဌာနတို့ထံ ဆက်သွယ်အကူအညီတောင်းခံခဲ့ကြောင်း ကာကယံရှင်အမျိုးသမီးဖြစ်သူကပြောသည်။

အမှောင်ကျနေသော ဓာတ်လှေကားအတွင်း နာရီဝက်ခန့် ပိတ်မိနေခဲ့ပြီးနောက် ည ၇ နာရီဝန်းကျင်တွင် ပလာဇာဝန်ထမ်းနှင့် မီးသတ်ဝန်ထမ်းတို့အကူအညီဖြင့် ဆယ်ထပ်မြင့်သော ပလာဇာ၏ လေးလွှာ၌တံခါးပွင့်သွားခဲ့ပြီး ဓာတ်လှေကားအတွင်းမှ ထွက်နိုင် ခဲ့ကြောင်း သိရသည်။

ဓာတ်လှေကားရပ်သွားခြင်းသည် ဘရိတ်ကာကျသွားခြင်းဖြစ်ကြောင်း၊ ဓာတ်လှေကားပိတ်မိချိန်သည် ရုံးပိတ်ချိန်ဖြစ်နေသောကြောင့် လူသူကင်းရှင်းနေပြီး လုံခြုံရေးဝန်ထမ်းနှစ်ဦးနှင့် အင်ဂျင်နီယာနှစ်ဦးရှိနေကြောင်း၊ ဓာတ်လှေကားအတွင်း ပိတ်မိချိန်ကြာမြင့်သွားခြင်းမှာ တာဝန်ထမ်းဆောင်သည့်ကာလတစ်လခန့်သာရှိသေးသော အင်ဂျင်နီယာဖြစ်သူက ဘရိတ်ကာကျသွားပြီးနောက် ပြန်ဖွင့်ရသည့်နေရာအားမသိရှိခြင်းကြောင့်ဖြစ်ကြောင်း အခင်းဖြစ်ပွားချိန်တွင်ရှိနေသော မျက်မြင်များထံမှသိရသည်။



7DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

## ၂၀၁၁ ခုနှစ် စက်တင်ဘာ၁၄ရက်မှ ၂၀ ရက်ထိ
## မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော် မုန်တိုင်းအခြေနေ**

ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းမှာ လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်လာနိုင်သော်လည်း မုန်တိုင်းတစ်ခုအဖြစ် ရောက်ရှိလာနိုင်ဖွယ်ရာ မရှိသေးဟု ခန့်မှန်းရပါတယ်။

**မုတ်သုံလေအခြေအနေ**

ဘင်္ဂလားပင်လယ်အလယ်ပိုင်း၊ တောင်ပိုင်း နဲ့ ကပ္ပလီပင်လယ်ပြင်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အားအနည်းငယ်ရှိနိုင်ပါတယ်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တွေမှာ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုကြောင့် မိုးသက်လေပြင်းများ ရံဖန်ရံခါ ကျရောက်ပြီး ခေတ္တမျှလှိုင်းကြီးနိုင်ပါတယ်။ ရေပြင်မြေပြင်လေဟာ တစ်နာရီ ၂၅မိုင်မှ ၃၅ မိုင်ခန့်အထိ တိုက်ခတ်နိုင်ပါတယ်။ ကိုကိုးကျွန်းအနီးတစ်ဝိုက်ရေပြင်မှာ လှိုင်းအမြင့် ၅ ပေခန့်အထိရှိနိုင်ပါတယ်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ပြီးခဲ့သည့်(၂၆-၈-၂၀၁၁)မှ(၂-၉-၂၀၁၁)ရက်နေ့အထိ ရက်သတ္တတစ်ပတ်အတွင်း မိုးရေချိန် ၀.၂ မှ ၀.၈ လက်မ အထိ ချင်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုးရေချိန် ၀.၈ လက်မမှ ၂လက်မအထိ ချင်းပြည်နယ်တောင်ပိုင်း၊ ရခိုင်ကမ်းရိုးတန်းဒေသ၊ ဧရာဝတီတိုင်းအလယ်ပိုင်းနဲ့ မြောက်ပိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်းအရှေ့ပိုင်း၊ ကရင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မိုးရေချိန် ၂ လက်မမှ ၄လက်မအထိ ရခိုင်ပြည်နယ်အတွင်းပိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းတောင်ပိုင်း၊ ရန်ကုန်တိုင်း အရှေ့ပိုင်း၊ ပဲခူးတိုင်းအနောက်ပိုင်းနဲ့ တောင်ပိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ဖြစ်ကြပါတယ်။

ခန့်မှန်းရက်သတ္တပတ်အတွင်းမိုးအားလျော့သွားနိုင်တယ်လို့ ခန့်မှန်းရတာကြောင့် တနင်္သာရီတိုင်း၊ မွန်ပြည်နယ်တို့မှာ (၇)ရက်ခန့်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းတောင်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းတောင်ပိုင်းတို့မှာ(၆)ရက်ခန့်၊ ဧရာဝတီတိုင်းမြောက်ပိုင်း၊ ပဲခူးတိုင်းမြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ မကွေးတိုင်း၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နဲ့ ပဲခူးတိုင်းမြောက်ပိုင်းတွေမှာ (၅)ရက်ခန့်၊ ကျန်ဒေသတွေဖြစ်ကြတဲ့ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ချင်းပြည်နယ် တို့မှာ (၂)ရက်မှ (၃)ရက်ခန့် မိုးရွာသွန်းနိုင်ပါတယ်။

**နေ့အပူချိန်များ**

နေ့အပူချိန်များ အနေနဲ့ကတော့ တစ်ပြည်လုံးမှာ နေ့အပူချိန်များ ဖြစ်မြဲရဲ့အောက် လျော့နည်းနိုင်ပါတယ်။

**မြစ်ရေအခြေအနေ**

မြန်မာနိုင်ငံတစ်ဝန်းရှိ မြစ်တို့တွင် လက်ရှိရေအမှတ်များအထက်ကို ဆက်လက်ပြီး ပြန်တက်လာနိုင်တဲ့အတွက် စိုးရိမ်ရေအမှတ်များ အထက်ကျော်လွန်ရောက်ရှိနေသော ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ ငဝန်မြစ်၊ ပဲခူးမြစ်၊ ရွှေကျင်မြစ်၊ ဒု႒ဝတီမြစ်၊ သံလွင်မြစ်ရေနဲ့ စစ်တောင်းမြစ်ရေများကတော့ စိုးရိမ်ရေအမှတ်များဝန်းကျင်မှာ ဆက်လက်ရှိနေနိုင်ပါတယ်။ အခြားသော မြစ်များတို့တွင် ရေများ ဆက်လက်တက်လာနိုင်သော်လည်း စိုးရိမ်ရေအမှတ်များကို ရောက်ရှိနိုင်ဖွယ်မရှိပါ။

**တောင်တရုတ်ပင်လယ်ပြင်အခြေအနေ**

မြောက်ပစိဖိတ်သမုဒ္ဒရာအနောက်ပိုင်းတွင် ခန့်မှန်းကာလအတွင်း မုန်တိုင်း(၂)လုံး ဆက်လက်ဖြစ်ပေါ်နေနိုင်သော်လည်း အရှေ့မြောက်ဘက်ကိုသာ ဦးတည်ရွေ့လျားသွားမှာဖြစ်တယ်လို့ ခန့်မှန်းရတဲ့အတွက် ခန့်မှန်းကာလအတွင်း မြန်မာနိုင်ငံအပေါ်ကို အရှေ့ဘက်မှ မုန်တိုင်းများကြောင့် မိုးရွာသွန်းမှု မရှိနိုင်ပါ။

**ဒေါက်တာထွန်းလွင်**

# အဆောက်အအုံများစည်းမျဉ်းစည်းကမ်းနှင့်အညီ တည်ဆောက်ရေးအတွက် စံနှုန်းသတ်မှတ်ချက်ရေးဆွဲ

မေဝင်းမွန်

**ရန်ကုန်၊**
**စက်တင်ဘာ-၈**

နေအိမ်၊ တိုက်တာနှင့်အထပ်မြင့်တိုက်များကို နိုင်ငံတကာအဆင့်မီ အဆောက်အအုံဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ တည်ဆောက်ရမည့်ဗိသုကာပညာရပ်ဆိုင်ရာ Building Code ကို ယခုနှစ်ကုန်ပိုင်းတွင် အပြီးသတ်ရေးဆွဲနိုင်ရေးအတွက် မြန်မာနိုင်ငံဗိသုကာအသင်း(AMA)က ဆောင်ရွက်နေပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးကပြောသည်။

"Building Code သီးသန့်တော့မဟုတ်ပေမယ့်အရင်အခေါ်အဝေါ် By Law ဆိုပြီးဘယ်အဆောက်အအုံဆိုရင် ဘယ်လိုအချက်တွေနဲ့ပြည့်စုံရမယ်ဆိုတာမျိုးပေါ့။ နိုင်ငံတကာမှာက Building Code ဆိုတာရှိပြီး အဆောက်အအုံ တစ်ခု ဆောက်မယ် ဆိုရင် ဘယ်ဗိသုကာ၊ ဘယ်အင်ဂျင်နီယာကပဲ ဆောက်ဆောက်၊ အဲဒီနိုင်ငံက သတ်မှတ်ထားတဲ့ ဥပဒေနဲ့အညီ ဆောက်ကြရတယ်။ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဆိုရင်လည်း အာဆီယံဝင်သွားပြီ။ ဗိသုကာအသင်းဆိုရင်လည်း ဝင်ဖို့ပြင်ဆင်နေပြီဆိုတဲ့အချိန်မှာ အားလုံးစံနှုန်းမှီ(Standard) ဖြစ်သွားအောင်၊ နိုင်ငံတကာနဲ့လည်းကိုက်ညီအောင်၊ ခေတ်နဲ့လည်းလျော်ညီတဲ့ Building Code ကို ပြန်ရေးဆွဲတာဖြစ်ပါတယ်" ဟုအထက်ပါဗိသုကာပညာရှင်ကပြောသည်။



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**အဆောက်အအုံများကို ဖြစ်သလိုဆောက်လုပ်နေခြင်းများကို ထိန်းညှိပေးရေးအတွက် ထိရောက်သည့်သတ်မှတ်ချက် လိုအပ်လျက်ရှိသည်**

လက်ရှိအနေအထားတွင်နေအိမ်၊ အထပ်မြင့်တိုက်များဆောက်လိုသောမြေပိုင်ရှင်များသည်ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာများကို ကျွမ်းကျင်အင်ဂျင်နီယာ၊ ဗိသုကာပညာရှင်များနှင့် တိုင်ပင်ဆွေးနွေးမှုအလေ့အထများ ပျောက်ကွယ်ကာ အဆင်ပြေသလိုပုံစံမျိုးနှင့် တည်ဆောက်လာကြသဖြင့် အဆောက်အအုံပြီးစီးကာမှ မပြေလည်သည့်ပြဿနာများနှင့် ရင်ဆိုင်နေရသည်ဟုဆိုသည်။

"မြန်မာနိုင်ငံမှာက အင်ဂျင်နီယာမဟုတ်၊ ဗိသုကာမဟုတ်ဘဲအဆောက်အအုံဆောက်တဲ့သူတွေရှိပါတယ်။ ကျွမ်းကျင်အင်ဂျင်နီယာတို့၊ ဗိသုကာတို့ကိုခေါ်ပြီး ဒီဇိုင်းဆွဲဆောက်လုပ်စေတဲ့သူတွေရှိသလို၊ လက်သမား၊ ပန်းရန်ဆရာတို့နဲ့ပဲ အဆောက်အအုံဆောက်တဲ့သူတွေလည်းရှိတယ်။ အော်တိုကတ်တတ်ရုံနဲ့ အဆောက်အအုံဒီဇိုင်းဆွဲနေတာတွေ၊ စံချိန်စံညွှန်းမမီတာတွေ၊ သံချောင်း၊ ဘိလပ်မြေခိုတာတွေလည်းရှိတဲ့အတွက်နောက်ပိုင်းမှာ နိုင်ငံတကာရဲ့ဥပဒေတွေအတိုင်း ဖြစ်လာပြီး ဥပမာ Registered Architect ရဲ့လက်မှတ်ပါမှ အဲဒီဒီဇိုင်းကိုမှ ဆောက်လုပ်ခွင့်ရှိတယ်ဆိုတဲ့ ဥပဒေထွက်လာတဲ့ အထိကြိုးစားကြရမှာပါ" ဟုဝါရင့်ဗိသုကာပညာရှင်တစ်ဦးကပြောသည်။

---

# အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့သို့ မျောပါသွားသော ရေလုပ်သားများအနက် ၁၀၀ ကျော် ပြန်ခေါ်ခွင့်ရ

သန်းဒွေး

**ရန်ကုန်၊ စက်တင်ဘာ-၆**

**မြန်မာ့ပင်လယ်ပြင်အတွင်း ဆူနာမီမိုးလေဝသဖြစ်စဉ်ကြောင့် အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့သို့ မျောပါသွားသော မြန်မာရေလုပ်သားများအနက်မှ ၁၃၅ ဦးမှာ စက်တင်ဘာလလယ်တွင် ပြန်လည်ရောက်ရှိတော့မည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောသည်။**

"စက်တင်ဘာလလယ်မှာ အဲပုဂံနဲ့သွားကြိုမယ်။ လေယာဉ်စီးလုံးငှားပြီးသွားမှာပါ။ လေယာဉ်ဆင်းသက်ခွင့်နဲ့ ရက်ကန့်သတ်ဖို့ နှစ်နိုင်ငံညှိနှိုင်းနေပါတယ်" ဟု ၎င်းက စက်တင်ဘာ ၆ ရက်တွင် ပြောသည်။

ယခုနှစ် မတ်လ ၁၄ မှ ၁၇ ရက်အတွင်းက မြန်မာ့ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သော ရာသီဥတုဖောက်ပြန်မှုကြောင့် စက်မဲ့ဖောင် ၃,၆၀၀ ခန့်ဖြင့် ငါးပုစွန်များ ဖမ်းနေသော ရေလုပ်သား ၁၆၀၀၀ ကျော်မှာ ကပ္ပလီပင်လယ်ပြင်အတွင်း မျောပါခဲ့ကြသည်။

ဧရာဝတီငါးဖမ်းကွက် D9 နှင့် D10 အတွင်း ဖျာပုံမြစ်ဝတွင် ဖြစ်ပေါ်ခဲ့သောကြောင့် အနီးအနားရှိစက်လှေများနှင့် သင်္ဘောများက ကယ်ဆယ်ခဲ့ကြရသည်။ အချို့မှာ ကမ်းလွန်ရေနံတူးစင်များမှ ကယ်ဆယ်နိုင်ခဲ့ပြီး ရာဇဏန်းမျှရှိသော ရေလုပ်သားများမှာမူ အိမ်နီးချင်းနိုင်ငံများသို့ ရောက်ရှိသွားခဲ့ကြသည်။

ထို့ကြောင့် ဇွန် ၈ ရက်တွင် သီရိလင်္ကာနိုင်ငံရောက် ရေလုပ်သား ၁၄ ဦးမှာ မြန်မာနိုင်ငံသို့ လေယာဉ်ဖြင့်ပြန်ရောက်ခဲ့ကြသည်။ ထို့အတူ လွန်ခဲ့သော ၁၁ နှစ်ကတည်းက အလားတူငါးဖမ်းရွက်လှေဖြင့် အိန္ဒိယနိုင်ငံသို့မျောပါခဲ့သော ရေလုပ်သားသုံးဦးမှာလည်း ယခုနှစ် ဩဂုတ် ၁၅ ရက်က လေယာဉ်ဖြင့်ပြန်ရောက်ခဲ့ကြသည်။

ယခုနှစ် မတ်လအတွင်းက အိန္ဒိယနိုင်ငံပို့ဘလဲမြို့သို့ရောက်ရှိခဲ့သော ရေလုပ်သားဦးရေမှာ ၁၇၂ ဦးဖြစ်ကြောင်း ဩဂုတ် ၂၈ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။

မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ အတွင်းရေးမှူး၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဘုန်းဆွေက အိန္ဒိယနိုင်ငံ ပို့ဘလဲမြို့ရောက် မြန်မာရေလုပ်သား ၁၇၂ ဦးရှိ ကြောင်း အထက်ပါအဖွဲ့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အတည်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ ရေလုပ်သားအားလုံးကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူပေးမည်ဖြစ်ကြောင်းလည်း ကတိပြုပြောကြားခဲ့သည်။

ထို့အပြင် အိန္ဒိယနိုင်ငံ နယူးကယ်လယ်ရသတင်းဌာနကလည်း ပြီးခဲ့သော နှစ်ကတည်းက ဩရိဿပြည်နယ်အနီး ပင်လယ်ပြင်တွင် တွေ့ရှိရသောမြန်မာရေလုပ်သား ၁၉ ဦးကို ဖမ်းဆီးရမိထားကြောင်း ဇူလိုင် ၂၆ရက်က သတင်းထုတ်ပြန်ပေးခဲ့သည်။

ထို့ကြောင့် နောင်အခါ မြန်မာ့ရေလုပ်သားများ အိန္ဒိယနိုင်ငံအတွင်း မျောပါသွားပါက ဖမ်းဆီးခံရ၍ ထောင်ဒဏ်နှစ်ရှည်မကျခံစေရေးအတွက် သက်ဆိုင်ရာက ဆွေးနွေးခဲ့သည်။ ၎င်းအပြင် ရေလုပ်သားများအား မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ရေးထိုးထားသော မြန်မာရေလုပ်သား သက်သေခံကတ်ပြားများကိုလည်း ထုတ်ပေးနေကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ကျားဖောင်ရေလုပ်သားများ ဘဝရှေ့ရေးအတွက် ကျားဖောင်လုပ်ငန်းရှင်နှင့်တာဝန်ရှိသူ အာမခံထားရှိရေးကိုပါ မြန်မာ့အာမခံလုပ်ငန်းနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းစီစဉ်နေကြောင်း စက်တင်ဘာ ၇ ရက်က ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

Life
7DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011



# ဘဝပြောင်း လိပ်စာပြောင်းတဲ့ ကြွက်

ရွှေပြည်သီရိ(မြင့်ဦးလွင်)

**ညဦးပိုင်းလမ်းမှာ လူသူနည်းပါး တိတ်ဆိတ်နေသောအချိန်၊ သမိုင်းဘူတာဘက်က ပြန်အလာ၊ တိရစ္ဆာန်တစ်ကောင်ရဲ့ တစ္ဆီးစ္ဆီးနဲ့ မာန်ဖီတဲ့အသံကြားလိုက်ရတယ်။ အသံကြားရာ လှည့်ကြည့်လိုက်တော့ လူတစ်ယောက် မြောင်းစပ်က အမှိုက်ပုံမှာ တစ်ခုခုကို အာရုံစူးစိုက်အလုပ်လုပ်နေတာ တွေ့လိုက်ရတယ်။ ကျွန်တော်လည်း ဘာများလုပ်နေသလဲလို့ သိလိုစိတ်နဲ့တစ်လှမ်းချင်း လျှောက်သွားကြည့်မိတယ်။**

ဒီလူ့ရဲ့လက်က တစ်စုံတစ်ခုနဲ့ အမှိုက်ပုံရဲ့တစ်နေရာကို ပစ်ထည့်လိုက်သံ ဖောက်ခနဲကြားလိုက်ရပြန်တယ်။ ပြီးတော့ခြောက်ဆယ်သားလောက် ရှိနိုင်တဲ့ မြေကြွက်ကြီးတစ်ကောင် သံညှပ်နဲ့ဆွဲထုတ်ပြီး သူ့မှာပါလာတဲ့ မြွေရေခွံအိတ်ထဲကို ထည့်လိုက်တာတွေ့လိုက်ရတယ်။ ဒီလူကြွက်ဖမ်းတဲ့ အတတ်ပညာကို ကျွန်တော်အံ့ဩသွားတယ်။

"ခင်ဗျားဘယ်လို ဖမ်းလိုက်တာလဲ ကျွန်တော့်ကို ပြောပြပါဦး။ ကျွန်တော်သိတာက ထောင်ချောက်နဲ့ ထောင်ဖမ်းတာ၊ အဆိပ်ကြွေးသတ်တာပဲ သိတယ်" ဟု ပြောရာ. . .

ညအရောင်မှုန်ဝါးဝါးမှာ မျက်ခုံးနှစ်ခုနှင့် နှာခေါင်းအပေါ်ပိုင်းမှာ ဘုပါ၍ မျက်စိစွေသော ကြွက်ဖမ်းသမားက ရယ်သွမ်းသွေးလျက် "အစ်ကို ပြောတဲ့ ထောင်ချောက်တွေ၊ အဆိပ်ကြွေးသတ်တာတွေက မသေချာဘူး။ ကြာလည်းကြာတယ်။ အခုကျွန်တော်ဖမ်းတဲ့နည်းက သေချာတယ်။ မြန်လည်းမြန်တယ်လေ"

"ဒီမှာကြည့် ကျွန်တော့်မှာ တည်ကောင်လုပ်ဖို့ကြွက်ထီးတစ်ကောင်ပါလာတယ်။ ဒီကောင်ကြီးကို မပြေးနိုင်အောင် အမြီးကိုညှပ်နဲ့ညှပ်ပြီး ထိန်းထားတယ်။ ဒီတည်ကောင်ကြွက်ကို ကြွက်တွင်းဝကို မျက်နှာမူပြီးချထားတယ်။ ပြီးတော့ ဒီကြွက်ကျောပေါ်ကနေ ကျော်ပြီး ရောင်ပြားကပ်ထားတဲ့ စလောင်းနဲ့ဘက်ထရီမီးသုံးပြီး ဆလိုက်ထိုးရတယ်။ ပြီးတော့ တည်ကောင်ကြွက်ကို တုတ်နဲ့စတော့ တစ္ဆီးစ္ဆီးနဲ့ဒေါသဖြစ်ပြီး မာန်ဖီတယ်။ တည်ကောင်ကြွက် မာန်ဖီသံကြားတော့ တွင်းထဲက ကြွက်ကလည်း မာန်ပြန်ဖီတယ်။ သူ့တွင်းကိုလုဖို့လာတယ်အထင်နဲ့ တွင်းထဲကနေ ထွက်အလာမှာ ကျွန်တော်က အသင့်ချိန်ထားတဲ့ လေးခွနဲ့သံသီးတပ်ပြီး ထိပ်တည့်တည့်ကို ပစ်ထည့်လိုက်တာပဲ။

"ခင်ဗျားလက်ကလည်း တည့်တာကိုး။ ဒါနဲ့တစ်ညကို ဘယ်နှကောင်လောက်ရလဲ"

"အမှန်တော့ မရှိဘူးပေါ့ အစ်ကိုရယ်။ ကျွန်တော်တို့လည်း ကြွက်မျိုးမတုံးအောင် တစ်ပတ်နှစ်ရက်ပဲ ဖမ်းတာ။ တစ်ညကို အနည်းဆုံး ဆယ်ကောင်ကနေ အများဆုံး အကောင်နှစ်ဆယ်ကျော် အထိတော့ ရပါတယ်။ ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်ပေါင်းရင် အကောင်ရေအများဆုံး ငါးဆယ်လောက်အထိတော့ ရဖူးပါတယ်"

"အဲဒီလောက် အများကြီးရတော့ ဘယ်မှာသွားဖြုန်းလဲ"

"ဒီကြွက်တွေကို အရေခွံဆုတ်ပြီး အူတွေ၊ အသည်းတွေထုတ်ပြီး မြို့ထဲက လက်ဖက်ရည်ဆိုင်တစ်ဆိုင်ကို သွားပို့တယ်။ လက်ဖက်ရည်ဆိုင်က မယူနိုင်ရင်တော့ အရပ်ထဲမှာ ရောင်းရတာပေါ့ဗျာ"

"အဲဒီလက်ဖက်ရည်ဆိုင်က ကြွက်ကြော်ရောင်းတာလား"

"ဟဲ ဟဲ ဘယ်ဟုတ်မလဲ။ အရေခွံဆုတ်ပြီးသား ကြွက်တွေကို ခေါင်းဖြတ်၊ နုတ်နုတ်စင်း၊ စက်နဲ့ကြိတ်ပြီး ပေါက်စီထဲထည့်တာလေ။

စာ(၄၀)သို့



## ဒီလိုလေး ချက်ကြရအောင်

ဝိုက်ဖီ

### ကဏန်းမဆလာဟင်း



ဒီတစ်ပတ်အတွက်တော့ ဝိုက်ဖီ့ဆီကို တကူးတက ဖုန်းဆက်ပြီး ချက်ပေးစေချင်တဲ့ဟင်းကို ပြောပြလာတဲ့ ဝိုက်ဖီပရိသတ်တစ်ဦးရဲ့ဆန္ဒကို ဖြည့်ဆည်းတဲ့အနေနဲ့ ပြင်ဆင်ချက်ပြုတ်ထားပါတယ်။

ကဏန်းဟင်းချက်ပေးပါဆိုလို့ ကဏန်းမဆလာဟင်းကို ချက်ပြုတ်ထားတာဖြစ်ပါတယ်။ ကဏန်းဟင်းချက်ဖို့ အဓိကလိုအပ်ချက်ဖြစ်တဲ့ ကဏန်းတွေကို အရှင်လတ်လတ်ချက်ပြုတ်လိုသူတွေက အရှင်ချက်ပြုတ်ကြပေမယ့် ဝိုက်ဖီကတော့ ဈေးထဲက ခွာပြီးသားကဏန်းကိုဝယ်ပြီးတော့ပဲ ချက်ထားပါတယ်။

ခွာပြီးသား ကဏန်းလေးကောင်ကို လက်တွေဖြုတ်၊ ကျောကုန်းပေါ်က ဖော့ဖတ်တွေခွာ၊ ဗိုက်အောက်အနောက်နားက ဖိုမခွဲတဲ့ အဖတ်တွေခွာထုတ် ရေဆေး သန့်စင်ထားပါ။

စာ(၁၁)သို့




## ဈေးဝယ်ထွက်မယ်
## ခေတ်မီမြန်မာဝတ်စုံ ဒီဇိုင်းဆန်းတွေရနိုင်မယ့်နေရာ

**အိဖြူလွင်**

ခေတ်ကြီးက ဘယ်လိုပင် နိုင်ငံတကာယဉ်ကျေးမှုနဲ့ ဝတ်စားဆင်ယင်မှုတွေ ထိုးဖောက်ဝင်ရောက်နေတယ်လို့ပြောပေမယ့် မြန်မာဆန်ဆန် အဝတ်အစားတွေကတော့ နေ့စဉ်လှုပ်ရှားမှု ဘဝအပါအဝင် ပွဲလမ်းအခမ်းအနားအများစုမှာ မြတ်မြတ်နိုးနိုးဝတ်ဆင်နေကြတုန်းပါ။ မဖြစ်မနေ မြန်မာဝတ်စုံဝတ်ရတဲ့ကျောင်းသူတွေလို အပ်ချက်အရ ဝတ်ရတဲ့ ဝန်ထမ်းတွေအပါအဝင်မြန်မာလိုဝတ်မှ တင့်တယ်တဲ့နေရာတွေကို ခေတ်နဲ့လည်း လျော်ညီအောင် ဝတ်ဆင်ချင်တဲ့သူတွေအတွက် ဒီတစ်ပတ်ဈေးဝယ်ထွက်မယ်ကဏ္ဍကနေ လမ်းညွှန်ပေးချင်ပါတယ်။

အသင့်ချုပ်ပြီးသား အင်္ကျီတွေကိုပဲ ဝတ်ဆင်ကြတဲ့ခေတ် ဖြစ်တဲ့အတွက် မြန်မာအင်္ကျီဒီဇိုင်းဆန်းကို ချုပ်ဖို့ အင်္ကျီချုပ်ဆိုင် ရှာစရာမလိုအောင် စီးကွင့်တွေ၊ ပန်းတွေနဲ့ အလှဆင်ထားတဲ့ ရင်ဖုံး၊ ရင်စီး၊ လက်တို၊ လက်စက အင်္ကျီတွေကို ချည်ပေါင်းသား၊ ဂျော်ဂျက်သား၊ ကမာသားနဲ့ချုပ်ထားတဲ့ အင်္ကျီတွေမှာ အလှဆင်ထားတဲ့ပစ္စည်းတွေအလိုက် နေ့စဉ်ဝတ်လို့ရတဲ့ အင်္ကျီတွေနဲ့ ပွဲထိုင်ဝတ်လို့ရတဲ့ အင်္ကျီတွေလို ရွေးချယ်ဝယ်နိုင်မှာပါ။

ကိုယ့်ကိုယ်တိုင်း အတိအကျနဲ့မှ ဝတ်ချင်သူတွေအတွက်လည်း ဒီဆိုင်မှာကြိုအပ်လို့ရသလို အသင့်ချုပ်ပြီးသား အင်္ကျီတွေကိုလည်း ကိုယ်နဲ့ ကွက်တိဖြစ်အောင် ပြင်ဆင်ပေးသေးတယ်လို့ သိရပါတယ်။

အင်္ကျီတွေနဲ့လိုက်ဖက်တဲ့ချည်သား၊ပိုးသားထဘီတွေကိုလည်း အဆင်စုံ အရောင်စုံ အမျိုးအစားစုံ ရနိုင်ပါသေးတယ်။

ဈေးနှုန်းအနေနဲ့လည်း အသင့်ချုပ်ပြီးသား ချည်ပေါင်းသား အင်္ကျီတစ်ထည်ရဲ့ ဈေးနှုန်း ၇၅၀၀ ကျပ်လောက်ကနေ ကမာသားနဲ့ စီးကွင့်အပြည့်ထိုးထားတဲ့ အင်္ကျီတစ်ထည်ကို ၁၈၀၀၀ ကျပ် ခန့် ဈေးနှုန်းရှိတဲ့အတွက် သင့်တင့်တဲ့ ဈေးနှုန်းလို့ပြောနိုင်ပါတယ်။

မြန်မာရိုးရာအင်္ကျီနဲ့ ချည်ထည် ပိုးထည် ထဘီတွေကို ရနိုင်တဲ့ဆိုင်ကတော့ အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်အနီးက မျိုးမျိုးပွဲထိုင်နှင့် ပိုးထည်ချည်ထည် အမျိုးမျိုး အရောင်းဆိုင်မှာပါလို့ လမ်းညွှန်ပေးလိုက်ပါတယ်။



7DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011

# အလုပ်ရှင်နှင့်အလုပ်သမားကြား အငြင်းပွားမှုအတွက် အကျိုးခံစားခွင့်များဆောင်ရွက်ပေးပြီးဟုသိရ


သီဟ

နေပြည်တော်၊
စက်တင်ဘာ - ၇

အလုပ်ရှင်နှင့် အလုပ်သမားကြား အငြင်းပွားမှုပြဿနာများသည်ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် ဩဂုတ်လအထိ ၂၀၂၁ ခုရှိခဲ့ပြီး သက်ဆိုင်ရာ အလုပ်သမားတို့အတွက် အဆိုပါ အငြင်းပွားမှုပြဿနာများအတွက် အကျိုးခံစားခွင့်ငွေကျပ် ၂၅၈၇ဒသမ၂သန်း နှင့် FEC ၂၉၉၆၂တို့အားခံစားခွင့်ရရှိရန် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ကယနေ့ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က သဃ်န်းကျွန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က ပြည်သူ့လွှတ်တော် ၁၂ ရက်မြောက်နေ့တွင် တင်သွင်းခဲ့သည့် နိုင်ငံတကာ အဆင့်မီ အလုပ်သမားအခွင့်အရေးဆိုင်ရာ ဥပဒေတစ်ရပ်မူကြမ်းရေးဆွဲပြုစုရန်အတွက် လိုအပ်သည့် အစီအမံများပြုလုပ်ရန်ဟူသည့် အဆိုနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော် ဆယ့်သုံးရက်မြောက်နေ့တွင်ပြည်ထောင်စုဝန်ကြီးပြန်လည်ဖြေကြားရာတွင် ပြောကြားသွားခဲ့ခြင်းဖြစ်သည်။

ဦးသိန်းညွှန့်က အထက်ပါ အဆိုကိုတင်သွင်းရာတွင် အလုပ်သမားများခံစားရသည့် ဒုက္ခများနှင့်ပက်သက်၍ သဃ်န်းကျွန်းမြို့နယ်ရှိဝန်ကြီးဟောင်းတစ်ဦး၏ သားနှင့် ထိုင်ဝမ်လုပ်ငန်းရှင် တစ်ဦးတို့ အကျိုးတူပူးပေါင်းလုပ်ကိုင်လျက်ရှိသည့် စက်ရုံတစ်ရုံမှ အလုပ်သမားများ၏ လုပ်ငန်းခွင်ဘဝများအား ဥပမာပြုကာတင်သွင်းသွားခဲ့ခြင်းဖြစ်သည်။









## စာ-၉၊ ကဏန်း မာဆလာဟင်း မှ

ရေဆေးပြီးတဲ့အခါကဏန်းအလုံးကြီးခဲ့ရင် ကပ်ကြေးနဲ့ အလယ်ခေါင်ကနေ နှစ်ခြမ်းဖြစ်အောင် ညှပ်လိုက်ပါမယ်။ ခုနဖြုတ်ထားတဲ့ လက်တွေထဲက ရှေ့က ကဏန်းလက်မကြီးတွေကိုပြုတ်ပြီး အသားနွှင်ထားပါမယ်။ ခုနရေဆေးထားတဲ့ကဏန်းလုံးတွေကိုလည်း ဆား၊ နနွင်း၊ ဟင်းခတ်မှုန့်တို့နဲ့နယ်ထားပေးပါ။ ဟင်းစချက်တော့မယ်ဆိုရင် ကြက်သွန်ဖြူနီထောင်းကို အရင်ဆီသတ်ပြီး နွှင်ထားတဲ့ ကဏန်းလက်မသားတွေထည့်လိုက်ပါမယ်။ ပြီးရင်ကဏန်းလုံးတွေထည့်ပြီးပုံမှန်ငါးဟင်းတွေချက်သလိုပဲ မွှေပေးပါ။ ရေအနည်းငယ်ထည့်၊ ခဏအုပ်ထားပြီးရေဆူလာတဲ့အခါမန်ကျည်းရေလေးနည်းနည်းထည့်ပေးပါ။ ရေနဲ့ချမှာမို့ အရေကို အရသာရှိပြီးဖြစ်အောင် အသားပြုတ်ထည့်ထားတာဖြစ်ပါတယ်။ မန်ကျည်းရေထည့်ပြီး ရေဆူလာရင်တော့ မဆလာလေးအုပ်ပြီးချလိုက်လို့ရပါပြီ။

ကဏန်းမဆလာဟင်းလေးကို ကျေနပ်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ကဏန်းမဆလာဟင်းချက်ဖို့ ခွာပြီးသား ကဏန်းကိုပဲဝယ်မယ်ဆိုရင်တော့ လတ်ဆတ်တဲ့ ဂဏန်းဖြစ်ဖို့တော့ အရေးကြီးပါတယ်။ အခန့်မသင့်ရင် ဗိုက်နာတတ်တာ ကဏန်းမလတ်ဆတ်လို့ဖြစ်တတ်တာကြောင့် ဝိုက်ဖီပရိသတ်ကို သတိလေးပေးလိုက်ပါရစေ . . .

## တိမ်းလွယ် ွတ်လွယ်သောစိတ်ကို ဘယ်လိုထိန်းချုပ်မလဲ . . .

ဓမ္မ

အသိတစ်လုံး အမြတ်ဆုံး တစ်လုံးသိ အကျိုးရှိ၏

တရားအားထုတ်ခြင်းဟာ စိတ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်မှုကို စိတ်ပညာနည်းဖြင့် ချဉ်းကပ်ခြင်းဖြစ်တယ်။ စိတ်ဓာတ်သန့်ရှင်းအောင် လေ့ကျင့်ခြင်းလည်းဖြစ်တယ်။ သဘာဝအားဖြင့်တော့ ပြုစုပျိုးထောင်လေ့ကျင့်ထားခြင်းမရှိတဲ့စိတ်ဟာ အလွန်တိမ်းလွယ်ညွတ်လွယ်တယ်။ လူတွေကို မကောင်းမှုပြုဖို့ဘက်ကိုပဲ ဆွဲဆောင်တတ်တယ်။ ပြီးတော့ ကိလေသာအာရုံကာမဂုဏ်တရားတွေရဲ့ အန္တိုင်းခံကျေးကျွန်ဖြစ်လွယ်တယ်။ စိတ်ကူးကြံစည်မှုတွေ၊ စိတ်လှုပ်ရှားမှုတွေကလည်း လူကိုလွဲမှားမှုတွေဖြစ်အောင်လုပ်တတ်တယ်။ ဘယ်လိုတရားဘာဝနာအလုပ်ကို အားထုတ်ရမယ်ဆိုတာကိုသိတဲ့လူမျိုးကသာ စိတ်ကိုလေ့ကျင့်ယူနိုင်တယ်။ ထိန်းချုပ်နိုင်တယ်။

သိစိတ်ရှိတဲ့လူသားဟာ သိပ်ပြီးစိတ်မချမ်းမသာဖြစ်လာတဲ့အခါ၊ အလွန်အမင်းစိုးရိမ်ပူပန်လာတဲ့အခါ၊ ကြာရှည်စွာဝမ်းနည်းပူဆွေးကြတဲ့အခါ ရုပ်ခန္ဓာမှာပါ ဒုက္ခဆင်းရဲတွေဖြစ်ပေါ်လာပါတယ်။ ဒီနေ့ လူသားတွေကြုံတွေ့နေရတဲ့ ဒုက္ခဆင်းရဲတွေ၊ ပြဿနာတွေဟာ ယဉ်ကျေးသိမ်မွေ့အောင်ပဲ့ပြင်ဆုံးမမထားတဲ့စိတ်ကြောင့်ဖြစ်ရတာကများပါတယ်။ လူတွေကြုံတွေ့နေကြရတဲ့ ကိုယ်ဆင်းရဲနာ၊ စိတ်ဆင်းရဲနာတွေကို ကုသရာမှာ အကောင်းဆုံးဆေးဟာ တရားအားထုတ်ခြင်းပဲဖြစ်တယ်။

ရည်ညွှန်း-'ဗုဒ္ဓဘာသာဝင်တွေ ယုံကြည်ကြတာက' ဆန်းလွင် (ရှင်အာဒိစ္စရံသီ) (၁၉၃၈-၂၀၀၂)



ဈေးရောအရေးရောနည်းသော်လည်း

# ခိုင်မြဲနေဆဲ ရေဆေးပန်းချီ

▌ဥက္ကာကိုကို ▌

ရေဆေးပန်းချီကို ကာလကြာရှည်စွာ တစိုက်မတ်မတ်ရေးဆွဲသူ ရှားပါးနေသည်ဟုဆိုရမည့် မြန်မာ့ပန်းချီလောကတွင် ယခုနှစ်ပိုင်းအတွင်း ရေဆေးသီးသန့်ပန်းချီပြပွဲများကို ရေဆေးပန်းချီပညာရှင်ကြီးများသာမက လူငယ်ရေဆေးပန်းချီဆရာတချို့ကပါ ပြပွဲပြုလုပ် တင်ဆက်ပြသခဲ့ကြကာ ရေဆေးပန်းချီပညာရပ်အား အာရုံစိုက်မှု အနည်းငယ်ရှိလာကြောင်း ပန်းချီလောကအတွင်းမှ သိရသည်။

ယခင်နှစ်ပိုင်းများက ဈေးကွက်နှင့် ကျွမ်းကျင်မှုတို့အပေါ် မူတည်သည့် ရေဆေးပန်းချီကို ရေးဆွဲပြသသူနည်းပါးနေပြီး ဆီဆေး၊ အခရိုင်းလစ်တို့ဖြင့်သာ ရေးဆွဲပြသသည့် ပန်းချီပြပွဲများက ပိုမိုများပြားနေခဲ့သည်။

"ရေဆေးက ဈေးလည်းအရနည်းတယ်။ ခက်လည်း ခက်တော့ သိပ်ပြီး မတို့ထိချင်ကြဘူး။ ပြခန်းစရိတ်ကလည်းကြီးတော့ ဆီဆေး၊ အခရိုင်းလစ်တို့နဲ့ဆွဲတဲ့ ကားတွေရောင်းရမှ မျှတတယ်။ ငွေများများရတယ်" ဟု ရေဆေးပန်းချီကိုသာ တစ်လျှောက်လုံး ရေးဆွဲလာခဲ့သည့်မင်းကွန်းမှ ပန်းချီဇော်မောင်က သုံးသပ်သည်။

"ရေဆေးပန်းချီကားကောင်းတစ်ခုဖြစ်ဖို့အတွက် ဖွဲ့စည်းမှုကျစ်လျစ်ရတယ်။ အထားအသို ကျွမ်းကျင်ရတယ်။ အရောင်ကိုပိုင်နိုင်ပြီး ထိထိမိမိရေးနိုင်ရတယ်။ အရေးကြီးဆုံးကတော့ ကိုယ်ရေးမယ့်အကြောင်းအရာအပေါ်မှာ ခံစားမှုထည့်ဖို့ပါပဲ။ ခံစားမှုမပါရင် ကြည့်ရတာပေါ့ရွှတ်နေမယ်" ဟု ရေဆေးပန်းချီနှင့်ပတ်သက်သည့် အယူအဆတစ်ရပ်ကို ဆရာဇော်မောင်ကရှင်းပြသည်။

"ဒီလထဲမှာပဲ ရေဆေးပန်းချီပြပွဲလေးပွဲ တိုက်နေတယ်။ အဲဒီလို ရေဆေးပန်းချီကို ရေးလာနိုင်တာ တိုးတက်တဲ့ လက္ခဏာပဲ။ ပညာရှင်ပိုင်းအရ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရှိလာကြတဲ့ သဘောအပြင် ဈေးကွက်နောက် သိပ်မလိုက်ကြတော့တဲ့ သဘောပါပဲ"ဟု ရိုးရာပန်းချီများကို တစိုက်မတ်မတ်ရေးဆွဲနေသော ရေဆေးပန်းချီပညာရှင်ကြီး ဆရာကျော်ဖြူစံက ပြောသည်။

ရေဆေးပန်းချီကို ရေးဆွဲရာတွင် ကျွမ်းကျင်မှုအဓိကလိုအပ်ခြင်းအပြင် ဈေးကွက်တွင်လည်း ဆီဆေးပန်းချီ၊ အခရိုင်းလစ်ပန်းချီကားများထက် ငွေကြေးရရှိမှုနှုန်းနည်းပါးခြင်းတို့ကြောင့် ပန်းချီဆရာအများစုက ဆီဆေးနှင့် အခရိုင်းလစ် ပန်းချီကားများကိုသာ ရေးဆွဲဖန်တီးမှု ပိုနေခဲ့ကြသည်။

ယခင်က ၁၉၉၆ မြန်မာ့ခရီးသွားနှစ် မတိုင်မီနှစ်ပိုင်းများက ရေဆေးပန်းချီကားများကို ရေးဆွဲမှုများပြားခဲ့ပြီး ဈေးကွက်တွင်လည်း အလွန်အရောင်းသွက်ခဲ့ကာ ထိုနောက်ပိုင်းကာလများတွင် ရေဆေးပန်းချီကို တဖြည်းဖြည်းနှင့် ရေးဆွဲသူနည်းပါးလာခဲ့သော်လည်း ယခုနှစ်ပိုင်းတွင်မူ ရေဆေးပန်းချီကို ရေးဆွဲပြသသူများလာခဲ့သည်ဟု ရေးဆေးပန်းချီဆရာတစ်ဦးဖြစ်ပြီး ဈေးကွက်တွင်လည်း အောင်မြင်မှုများရရှိနေသည့် ပန်းချီမိုးညိုက သုံးသပ်သည်။

"အဲဒီတုန်းက တစ်နေ့ကို ၁၆ ကား၊ ကား ၂၀ နီးပါးရောင်းကြရတယ်လို့ ကြားဖူးတယ်။ နောက်ပိုင်းတော့ ဈေးကွက်က ပြန်ငြိမ်သွားတယ်။ အခရိုင်းလစ်နဲ့ ဆီဆေးကိုပိုရေးပြီး ရေဆေးရေးတာနည်းသွားတယ်။ ဒီနှစ်ပိုင်းမှာ ရေဆေးပန်းချီတွေ ပြန်ရေးလာကြတယ်။ ဈေးကွက်မှာလည်း ရေဆေးပန်းချီကားတွေ အရောင်းလိုက်လာတယ်။ ရေဆေးရဲ့အခန်းကဏ္ဍက လူပြောများလာတယ်ပေါ့။ ရေဆေးက ခက်ပါတယ်။ ရေးဆွဲတာ လက်လွန်သွားရင်ပြန်နုတ်လို့မရဘူး။ ဆေးအဖြူလည်း မသုံးရဘူး"ဟု ပန်းချီမိုးညိုက ရှင်းပြသည်။

ရေဆေးပန်းချီကားများကို ထိန်းသိမ်းရာတွင်လည်း ဆီဆေးပန်းချီကားများကဲ့သို့ မဟုတ်ဘဲ မှန်ပေါင်သွင်းကာ နေရောင်တိုက်ရိုက်မထိစေရန်၊ ရေမထိစေရန်၊ ပိုးဟပ်မကိုက်စေရန် စနစ်တကျထားသိုပါမှ ပျက်စီးမှုမရှိမည်ဖြစ်သည်။ ရေးဆွဲရာတွင်လည်း ရေချိန်၊ ဆေးချိန်စသည့် အချိန်အဆပိုင်နိုင်မှုက ရေဆေးပန်းချီဆရာ၏ ကျွမ်းကျင်မှုကိုဖော်ပြလေ့ရှိကြောင်း သိရသည်။

လက်ရှိ မြန်မာ့ပန်းချီလောကတွင် ရေဆေးပန်းချီကို တစိုက်မတ်မတ်ရေးဆွဲ၍ အောင်မြင်နေသော သက်ရှိထင်ရှားပန်းချီဆရာများမှာ (ဦး)ဖေသဏ်း၊ (ဦး)ကျော်သောင်း၊ (ဦး)ခင်မောင်စန်း၊ (ဦး)ကျော်ဖြူစံ၊ (ဦး)ရွှေမင်းသား၊ (ဦး)မြသောင်း၊ (ဦး)မောင်မောင်လှမြင့်၊ (ဦး)တင်အောင်ထိုက်၊ (ဦး)သန့်စင်၊ (ဦး)မုတ်သုန်၊ ဝင်းကို၊ ဇော်မောင်၊ ကိုဆု(မင်းကွန်း)၊ အောင်မြတ်ဌေး၊ မိုးညို၊ သိန်းထွန်းဦး စသူတို့ဖြစ်ကြသည်။

ချင်းတွင်းရေကြည်အမည်ရှိ ပန်းချီအုပ်စုကလည်း ရေဆေးပန်းချီပြပွဲများကို တစိုက်မတ်မတ် ပြသလျက်ရှိနေသည်ကို တွေ့ရသည်။ ပန်းချီဝင်းဖေမြင့်ကဲ့သို့သော ပန်းချီဆရာကြီးများကလည်း ဆီဆေး၊ အခရိုင်းလစ်တို့အပြင် ရေဆေးကိုပါ အသားပေးရေးဆွဲလေ့ရှိကြသည်။

"ဈေးနည်းနည်းရနိုင်ပြီး သယ်ဆောင်ရလွယ်ကူပေ့ါပါးတဲ့အတွက် တကယ်တမ်း အရောင်းအဝယ်ဖြစ်ရင် ရေဆေးပန်းချီက ပိုဖြစ်တယ်" ဟု ရေဆေးပန်းချီဆရာတစ်ဦးဖြစ်သည့် ကိုဝင်းကိုက ဆိုသည်။

"ဆေး၊ စက္ကူကို အမျိုးအစားတစ်မျိုးတည်း တစိုက်မတ်မတ် သုံးနေမှ အထာသိတယ်။ အခုတရုတ်၊ အိန္ဒိယ၊ ဂျပန်ကလာတဲ့ ဆေးတွေကိုပဲ သုံးနေကြရတယ်။ တကယ်တမ်းမှာ အင်္ဂလန်ကဆေးကအကောင်းဆုံးပဲ။ ဆေးနဲ့ စုတ်တံကို ပရော်ဖက်ရှင်နယ်ကျကျ ဝယ်မသုံးနိုင်ကြတာများပါတယ်" ဟု ပန်းချီဝင်းကိုက သုံးသပ်သည်။

"ရေဆေးအတွက်ဆေးစက္ကူတွေက General Use/ Student သုံးနဲ့ Artist သုံးဆိုပြီး ကွဲပြာတယ်။ ကြာရှည်ခံမှုပေါ်မှာမူတည်ပြီး ကွဲတာပါ။ ဥပမာ Acid Free ဖြစ်တယ်။ WC Paperသုံးရင် ကိုယ်ဖန်တီးထားတဲ့လက်ရာ ကြာရှည်ခံမယ်။ Acid Free မဖြစ်တဲ့ စက္ကူပေါ်မှာရေးရင် လပိုင်းအတွင်းမှာပင် အရောင်တွေလွင့်ကုန်မယ်။ ဆေးမှာလည်း ဒီအတိုင်းပါပဲ။ Artist Color သုံးရင်ကြာရှည်ခံတာပေါ့"ဟု ပန်းချီမိုးညိုကပြောသည်။ ထို့ကြောင့် မီဒီယံဖြစ်သော ဆေးနှင့်စက္ကူကို အမျိုးအစားကောင်းသုံးစွဲသင့်သည်ဟု သူကဆိုသည်။

သာမန်ဆေးစက္ကူတို့ထက် ဈေးနှုန်းနှင့်စွမ်းဆောင်ရည် ကွာသော်လည်း မိမိလက်ရာနှင့် ဝယ်ယူစုဆောင်းသူများအတွက်လည်း ကြာရှည်တည်တံ့စေမည်ဖြစ်ကြောင်း ပန်းချီမိုးညိုကဆိုသည်။

အချို့သော ရေဆေးစက္ကူအကောင်းစားသုံးစွဲသည့် ပန်းချီကားများမှာ စနစ်တကျထိန်းသိမ်းပါက နှစ်၁၀၀အထိ ပျက်စီးခြင်းမရှိကြောင်း သိရသည်။

"ရေဆေးက များများရေးလေ လက်တက်လေပဲ။ အကြာကြီးပြတ်နေရင်လက်ပျက်သွားတတ်တယ်။ မပြတ်ထိတွေ့နေဖို့လိုတယ်"ဟုပန်းချီဆရာကျော်ဖြူစံက ဆိုသည်။

နိုင်ငံတကာတွင် ပန်းချီနှင့်ပတ်သက်၍ ရေဆေးပန်းချီ(Water Color) က ဘာသာရပ် တစ်ခုအဖြစ် သီးသန့်တည်ရှိကြောင်း သိရသည်။

ရေဆေးပန်းချီရေးဆွဲရာတွင် ပျော်ရွှင်ခြင်းအကြည်ဓာတ်ဖြစ်ပေါ်နေပါမှ ရေးဆွဲရတာကောင်းပါကြောင်း ရေဆေးပန်းချီဆရာတွေက ဆိုကြသည်။

"ရေဆေးက ပျော်မှရေးလို့ရတယ်"ဟုပန်းချီဆရာဇော်မောင်က ပြောသည်။

"ရေဆေးရေးရတာ ပျော်တယ်။ အဲဒါကြောင့် ရေဆေးကိုပဲရေးဖြစ်တယ်" ဟု ပန်းချီမိုးညိုက ပြီးခဲ့သည့် ဇူလိုင်တွင် ပြုလုပ်ခဲ့သည့် ၎င်း၏တစ်ကိုယ်တော်ရေဆေးပန်းချီပြပွဲ၌ ပြောခဲ့သည်။

ရေဆေးပန်းချီရေးသားသူနည်းပါးနေသည်မှာ ရန်ကုန်ပန်းချီလောကတွင်သာမဟုတ်ဘဲ အညာဒေသပန်းချီလောကမှာပါနည်းပါးလျက်ရှိကြောင်း သိရသည်။

"ရေးတဲ့လူ တော်တော်ကို နည်းသွားတယ်။ မန္တလေးမှာလည်းဦးခင်မောင်စန်းတို့လောက်ပဲရှိတော့တယ်" ဟု ပန်းချီဆရာဇော်မောင်က သုံးသပ်သည်။

ရေဆေးပန်းချီကို ရေးဆွဲမှုနည်းပါးသည်ဟုဆိုရာတွင် ဈေးကွက်တင်ပန်းချီကားအနေဖြင့် နည်းပါးခြင်းသာဖြစ်ပြီး စာနယ်ဇင်းသရုပ်ဖော်ပန်းချီလောကတွင်တော့ ရေဆေးပန်းချီဖြင့်သာ အများဆုံးရေးဆွဲကြကြောင်း သိရသည်။ အခရိုင်းလစ်ဆေးဖြင့် စာနယ်ဇင်းသရုပ်ဖော်ပန်းချီရေးဆွဲခြင်းရှိသော်လည်း 4C, 2C များကို ရေဆေးဖြင့်သာ အရေးများသည်ဟု သိရသည်။

"ရေဆေးပန်းချီမှာ ရေရယ်၊ လေရယ်၊မြူရယ်ပါဝင်ပြီး Atmosphere ပါအောင် ရေးဆွဲဖို့လိုတယ်လို့ရေဆေး ဆရာကြီးများက ညွှန်ပြထားတာ ရှိပါတယ်။ အဲဒီမှာ အကောက်ယူလွဲပြီး ရှုခင်းပုံပန်းချီကားတွေကိုပဲ ရေးဆွဲလာတာတွေ့ရပါတယ်။ တကယ်တော့ 'Atmosphere' က ရှုခင်းပုံ ရေးမှမဟုတ်ဘူး။ ရှုခင်းပုံတွေ အများဆုံးရေးဆွဲထားကြတော့ Subject ပိုင်းက ရိုးအီနေတာတွေ့ရပါတယ်" ဟု ပန်းချီဆောင်းပါးများရေးသားနေသူတစ်ဦးဖြစ်သော ဆရာနိုင်စွမ်းက ပြောသည်။

ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ဆီဆေး၊ အခရိုင်းလစ်ဆေးတို့ကို ပန်းချီသင်ထောက်ကူ အနေနှင့် စတင်သင်ကြားပြီးကျွမ်းကျင်ပြီးမှ ရေဆေးကို ဆက်လက်လေ့လာရေးဆွဲကြသည်ဟု ဆရာနိုင်စွမ်းကဆိုသည်။

စာ(၃၂) သို့

7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

## မျက်နှာဖုံး-ဟောင်းနွမ်းနေသောကားများ လဲလှယ်ရေး စက်တင်ဘာ ၁၉ ရက်တွင် စတင်မည် မှ

ကားအဟောင်း အပ်နှံပြီး၍ ကားသွင်းခွင့်ပါမစ်ရရှိသူများမှာ ကိုယ့်အစီအစဉ်ဖြင့်ကားတင်သွင်းနိုင်သည်။ သို့သော် ကားတင်သွင်းသည့်ကိစ္စများကို မဆောင်ရွက်တတ်ပါကအဆင်ပြေစေရန်မကြာမီကာလတွင်ကားအရောင်းပြခန်းများ ဖွင့်လှစ်ရောင်းချပေးနိုင်ရန်လည်းစီစဉ်ထားသည်ဟုဆိုသည်။ သို့သော် ပါမစ်ရရှိပြီး ကားတင်သွင်းသူများမှာ ကားတင်သွင်းသည့်အတွက် က. ည. န သို့မှတ်ပုံတင်ကြေး ၁၀၀ ရာခိုင်နှုန်း ပေးရန် အကြမ်းဖျင်း လျာထားသည်။ ထို့အပြင် ကားတင်သွင်းသည့်အတွက် ကုန်သွယ်ခွန်အပါအဝင် အခွန်အရပ်ရပ်အတွက်ကားတန်ဖိုး၏၅၀ရာခိုင်နှုန်းကျော်ပေးဆောင်ရမည်ဖြစ်သည်။ ထို့ကြောင့် ၁၀၀ တန်ကားတင်သွင်းမှုမှာက. ည. နမှတ်ပုံတင်ကြေးနှင့် အခွန်အရပ်ရပ်ပေးဆောင်လိုက်ပါက စုစုပေါင်း ကားတန်ဖိုးအပါအဝင် သိန်း ၂၅၀ ဝန်းကျင် ကုန်ကျမည်ဖြစ်သည်။ သို့သော်ကားအစားထိုးလဲလှယ်သည့် အစီအစဉ်အတွက် ကောက်ခံမည့်အခွန်နှုန်းထားများ အတိအကျ မသတ်မှတ်ရသေးဘဲ ပြောင်းလဲနိုင်ကြောင်းလည်း သတင်းရရှိသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(က. ည. န)တွင် မှတ်ပုံတင်ထားသောကားများအနက် မှတ်ပုံတင်သက်တမ်းအနှစ် ၄၀ ကျော် ကားများကို ပထမဦးစားပေး၍ အစားထိုးလဲလှယ်နိုင်ရန် စီစဉ်ပေးမည်ဖြစ်သည်။ အနှစ် ၄၀ နှင့်အထက် ကားအစီးရေပေါင်း ၁၀,၂၁၁စီးရှိပြီး အဆိုပါကားများမှာအကြမ်းဖျင်း(စ၊ဆ၊ဇ) စသည့် အက္ခရာများနှင့် စသောယာဉ်များဖြစ်သည်။

ထို့နောက် မော်တော်ယာဉ်မှတ်ပုံတင်သက်တမ်း အနှစ် ၃၀ နှင့် ၄၀ သက်တမ်းအတွင်းရှိကားအစီးပေါင်း ၈,၃၃၁ စီးကို အစားထိုးလဲလှယ်ပေးမည်ဖြစ်ပြီး ထိုယာဉ်များမှာ အကြမ်းဖျင်း (ဈ၊ ည) အက္ခရာတပ်ကားများဖြစ်သည်။ တတိယအဆင့်အနေဖြင့် ထပ်မံလဲလှယ်ပေးမည်ဖြစ်သည်။ တစ်နိုင်ငံလုံးတွင် အဆိုပါယာဉ်အစီးရေ ၃၆,၈၇၅ စီးရှိပြီး၊ အနှစ် ၂၀ မှ ၃၀ နှစ်အတွင်းရှိ ကားများမှာ အကြမ်းဖျင်း(ဏ၊ တ၊ ထ၊ ဒ၊ ဓ၊ န၊ ပ) အက္ခရာတပ်ယာဉ်များဖြစ်သည်။

ထို့ကြောင့် အစားထိုးလဲလှယ်ပေးမည့် ယာဉ်အစီးရေ စုစုပေါင်း တစ်နိုင်ငံလုံးတွင် အစီးရေ ၅၅,၀၀၀ ကျော်ရှိသည်။ သို့သော် ကားပိုင်ရှင်မှ၎င်း၏ကားကိုမပယ်ဖျက်လိုသေးဘဲ ပြုပြင်၍ ဆက်လက်အသုံးပြုလိုပါက ခွင့်ပြုပေးသွားမည်ဖြစ်သည်။ ထိုကဲ့သို့သောကားများမှာ က. ည. နက သတ်မှတ်ထားသည့်အတိုင်း ယာဉ်ကြံ့ခိုင်မှုပြည့်ဝရန်လိုသည်။

ကားဟောင်းကို အစားထိုးလဲလှယ်ရာတွင် အထက်ပါသတ်မှတ်ချက်နှင့်ကိုက်ညီသော ကားပိုင်ရှင်များမှာ ပထမဦးဆုံး မိမိ၏ ကားဟောင်းကို မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်နှင့်အတူ သတ်မှတ်ထားသောနေရာဌာနသို့ မောင်းနှင်ပို့ဆောင်အပ်နှံရမည်ဖြစ်သည်။ လောလောဆယ်တွင် ကားအပ်နှံရန် နေရာများအဖြစ် တိုင်းဒေသကြီးများ ရှိက. ည. နရုံးများကို သတ်မှတ်ရန်စီစဉ်ထားကြောင်းလည်း ဦးအောင်မင်းက ပြောကြားသည်။ ကားဟောင်းကို အပ်နှံမှတ်ပုံတင်ပြီးပါက အပ်နှံမှုအမှတ်အသားတစ်စောင်ထုတ်ပေးမည်ဖြစ်ပြီး၊ အစားထိုးကား မတင်သွင်းမီအချိန်ထိ ကားဟောင်းကို ကညနကထုတ်ပေးသောနံပါတ်ဖြူဖြင့်ဆက်လက်အသုံးပြုနိုင်သည်။ ထို့အပြင် ကားအဟောင်းအပ်နှံသည့်အတွက် က. ည. နက ထိုကား၏ တန်ဖိုးကိုတွက်၍ ငွေပြန်ပေးမည်ဖြစ်သည်။

ထို့နောက် ယာဉ်အပ်နှံထားသည့် အမှတ်အသားဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတွင် ယာဉ်ဝယ်ယူခွင့်ပါမစ်တစ်စောင်ရမည်ဖြစ်သည်။ ထိုပါမစ်မှာ မူလနိုင်ငံရောင်းဈေး ဒေါ်လာ ၃,၅၀၀ ထက် မပိုသော၊ ၁၉၉၅ ခုနှစ်နှင့်အထက် မော်ဒယ်ရှိ ယာဉ်များကို နိုင်ငံခြားမှ ဝယ်ယူတင်သွင်းနိုင်သည်။

ထိုသို့ ဟောင်းနွမ်းနေသောကားများကို ပယ်ဖျက်၍ အစားထိုးလဲလှယ်ပေးမည့် အစီအစဉ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်တွင် ကားဟောင်းများမှာ စက်သုံးဆီပိုမိုအသုံးပြုရခြင်း၊ ယာဉ်ကြံ့ခိုင်မှုအားနည်း၍ မတော်တဆမှုများနှင့် ယာဉ်ကြောပိတ်ဆို့မှုများပိုမိုဖြစ်ပွားခြင်း၊ ယာဉ်မှ ထွက်သောမီးခိုးများက သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေခြင်းတို့ကြောင့်ဖြစ်ကြောင်း မီးရထားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

"ပြည်သူတွေ ကားအစုတ်တွေ စီးရတဲ့ဘဝကနေ လွတ်စေချင်တာပေါ့" ဟု ကားအဟောင်းများ ပယ်ဖျက်၍ အစားထိုးလဲလှယ်ပေးမည့်အစီအစဉ်၏ ရည်ရွယ်ချက်တစ်ခုကို ဦးအောင်မင်းကပြောသည်။

"တစ်စီးချင်း နှစ်စီးချင်းကျတော့ ပါမစ်ကိစ္စကို မလုပ်တတ်တော့ လုပ်တတ်တဲ့လူတွေဆီကိုသွားမှာပဲ။ ဟိုလူတွေကလည်း အလကားတော့ လုပ်မပေးဘူး။ သူတို့အတွက် အကျိုးအမြတ်တော့ ယူမှာပဲ။ အဲဒါတွေပျောက်အောင် Show Room တွေဖွင့်မယ်။ အခုလောလောဆယ်တော့ ကိုယ်ပိုင်တဲ့ မြန်မာမီနီဆလွန်းပေါ့။ ကျွန်တော်တို့ သောကြာနေ့က အစည်းအဝေးလုပ်တယ်။ ချက်ချင်းပဲ ဖုန်းဆက်လိုက်တယ်။ အဲဒီကားတွေချက်ချင်းသွင်းမှာပဲ။ အဲဒီကားတွေ ရောက်လာရင် Show Room မှာ ထည့်ထားပြီးတော့ ပါမစ်ရတဲ့သူတွေ ပါမစ်ပေးပြီး အဲဒီကားထုတ်သွားရုံပဲ။ အားလုံးကို အဆင်ပြေအောင် ဘက်ပေါင်းစုံက တွက်ထားတာ" ဟု ဦးအောင်မင်းကပြောသည်။ ထို့အပြင် ဂျပန်၊ တရုတ်၊ အိန္ဒိယ၊ ကိုရီးယား၊ မလေးရှား၊ ထိုင်း စသောနိုင်ငံများမှ ကားထုတ်လုပ်သည့် ကုမ္ပဏီများနှင့်ဆက်သွယ်၍ ကားအရောင်းပြခန်းများဖွင့်လှစ်ရောင်းချပေးနိုင်ရန်လည်း ခွင့်ပြုပေးသွားမည်ဟုဆိုသည်။

"ကျွန်တော်တို့ အခုလုပ်နေတဲ့လုပ်ငန်းတွေက ဒီနေ့ ဒေါ်လာဈေးနဲ့မြန်မာကျပ်ငွေအခြေအနေအပေါ်မှာ ပို၍ပို၍ အခြေအနေကောင်းအောင် လုပ်နေတဲ့ရည်ရွယ်ချက်ပါ။ ဒီလိုလုပ်ရတဲ့ ရည်ရွယ်ချက်က ကုန်ပို့တဲ့လူတွေ၊ ကုန်သွင်းတဲ့လူတွေ စသဖြင့် အလုပ်လုပ်တဲ့သူတွေ စီးပွားရေးအဆင်ပြေဖို့ရည်ရွယ်ချက်ကဒါပဲ။ ကျွန်တော်တို့ နိုင်ငံမှာ ဒီနေ့ ကြုံတွေ့နေရတဲ့စီးပွားရေးအခက်အခဲက အဆင်ပြေအောင်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ အဲဒီလုပ်ငန်းကြီးရဲ့ အစိတ်အပိုင်းတွေအဖြစ် ဒီကနေ့ လုပ်ငန်းတွေလည်းပါတယ်။ အရင် တစ်ပတ်က ကျွန်တော်တို့ခေါ်ခဲ့တဲ့မော်တော်ကားတွေ ဒဏ်ရိုက်တာလည်းပါတယ်။ မော်တော်ကားတွေ ဒဏ်ရိုက်တာ ကျွန်တော့်အကျိုးအတွက်မဟုတ်ပါဘူး။ နိုင်ငံတော်ရဲ့ ဖြစ်ပေါ်နေတဲ့ စီးပွားရေးအခြေအနေအပေါ်မှာ အကျိုးရှိအောင်ဝိုင်းလုပ်ပေးတာပါ။ ယခင် ခေတ်အခြေအနေအတိုင်းဆိုရင် ကျွန်တော်ဘာမှမလုပ်လည်းရပါတယ်"ဟု အမှတ်(၁) စက်မှုဝန်ကြီး ဌာနနှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းကပြောသည်။

"တိုင်းပြည်ရဲ့ စီးပွားရေးက သုံးလအတွင်းပြန်တက်ဖို့လိုတယ်။ သုံးလအတွင်း တိုင်းပြည်စီးပွားရေးက ဒီ့ထက်တည်ငြိမ်တဲ့ ငွေလဲနှုန်းမှာ ယုံကြည်စိတ်ချရတဲ့ အခြေအနေကိုရောက်ဖို့လိုတယ်။ အဲဒါမရောက်ရင် ဒုက္ခရောက်ပြီ"ဟုဦးစိုးသိန်းက လက်ရှိတိုင်းပြည်စီးပွားရေးအခြေအနေကို ပြောသည်။

ယခုစနစ်ကြောင့် နောက်ပိုင်းတွင် ကားများ ခိုးသွင်းနေခြင်း၊ ခိုးကြောင်ခိုးဝှက်အလုပ်လုပ်နေခြင်းများ လျော့နည်းသွားပြီး၊ ကားဈေးနှုန်းများ ကျဆင်းသွားမည်ဖြစ်ကြောင်းလည်း ဦးစိုးသိန်းကပြောကြားသည်။

"သိန်းလေးငါးဆယ်နဲ့ ကားကို သိန်းသုံးလေးဆယ်လောက်နဲ့ ပြည်သူတွေဝယ်နိုင်အောင်ရည်မှန်းတယ်။ မျှော်မှန်းပြီး ဆောင်ရွက်နေတယ်။ အခုတော့ ကျွန်တော်တို့တိုင်းပြည်က ကားတွေက ကမ္ဘာပေါ်မှာ ဈေးအကြီးဆုံးဖြစ်နေတယ်။ ဒါကိုလည်း ပြုပြင်ဖို့ ရည်ရွယ်ချက်လည်း ပါပါတယ်။ ကားဈေးတွေ ကျသွားရင် ဘာဖြစ်မလဲဆိုတော့ ကားဝယ်စီးလို့ ပိုနေတဲ့ငွေတွေကို ရင်းနှီးမြှုပ်နှံမှုတွေ၊ တိုင်းပြည်အတွက် အကျိုးရှိတဲ့နေရာတွေမှာ လည်သွားမယ်။ မဟုတ်ရင်တော့ သိန်းနှစ်ရာတန်တဲ့ ကားက သိန်းတစ်ထောင်လောက် ပေးစီးရရင်၊ သိန်းရှစ်ရာလောက်က ကားထဲမှာ ပါသွားမယ်။ အကယ်၍ ဒီရှစ်ရာသာ ထွက်လာရင် စက်မှုလုပ်ငန်းတွေ လုပ်လို့ရမယ်။ ကုန်သွယ်ရေးတွေလုပ်လို့ရမယ်။ ဝန်ဆောင်မှုလုပ်ငန်းတွေလုပ်လို့ရမယ်။ ဒီလိုမျှော်မှန်းပါတယ်"ဟုဦးစိုးသိန်းကပြောသည်။

ယခုအစီအစဉ်ကို စက်တင်ဘာ ၁၉ ရက်မှစတင်၍ ဆက်တိုက်လုပ်ကိုင်သွားမည်ဖြစ်ပြီး နောက်ပိုင်းတွင်ပြည်သူများအနေဖြင့် ကားများကို ကားအရောင်းပြခန်းတွင်ဖြစ်စေ၊ နိုင်ငံခြားမှ မှာယူတင်သွင်း၍ဖြစ်စေ လွတ်လပ်စွာဝယ်ယူသုံးစွဲနိုင်ရန် ရည်မှန်းကြောင်း ဦးအောင်မင်းကပြောသည်။

သို့သော် ပိုင်ဆိုင်မှု အငြင်းပွားနိုင်သောယာဉ်များ၊ အမွေဆိုင်ယာဉ်များ၊ ခိုးယူထားသောယာဉ်များ၊ ပေါင်နှံ၄ှားရမ်းထားသောယာဉ်များမှာ ယာဉ်အစားထိုးလဲလှယ်သည့်အစီအစဉ်တွင်ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ထိုသို့ဆောင်ရွက်နိုင်ရန် ယာဉ်မှတ်ပုံတင်စာအုပ်တွင်ယာဉ်လာရောက်အပ်နှံသူ၏ အမည်ပေါက်ဖြစ်ရန် လိုအပ်သည်။

"ကျွန်တော်တို့အနေနဲ့ ဒီလိုလုပ်သင့်တယ်လို့ အကြံပြုတာတွေရှိပေမယ့် ဒီလောက်အချိန်တိုတိုအတွင်းမှာ ရဲရဲတင်းတင်းလုပ်ပေးမယ်လို့ မထင်ခဲ့ဘူး။ ဒီလိုလုပ်ပေးတာကို ကြိုဆိုပါတယ်။ နောက်ကားသွင်းခွင့်ပါမစ်ကိုတစ်သောင်းလောက်ကလျှောက်ရင် တစ်စီးကို ဒေါ်လာသုံးထောင်နဲ့တွက်ရင်နည်းတဲ့ဒေါ်လာမဟုတ်ဘူး။ ဒါကြောင့် ဒီ့ရှေ့ကာလမှာ ဒေါ်လာနဲ့ ပို့ကုန်ရ ငွေရဲ့လိုအပ်ချက်မြင့်လာမယ်လို့ မြင်တယ်။ မကြာခင်လပိုင်းအတွင်း တစ်ဒေါ်လာ ကျပ်၈၅၀နဲ့၉၀၀ကြားတွင် ရောက်လာလိမ့်မယ်လို့ကျွန်တော့်အနေနဲ့ခန့်မှန်းတယ်"ဟု စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးကပြောသည်။

လက်ရှိ ကားဈေးကွက်တွင် အဆိုပါသတင်းထွက်ပေါ်လာပြီးနောက် မော်ဒယ်နိမ့်ကားများကို ကားဝယ်ရောင်းများနှင့် ငွေကြေးတတ်နိုင်သူများက လိုက်လံဝယ်ယူလျက်ရှိသည်။ ထို့ကြောင့် မော်ဒယ်နိမ့်ကားများ ရက်ပိုင်းအတွင်းဈေးတက်လာသည်။ ယခင် ကျပ်သိန်း ၂၀အောက်သာဈေးရှိသောလေးဘီးကားများမှာ ရက်ပိုင်းအတွင်း ကျပ်သိန်း ၃၀ ကျော်သွားပြီး၊ ယခင် ကျပ်သိန်း ၃၀၊ ၃၅ သိန်းရှိသော ဖင်မလီယာကား တစ်စီးလျှင် ယခုကျပ်သိန်း ၅၀ မှ ၆၀ အတွင်း ဈေးရှိနေပြီဖြစ် သည်။ ထို့အပြင် မော်ဒယ်မြင့်ကားများမှာ အရောင်းအဝယ် လုံးဝမဖြစ်တော့ပေ။

## စာ-၅၊ နိုင်ငံတော်သို့ ရွှေပေးသွင်းရန်ကျန်သော ကုမဏီများအား ရွှေပေးသွင်းရန် နောက်ဆုံးရက်သတ်မှတ် မှ

မန္တလေး တိုင်းဒေသကြီးရှိကျောက်ပုထိုးရွှေလုပ်ကွက်ကို လုပ်ကိုင်နေသော ကုမ္ပဏီအနေဖြင့် ရွှေချိန်ပိသာ ၆၀ ကျော်ပေးသွင်းရမည်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။

ရွှေတူးဖော်သည့် ကုမ္ပဏီများအား ပေးသွင်းရန် ကျန်ရှိသော ရွှေများကို ၂၀၁၂ ဖေဖော်ဝါရီလနောက်ဆုံးထားပေးသွင်းရန် ဩဂုတ်လကုန်ပိုင်း၌နေပြည်တော်ရှိသတ္တုတွင်းဝန်ကြီးဌာနသို့ခေါ်ယူအသိပေးခဲ့ကြောင်း ကုမ္ပဏီအချို့မှ တာဝန်ရှိသူအချို့ကပြောသည်။ အဆိုပါ ရွှေများပေးသွင်းသောအခါ အရစ်ကျစနစ်ဖြင့် ၂၀၁၂ ဖေဖော်ဝါရီလ နောက်ဆုံးထားပေးသွင်းနိုင်ကြောင်းလည်း သတင်းရရှိသည်။

ပေးသွင်းရန်ကျန်သည်ဟုသတ်မှတ်ခံရသောရွှေအချို့မှာကုမ္ပဏီများက လုပ်ငန်းများ ရပ်နားလေ့ရှိသော မိုးရာသီကဲ့သို့ ကာလများတွင် အလုပ်မလုပ်နိုင် ၍ သက်ဆိုင်ရာ ဒေသအာဏာပိုင်များထံ တင်ပြပြီး ထိုကာလအတွက် မပေးသွင်းသော ရွှေများပါဝင်ကြောင်း အထက်ပါ ရွှေတူး ဖော်သည့်ကုမ္ပဏီမှတာဝန်ရှိသူများကပြောသည်။ သို့သော် ယခုအခါ လုပ်ငန်းရပ်နားထားသောကာလများအတွက်လည်း ပေးသွင်းရတော့မည်ဖြစ်သည်။

ဧက ၂၀နှင့်အောက်သာကျယ်သောရွှေလုပ်ကွက်များကိုအသေးစားရွှေတူးဖော်သည့်လုပ်ကွက်ဟုသတ်မှတ်သည်။ မြန်မာတစ်နိုင်ငံလုံးတွင် အသေးစားရွှေတူးဖော်ရေး ကုမ္ပဏီ ၄၇၉ခုက လုပ်ကွက်ပေါင်း ၁၄၅၂ ကွက်တွင် လုပ်ကိုင်လျက်ရှိကြောင်း သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးကပြောသည်။ အသေးစားရွှေထုတ်လုပ်ရေးများတွင် ဥပဒေအရ စက်ယန္တရားအသုံးပြုခွင့်မရှိဟုဆိုသော်လည်း ကုမ္ပဏီအားလုံးလိုလိုမှာ စက်ယန္တရားများကို အသုံးပြုလုပ်ကိုင်နေကြသည်။

အသေးစားရွှေလုပ်ကွက်တစ်ကွက်အတွက်နိုင်ငံတော်သို့တစ်လလျှင်ရွှေနှစ်ကျပ်သား၊တစ်နှစ်လျှင် ၂၄ကျပ်သားပေးသွင်းရန်သတ်မှတ်ထားသည်။ ယခင်ကနိုင်ငံတော်သို့ပေးသွင်းရသောရွှေကိုလစဉ်ဆောင်စရာမှ ၂၀၁၁ ဇူလိုင်လမှစ၍ တစ်နှစ်စာလုံးအတွက် ၂၄ကျပ်သားကို ကြို၍ ပေးသွင်းသောပုံစံသို့ပြောင်းခဲ့သည်။ ၂၀၁၁-၁၂ဘဏ္ဍာရေးနှစ်အတွက် ကြိုပေးသွင်းရသော ရွှေ ၂၄ ကျပ်သားကို ကုမ္ပဏီများက ၂၀၁၁ ဩဂုတ်လကုန်နောက်ဆုံးထားပေးသွင်းရန် သတ်မှတ်ခဲ့သည်။

ထို့ကြောင့်ယခုဘဏ္ဍာရေးနှစ်အတွက်ရွှေ၂၄ကျပ်သားပေးသွင်းပြီးနောက် ၂၀၀၇- ၂၀၀၈ ဘဏ္ဍာရေးနှစ်မှစ၍ ပေးသွင်းရန် ကျန်သော ရွှေများပေးသွင်းရန် ထပ်မံသတ်မှတ်၍ ကုမ္ပဏီအချို့ ရုန်းကန်နေရကြောင်း သတင်း ရရှိသည်။

## စာ-၄၊ စက်ချို့ယွင်း ရန်ကုန်သို့ လေယာဉ်ပြန်ဆင်းရခြင်းကို အဲပုဂံရှင်းလင်း မှ

ပေ ၂၆၀၀၀ အမြင့်တွင် ပျံသန်းနေသည်မှ လေယာဉ်တွင်းသင့်တင့်သော အောက်စီဂျင်ပမာဏရရှိစေရန်ပေတစ်သောင်း ကျော်အနိမ့်သို့ ညွှန်ကြားထားသည့်လုပ်ထုံးလုပ်နည်းများအတိုင်း ဆင်းသက်မောင်းနှင်ခဲ့ခြင်းဖြစ်ကြောင်းက ဆက်လက်ရှင်းလင်းပြောကြားသည်။

"အမြင့်ပေ ၂၆၀၀၀ကျော်ကနေ ခရီးသည်တွေ အသက်ရှူလို့ရအောင် ပေတစ်သောင်းကျော်ကို နှိမ့်ပြီး ပျံသန်းခဲ့တယ်။ Pressurization လို့ခေါ်တဲ့ လေယာဉ်အတွင်းအပြင်လေဖိအားကိုထိန်းညှိပေးနိုင်အောင်အဲလိုအနိမ့်ကိုနှိမ့်ပြီးပျံသန်းပေးရတယ်။ အဲဒီအချိန်မှာခရီးသည်တွေ နားအူတဲ့ ဝေဒနာကို ခံစားရတာပါ။ လေယာဉ်တွေဆင်းသက်တဲ့အချိန်တိုင်းမှာ လူတွေနားအူသလိုမျိုးပေါ့"ဟု လေယာဉ်မယ်အဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး လက်ရှိအဲပုဂံလေကြောင်းလိုင်းတွင် လူထုဆက်ဆံရေးဒါရိုက်တာအဖြစ်ဆောင်ရွက်နေသောမလီဂရေ့စ်မီးက ရှင်းလင်းပြောကြားသည်။ ယင်းဖြစ်ရပ်မှာလေကြောင်းလိုင်းသက်တမ်း ၆နှစ်အတွင်း ပထမဆုံး ကြုံတွေ့ခဲ့ရခြင်းဖြစ်ကြောင်းလည်း ယင်းက ဆက်လက်ပြောကြားသည်။ စက်ချို့ယွင်းမှုဖြစ်ပေါ်ပြီး ခဏအကြာတွင် အသက်ရှုကိရိယာများကျလာပြီးခရီးသည်များသုံးစွဲရာတွင် အောက်စီဂျင်ထွက်မလာခြင်းမှာသုံးစွဲမှုနည်းစနစ် မမှန်ကန်ခြင်းတို့ကြောင့် အောက်စီဂျင်ထွက်မလာခြင်းဖြစ်ကြောင်း မလီဂရေ့စ်ကပြောကြားသည်။ "အောက်စီဂျင်က လူကရှူထုတ်လိုက်မှ သူကအောက်စီဂျင်ပြန်လွှတ်တာပါ။ သုံးစွဲနည်းမမှန်တော့ အောက်စီဂျင်က ထွက်မလာတာပါ။ လေယာဉ် ရန်ကုန်လေဆိပ်ကိုရောက်တော့ အောက်စီဂျင်တွေကို စစ်ကြည့်တဲ့အခါ ၄၆လုံးရှိတဲ့ အနက်၄၅လုံးသုံးသွားတာတွေ့ခဲ့ရတယ်'ဟု မစဝ်သန္တာနွှိုင်ကပြောကြားသည်။ လေယာဉ်ပေါ်တွင်စီးနင်းလိုက်ပါခဲ့သော ခရီးသည်များကို ၎င်းနေ့မှာပင် အေတီအာလေယာဉ်အမျိုးအစားနှစ်စီးနှင့် ကဲ့သယ်ကာမန္တလေးမြို့သို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။

# Health

Vol.10, No.26 · SEPTEMBER 15, 2011


## ဆရာဝန်ညွှန်ကြားချက်မလိုသည့်ဆေးဝါးများကိုသာမီဒီယာများတွင်ကြော်ငြာခွင့်ပြုမည်

သီဟ

ရန်ကုန်၊စက်တင်ဘာ - ၉

သတင်းစာ၊ဂျာနယ်၊မဂ္ဂဇင်းများနှင့် အခြားသော မီဒီယာများတွင် ကြော်ငြာလျက်ရှိသည့် ဆေးဝါးများ၌ ဆရာဝန်ညွှန်ကြားချက်မလိုသည့်ဆေးဝါးများ (Over The Counter Medicine) ကိုသာ ကြော်ငြာခွင့်ပြုတော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွက်ကဲရေးဌာနမှ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်ကြီးများနှင့် လုပ်ငန်းရှင်များအသင်းသို့ အကြောင်းကြားစာပေးပို့ထားပြီး အဆိုပါအကြောင်းကြားစာအား အသင်းဝင်များထံသို့ ဆက်လက်ပေးပို့သွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူကပြောသည်။

အဆိုပါကြော်ငြာချက်အရဆရာဝန်ညွှန်ကြားရန်လိုအပ်သည့်ဆေးဝါးများအားတိုက်ရိုက်ဖြစ်စေ၊သွယ်ဝိုက်ဖြစ်စေ ကြော်ငြာခြင်းမပြုရန် အသင်းသားများအား အကြောင်းကြားသွားမည်ဖြစ်ကြောင်း သိရသည်။

“နိုင်ငံတကာမှာလည်း ဆရာဝန်ညွှန်ကြားချက်နဲ့သောက်ရမယ့်ဆေးတွေကိုကြော်ငြာခွင့်မပြုပါဘူး။ ဆရာဝန်ညွှန်ကြားချက်မလိုတဲ့ဆေးတွေပဲ ကြော်ငြာခွင့်ရှိပါတယ်။ ဆရာဝန်ညွှန်ကြားချက်နဲ့ သောက်ရမယ့်ဆေးတွေကို ကြော်ငြာရင်ပြည်သူတွေကမသိဘဲ သောက်မိရင် ဘေးထွက်ဆိုးကျိုးတွေအများကြီးရှိပါတယ်။ ဒါကြောင့် ဆရာဝန်ညွှန်ကြားချက်နဲ့သောက်ရမယ့် ဆေးတွေကို မကြော်ငြာရပါဘူး” ဟု ဒေါက်တာဝင်းစည်သူကပြောသည်။

လက်ရှိတွင် မီဒီယာပေါင်းစုံ၌ ကြော်ငြာလျက်ရှိသည့် ဆေးဝါးများတွင် ဆရာဝန်ညွှန်ကြားချက်ဖြင့်သောက်ရမည့် ဆေးဝါးအချို့ကိုလည်း ကြော်ငြာခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

## အဖြစ်များလာသော ကူးစက်ရောဂါ

ဝတ်ရည်



ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လူတို့တွင်ဖြစ်ပွားသည့်ရောဂါများသည် မိမိ၏ခန္ဓာကိုယ်အတွင်း ဇီဝဖြစ်စဉ်များပြောင်းလဲမှုကြောင့် ဖြစ်ပွားသည်များရှိသကဲ့သို့ အခြားသူတစ်ဦးတစ်ယောက်ဆီမှ တစ်ဆင့်ကူးစက်ဖြစ်ပွားသည့်ရောဂါများလည်း ရှိသည်။

နှောင်နှစ်ပေါင်း ၃၀ ခန့်တွင် ကူးစက်မှုကြောင့် ဖြစ်ပွားခြင်းမဟုတ်သည့် ရောဂါများပြားနိုင်မည်ဟု ပညာရှင်များခန့်မှန်းထားသော်လည်း ယခုအချိန်တွင် ကူးစက်မှုကြောင့် ဖြစ်ပွားသည့် ရောဂါများမှာ အဖြစ်များနေသည့်ရောဂါများအဖြစ်ထိပ်ဆုံးမှရှိနေကြသည်။

ကူးစက်ရောဂါများသည် လူခန္ဓာကိုယ်အတွင်းသို့ နည်းလမ်းအမျိုးမျိုးဖြင့် ဝင်ရောက်လာနိုင်ပြီး ရောဂါဖြစ်ပွားနေသူတစ်ဦး၏ အမှတ်တမဲ့ အပြုအမူများကြောင့် အခြားသူတစ်ဦးအား လွယ်ကူစွာ ကူးစက်နိုင်လေ့ရှိကြသည်။

စာ(၃၀)သို့



## ဗီတာမင်ဆေးဝါးများ

မေဝင်းမွန်

“အိမ်ကအဘိုးလေ အစားအသောက်ပျက်ပြီး ပိန်နေလို့အခု အားဆေးလေးတစ်မျိုး တိုက်ကြည့်တော့ မှပဲခံတွင်းပြန်လိုက်လာတယ်”

“ကလေးကို အားဆေးလေး ဘာလေးမတိုက်ဘူးလား။ အဲဒီဆေးကောင်းတယ်”

“အသားအရေအတွက် ဟိုဆေး လေးသောက်ကြည့်ပါလား။ အသားရေတွန့်တာတို့၊ မွဲခြောက်တာတို့အတွက်ကောင်းတယ်။မဆိုးဘူး။ ကျွန်မတော့အဲဒီဆေးလေးသောက်နေတယ်”

လူအများစုပြောနေကျ စကားများတွင် အားဆေးခေါ် ဗီတာ မင်ဆေးဝါးများက နေရာယူလာနေပြီဖြစ်သည်။ ဈေးကွက်အတွင်းတွင်လည်း အမျိုးအစားပေါင်းမြောက်မြားစွာသော ဗီတာမင်ဆေးများက ကြော်ငြာအားကောင်းကောင်းဖြင့် ဈေးကွက်ရရှိရေး အပြိုင်အဆိုင် ကြိုးပမ်းလာကြသည်။

သံဓာတ်အားဆေး၊ သွေးအား ကောင်းဆေး၊ ကိုယ်ဝန်ဆောင်အားဆေး၊ အသားလှဆေး၊ အရိုးအဆစ်အားကောင်းဆေး၊ နှလုံးအားကောင်း ဆေးစသည်ဖြင့် ကလေးမှသက်ကြီးရွယ်အိုအထိ ခန္ဓာကိုယ်၏ လိုအပ်ချက်အတိုင်း အမျိုးမျိုးအဖုံဖုံထုတ်လုပ်ရောင်းချလျက်ရှိ သည်။

လူဦးရေ၏တစ်ဝက်ခန့်မှာ ဗီတာမင်၊ တိုင်းရင်းဆေး(သို့မဟုတ်)အာဟာရပြည့်ဝစေသည့်ဖြည့်စွက် အစာတစ်မျိုးမျိုးကို မသောက်မဖြစ်သောက်ရန်လိုအပ်သည်ဟု ယူဆကာ သုံးစွဲလေ့ရှိပြီး အဆစ်အမြစ်၊ အအေးမိတုပ်ကွေးဖျားနာ၊ အရိုးကျန်းမာရေး၊ နှလုံးရောဂါနှင့်ပုံမှန်စိတ်ဖိစီးမှုများကို ကာကွယ်ရန်အတွက် ဗီတာမင်ကိုသုံးစွဲလေ့ရှိကြရာ အမှန်တကယ်လိုအပ်မှုအတွက်ရွေးချယ်တတ်မှုမှာလည်း အရေးကြီးပါသည်။

အာဟာရဗေဒပညာရှင်အများစုက ဟင်းသီးဟင်းရွက်၊ အသားငါးမျှတစွာစားပေးပါလျှင် ကျန်းမာရေးကောင်းမွန်ဖို့အတွက် လုံလောက်သည်ဟုဆိုကြသည်။ ကမ္ဘာတစ်လွှားမှဆေးပညာရှင်များက နေ့စဉ်ထမင်းသုံးနပ် ပုံမှန်စားသုံးပေးပါလျှင် ဗီတာမင်မှီဝဲရန်ပင်မလိုအပ်ဟုဆိုထားသည်။

“ဗီတာမင်က ဟင်းသီးဟင်းရွက်၊ သားငါးတွေကရတယ်။ အသီးအရွက်မစားတဲ့သူတို့၊ ကျန်းမာရေးကြောင့် အစာမစားနိုင်တဲ့သူတို့၊ ပင်ပန်းနွမ်းနယ်၊ နုံးချည့်တဲ့သူတွေ သာဗီတာမင်ကိုဖြည့်စွက်အနေနဲ့ သောက်သုံးသင့်ပါတယ်။ လူတိုင်းဗီတာမင်သောက်ဖို့ လိုအပ်တာမျိုးမဟုတ်ပါဘူး။ နေ့စဉ်စားတဲ့အစာတွေကနေ ဗီတာမင်ရနေတာဖြစ်လို့ပါ” ဟု အထွေထွေရောဂါကုဆရာဝန်ဒေါက်တာခင်ဇော်ကပြောသည်။

ဗီတာမင်အမျိုးအစားပေါင်း ၁၃ မျိုးမှာ ဗီတာမင်စီ၊ ဗီတာမင် ဘီဝမ်း၊ နိုင်ရာစင်၊ ရစ်ဘိုဖလာဗင်၊ ဗီတာမင်ဘီဆစ်၊ ဖော်လစ်အက်ဆစ်၊ ဗီတာမင်ဘီတွဲ၊ ဗီတာမင် အေ၊ ဒီ၊ အီး၊ ကေ၊ ဘိုင်အိုတင်နှင့် ပန်တိုသန်းနစ်အက်ဆစ်တို့ဖြစ်ကြသည်။

စာ(၁၄)သို့




7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

# သက်တမ်းလွန်ဆေးနှင့်ဆေးပစ္စည်းများဖျက်ဆီးမည်

သီဟ

ရန်ကုန်၊စက်တင်ဘာ - ၉

သက်တမ်းလွန် ဆေးဝါးများနှင့် ဆေးပစ္စည်းများအား မြန်မာနိုင်ငံ ဆေးနှင့် ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များ အသင်းက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်း၍ ဖျက်ဆီးရန် စီစဉ်လျက်ရှိကြောင်း မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာဝင်းစည်သူထံမှ သိရသည်။

ထိုသို့ဖျက်ဆီးရန်အတွက် မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည် များနှင့်လုပ်ငန်းရှင်များအသင်းဝင် ဆေးကုမ္ပဏီများနှင့် လုပ်ငန်းရှင်များသို့သက်တမ်းလွန်ဆေးဝါးများ နှင့် ဆေးပစ္စည်းများအားလာရောက်အပ်နှံရန်အကြောင်းကြားထားပြီးဖြစ်ကြောင်းသိရသည်။

အလားတူ မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ လှူပ်ရှားမှုတစ်ရပ်အနေဖြင့် အသင်းဝင်လုပ်ငန်းရှင်များစုစည်းကာ ရန်ကုန်ဆေးရုံကြီးသို့ ဆေးဝါးနှင့်ဆေးပစ္စည်းများလှူဒါန်းသွားရန်လည်း စီစဉ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းတွင် ဆေးဝါးတင်သွင်းသူများ၊ဆေးကုမ္ပဏီများ၊ဆေးဆိုင်များ၊ပုဂ္ဂလိကဆေးရုံဆေးခန်းများ ပါဝင်ကြောင်း သိရသည်။

## စာ-၁၃၊ ဗီတာမင်ဆေးဝါးများ မှ

ဗီတာမင်တွင် ရေ၌ ပျော်ဝင်သည့်ဗီတာမင်နှင့် အဆီတွင် ပျော်ဝင်သည့်ဗီတာမင်ဟူ၍ အုပ်စုနှစ်ခုရှိပြီး ရေ၌ ပျော်ဝင်သည့် အုပ်စုတွင် ဗီတာမင်ဘီနှင့်စီတို့ ပါဝင်ပြီး အဆီ၌ ပျော်ဝင်သည့် အုပ်စုတွင် ဗီတာမင်အေ၊ ဒီ၊ အီးနှင့်ကေတို့ပါဝင်သည်။ ခန္ဓာကိုယ်မှလိုအပ်သည့် သတ္တုဓာတ်များမှာ ကယ်လ်စီယမ်၊ မဂ္ဂနီဆီယမ်၊ အိုင်အိုဒင်း၊ ခရိုမီယမ်၊ သံဓာတ်၊ ကြေးနီဓာတ်၊ ဆလီနီယမ်၊ ဖလိုရိုက်နှင့်ဇင့်တို့ဖြစ်ကြသည်။

ဗီတာမင်များသည် ခန္ဓာကိုယ်တွင်းရှိ အင်ဇိုင်းမ်များနှင့်အတူလုပ်ငန်းလုပ်ဆောင်ပြီး ချေဖျက်လိုက်သောအစာမှ စွမ်းအင်များ ထုတ်ပေးကာ နေ့စဉ်၊ စက္ကန့်နှင့်အမျှခန္ဓာကိုယ်အတွင်းရှိဓာတုပစ္စည်း ဘီလီယံပေါင်းများစွာကို ထိန်းညှိပေးသည်ဟုသိရသည်။

ဗီတာမင်အေသည် သွား၊ တစ်ရှူး၊ အမှေးပါးနှင့် အရေပြားကျန်းမာရေး၊ မျက်စိအမြင်အာရုံကို အထောက်အကူပြုသည်။ ဗီတာမင်အေကို အဆီနှင့် ကိုလက်စထရောပြည့်ဝသည့် အသား၊ ဥ၊ ဒိန်ခဲနှင့်ခရင်မ်စသည့် အစားအစာများမှရရှိနိုင်ပြီး၊ မုန်လာဥ၊ ကန်စွန်းဥ၊ အစိမ်းရောင်ပန်းဂေါ်ဖီနှင့် အခြားသောအစိမ်းရောင်ဟင်းသီးဟင်းရွက်များမှရရှိနိုင်သည်။ ဗီတာမင်အေသည် အဆီတွင် ပျော်ဝင်နိုင်စွမ်းရှိပြီး ဗီတာမင်အေကို တိရစ္ဆာန်အခြေခံအစာများမှရရှိပြီး ကြက်ဥ၊ အားဖြည့်နို့၊ အသည်း၊ ငါးကြီးဆီနှင့် လိမ္မော်၊ အနီ၊ ဝါ၊ အစိမ်းရင့်ရောင်သီးနှံများမှလည်းရရှိသည်။

ဗီတာမင်ဘီသည် ရေတွင် ပျော်ဝင်နိုင်ပြီး ဗီတာမင်ဘီဆစ်သည် ခန္ဓာကိုယ်ဖွံ့ထွားရန်ပရိုတိန်းဓာတ်၊ ဓာတ်တိုးဆန့်ကျင် ဂုဏ်သတ္တိနှင့် သွေးနီဥဆဲလ်များကို ဖြစ်ပွားစေသည်။ ဗီတာမင်ဘီအမျိုးအစား ၈မျိုးရှိပြီး ဗီတာမင်ဘီကိုအသား၊ ငါး၊ အသည်း၊ အစိမ်းရင့်ရောင် ဟင်းသီးဟင်းရွက်များ၊ အစေ့အဆန်များ၊ အားဖြည့်ထားသည့်အစားအစာများမှ ရရှိနိုင်သည်။

ဗီတာမင်စီသည် အရိုးနှင့်သွားကျန်းမာရေး၊ ဟော်မုန်းဓာတ်နှင့် သွေးကြောများကို ကျန်းမာစေကာမျက်စိအတွင်းတိမ်၊ ကင်ဆာ၊ နှလုံးရောဂါကာကွယ်နိုင်သည်။ ကိုယ်ခံအားကောင်းစေ၊ အနာအကျက်လည်း မြန်စေကာလတ်ဆတ်သော သီးနှံများ၊ ဟင်းသီးဟင်းရွက်များမှ ဗီတာမင်စီရရှိသည်။

ဗီတာမင်ဒီကိုနေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်း (သို့မဟုတ်) ခရမ်းလွန်ရောင်ခြည်နှင့် ထိတွေ့ခြင်းဖြင့်ရရှိနိုင်သည်။ အသစ်အသစ်သော လေ့လာစမ်းသပ်မှုများအရ ဗီတာမင်ဒီသည် အူမကြီး၊ ရင်သားနှင့်ပရော့စတိတ်ကင်ဆာများကို ကာကွယ်နိုင်စွမ်းရှိသည်ဟုဆိုသည်။ ဗီတာမင်ဒီကို နို့ထွက်ပစ္စည်းများ၊ ပဲနို့၊ ကြက်ဥ၊ အသည်း၊ ဆာဒင်းနှင့် ဆော်လမွန်ငါးများ၊ ပင်လယ်ငါးကြီးဆီစသည်များမှရရှိသည်။

ဗီတာမင်အီးတွင် ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိရှိပြီး နှလုံးရောဂါနှင့်ကင်ဆာရောဂါများကို ကာကွယ်ပေးနိုင်သည်။ ဗီတာမင်အီးကိုအစေ့အဆန်များ၊ ထောပတ်သီး၊ ဟင်းသီးဟင်းရွက်ဆီ၊ ဂျုံဖြင့် ပြုလုပ်သောအစားအစာများစသည်တို့မှရရှိသည်။

ဗီတာမင်ကေသည် အရိုးပွရောဂါ၊ အရေပြားအနာများနှင့် ကင်ဆာရောဂါများ၊ ထိခိုက်ဒဏ်ရာရပြီး သွေးခဲခြင်းများကို ကာကွယ်နိုင်ပြီး သွေး၊ အရိုးနှင့်ကျောက်ကပ်တို့အတွက် ပရိုတိန်းဓာတ်ကိုထုတ်လုပ်ပေးနိုင်သည်။ ဗီတာမင်ကေကို အစိမ်းရောင်အသီးအရွက်များ၊ ဂေါ်ဖီထုပ်၊ အစိမ်းရောင်ပန်းဂေါ်ဖီနှင့် ဂေါ်ဖီထုပ်အသေးစားများ၊ သစ်သီးများ၊ နို့ထွက်ပစ္စည်းများစသည်တို့မှရရှိသည်။

"အသက်ရလာမှပဲ အားဆေးသောက်ဖြစ်လာတယ်။ တစ်လောက ဒူးတို့၊ ခြေဆစ်တို့နာလို့ ဆရာဝန်ပြတော့အရိုးအဆစ်အားဆေး တစ်မျိုးညွှန်းလို့သောက်ဖြစ်နေတယ်။ ဗီတာမင်တွေရဲ့ကောင်းကျိုးဆိုးပြစ်တွေကို သေချာမသိဘဲ သူများပြောတိုင်း မသောက်သင့်ဘူးလို့ထင်ပါတယ်။ သူနဲ့အဆင်ပြေပေမယ့်ကိုယ်နဲ့ကျတော့ပြေချင်မှပြေတာ။ ရောဂါအနေအထားနဲ့ ကိုက်ညီတာပဲ သောက်ဖြစ်ပါတယ်"ဟုအသက်၆၀ကျော်အမျိုးသမီးတစ်ဦးကပြောသည်။

ဗီတာမင်နှင့်သတ္တုဓာတ်ဆေးဝါးများသည်လည်း အစားအစာမှ ပုံမှန်ရရှိသည့်အာဟာရကဲ့သို့ပင် ခန္ဓာကိုယ်ကို အကျိုးပြုသည်ဆိုသော်လည်း တကယ်တမ်းတွင် ခန္ဓာကိုယ်လုပ်ငန်းဆောင်တာများ ပုံမှန်ဖြစ်စေရန်အတွက် ဗီတာမင်အနည်းငယ်သာစားသုံးရန်လိုအပ်သည်။ ဗီတာမင်စားသုံးမည်ဆိုလျှင် ဆရာဝန်နှင့်တိုင်ပင် သောက်သုံးရန်လိုအပ်ပြီး ဗီတာမင်နှင့် သတ္တုဓာတ်များလွန်းသွားပါက အဆိပ်ဖြစ်ကာကျန်းမာရေးထိခိုက်စေနိုင်ခြင်းကြောင့် ဖြစ်သည်ဟုသိရသည်။

ဗီတာမင်ဆေးပေါင်းများစွာရောင်းချနေသည့် ဈေးကွက်အတွင်း အဘယ်ကဲ့သို့ရွေးချယ်ရအံ့နည်း ဟုဆိုလျှင် အနီးစပ်ဆုံးမှာ နေ့စဉ်သောက်သုံးနိုင်ပြီး ခန္ဓာကိုယ်အတွက် ဗီတာမင်လိုအပ်ချက်အနည်းဆုံး ၇၅ရာခိုင်နှုန်းပါဝင်သည့် ဆေးများကို ရွေးချယ်သင့်သည်ဆိုသည်။ အကယ်၍ ဗီတာမင်နှင့်ဓာတ်သတ္တု အချိုးအဆများစွာသောက်ရန် ညွှန်းထားပါက ဝေးဝေးရှောင်သင့်ပြီး အချိုးအဆများစွာသောက်သုံးခြင်းက အခြားသော အာဟာရပြည့်ဝသည့်အစားအစာ များကို အနှောင့်အယှက်ပြုနိုင်ခြင်းကြောင့်ဖြစ်ကြောင်း ဟောင်ကောင်မှအာဟာရဗေဒပညာရှင်တစ်ဦးက ကျန်းမာရေးဆောင်းပါးတစ်ခုတွင်ဆိုထားသည်။

ဗီတာမင်အေ များစွာသောက်သုံးမိပါက ခံတွင်းပျက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ အသည်းပျက်စီးခြင်း၊ အရိုးများနာကျင်ခြင်းနှင့် ဦးနှောက်ပျက်စီးခြင်းကဲ့သို့သော အာရုံကြောဆိုင်ရာ ပြဿနာများဖြစ်ပွားနိုင်သည်။

ဗီတာမင်ဘီ ဆစ်များသွားပါကအာရုံကြောဆိုင်ရာရောဂါလက္ခဏာများဖြစ်စေကာ အသားမျှင်ခက်မာခြင်း၊ လက်များတဆစ်ဆစ်ကိုက်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်းနှင့် ကျောရိုးကိုဒုက္ခပေးခြင်းများဖြစ်စေနိုင်သည်။ ဗီတာမင်အေနှင့်ဒီသည် အတိုင်းအဆများသွားပါက အပြင်းအထန် ဒုက္ခပေးနိုင်သည်။

ဗီတာမင်စီအစားများသွားလျှင်လည်းဝမ်းလျှောခြင်း၊ကျောက်ကပ်တွင်ကျောက်တည်ခြင်း၊ ကြေးနီဓာတ်စုပ်ယူခြင်းကိုပျက်စီးစေခြင်းတို့ဖြစ်စေသည်။

ဗီတာမင်ဒီများသွားလျှင် ကိုယ်အလေးချိန်ကျခြင်း၊ အော့အန်ခြင်း၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ သေစေနိုင်လောက်သော ကျောက်ကပ်ပျက်စီးမှုများဖြစ်စေနိုင်သည်ဟုသိရသည်။

နိုင်ရာစင် ဗီတာမင်ဆေးများသည် ပမာဏများစွာသောက်သုံးမိပါက မျက်နှာနီရဲလာခြင်း၊ အရေပြားပြဿနာဖြစ်ခြင်း၊ အသည်းပျက်စီးခြင်း၊ဖက်ခွက်နာ၊ပြည်တည်နာနှင့် သွေးတွင်းသကြားဓာတ်ကိုပျက်စီးစေခြင်းတို့ဖြစ်စေနိုင်သည်ဟုသိရသည်။


ဗီတာမင်အီးမှာ လူသုံးအများဆုံးဖြည့်စွက်ဗီတာမင်ဖြစ်ပြီး သုတေသီများ၏အဆိုအရ ဗီတာမင်အီးကိုသုံးစွဲမှုများပါက ကျန်းမာအတွက် အန္တရာယ်ပေးနိုင်သည်ဟုဆိုသည်။ ဗီတာမင်အေနှင့် အခြားဗီတာမင်တစ်မျိုးသည် သုံးစွဲမှုပိုမိုပါက ကင်ဆာရောဂါပိုမိုဖြစ်ပွားစေသည့် အနေထားရှိသည်ဟုသိရသည်။


သက်သတ်လွတ်စားသူများ၊ ကိုယ်ဝန်ဆောင်များ၊ ဝမ်းဗိုက်ပြဿနာရှိသူအချို့သာ ဗီတာမင်နှင့်ဓာတ်သတ္တုများ ဖြည့်စွက်စားရန်လိုအပ်သည်ဟုသိရသည်။

"ဗီတာမင်ဆေးတွေ အေကနေကေအထိရှိပါတယ်။ ဖောလစ် အက်ဆစ်ဆိုတာမျိုးက လူတစ်ယောက် အတွက်အများကြီးမလိုဘူး။ လူတိုင်းနဲ့မတည့်တဲ့ဗီတာမင်က ဘီအုပ်စု၊ ဘားပလက်စ်တို့၊ ဘီတွဲတို့လိုမျိုးတွေ။ သံဓာတ်နဲ့မတည့်သူတွေလည်းရှိတယ်။ နောက်ပိုင်းထုတ်တဲ့ ဗီတာမင်ဆေးတွေက Multivitamin and Minerals ဆိုပြီး ဗီတာမင်စုံနဲ့ သတ္တုဓာတ်အကုန်ပါအောင် ထုတ်လာကြတယ်။ ဂျင်ဆင်းလိုဆေးမြစ်တွေနဲ့လည်း ထုတ်လာကြပြီ။ ကျန်းမာတဲ့ ယောကျ်ားလေးဆိုရင်ဗီတာမင်စီကိုသောက်သင့်တယ်။ မိန်းကလေး (မျိုးပွားနိုင်တဲ့အသက်အရွယ်) ဆိုရင်သံဓာတ်ပါတဲ့ အားဆေးမျိုးတွေ သောက်သင့်ပါတယ်။ ဗီတာမင်ဆေးတွေမှာ တစ်နေ့ကိုဘယ်လောက်သောက်ရမယ်ဆိုတာမျိုးတွေပါပါတယ်။ ဆေးညွှန်းအတိုင်းသောက်ရင်ရသလို၊ တချို့ဗီတာမင်ဆေးတွေမှာတော့ ဆရာဝန်ညွှန်ကြားမှပဲ သောက်ရမယ် ဆိုတာတွေရှိတယ်" ဟုဒေါက်တာခင်ဇော်က ပြောသည်။

"ဗီတာမင်တွေ ထပ်စားဖို့လည်း မတိုက်တွန်းပါဘူး။ လိုအပ်ချက်ကြောင့်စားသင့်တဲ့သူတွေကိုပဲ ညွှန်ကြားပေးပါတယ်။ ကျန်းမာရေးနဲ့သင့်တင်မျှတအောင်လို့ ဟင်းသီးဟင်းရွက်၊ အသားငါးပုံမှန်စားသောက်သွားမယ်ဆိုရင် ဗီတာမင်တွေထပ်သောက်ဖို့မလိုအပ်ပါဘူး" ဟုဒေါက်တာခင်ဇော်က ဆက်လက်ပြောကြားသည်။

အချို့သောဗီတာမင်ဆေးများကိုလိုအပ်ချက်အရ ဈေးကြီးပေးဝယ်ကာ သောက်သုံးရမှုများလည်းရှိသဖြင့် မဖြစ်ခင်ကြိုတင်ကာကွယ်သည့် နည်းလမ်းအရ ကျန်းမာရေးနှင့်ကိုက်ညီအောင် နေထိုင်စားသောက်ရမည်ဖြစ်ပေသည်။





Regional

7 DAY NEWS JOURNAL

Vol.10, No.26 • SEPTEMBER 15, 2011

# မြို့တော်ရေစီးရေလာကောင်းမွန်ရေးမြောင်းဘေးဝဲယာကျူးကျော်နေအိမ်များရှင်းလင်း

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ-၈**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသန့်ရှင်းရေးဌာနမှ မြို့တော်ဧရိယာအတွင်း ရေနုတ်မြောင်းများဘေးရှိ ကျူးကျော်နေအိမ်များအား ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရာတွင် စက်ယန္တရားကြီးများဝင်ထွက် မရသဖြင့် ကျူးကျော်အိမ်များကို ဖယ်ရှားရှင်းလင်းနေရကြောင်း သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မြို့တော်ဧရိယာအတွင်း အဓိက ရေနုတ်မြောင်းများဖြစ်သော ရွှေတချောင်းမြောင်း၊ ငွေတချောင်းမြောင်း၊ မင်္ဂလာတူးမြောင်း၊ တက်မျှော ချောင်းဘေး ဝဲယာတွင် ကျူးကျော်အိမ်များတည်ဆောက်နေကြသည်။ အဆိုပါကျူးကျော်အိမ်များကို စီမံခန့်ခွဲရေးဥပဒေကိုပါ အသုံးပြုပြီးဖယ်ရှားခဲ့ရကြောင်း မင်္ဂလာတူးမြောင်းဘေး ၇၈ လမ်းမှ ၈၆ လမ်းအထဲ ကျူးကျော်နေထိုင်ကြသော နေအိမ်ပေါင်း ၁၀၀ ကျော် ရှင်းလင်းခဲ့ရကြောင်းသိရသည်။

ရွှေတချောင်းမြောင်း ဘေးတစ်လျှောက် ၉ လမ်းမှ ကပ်ကျော်ရေဆိုးစက်ရုံအထိ ကျူးကျော်အိမ်များရှိနေသေးကြောင်း အဆိုပါကျူးကျော်အိမ်များသည် အမှိုက်များကို ရွှေတချောင်းမြောင်းအတွင်း စည်းကမ်းမဲ့စွန့်ပစ်ခြင်း၊ အချို့နေအိမ်များသည် အညစ်အကြေးများ တိုက်ရိုက်စွန့်ပစ်နေသည်ကို သိရှိရကြောင်း မြို့တော်ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရွှေတချောင်း၊ ငွေတချောင်း၊ မင်္ဂလာတူးမြောင်း၊ တက်မြှောင်းချောင်း၊ သင်္ဂဟချောင်းဘေးဝဲယာရှိ ကျူးကျော်အိမ်များကို ဖယ်ရှားရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်မှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

မဟာအောင်မြေမြို့နယ် ၈၄ လမ်းနှင့် ၈၆ လမ်း၊ မင်္ဂလာတူးမြောင်းဘေးဝဲယာတွင် ၂၀၀၈-၂၀၀၉ ခုနှစ်က ကျူးကျော်တဲ၊ ကျူးကျော်နေအိမ်များ ရှင်းလင်းထားသော်လည်း အချို့ကျူးကျော်အိမ်များ ပြန်လည်ဆောက် လုပ်လာသည်ကို တွေ့ရသဖြင့် မြို့တော်အတွင်းရေစီးရေလာကောင်းမွန်ရေးအတွက် ထပ်မံ ရှင်းလင်းသင့်ကြောင်း ကျူးကျော်နေထိုင်သူများ နေရေးအဆင်ပြေရေးအတွက်လည်း တာဝန်ရှိသူများက စီစဉ်ဆောင်ရွက်ပေးသင့်ကြောင်း မာလကာခြံရပ်မှ ဒေသခံတစ်ဦးက ပြောသည်။



ဓာတ်ပုံ-အားမာန်

*ယာဉ်အသွားအလာများသည့် မန္တလေးမြို့လယ်တစ်နေရာ*

# သာသနာကိုခုတုံးလုပ် ကိုယ်ကျိုးအတွက် အလှူခံသူတစ်ဦးအား အမှုဖွင့်အရေးယူ

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ-၈**

မန္တလေးမြို့တွင် သာသနာတော်အား ခုတုံးလုပ်ပြီး အများပြည်သူနှင့် သာသနာကိုငြိုငြင်အောင်လုပ်ပြီး ကိုယ်ကျိုးအတွက် အလှူခံသူတစ်ဦးအား ချမ်းအေးသာစံမြို့နယ် သံဃာနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တသံဝရကလူဝတ်လဲစေပြီး သက်ဆိုင်ရာနယ်မြေအမှတ်(၇)ရဲစခန်းက ဥပဒေအရ အရေးယူဆောင်ရွက်နိုင် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း မြို့နယ်သာသနနဂ္ဂဟအဖွဲ့ဝင်တစ်ဦးက ပြောသည်။

မန္တလေးချမ်းအေးသာစံမြို့နယ်၇၇လမ်း ၂၈လမ်းထောင့်တွင်ခွင့်ပြုချက်မရရှိဘဲ စက်တင်ဘာ ၃ ရက် ညနေက အလှူခံနေသော ဦးဣန္ဒဝံသ(ခ)အေးကို (၇၇)နှစ် (ဘ)ဦးစံဖေ၊ နိုင်ငံသားစိစစ်ရေး ကဒ်အမှတ်(၉/ပကခ(နိုင်)၀၀၀၂၂၅)×××ကျောင်းတိုက်ပြည်ကြီးတံခွန်မြို့နယ်နေသူအား အလှူခံရာတွင် အသုံးပြုသည့် စ/××××ဂျစ်ကားတစ်စီး၊ အသံချဲ့စက်ပုံးတစ်ခု ကက်ဆက်ကြီးတစ်လုံး၊ ကက်ဆက်အသေး နှစ်လုံး၊ ဟွန်းတစ်စုံ၊ မိုက်ကရိုဖုန်း မိုက်ခွက်သုံးလုံး၊ ဘက်ထရီအိုးကြီးတစ်လုံး၊ တိပ်ခွေလေးခွေ၊ အလှူခံစာအုပ်နှစ်အုပ်၊ ရှေးဟောင်းကျောင်း ဓာတ်ပုံတစ်ပုံ၊ အလှူခံစာရွက်စာတမ်းသုံးရွက်တို့နှင့်အတူ သာသနာကိုခုတုံးလုပ်ပြီး ကိုယ်ကျိုးရှာသည်ကို တွေ့ရသဖြင့် မြို့နယ်သံဃာနာယကအဖွဲ့ကစိစစ်တွေ့ရှိသဖြင့် အမှတ်(၇)ရဲစခန်းကဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

# အရာတော်မြို့တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သစ်ပင်စိုက်ပျိုးမည်

**မျိုးမင်းဦး**

**မုံရွာ၊ စက်တင်ဘာ-၇**

အရာတော်မြို့နယ်အတွင်း စိမ်းလန်းစိုပြေရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုံ့ဆော်သည့်အနေဖြင့်အရာတော်လူမှုကူညီရေးအသင်း(နာရေး)မှ ဦးဆောင်၍သစ်ပင်အပင်နှစ်သောင်းငါးထောင်အားဒေသခံပြည်သူများပူးပေါင်းပါဝင်စိုက်ပျိုးနိုင်ရန်စက်တင်ဘာလအတွင်း စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

"ပြီးခဲ့တဲ့ဩဂုတ်လ ၂၈ ရက်က အရာတော်မြို့နယ်ခန်းမမှာ မိုးလေဝသနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဟောပြောပွဲကို မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်နဲ့ဦးဘုန်း(ဓာတု)တို့ ဟောပြောပွဲအပြီးမှာ အရာတော်မြို့နယ် စိမ်းလန်းစိုပြည်ရေးအတွက် အရာတော်လူမှုကူညီရေး(နာရေး)အသင်းက ဦးဆောင်ပြီးမြို့ပေါ်ရော၊ ကျေးရွာတွေက လူငယ်တွေစုပေါင်း သစ်ပင်စိုက်ပျိုးပွဲကို စက်တင်ဘာလအတွင်း ကျင်းပသွားမှာဖြစ်တယ်။ မုံရွာ-ရွှေဘိုကားလမ်းမကြီးဝဲယာ၊မြင်းမူ-အရာတော်- နောင်ကြီးအိုင် ကားလမ်းဝဲယာနဲ့ မြို့နယ်အတွင်း အရာတော်လူမှုကူညီရေး (နာရေး)အသင်းခွဲတွေရှိတဲ့ကျေးရွာပေါင်း ၄၀ ကျော်မှာလည်း တစ်ပြိုင်နက်တည်း သစ်ပင်စိုက်ပျိုးသွားဖို့စီစဉ်ထားပါတယ်။ ဒီနှစ်အတွင်း ကျွန်းအပင် ၅,၀၀၀၊ တမာအပင်၅,၀၀၀၊မန်ကျည်း၅,၀၀၀၊ထနောင်းအပင်၅,၀၀၀ ကိုစိုက်ပျိုးဖို့စီစဉ်ထားပါတယ်။အညာဒေသမှာအလေ့ကျပေါက်လေ့ရှိတဲ့ အပင်တွေကို လမ်းဘေးဝဲယာမှာ စိုက်ပျိုးပေးခြင်းအားဖြင့်လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်သွားသလို ဒေသခံလူငယ်တွေသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းလိုစိတ်တွေ ပေါက်ပွားအောင်နှိုးဆော်တဲ့အနေနဲ့ သစ်ပင်စိုက်ပွဲကျင်းပဖို့ ကြိုးစားခဲ့တာဖြစ်တယ်" ဟု အရာတော်လူမှုကူညီရေး(နာရေး) အသင်းဥက္ကဋ္ဌဦးသိန်းနိုင်က ပြောကြားသည်။

# စားသောက်ကုန်ပစ္စည်းများတွင် ဓာတုဆိုးဆေးများ ထည့်သွင်းရောင်းချပါက နယ်ဘက်ဆိုင်ရာ ဥပဒေအပြင် စည်ပင်ဥပဒေအရပါ အရေးယူသွားမည်

**စိုင်းသာအောင်**

**မန္တလေး၊ စက်တင်ဘာ-၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာနမှ စီမံကွပ်ကဲလျက်ရှိသော ဈေးများတွင် အများပြည်သူစားသုံးရန်အတွက် စားသောက်ကုန်ပစ္စည်းများ ရောင်းချရာတွင် ကျန်းမာရေးဝန်ကြီးဌာနက ခွင့်မပြုသော ဓာတု ဆိုးဆေးများ ထည့်သွင်းရောင်းချခြင်းကို လုံးဝခွင့်မပြုကြောင်း၊ စစ်ဆေးတွေ့ရှိပါက နယ်ဘက် ဥပဒေများအပြင် မန္တလေးမြို့တော် စည်ပင်အက်ဥပဒေများအရပါ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီမှ အဆင့်မြင့် အရာရှိကြီးတစ်ဦးက ဆိုသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ 7 Day News ဂျာနယ်မှမန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဈေးနှင့် သားသတ်ဌာနမှူး ဦးသာထွန်းကျော်အား တွေ့ဆုံမေးမြန်းရာ ၎င်းက "မန္တလေးမြို့ ဈေးကွက်မှာ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က လက်ဖက်မှာ ဓာတုဆိုးဆေးတွေပါတာ စစ်ဆေးတွေ့ရှိလို့ လက်ဖက်ဆိုင်အချို့ကို အရေးယူပိတ်ပင်ခဲ့ရတာရှိတယ်။ လွန်ခဲ့တဲ့ ရှစ်နှစ်လောက်က မန္တလေးဒေသထွက် အစားအစာထိုးမုန့်၊ အိတုံ၊ မာစကပ်တို့မှာ ဓာတုဆိုးဆေးတွေပါတာ စစ်ဆေးတွေ့ရှိခဲ့တာ တွေ့ရှိပါတယ်။ ဒီဘက်နောက်ပိုင်းမှာတော့ ငါးပိ၊ အရောင်တင်မှုန့်၊ ပဲကြီးလှော်၊ မျှစ်၊တည်းသီးတွေမှာ ဓာတုဆိုးဆေးတွေ အသုံးပြုတာ စစ်ဆေးတွေ့ရှိရပါတယ်။ စားသောက်ကုန်တွေမှာ ကျန်းမာရေးဝန်ကြီးဌာနက ခွင့်မပြုတဲ့ ဓာတုဆိုးဆေးတွေထည့်သွင်းပြုလုပ်ရောင်းချတာကြောင့် ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ ဆီးချို၊ သွေးတိုးနှလုံးရောဂါပါ ဖြစ်စေတယ်လို့ သိရတယ်။ ကျွန်တော်တို့ မြို့တော်စည်ပင်ဈေးနဲ့ သားသတ်ဌာနအောက်မှာ ဈေးပေါင်း ၃၀ ခန့်ရှိပါတယ်။ ဒီဓာတုဆေးဝါးပါတဲ့ စားသောက်ကုန်တွေကို ဈေးကွက်မှာ ဖြန့်ချိခြင်း၊ ရောင်းချခြင်း မပြုရန် အသိပေးတားမြစ်ပြီးဖြစ်ပါတယ်။ ရောင်းချတာကို စစ်ဆေးတွေ့ရှိပါက စည်ပင်သာယာဥပဒေအရသိမ်းဆည်းအရေးယူသွားမှာ ဖြစ်ပါတယ်။ ထပ်မံကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက နယ်ဘက်တရားရုံးမှာ တရားစွဲဆိုသကဲ့သို့စည်ပင်အက်ဥပဒေပုဒ်မ ၂၆ အရပါ အရေးယူသွားမှာဖြစ်ပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

**စာ(၁၈) သို့**



7 DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011

# စက်ယန္တရားကြီးများ မောင်းနှင်ခွင့် ယာဉ်မောင်းလိုင်စင် တရားဝင်သတ်မှတ်

**ထူးသန့်**

**နေပြည်တော်၊စက်တင်ဘာ- ၁**

အထူးစီမံကိန်းကြီးများနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် အသုံးပြုသည့် စက်ယန္တရားကြီးများအား မောင်းနှင်ခွင့်ယာဉ်မောင်းလိုင်စင်ကို 'ဂ'လိုင်စင်ဖြင့် တရားဝင်သတ်မှတ်လိုက်ကြောင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါယာဉ်မောင်းလိုင်စင်ကို မြန်မာနိုင်ငံသားများအပြင် နိုင်ငံခြားသားများလည်း လျှောက်ထားရယူနိုင်ကြောင်း အသက် ၁၈ နှစ်ပြည့်ပြီးရမည်ဖြစ်ပြီး စက်ယန္တရားကြီးများ မောင်းနှင်ရန်အတွက် ကျန်းမာရေးနှင့် ကိုယ်ခန္ဓာကြံ့ခိုင်ရမည်ဖြစ်ကြောင်း နိုင်ငံသားများအတွက်(သ)လိုင်စင်တင်ပြရမည်ဖြစ်ပြီး၊ ပြည်တွင်း (သို့)ပြည်ပမှ တရားဝင်ဖွင့်လှစ်သင်ကြားသော စက်ယန္တရားကြီးများ မောင်းနှင်ခြင်း သင်တန်းအား တက်ရောက် အောင်မြင်ပြီးကြောင်း လက်မှတ်တင်ပြရမည်ဖြစ်ကြောင်းလည်း ၎င်းကဆက်လက်ပြောသည်။

"နိုင်ငံခြားသားဆိုရင် သက်ဆိုင်ရာနိုင်ငံက ထုတ်ပေးထားတဲ့ စက်ယန္တရားမောင်းနှင်ခွင့်လိုင်စင် တင်ပြရမယ်။ အင်္ဂလိပ်ဘာသာနဲ့ ဖော်ပြမထားရင်လည်း အင်္ဂလိပ်ဘာသာပြန်ဆိုချက် ပါဝင်ရမယ်" ဟု ၎င်းက ပြောကြားသည်။

လိုင်စင်သက်တမ်း ၃ နှစ် ထုတ်ပေးမည့် ယင်းလိုင်စင် ကို လျှောက်ထားရယူလိုသူများ အနေဖြင့် အထောက်အထား ပြည့်စုံပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းရေးဖြေ ဖြေဆိုရမည်ဖြစ်သည်။ အောင်မြင်ပါက "ဂ" ယာဉ်မောင်းလိုင်စင်ထုတ်ပေးမည်ဖြစ်ကာ လက်တွေ့ယာဉ်မောင်း စစ်ဆေးမှု ပြုလုပ်မည်မဟုတ်ကြောင်း သိရသည်။

လက်ရှိထုတ်ပေးလျက်ရှိသော ယာဉ်မောင်းလိုင်စင်တွင်လည်း "ဂ၊ င" လိုင်စင်အတွက် မှတ်ပုံတင်ထားသော စက်တပ်ယာဉ်များ (ထရပ်ကား၊ ထော်လာဂျီစသည့်. . )များမောင်းနှင်ခွင့်ရှိကြောင်းဖော်ပြပါရှိသည်။





# လား႐ှိုးကုန်စည်ပြပွဲ ကျင်းပမည်


**ရန်ကုန်၊ စက်တင်ဘာ- ၇**

ပြည်တွင်း၊ ပြည်ပကုန်စည်ပြပွဲကြီးများကို စီစဉ်ဆောင်ရွက်လျက်ရှိသော ရှမ်းပြည်နယ်၊ လားရှိုးမြို့၊ မြို့တော်ခန်းမကြီးတွင် LASHIO TRADE FAIR 2011 ကုန်စည်ပြပွဲကို SMART BUSINESS GROUP မှဦးစီး၍ ယခုလ ၂၁ ရက်မှ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရှမ်းပြည်နယ်၊ လားရှိုးမြို့၏ ဆယ်စုနှစ်အတွင်း ပထမဆုံးအကြိမ် ကျင်းပမည့်ကုန်စည်ပြပွဲကြီးဖြစ်ပြီး အီလက်ထရွန်နစ်ပစ္စည်းများ၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ အသားအရေထိန်းသိမ်းမှုဆိုင်ရာ အလှကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းများ၊ ပြည်တွင်းပြည်ပတက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများ၊ ပြည်တွင်း ပြည်ပဆေးဝါးများ၊ စာရေးကိရိယာများ၊ စက်မှုဇုန်ထုတ်ကုန်များ၊ အသေးစားနှင့် အလတ်စား စက်ကိရိယာများ၊ စားသောက်ကုန်များနှင့် အခြားလူသုံးကုန်ပစ္စည်းမျိုးစုံအား ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများရှိပင်ရင်းကုမ္ပဏီကြီးများ၊ စက်ရုံကြီးများမှ အထူးလျှော့ဈေးများ၊ အပိုမေတ္တာလက်ဆောင်များ၊ ကံစမ်းမဲများဖြင့် တိုက်ရိုက်လာရောက်ပြသရောင်းချကြမည် ဖြစ်ကြောင်း သိရသည်။

ပြပွဲကြီး၏ ဖျော်ဖြေရေးအစီအစဉ်အတွက် ရန်ကုန်မြို့၊ စူပါစတားမော်ဒယ်အေဂျင်စီမှ နေ့စဉ်ကုန်ပစ္စည်းသရုပ်ပြပွဲများနှင့် အခြားစိတ်ဝင်စားဖွယ် ဖျော်ဖြေရေး အစီအစဉ်များဖြင့် ပြပွဲလာပြည်သူများအား အခမဲ့ဖျော်ဖြေပြသသွားမည်ဟု သိရသည်။



# ချင်းပြည်နယ်သို့သွားသည့်လမ်းပိုင်းတစ်ခု ရေတိုက်စားမှုကြောင့်အခက်အခဲရှိ

မင်းဒင်

**မန္တလေး၊ စက်တင်ဘာ – ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့နယ်အတွင်းရှိ ရေပြာတံတားစပ် ချဉ်းကပ်လမ်းမြေသားတာပေါင်မှာ ရေလမ်းကြောင်းပြောင်းလဲကာ တိုက်စားမှုကြောင့် ချင်းပြည်နယ်တောင်ပိုင်းသို့ သွားရောက်ရာတွင်အခက်အခဲများဖြစ်ပေါ်စေလျက်ရှိကြောင်း အဆိုပါလမ်းခရီးမှ ပြန်လာသူ ခရီးသွားတစ်ဦးက ပြောကြားသည်။





အဆိုပါရေပြာတံတားသည် ချင်းပြည်နယ်တောင်ပိုင်းဒေသများဖြစ်သည့် မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝ၊ မတူပီမြို့များသို့ ဆက်သွယ်ပေးထားသည့်လမ်းကြောင်းတွင် တည်ရှိကာ ယောချောင်းပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်သည်။

လမ်းဟောင်းဖြစ်သည့် ပခုက္ကူ-ပေါက်-ကျောက်ထု-မင်းတပ်လမ်းပိုင်းသည်လည်း ကမ်းမဖြူချောင်းတွင် ရေများရှိနေရာ အသုံးပြုနိုင်ခြင်း မရှိကြောင်း သိရသည်။

အဆိုပါရေတိုက်စားမှုသည် ရက်သတ္တပတ်နှစ်ပတ်ခန့်ရှိပြီဖြစ်သော်လည်း ရေအနက် လေးပေခန့်နှင့် အကျယ်ပေငါးရာခန့်အထိရှိပြီး ရေစီးခြင်းကြောင့် တည်ဆောက်မှုများပြုလုပ်ရန် လောလောဆယ်မဖြစ်နိုင်သေးကြောင်းနှင့် အချိန်ယူရမည်ဖြစ်ကြောင်း ပခုက္ကူခရိုင် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူကတယ်လီဖုန်းဖြင့် ဖြေကြားသည်။

အဆိုပါလမ်းပိုင်းတွင် ပြေးဆွဲနေသည့် ယာဉ်လိုင်းတစ်ခုမှလည်း "စက်လှေနဲ့ကဲ့နေရတယ်။ ၁၀ ရက်လောက်ရှိပြီ။ တံတားချဉ်းကပ်လမ်းပြိုသွားတာ။ ဟိုဘက်ကမ်းက ကား၊ ဟိုဘက်ခြမ်းမောင်း၊ ဒီဘက်ခြမ်းကကား ဒီဘက်ခြမ်းမောင်းပေါ့။ ခရီးသည်အတွက်တော့ စရိတ်ပိုကုန်သွားတာပေါ့" ဟုပြောကြားသည်။

ယောချောင်းအတွင်းဝင်သည့် ချောင်းသွယ်အသီးသီးက ပို့ချသည့် နုန်းအနည်ပို့ချမှုများ၊ တောင်ပြိုမှုများကြောင့်လည်း ချောင်းမကြီးကောသကဲ့သို့ဖြစ်ကာ ရေလမ်းကြောင်းပြောင်းလဲ၍ ချဉ်းကပ်လမ်း မြေသားပေါင်အား တိုက်စားသွားခြင်းဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါရေပြာတံတားအမျိုးအစားသည် တစ်လွှာတစ်ထပ်ဘေလီသံပေါင်တံတားဖြစ်ကာ ပေ ၁၄၉၀ ရှိပြီးယခုရေတိုက်စားမှုသည် တံတားကျိုးခြင်း မဟုတ်ဘဲ ချဉ်းကပ်လမ်းတိုက်စားသွားခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်အောက်တိုဘာ ၂၃ ရက်ကလည်း အဆိုပါတံတားကျိုးခြင်းနှင့် မြေသားချဉ်းကပ်တာပေါင်တိုက်စားခြင်းများ ဖြစ်ပေါ်ခဲ့ကာ နှစ် ၄၀ အတွင်း ရေလျှံမှုဖြစ်ခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

# မော်ခါးရွာတွင် ဘိန်းစိမ်း အဆီခဲများ ဖမ်းဆီးရမိ

ခင်မောင်ညိမ်း

**ဝန်းသို၊ ဩဂုတ်– ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝန်းသိုမြို့နယ် မော်ခါးကျေးရွာတွင် မူးယစ်ဆေးဝါးရောင်းချသူတစ်ဦးအား ပူးပေါင်းအဖွဲ့က သတင်းအရ မူးယစ်ဆေးဝါးဘိန်းစိမ်း၊ ဘိန်းအဆီခဲများနှင့် ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ယခုလ ၆ ရက် ညနေ ၃ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမူးယစ်အထူးအဖွဲ့ ဒုရဲအုပ်ကျော်စိုးနိုင်၊ တပ်ကြပ်ကြီးငြိမ်းချမ်း၊ ဒုတပ်ကြပ် ထွန်းထွန်းဝင်း၊ တပ်သား ကိုကိုအောင်၊ မှူးခင်းတပ်ဖွဲ့ ဒုရဲအုပ်ဇော်ဝင်း၊ ဝန်းသိုမြို့နယ်ပျိုးထောင်ရဲကင်းစခန်းမှူး ဒုရဲအုပ်အောင်မျိုးမြင့်၊ ကသာခရိုင် အထူးမူးယစ်နှိမ်နင်းရေးအဖွဲ့ တပ်ကြပ်စိုးလွင်တို့ပါဝင်သော ပူးပေါင်းနှိမ်နင်းရေးအဖွဲ့သည် အသိသက်သေ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစံလင်း၊ ဦးကျော်စိန်တို့နှင့်အတူ မူးယစ်ဆေးဝါး ဒုစရိုက်ဖော်ထုတ်ရေး စီမံကချက်အရ ဝန်းသိုမြို့နယ် မော်ခါးကျေးရွာ ဦးမောင်ကြီးနေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ကြသည်။

ထိုသို့ရှာဖွေကြရာ ဦးမောင်ကြီး၏ ဧည့်ဆိုင်ခန်းအတွင်းယာဘက်အိပ်ရာဘေးတွင် အချင်းသုံးလက်မ၊ အရှည်လေးလက်မခန့်ရှိအင်္ဂလိပ်အက္ခရာ M&M စာတန်းပါ အဖြူရောင်ပလတ်စတစ်အိတ်ဖြင့် ထုပ်လျက်ဘိန်းစိမ်းအလေးချိန် ၆ ဂရမ်ပါ အထုပ်တစ်ထုပ်၊ အချင်းလေးလက်မအရှည်ခြောက် လက်မခန့်ရှိအပြာရောင် အဖုံးပါ၊ အဖြူရောင်ပလတ်စတစ်ဘူးအတွင်း အဖြူရောင် ပလတ်စတစ်ဖြင့်ထည့်လျက်ဘိန်းအဆီစပ်ပုံ တစ်ထုပ်လျှင်နှစ်ဂရမ်ခန့်ပါအထုပ် ခုနှစ်ထုပ်၊ စုစုပေါင်းအလေးချိန် ၁၄ ဂရမ်ခန့်အား ရှာဖွေသိမ်းဆည်းရမိသည်။

ထို့ကြောင့် တရားခံ ဦးမောင်ကြီး(၄၈)နှစ်(လယ်သူရင်းငှား)၊ မော်ခါးကျေးရွာ၊ ဝန်းသိုမြို့နယ်နေသူအား ဝန်းသိုမြို့နယ်ရဲစခန်းကမယ(ပ)၅/၂၀၁၁၊ မူးယစ်ပုဒ်မ ၁၅/၁၆(ဂ)/၂၀၁၁ အရ အမှုဖွင့်အရေးယူ၍ အမှုစစ်ဒုရဲအုပ်မြင့်မိုးက တရားစွဲဆိုထားကြောင်း သိရသည်။

# နေပြည်တော် က.ည.န ရုံးတွင် ရက်တိုကားမောင်း သင်တန်း ဖွင့်လှစ်

ထူးသန့်

**နေပြည်တော်၊ စက်တင်ဘာ – ၈**

နေပြည်တော် ပုဗ္ဗသီရိမြို့ရှိကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးတွင် မော်တော်ဆိုင်ကယ် ရက်တိုသင်တန်းအပြင် "ခ" လိုင်စင်အတွက် ရက်တိုကားမောင်းသင်တန်းကိုပါ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း အဆိုပါရုံးမှ တာဝန်ရှိသူက ပြောသည်။

"မော်တော်ကားအမောင်းသင်တန်းဖွင့်တာ သုံးကြိမ်ပဲရှိသေးတယ်။ မကြာသေးဘူး။ ဒီစက်တင်ဘာမှာလည်း သုံးကြိမ်လောက် သင်တန်းပေးသွားဦးမှာ။ သင်တန်းအတွက် ၂၀၀၀ ကျပ်လောက်ပဲပေးသွင်းရမှာပါ" ဟူ၍ ၎င်းက ရှင်းလင်းပြောကြားခဲ့သည်။

သင်တန်းကာလ သုံးရက်သာကြာမည့် ကားအမောင်းသင်တန်းကို ယခင်ဖွင့်လှစ်သည့်သုံးကြိမ်၌ သင်တန်းသား ၁၇၇ဦးတက်ရောက်သင်ကြားအောင်မြင်ခဲ့ကြောင်း၊ ရက်တိုသင်တန်းယူသည့်မှာလည်း ယာဉ်မောင်းကျွမ်းကျင်သည့် အဆင့်ရှိပြီး သိသင့်သိထိုက်သော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကိုမွမ်းမံသင်တန်းသဘောသင်ကြားပို့ချခြင်းဖြစ်ကြောင်းလည်း ၎င်း၏ပြောကြားချက်အရ သိရှိရသည်။

အဆိုပါရုံး၌ပင် ယခုနှစ်အတွင်း မော်တော်ဆိုင်ကယ်အမောင်းသင်တန်း ၆၂ ကြိမ်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၈၇၇၉ ဦး တက်ရောက်အောင်မြင်ခဲ့ကြောင်း အခြေအနေပေးလျှင် ယာဉ်မောင်းသင်တန်းကျောင်းကိုပါ ထူထောင် ဖွင့်လှစ်သွားကြောင်းလည်း အထက်ပါတာဝန်ရှိသူက ပြောသည်။

ယခင်က သင်မောင်းလိုင်စင် "သ" မှ "ခ" လိုင်စင်ဖြေဆိုရန်အတွက် ၆လအထိ အချိန်ယူသတ်မှတ်ထားသော်လည်း ယခုအချိန်တွင်မူ သုံးလသာ သတ်မှတ်ထား ပြီး အချိန်ထက်ဝက်ခန့်လျှော့၍ သတ်မှတ်လိုက်ကြောင်း သိရသည်။

# မိုးတွင်းကာလ မြစ်ရေများချိန်ဖြစ်သော်လည်း သင်္ဘောသောင်တင်မှုများဖြစ်ပေါ်

မောင်ကံ

**မောင်တော၊ ဩဂုတ်– ၃၀**

တစ်နှစ်ထက်တစ်နှစ် တိမ်ကောကျဉ်းမြောင်းလာသည့် ရခိုင်ဒေသရှိ မြစ်ကြောင်းများ၌ သင်္ဘောသောင်တင်မှုမှာ မြစ်ရေနည်းချိန်ဆောင်းတွင်းနှင့် နွေရာသီတွင် ဖြစ်ပေါ်တတ်သော်လည်း မြစ်ရေများချိန် ယခုကဲ့သို့ မိုးတွင်းကာလတွင်လည်း သောင်တင်မှုများ ဖြစ်ပေါ်လာကြောင်း သတင်းရရှိသည်။

"စစ်တွေမင်းချောင်းတံတားကနေ မင်းဂံချောင်းဝအထွက်ထိ ရေလမ်းကြောင်းကတော်တော်လေးကွေ့ကောက်ပါတယ်။ အရင်တုန်းကဆိုရင် မြစ်ရေမရှိရင်တောင်သင်္ဘောတစ်စီးလောက်ကတော့ အေးဆေးသွားနိုင်ပါတယ်။ အခုတော့ ချောင်းကကျဉ်းသွားပြီး မြစ်ရေပြည့်နေတဲ့အချိန်မှာတောင် သင်္ဘောကွေ့လို့မရတဲ့ အဆင့်ထိ ဖြစ်သွားပါပြီ" ဟုရေလမ်းခရီးသွားတစ်ဦးကပြောသည်။

ယင်းသို့ မြစ်ကြောင်းများ ကျဉ်းမြောင်းလာမှုကြောင့်သင်္ဘောသောင်တင်ကာ ခရီးစဉ်ကြန့်ကြာ၍ ခရီးသွားများ စိတ်ဒုက္ခရောက်နေရကြောင်းသိရသည်။

အဆိုပါ ကျဉ်းမြောင်းလာသည့် ချောင်းများနှင့် သောင်ဖြစ်ထွန်းမှု ကြီးမားလာသည့်နေရာများကို အချိန်မီ ရှင်းလင်းရန် လိုအပ်လာကြောင်း သင်္ဘောတက်မကိုင်တစ်ဦးကလည်း ပြောကြားသည်။

# မိုးဦးမြေပဲစိုက်တောင်သူများ တွက်ခြေမကိုက်



*အညာဒေသမှ မြေပဲစိုက်ခင်းတစ်ခင်း*

ဓာတ်ပုံ – မျိုးမင်းဦး

မျိုးမင်းဦး

**မုံရွာ၊ စက်တင်ဘာ– ၇**

မုံရွာမြို့နယ်အတွင်း ကုန်းမြင့်ဒေသများတွင် ယခုနှစ် မိုးဦးရာသီ မိုးကောင်းခဲ့သဖြင့် မိုးဦးမြေပဲစိုက်ပျိုးသူပိုမိုများပြားခဲ့သော်လည်း မိုးဦးမြေပဲစိုက်ခင်းများခြွေလှေ့ချိန်တွင် တောင်သူများမှန်းချက်မကိုက် ဖြစ်ခဲ့ရကြောင်း ဒေသခံတောင်သူများကပြောကြားသည်။

"ဒီနှစ်မိုးကောင်းလို့ မုံရွာအရှေ့ဘက်ကုန်းမြင့်ဒေသတွေမှာမိုးဦးမြေပဲစိုက်ပျိုးသူပိုများခဲ့တယ်ဆိုပေမယ့် မိုးဦးရောမိုးနှောင်းမှာပါ မိုးများခဲ့တဲ့အတွက်မိုးဦးမြေပဲစိုက်ခင်းတွေအားလုံးအပင်အဖြစ်နှုန်းကောင်းပြီး မြေပဲဥနှုန်းသိသိသာသာကျခဲ့တယ်။ တောင်သူတွေမိုးကောင်းတဲ့ နှစ်မှာမိုးဦးမြေပဲအထွက်ကောင်းမယ်လို့မှန်းထားကြပေမယ့် ဥနှုန်းမကောင်းလို့ မှန်းချက်မကိုက်ဖြစ်ခဲ့ရတယ်။ စိုက်ချိန်မှာမျိုးမြေပဲတစ်ပြည် ၁,၇၅၀ ကျပ်ပေးခဲ့ရပြီး ယခုဩဂုတ်မြေပဲစိုက်ချိန်မှာ မျိုးမြေပဲ တစ်ပြည်ကို ၁,၈၀၀ ဈေးပေးခဲ့ရတယ်"ဟုမုံရွာမြို့နယ် သမန္တာကျေးရွာဒေသခံ မိုးဦးမြေပဲစိုက် တောင်သူတစ်ဦးက ပြောသည်။

မုံရွာဒေသတွင်ယခင်နှစ်များအတွင်း အပူချိန်လွန်ကဲခြင်း ရာသီဥတုပြောင်းလဲခြင်းများကြောင့် မိုးဦးမြေပဲစိုက်ပျိုးမှုလျော့ကျခဲ့သည့်နောက်ပိုင်းယခုနှစ်တွင်မိုးဦးရာသီ မိုးသည်းထန်စွာရွာသွန်းခဲ့ခြင်းကြောင့် မိုးဦးမြေပဲစိုက်ပျိုးသူ ပိုမိုများပြားလာခဲ့ခြင်း ဖြစ်ကြောင်းသိရှိရသည်။

7DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

## ရေထွက်ပစ္စည်းများကို အခွန်ကင်းလွတ်ခွင့်ပြုထားသော်လည်း စစ်တွေ၊ မောင်တော ဆိပ်ကမ်းများမှ တင်ပို့ရမှုနည်းနေ

မောင်ကံ

**မောင်တော၊**
**စက်တင်ဘာ- ၇**

ပြည်ပပို့ကုန်အမျိုးအစား (၇)မျိုးအား ကုန်သွယ်လုပ်ငန်းခွင် ကင်းလွတ်ခွင့်ပြုလိုက်သော်လည်း ရေထွက်ပစ္စည်း အမြောက်အမြားတင်ပို့နေရသည့် စစ်တွေနယ်စပ်ဆိပ်ကမ်းနှင့် မောင်တောနယ်စပ်ဆိပ်ကမ်းများမှ ဘင်္ဂလားဒေ့ရှ်သို့ ရေထွက်ပစ္စည်းတင်ပို့ခြင်းမှာ နည်းနေကြောင်းကုန်သည်များထံမှသိရသည်။


ဓာတ်ပုံ - မောင်ကံ

"အခွန်ကင်းလွတ်ခွင့်ပြုထားတဲ့ အချိန်က ဩဂုတ်လ နောက်ပိုင်းဆိုတော့ ရေငန်ပုစွန်အထွက်ကောင်းချိန်လည်းကုန်သွားပါပြီ။ ဒေါ်လာငွေနဲ့ တာကာငွေတန်ဖိုးကလည်း ကျနေပါတယ်"ဟု ရေထွက်ပစ္စည်းတင်ပို့သူများတစ်ဦးက ပြောသည်။

လာမည့် ပွင့်လင်းရာသီ ငါးခြောက်မျိုးစုံတင်ပို့ရမည့်အချိန်မှာလည်း အခွန်ကင်းလွတ်ခွင့်ပြုထားသည့်အလျောက် ငါးခြောက်များတင်ပို့ရန် မျှော်မှန်းထားကြသော်လည်း တာကာငွေတန်ဖိုးကျနေခြင်းက ပို့ကုန်တင်ပို့ရမှုကို အဟန့်အတားတစ်ခုသဖွယ်ဖြစ်နေကြောင်းသိရသည်။

လက်ရှိ မောင်တောနယ်စပ်ဈေးကွက်တွင် တာကာငွေတစ်ရာလျှင် ၉၃၀ ကျပ်ဝန်းကျင်သာရှိနေကြောင်း သိရသည်။

## ရန်ကုန်စက်မှုတက္ကသိုလ် (၁၉၇၅-၉-၁၉၈၁) အင်ဂျင်နီယာဘွဲ့ရသူများ၏ မြတ်ဆရာပူဇော်ပွဲနှင့် တွေ့ဆုံပွဲကျင်းပမည်

**ရန်ကုန်၊ စက်တင်ဘာ-၇**

ရန်ကုန်စက်မှုတက္ကသိုလ်၁၉၇၅ ခုနှစ်ဝင်ခွင့်ရရှိသူအားလုံးနှင့်(မည်သည့်နှစ်ကဝင်ဝင်)၁၉၈၁ ခုနှစ်တွင် ဘွဲ့ရရှိခဲ့ကြသော အင်ဂျင်နီယာနှင့် ဗိသုကာကျောင်းသား/သူဟောင်းများ၏ ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများကို ဘွဲ့ရပြီး နှစ် ၃၀ မြောက် ပုလဲရတုအထိမ်းအမှတ်ဖြင့် ဒီဇင်ဘာလ ၁၇ ရက်တွင် ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ဘာသာရပ်ပေါင်းစုံမှ သူငယ်ချင်းအားလုံး အလှူငွေထည့်ဝင်လိုပါက- စောမောင် ဖုန်း-၀၉-၅၂၀၀၅၁၇၊ ကျော်ဆန်း ဖုန်း- ၀၉-၅၀၀၃၈၁၆၊ အောင်နိုင်မြင့် ဖုန်း- ၀၁-၅၄၅၈၃၊ မဠူ ဖုန်း- ၀၉-၅၀၂၄၁၄၈၊ မြင့်ချိုချို ဖုန်း- ၀၉-၅၁၅၄၉၁၀၊ နီလာကျော် ဖုန်း- ၀၉-၅၁၁၆၉၈၂၊ ကျော်မြင့်အောင် ဖုန်း- ၀၉-၈၇၂၃၂၇၉၊ မြင့်ဇော် (နေပြည်တော်)ဖုန်း- ၀၉-၈၆၂၅၅၁၇၊ ကျော်ဦး (မန္တလေး)ဖုန်း-၀၂-၆၄၀၆၃၊ စန်းစန်းအေး ဖုန်း-၀၉-၅၁၅၄၁၁၁ တို့သို့ ဆက်သွယ်ကြရန်နှင့် မြဝတီဘဏ် Account Number 5132 A09294 D မှ တစ်ဆင့် အလှူငွေများ ထည့်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်ကို www.rit75-81.org တွင် ကြည့်ရှုနိုင်ကြောင်းသိရသည်။

## ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သော ယင်းမာပင်မှ သံကူကွန်ကရစ်တံတား ပြုပြင်

မျိုးမင်းဦး

**မုံရွာ၊**
**စက်တင်ဘာ- ၇**

ဗြိတိသျှ အစိုးရလက်ထက် ၁၉၁၅ ခုနှစ်ကတည်ဆောက်ခဲ့သောမုံရွာခရိုင်၊ယင်းမာပင်မြို့၏ မြို့လယ်လမ်းမကြီးဖြစ်သောဗိုလ်ချုပ်လမ်း (မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေးကားလမ်း)ပေါ်ရှိသံကူကွန်ကရစ်တံတားသည်မိုးသည်းထန်စွာရွာသွန်းခဲ့မှုများကြောင့် ချောင်းရေတိုက်စားခဲ့ကာ တံတားကြီးချဉ်းကပ်(ကတ္တရာလမ်း) အထိမြေပြိုကျခဲ့သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ပြုပြင်လျက်ရှိကြောင်း သိရသည်။

"ဒီတံတားကြီးသာချောင်းရေကြောင့်လမ်းတွေ ပျက်စီးသွားရင် ဆားလင်းကြီးမြို့ကတစ်ဆင့် ကွေ့ပတ်မောင်းနှင်ရမှာဖြစ်လို့လမ်းပန်းဆက်သွယ်ရေးပိုမိုခက်ခဲသွားနိုင်တယ်။ ချောင်းရေကြောင့် တံတားကမ်းကပ်ခုံပဲ့ပါသွားတာဆိုတော့ ဒေသခံတွေရောတာဝန်ရှိသူတွေပါစိုးရိမ်နေပြီးနေရောညပါစောင့်ကြည့်နေရတယ်"ဟု ယင်းမာပင်မြို့နယ် ဒေသဆိုင်ရာတာဝန်ရှိသူတစ်ဦးက ပြောသည်။

လွန်ခဲ့သောနှစ်က မိုးနှောင်းကာလတွင်မိုးသည်းထန်စွာရွာသွန်းခဲ့သည့်နောက်ပိုင်း ယင်းမာပင်မြို့ပေါ်ရပ်ကွက် အချို့၌ချောင်းရေလျှံ၍နေအိမ်များအတွင်းရေများဝင်ရောက်ခဲ့သည်။ ချောင်းရေများအရှိန် ပြင်းစွာစီးဆင်းခဲ့သဖြင့်မုံရွာ-ပုလဲ-ဂန့်ဂေါ-ကလေးကားလမ်းနေရာအချို့ရေတိုက်စားခြင်းခံခဲ့ရကြောင်း သိရှိရသည်။

## တ ုတ်က အရည်အသွေးဆန်းစစ်ဝယ်ခြင်းကြောင့် ပဲတီစိမ်းဈေးမြောက်

မိုးဇော်

**မကွေး၊ စက်တင်ဘာ- ၅**

ပဲတီစိမ်းကို တရုတ်နိုင်ငံက အရည်အသွေးကိုကြည့်၍ စိစစ်ဝယ်ယူသည့် အနေအထားကြောင့် ပဲတီစိမ်းအဝယ်သွက်ကာ ဈေးမြင့်လာကြောင်းသိရသည်။

"မုံရွာ၊ အောင်လံဈေးနဲ့ ကျွန်တော်တို့ မကွေးဈေးလည်းကောင်းတာပါပဲ။ ဒါပေမဲ့ပစ္စည်းကနည်းတယ်။ ကျွန်းကလည်း ရေဝင်နေပြီး မိုးပဲတီစိမ်းကလည်း မစို့မပို့ဝင်နေတာပါ"ဟု ပဲကုန်သည်တစ်ဦးကပြောသည်။

ယခုရက် မကွေးဈေးကွက်ပဲတီစိမ်း တစ်ပိဿာလျှင် ၆၈၀ ကျပ် အရောင်းအဝယ်ဖြစ်ခဲ့ပြီး မုံရွာတွင် ၁ ပိဿာလျှင် ၉၂၁ ကျပ်ဈေးပေါက်ကြောင်း သိရှိရသည်။

ပဲမာကုန်စည်များအား မိုးရွာသည့်အတွက် အရောင်နှင့် အစိုအခြောက်ကို စိစစ်ဝယ်နေကြပြီး နယ်ဈေးအတက်ကို ကြည့်၍ လက်လွှဲရောင်းချကြသည်။ ယခင်တစ်ပတ်က ပဲတီစိမ်းတစ်တန်လျှင် ယွမ်ငွေ ၅၂၀၀ ခန့်ရွှေလီတွင် ဈေးပေါက်ခဲ့သည်ဟု သိရသည်။

## Eternal Light မဂ္ဂဇင်း စာပေဟောပြောပွဲ ကျင်းပမည်

**ရန်ကုန်၊**
**စက်တင်ဘာ-၁၀**

သက်ကြီး စာပေပညာရှင်များကို အခမဲ့ဆေးကုသပေးရန် ရည်ရွယ်၍ထုတ်ဝေလျက်ရှိသည့် Eternal Light မဂ္ဂဇင်းမှ ဒုတိယအကြိမ်မြောက် စာပေဟောပြောပွဲအား ယခုလ ၁၇ ရက်တွင် လမ်း ၃၀ အလယ်ဘလောက်ရှိ လမ်း ၃၀ ဆေးခန်းတွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ယခုဟောပြောပွဲတွင် စာရေးဆရာကောင်းသန့်က ယနေ့ခေတ်နှင့် လူငယ်အတွေး လူငယ်အမြင် ဟူသောခေါင်းစဉ်ဖြင့် ဟောပြောသွားမည်ဖြစ်ကြောင်း သိရသည်။

စာပေဟောပြောပွဲသို့ တက်ရောက်လိုသူများအနေဖြင့် Eternal Light မဂ္ဂဇင်းသို့ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။အဆိုပါမဂ္ဂဇင်းအားအသည်းအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာခင်မောင်ဝင်းက အယ်ဒီတာချုပ်အဖြစ် စီစဉ်ထုတ်ဝေခြင်းဖြစ်ပြီး စာပေဟောပြောပွဲကိုလည်း လစဉ်ပြုလုပ်သွားရန် အစီအစဉ်ရှိကြောင်း သိရသည်။

## စာ(၁၅) စားသောက်ကုန်ပစည်းများတွင် ဓာတုဆိုးဆေးများထည့်သွင်းရောင်းချပါက နယ်ဘက်ဆိုင်ရာ ဥပဒေအပြင် စည်ပင်ဥပဒေအရပါ အရေးယူသွားမည် မှ

အလားတူ တရုတ်နိုင်ငံမှ ထုတ်လုပ်ရောင်းချသောကျင်းထုံ၊ Laopion , Aestar, Power, Tiamsli တံဆိပ်ပါ ခြင်ဆေးများသည်လည်း အဆိပ်ရှိဓာတုဗေဒပစ္စည်းပိုမိုပါဝင်သောကြောင့် လူနှင့် ပတ်ဝန်းကျင်ကို အန္တရာယ်ဖြစ်စေသောကြောင့်ဈေးများအားလုံးတွင် ရောင်းချခွင့်ပိတ်ပင်ထားကြောင်း သိရသည်။

မန္တလေးဈေးချိုတော်အကျိုးတော်ဆောင် အဖွဲ့ဝင်တစ်ဦးက "ကျွန်တော်တို့ ဈေးချိုတော် ဧရိယာမှာ ဓာတုဆိုးဆေးများပါဝင်သော စားသောက်ကုန်များ မရောင်းချရေးအတွက် ဈေးသူဈေးသားများကို အသိပေးရှင်းလင်းပြောကြားထားကြောင်း။ သားသတ်လိုင်စင်စီများကိုလည်း လတ်ဆတ်သန့်ရှင်းသော အသားများထုတ်လုပ်ရောင်းချရေး၊ ဝက်သား၊ တောသားများတွင် ရေထိုးမရောင်းရေး၊ အလေးခိုး မရောင်းရေးတို့အတွက်လည်း ဈေးဌာနစည်ပင်ရဲတပ်ဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း"ထပ်မံရှင်းလင်းပြောကြားသည်။

ဝန်ထမ်းအလိုရှိသည်
PEOPLE MEDIA

Job Vacancy
Fascinating Myanmar Travel & Tour

7DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011



# ပြည်ပမှပညာရှင်လုပ်သားများ စင်ကာပူအစိုးရက လစာတိုးမြှင့်ပေးမည့်ကြေညာချက်ကို မြန်မာလုပ်သားများစိတ်ဝင်စား

**ကျော်သီဟ**

**ရန်ကုန်၊ စက်တင်ဘာ- ၈**

စင်ကာပူနိုင်ငံအစိုးရက ပြည်ပမှလာရောက်သော ပညာရှင်လုပ်သားများကို လာမည့် ၂၀၁၂ ခုနှစ်မှစတင်၍ လုပ်ခလစာများတိုးမြှင့်ပေးသွားမည်ဆိုသဖြင့် ပြည်တွင်းရှိ အိုင်တီလုပ်သားများနှင့် အခြားပညာရှင်အချို့စိတ်ဝင်စားလျက်ရှိကြောင်းသတင်းရရှိသည်။



စင်ကာပူနိုင်ငံ အစိုးရက ပညာရှင်လုပ်သားများအဖြစ် လုပ်ကိုင်နေကြသော ပြည်ပလုပ်သားများအား လာမည့် ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီမှစ၍ လုပ်ခလစာတိုးမြှင့်ပေးသွားမည်ဟု စင်ကာပူအလုပ်သမားဝန်ကြီးဌာနက ထုတ်ပြန်သည်။ ပညာရှင်လုပ်သားများတွင် အိုင်တီသမား၊ စာရင်းကိုင်၊ အင်ဂျင်နီယာစသည့် ပြည်ပလုပ်သားများပါဝင်မည်ဖြစ်သည်။

စင်ကာပူနိုင်ငံတွင် ပြည်ပမှလာရောက်လုပ်ကိုင်ကြသောလုပ်သားများအား Employment Pass (EP) နှင့် Skill Full Pass (S-Pass) စသည်ဖြင့် စင်ကာပူနိုင်ငံအတွင်း နေထိုင်ခွင့်ပြု၍ အလုပ်အကိုင်လုပ်စေခြင်းဖြစ်သည်။

ယခုကြေညာချက်မှာ EP သမားများနှင့် S-pass သမားများ လစာတိုးမြှင့်ပေးသွားမည်ဖြစ်ပြီး အရည်အသွေး၊ ပညာအရည်အချင်းနှင့် လုပ်သက်များကိုလည်း အဆင့်မြှင့်ပြီး အရည်အသွေးပြည့်မီသော လုပ်သားများသာ ခံစားခွင့်ပြုထားသည်။

"အရင်က EP သမားတစ်ဦး တစ်လခ-စင်ကာပူဒေါ်လာ ၂,၈၀၀ သာပေးခဲ့ပြီး ကြေညာချက်အသစ်အရ တစ်လ စင်ကာပူဒေါ်လာ ၃,၀၀၀ အထက် ပေးသွားမယ်။ S-pass သမားကျတော့ အရင်က တစ်လ စင်ကာပူဒေါ်လာ ၁,၈၀၀ ပေးပြီး ယခုကြေညာချက်အသစ်အရ စင်ကာပူဒေါ်လာ ၂,၅၀၀ အထိ တိုးပေးသွားမယ်။ ဒါကြောင့် မြန်မာပြည်တွင်းက အိုင်တီသမားတွေ၊ စာရင်းကိုင်တွေ၊ အင်ဂျင်နီယာစတဲ့ပညာရှင်တွေစင်ကာပူက ကြေညာချက်ကို စိတ်ဝင်စားနေတယ်" ဟု စင်ကာပူတွင် လုပ်ကိုင်နေသော Web Developer တစ်ဦးက 7Day News သို့ပြောသည်။

ယခုကဲ့သို့ အသစ်ကြေညာချက်ကြောင့် ခံစားခွင့်လစာ မြင့်သွားသော်လည်းလုပ်သက်အတွေ့အကြုံ၊ အရည်အသွေးနှင့် ပညာအရည်အချင်းကအစ ပိုမိုအဆင့်မြင့်သွား၍ အရည်အချင်းရှိသူများကိုသာ ဦးစားပေးသွားမည်ဖြစ်သည်။ စင်ကာပူနိုင်ငံရှိကော်လံညှိုလုပ်သားဟုခေါ်သော နိုင်ငံခြားသား အလုပ်ကြမ်းသမားနှင့် အထွေထွေလုပ်သားများ ပါဝင်မည်မဟုတ်ကြောင်း သိရသည်။

ယင်း EP စံနှုန်းသတ်မှတ်ချက်အသစ်အရ ကျန်ကာလများ အကြားလက်ရှိ EP စံနှုန်းသတ်မှတ်မှုအပေါ်မူတည်၍ ၂၀၁၂ ခုနှစ် နှစ်ဆန်းမှစ၍ ၆ လတာ သက်တမ်းတစ်ကြိမ်တိုးခွင့်ပြုမည်ဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ၂၀၁၂ ခုနှစ်၊ ဇူလိုင်အတွင်း EP စံနှုန်းစနစ်သစ်ပြဋ္ဌာန်းချက်ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း အင်တာနက်သတင်းများအရ သိရသည်။

## မလေးရှားလုပ်သားဗီဇာ မဲနှိုက်ရာတွင် လုပ်အားပေးသော အေဂျင်စီများက အထူးအခွင့်ရေး မရရှိကြောင်း ပြောဆို

**အောင်သူရ**

**ရန်ကုန်၊ စက်တင်ဘာ-၈**

အလုပ်သမားဗီဇာရရှိရန်အတွက် မလေးရှားသံရုံး၌ အေဂျင်စီများ မဲနှိုက်သော အစီအစဉ်တွင် လုပ်အားပေးအဖြစ် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများသည်မည်သည့်အခွင့်အရေးမှ မယူခဲ့ကြောင်းဆောင်ရွက်ခဲ့သူများက ပြောကြားသည်။

"အေဂျင်စီက လူတွေမဟုတ်ဘဲ ဆိုက်ကားသမားတွေရောလူပေါင်းစုံဝင်တန်းစီတာကနေ ပြဿနာတွေဖြစ်လို့ ဝင်ပြီးဆောင်ရွက်ပေးတာပါ"ဟု အဆိုပါအဖွဲ့မှ ပုဂ္ဂိုလ်တစ်ဦးကပြောသည်။ ထိုအစီအစဉ်စတင်သည့် ဧပြီလဆန်းမှစ၍ ဦးဆောင်ပြုလုပ်သော ကုမ္ပဏီများမှာ အခြားကုမ္ပဏီများနည်းတူ မဲပေါက်ခဲ့ပြီး ယနေ့အချိန်အထိ ၁၀ ကြိမ်ကျော်သာ မဲပေါက်ခဲ့သည်ဟုဆိုသည်။

လာမည့်စက်တင်ဘာ ၁၆ ရက်မှစ၍ မဲနှိုက်သည့် အစီအစဉ်ကို သံရုံးကတာဝန်ယူဆောင်ရွက်ပေးမည်ဖြစ်ပြီး သံရုံးအတွင်းတွင်သာ မဲနှိုက်ရတော့မည်ဖြစ်သည်။

## Free Classified — ဝန်ထမ်းအလိုရှိသည် — အခမဲ့ကြော်ငြာကဏ္ဍ

အလိုရှိသည်
၁။Receptionist - ၂ဦး(ကျား/မ)
၂။ Admin Assistant - ၂ဦး (ကျား/မ)
NEXUS (English Language Learning Centre)
**ဖုန်း-၅၀၁၂၃၉၊ ၅၃၉၅၈၂**

---

အလိုရှိသည်
၁။အထွေထွေဝန်ထမ်း-ကျား (၅ဦး)
၂။ ယာဉ်မောင်း(ကျွမ်းကျင်)-ကျား ၂ဦး၊
၃။အထက်တန်းအောင်၊ နေစရာပေးမည်။
**ဖုန်း-၀၁-၂၀၉၂၉၀**

---

**ဝန်ထမ်းအလိုရှိသည်**
အသက် ၁၇နှစ်အထက်၊ ပညာအရည်အချင်း အထက်တန်း၊ ကျောက်မြောင်းတွင်တာဝန်ထမ်းဆောင်ရမည်။
**ဖုန်း-၀၉-၇၃၀၄၉၅၄၃**

---

**ဝန်ထမ်းအလိုရှိသည်**
(1) Assistant Purchasing Manager - M/F(2)Posts
(2) Sales & Drive - M(4)Posts
(3) Assistant Factory Manager - M(1)Post
Mikko Food Marketing Co., Ltd
အမှတ်-6/A၊ ဦးထွန်းမြတ်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေ။

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
Cashier(မ)-၄ဦး၊နေ+စား(ငြိမ်း) (နေ့၊ ည အဆောင်နေနိုင်သူများသာ)၊ **ဖုန်း-၀၉-၇၃၂၀၀၄၈၂**

---

**ကျွမ်းကျင်ဝန်ထမ်းအလိုရှိသည်**
Internet ဆိုင်မှ Networking ကျွမ်းကျင်။ (လုပ်ငန်းအတွေ့အကြုံရှိသူများသာလျှောက်ထားရန်)
**ဖုန်း-၀၉-၅၀၉၅၂၈၄**

---

**အလိုရှိသည်**
ယာဉ်မောင်း - ၁ ဦး
ဌာနဆိုင်ရာကားမောင်းဖူးသူဖြစ်ရမည်။ အသက် ၄၂နှစ်အထက်။
**ဖုန်း-၅၁၂၆၂၄၄**

---

**အလိုရှိသည်**
အမျိုးသမီးစက်ချုပ်ကျွမ်းကျင်ဝန်ထမ်းနှင့် လက်ချုပ်ဝန်ထမ်းကျွမ်းကျင်။ Mademoiselle Fashion
**ဖုန်း-၂၁၁၃၈၉**

---

ယာဉ်မောင်းဝန်ထမ်းအလိုရှိသည်
**ဖုန်း-၅၈၅၁၃၄**

---

**အလိုရှိသည်**
(1) General Manager - (2) Posts (M/F)၊ (2) Assistant Manager - (1) Post (F)
Summit Parkview Hotel
**ဖုန်း-၄၄၁၁၄၀၈**

---

Pre-school တွင် တာဝန်ထမ်းဆောင်ရန်
(1) Assistant Teachers - မ ၃ ဦး၊ (2) Child-care - မ ၃ ဦး၊ (3) ကွန်ပျူတာစာစီ(DTP) - မ ၃ ဦး
**ဖုန်း-၀၉-၇၃၀၃၁၄၀၇**

---

**ဝန်ထမ်းများအလိုရှိသည်**
၁။ Tourism နှင့် ဟိုတယ်အတွေ့အကြုံငါးနှစ် - ကျား/မ ၁ ဦး၊ ၂။ စာရင်းစစ် - မ ၁ ဦး၊ ၃။ စာရင်းကိုင် - မ ၁ ဦး၊ ၄။ မန်နေဂျာ - ကျား ၁ ဦး၊ ၅။ လ/ထမန်နေဂျာ - ကျား ၁ဦး၊ ၆။ ယာဉ်မောင်း - ကျား ၁ ဦး
**ရဲတံခွန်ကုမ္ပဏီလီမိတက်**
**ဖုန်း-၅၀၈၀၀၁**

---

**ဝန်ထမ်းအလိုရှိသည်**
(၁) အရောင်းဝန်ထမ်း - ကျား၊မ ၃၀ ဦး၊ (၂) ငွေကိုင် - မ ၃၀ ဦး
Human Resources Department
City Mart Holding Co., Ltd
အမှတ်(၁-၁၁)၊ပဒုမ္မာကွင်းအရှေ့ဘက်ခြမ်း၊ ဗားကရာလမ်း၊ စမ်းချောင်းမြို့နယ်။

---

**ဝန်ထမ်းအလိုရှိသည်**
Marketing - ကျား ၁၀ ဦး
**ဖုန်း-၅၂၄၇၆၅၊ ၅၁၆၈၃၀**

---

**ဝန်ထမ်းအလိုရှိသည်**
လုပ်ငန်းခွင်အင်ဂျင်နီယာ- ကျား၊မ ၁ ဦး၊ A.G.T.I (သို့) B.Teach တီ၊ အေ၊ ကေ ဆောက်လုပ်ရေးကုမ္ပဏီ။
**ဖုန်း-၅၅၁၆၄၄၊ ၅၄၆၈၇၆**

---

**အလိုရှိသည်**
စတိုတာဝန်ခံ - ကျား၊ မ ၁ ဦး
အသက် ၃၅- ၄၀ နှစ်၊ ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံငါးနှစ်။
**ဖုန်း-၆၈၅၀၉၀၊ ၆၈၅၀၉၁**

---

**အလိုရှိသည်**
ရုံးလုပ်ငန်း/ငွေစာရင်းကျွမ်းကျင်ဝန်ထမ်း - မ ၁ ဦး
သာကေတမြို့နယ်အတွင်း နေထိုင်သူဦးစားပေးမည်။
**ဖုန်း-၀၉-၇၃၀၉၆၆၇၇**

---

**Job Vacancy**
- Receptionist (Full-time)
Location: Kamaryut
Salary: commensurate with qualifications and experience
Start Date: Immediately
edulink.mm@gmail.com

---

**Position Vacant**
- Education Counsellor
Location: Kamaryut
Start Date: ASAP
Role: Work with Australian staff to counsel students and parents in relation to studying in Australlia.
edulink.mm@gmail.com

---

**Job Vacancy**
(1) Tour Operation Manager - M/F (2)Posts၊ (2) Sales Manager - M/F (2) Posts၊ (3) Tour Operation Staff - M/F (3)Posts
Myanmar Blue Ocean Agency Co., Ltd
Tel: 370847, 09-73133094

---

**ဝန်ထမ်းအလိုရှိသည်**
၁။ စာရင်းကိုင် - မ ၂ ဦး၊ ၂။ Cashier - မ ၁ ဦး၊ ၃။ DTP - မ ၁ ဦး၊ ၄။ စီမံရေးရာ - ကျား ၁ ဦး၊ ၅။ Marketing - ကျား ၉ ဦး၊ မ ၈ ဦး၊ ၆။ ယာဉ်မောင်း - ကျား ၃ ဦး
Yangon Real Estate Co., Ltd
**ဖုန်း-၀၉-၄၃၁၁၁၀၀၁**

---

**အလိုရှိသည်**
စာရင်းကိုင် - မ ၁ ဦး
- B.com (or) LCCI Level(3)
- အသက် ၂၉နှစ်ထက်မကြီးစေရ
**ဖုန်း-၃၉၃၀၅၁၊ ၃၉၄၈၂၄**

---

Vacancy Announcement
- Reservations and sales department (senior level)
- 2 years experience in travel industry
Interested? Send your CV to myanmar@khiri.com

---

**အလိုရှိသည်**
(၁) စကားပြန် - ကျား/မ
Art Wave Co., Ltd
အမှတ်(၄၃/၂)၊ မိုးဆွေလမ်းနှင့် သံသုမာလမ်းထောင့်၊ တ/ဥက္ကလာပမြို့နယ်။

---

**ဝန်ထမ်းအမြန်အလိုရှိသည်**
(1) Geologist - ကျား ၅ ဦး၊ (2) Operation Manager - ကျား ၅ ဦး၊ (3) Interpreter (English/ Chinese) - ကျား ၅ ဦး၊ (4) Computer Operator - ကျား/မ ၅ ဦး
**ဖုန်း-၀၁-၂၀၂၈၄၁**

---

**အရောင်းဝန်ထမ်းအလိုရှိသည်**
**ဖုန်း-၃၉၃၃၈၂၊၀၉-၇၃၁၇၂၀၉၇**

---

**အမြန်အလိုရှိသည်**
၁။ အင်ဂျင်နီယာ - ကျား/မ ၁ ဦး၊ ၂။ ရုံးဝန်ထမ်း - မ ၂ ဦး၊ ၃။ သန့်ရှင်းရေးဝန်ထမ်း - မ ၁ ဦး၊ ၄။ အထွေထွေလုပ်သား - ကျား ၁ ဦး
မြန်မာယူတာနီကုမ္ပဏီလီမိတက်။
**ဖုန်း-၃၉၃၀၅၁၊ ၃၉၄၈၂၄**

---

ကုန်ပစ္စည်း ဖြန့်ဖြူးရောင်းချရန် အရောင်းဝန်ထမ်းအလိုရှိသည်။ လစာ-၇၀,၀၀၀ ကျပ် (အရောင်းစံချိန်မီရပါမည်)
**ဖုန်း-၃၈၄၂၅၇**

---

**Myanmar DHL Ltd**
We are seeking candidates for Operations Agents:
- Degree Holder
- Age below 30 years is pre- ferable. - Possess valid driv- ing licencse for minimum 3 years. - Ability to communi-cate in English is preferable.
(Note: Only short listed candidates will be invited for inter- view)
**Ph: 507471~5 , 09 5010397**

---

**Job Vacancy**
**Economic Researcher-1 post**
Requirements:
-University degree in Economics or Engineering or any other related area;
- Preferably research experience in the area of macro-economy (energy, mining, electric power);
- Fluency in both spoken and written English (fluency in Korean is an asset);
-Minimum Working Experience 2 years;
-Coputer skills
Interested applicants should send their application with their curriculum vitae to the following address no later than 15 September 2011: Embassy of the Republic of Korea 97, University Avenue, Bahan Township, Yangon .
**Tel:527142~4**

---

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ်ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ်ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။


သဘာဝကဘာတွေရှိနိုင်လဲ...
ကျန်းမာရေးနဲ့လဲညီညွတ်မယ်...
အစားအသောက်တွေကိုလဲအရသာပိုလို့တိုးစေတယ်...

# Education

7DAY NEWS JOURNAL

Vol.10, No.26 • SEPTEMBER 15, 2011


## မြန်မာနိုင်ငံ၏ ပညာရေးအသုံးစရိတ်မှာ တစ်နိုင်ငံလုံး အသုံးစရိတ်၏ ၄ရာခိုင်နှုန်းကျော်သာရှိ

သီဟ

နေပြည်တော်၊စက်တင်ဘာ -၆

မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် စုစုပေါင်းအသုံးစရိတ်မှာ ကျပ် သန်းပေါင်း သုံးသိန်းငါးသောင်းနှစ်ထောင့်ငါးရာရှစ်ဆယ့်လေးရှိပြီး ပညာရေးကဏ္ဍအတွက်အသုံးစရိတ်မှာ နိုင်ငံအသုံးစရိတ်စုစုပေါင်း၏ ၄. ၄၂ ရာခိုင်နှုန်းဖြစ်သည်ဟု ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြဦးကပြောသည်။

ပညာရေးကဏ္ဍတွင် အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍဟူ၍ နှစ်ပိုင်းရှိပြီး ပညာရေးဝန်ကြီးဌာနသည် အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းများအားလုံးကို တာဝန်ယူလျက်ရှိသည်။ အဆင့်မြင့်ပညာကဏ္ဍတွင် တက္ကသိုလ်ဒီဂရီကောလိပ် ၆၄ခုအား တာဝန်ယူလျက်ရှိပြီး ကျန် ၉၇ခုအား သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူလျက်ရှိကြောင်းသိရသည်။

ပညာရေးဝန်ကြီးဌာပြည်ထောင်စုဝန်ကြီးဒေါက်တာမြဦးကယနေ့ကျင်းပပြုလုပ်သည့် ပြည်သူ့လွှတ်တော်ဆယ့်နှစ်ရက်မြောက်နေ့တွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့ နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်တင်နွယ်ဦး၏ ပညာရေးဆိုင်ရာ မေးခွန်းနှစ်ခုအား ပြန်လည်ဖြေကြားရာတွင် ပြောကြားသွားခြင်းဖြစ်သည်။

ဒေါ်တင်နွယ်ဦးက ဝင်ငွေအနိမ့်ဆုံးနိုင်ငံများတွင် ပါဝင်သည့် အီသီယိုးပီးယားနိုင်ငံသည်ပင်လျှင် ၁၉၉၈ခုနှစ်က လူတစ်ဦးအတွက် ညာရေးဆိုင်ရာ အသုံးစရိတ်မှာ ၉. ၉၅ ဒေါ်လာရှိပြီး မြန်မာကျပ်ငွေဖြင့်ဆိုပါက တစ်သောင်းပတ်ဝန်းကျင်ရှိပြီး မြန်မာနိုင်ငံ၏ အသုံးစရိတ်မှာ ယခုနှစ် ၂၀၁၁ ခုနှစ်တွင် ငါးထောင့်လေးရာတစ်ဆယ့်သုံးကျပ်သာရှိကြောင်း မေးခွန်းမေးမြန်းရာတွင် ထည့်သွင်းပြောကြားသွားသည်။

## တီမားဆက်ပိုလီဝင်ခွင့်များ လျှောက်ထားနိုင်ပြီ



သီဟ

ရန်ကုန်၊

စက်တင်ဘာ -၁၀

စင်ကာပူနိုင်ငံရှိပိုလီကျောင်းတစ်ကျောင်းဖြစ်သည့် Temasek Poly technic၏ လာမည့် ၂၀၁၂ ဧပြီ ဝင်ခွင့်အတန်းအတွက် ဝင်ခွင့်များ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ Temasek Polytechnic သည်တစ်နှစ်လျှင်နှစ်ကြိမ်ဧပြီနှင့်အောက်တိုဘာလများတွင် ဝင်ခွင့်လက်ခံလေ့ရှိပြီး ဝင်ခွင့်ရရှိသော ကျောင်းသားများသည် ပညာသင်ထောက်ပံ့ကြေး စင်ကာပူဒေါ်လာ ၁၃၉၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။

ဝင်ခွင့်လျှောက်ထားလိုသူများသည် တက္ကသိုလ်ဝင်တန်း အောင်မြင်ရမည်ဖြစ်ပြီး TOEFL 500/550,IELTS 5.0/5.5 သို့မဟုတ် IGCSE Grade 6 နှင့်အထက် ရရှိရမည်ဖြစ်ကြောင်းသိရသည်။

ယခု ၂၀၁၂ ဧပြီဝင်ခွင့်အတွက် စက်တင်ဘာ ၁ရက်မှ ၁၅ ရက် အောက်တိုဘာအထိလျှောက်ထားနိုင်ပြီး အောက်တိုဘာ ဝင်ခွင့်အတွက် မတ်လ ၁ရက်နေ့မှ အောက်တိုဘာ ၁၅ရက်အထိ လျှောက်ထားနိုင်ကြောင်း သိရသည်။

Temesek Polytechnic သည် ၁၉၉၀ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အချိန်ပြည့်ဒီပလိုမာ ၅၃ မျိုးနှင့် အချိန်ပိုင်း ဒီပလိုမာ ၄၀ကျော် သင်ကြားပို့ချပေးလျက်ရှိကာ ကျောင်းသားပေါင်း တစ်သောင်းငါးထောင်ခန့်တက်ရောက်လျက် ရှိကြောင်း သိရသည်။

## ပညာရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်နေသူ ဩစတြေးလျလုပ်ငန်းရှင်နှင့်တွေ့ဆုံခြင်း

နေလင်းထွန်း

**ပြည်ပနိုင်ငံများတွင် ပညာသင်ယူလိုသောကျောင်းသားဦးရေမြင့်တက်လာချိန်၌ ပြည်ပပညာရေးဝန်ဆောင်မှုလုပ်ငန်းများ ကျယ်ပြန့်လာခဲ့ပြီး ပြည်တွင်းရှိပညာရေးဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံခြားသားများလည်း ပါဝင်လုပ်ကိုင်လာကြသည်။ မြန်မာနိုင်ငံသို့ရောက်ရှိနေသည်မှာ သုံးနှစ်ခန့်ရှိပြီး အင်္ဂလိပ်ဘာသာစကားသင်ကြားခြင်းနှင့် Edulink Australia ပညာရေးဝန်ဆောင်မှုလုပ်ငန်းတည်ထောင်ထားသော အာရှနွယ်ဖွား၊ ဩစတြေးလျနိုင်ငံသား Mr. Eugene Quahနှင့် ပညာရေးဈေးကွက်အခြေအနေ၊ မြန်မာကျောင်းသားများ၏ပြည်ပပညာရေးသတင်းအချက်အလက်ရှိမှုတို့အကြောင်း တွေ့ဆုံမေးမြန်းထားမှုအား ကောက်နုတ်ဖော်ပြလိုက်ပါသည်။**



**လူကြီးမင်းရဲ့ ပညာရေးနောက်ခံနဲ့ မြန်မာနိုင်ငံကို ရောက်လာခဲ့မှုကို ပြောပြပေးပါ။**

ကျွန်တော်က ယူနီဗာစတီအော့နယူးဆောက်ဝေး(UNSW)မှာဥပဒေနဲ့စိတ်ပညာဘာသာရပ်ကိုသင်ယူပြီး ဒီဂရီဘွဲ့နှစ်ခုရခဲ့ပါတယ်။ မြန်မာနိုင်ငံကို ပထမဆုံးအကြိမ်အလည်အပတ်ရောက်တဲ့ ၂၀၀၇ ခုနှစ်မှာပဲ ထူးခြားမှုရှိပြီး စိတ်ဝင်စားစရာကောင်းတဲ့နိုင်ငံလို့သိခဲ့ပါတယ်။ မိတ်ဆွေသူငယ်ချင်းကောင်းတွေနဲ့လည်း ဆုံတွေ့ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်ကုန်မှာပဲ ကျွန်တော့်မှာရှိတာအကုန်ရောင်းချပြီး မြန်မာနိုင်ငံမှာနေဖို့လာခဲ့ပါတယ်။ ဒီမှာနေဖို့စိန်ခေါ်မှုတချို့ရှိပေမယ့် ဒီကအတွေ့အကြုံတွေကိုသဘောကျပါတယ်။ ကျွန်တော် ပျော်ပါတယ်။

**ပညာရေးဝန်ဆောင်မှု လုပ်ငန်းကိုဘယ်လိုရွေးချယ်ဖြစ်ခဲ့ပါသလဲ။**

ကျွန်တော် ဒီကအမျိုးမျိုးသောအလုပ်အကိုင်အခွင့်အလမ်းကိုကြည့်တဲ့အခါမှာ အကြံပေး လုပ်ငန်းလုပ်ကိုင်တဲ့သူ နည်းပါးတာတွေ့ပါတယ်။ ကျွန်တော်ဗြိတိသျှကောင်စီမှာ အင်္ဂလိပ်စာတစ်နှစ်လောက်သင်ဖူးပါတယ်။ Nexus အင်္ဂလိပ်ဘာသာစကားသင်တန်းနဲ့အတူ လုပ်ဖူးပါတယ်။ အဲနောက်မှာ ပြည်ပပညာသင်စီးပွားရေးလုပ်ငန်းတည်ထောင်ဖို့ဆုံးဖြတ်ခဲ့ပါတယ်။ ကျွန်တော်နိုင်ငံခြားတက္ကသိုလ်တွေရဲ့ဈေးကွက်သုတေသနလေ့လာမှုကိုလည်း ဆောင်ရွက်ခဲ့ပါတယ်။

**မြန်မာနိုင်ငံနဲ့ ဒေသတွင်းနိုင်ငံတွေဘာတွေကွာခြားမှုရှိတယ်ထင်ပါသလဲ။**

ကျွန်တော်တို့ဒေသတွင်းနိုင်ငံတချို့ကို ရောက်ဖူးပါတယ်။ မြန်မာရဲ့ ရိုးရာယဉ်ကျေးမှုနဲ့ အမြင်သဘောထားက အစဉ်အလာနည်းလမ်းတွေအတိုင်း ရှိနေဆဲပါပဲ။ နိုင်ငံတိုင်းမှာတော့ အကောင်းနဲ့အဆိုးက ဒွန်တွဲနေတာပါ။ မကြာခင်ကပဲ စင်ကာပူနဲ့ မလေးရှားမှာရှိတဲ့ အမျိုးတွေနဲ့ သူငယ်ချင်းတွေဆီ အလည်သွားဖြစ်ပါတယ်။ မြန်မာထက် အများကြီးဖွံ့ဖြိုးတိုးတက်နေတာ တွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်နှစ်သက်တဲ့အချက်တစ်ခုဖြစ်တဲ့ ရိုးရာဓလေ့နဲ့ ယဉ်ကျေးမှုတွေ မြန်မာမှာလို ရှိမနေပါဘူး။


**ကျောင်းသားဈေးကွက် ကွာခြားမှုကရော။**

ကျောင်းသားဈေးကွက် အနေနဲ့ ထိုင်းနဲ့ တခြားနိုင်ငံတွေက ပိုပြီးကြီးမားတဲ့ ဈေးကွက်တွေရှိပါတယ်။ မြန်မာလည်း တိုးတက်လာမယ်လို့ထင်ပါတယ်။

စာ(၂၂)သို့







7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

## စာ-၂၁၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်နေသူ ဩစတြေးလျလုပ်ငန်းရှင်နှင့်တွေ့ဆုံခြင်း မှ

အခုလည်းတဖြည်းဖြည်းမြင့်တက်လာနေပါတယ်။ အရင်နှစ်တွေနဲ့ နှိုင်းယှဉ်ရင် အရေအတွက်တိုးလာနေပါတယ်။

**ဘာကြောင့် မြန်မာနိုင်ငံကို ရွေးချယ်ခဲ့တာပါလဲ။**

ကျွန်တော်ဒီနိုင်ငံကိုနှစ်သက်လို့ပါ။ဒီမှာနေရတာပျော်ပါတယ်။ ဒါက အဓိကအကြောင်းပြချက်ပါ။ တခြားအချက်အနေနဲ့ ဒီလိုဝန်ဆောင်မှုလုပ်ငန်းတွေ လိုအပ်ချက်ရှိနေလို့ပါ။ ထိုင်းနိုင်ငံမှာဆို ကျောင်းသားတွေက သတင်းအချက်အလက်တွေ ရရှိဖို့ လွယ်ကူတယ်။ ဒီမှာက ပညာရေးအေးဂျင့်တွေ အတော်များများက ဩစတြေးလျကို မရောက်ဖူးတာတွေ့ရတယ်။ ဩစတြေးလျ ပညာရေးအကြောင်း အကြံပေးတယ်။ ကျွန်တော့်အတွက် နည်းနည်း ထူးဆန်းနေတာက အမြဲတမ်းနေထိုင်ခွင့်နေထိုင်မှုပုံစံတွေနဲ့ ပတ်သက်ပြီး သတင်းလွဲမှားတာတွေ ပေးနေတာပါပဲ။ ကျောင်းသားတွေ သူတို့ဘာလုပ်မယ်ဆိုတာ ဆုံးဖြတ်ချက်မချမီသတင်းအချက်အလက်တွေ အပြည့်အဝရရှိနေဖို့လိုအပ်တယ်လို့ထင်ပါတယ်။

**လုပ်ငန်း စတင်တည်ထောင်တဲ့ အချိန်မှာ အခက်အခဲနဲ့ကြုံတွေ့ရတာမျိုး ရှိပါသလား။**

မြန်မာနိုင်ငံမှာ စီးပွားရေးစလုပ်တာ အခက်အခဲရှိနိုင်ပါတယ်။ အကြောင်းအရင်းတစ်ခုက ဥပဒေစည်းမျဉ်းစည်းကမ်းအခက်အခဲပါပဲ။ နိုင်ငံခြားသားတင်မကဘူး။ မြန်မာအတော်များများလည်း အခက်အခဲရှိမယ်ထင်တယ်။နိုင်ငံခြားသားအတွက် အဓိကအနေနဲ့ ကတော့ရှေ့နေဆီက အကြံဉာဏ်ကောင်းရဖို့ပါပဲ။ ဒီမှာ ကျွန်တော့် မိတ်ဆွေတွေက စီးပွားရေးလုပ်ငန်းလုပ်နေတာရှိတော့ လုပ်နည်းကိုင်နည်းတွေ ပြောပြပါတယ်။ တစ်ခါတလေမှာတော့ နည်းမှန်လမ်းမှန်က ဘာလဲဆိုတာ ရှာဖို့ခက်ပါတယ်။ ဒါပေမယ့် အကြံဉာဏ်ကောင်းပေးတဲ့ မိတ်ဆွေ၊ သူငယ်ချင်းတွေရှိတဲ့အတွက် ကျွန်တော်ကံကောင်းပါတယ်။ နောက်တစ်ချက်ကတော့ မြန်မာနိုင်ငံက စီးပွားရေးလုပ်ကိုင်ဖို့ စိတ်ဝင်စားစရာကောင်းတဲ့နေရာတစ်ခုလို့ ထင်ပါတယ်။

**မြန်မာကျောင်းသားတွေမှာ တွေ့ရတတ်တဲ့ အခက်အခဲရှိရင် သိချင်ပါတယ်။**

ကျောင်းသားတွေကြုံတွေ့နေရတဲ့ အဓိကအခက်အခဲတစ်ခုကတော့ မှန်ကန်တဲ့သတင်းအချက်အလက် အကြံပေးမှုတွေ မရရှိတာပါ။ တစ်ခါတလေ လူတွေမှာ သတင်းအချက်အလက်မှားတွေရှိနေတယ်။ သူတို့ကိုရှင်းလင်းပြောပြတာကို နားမလည်တာမျိုးနဲ့ မှားယွင်းတဲ့သတင်းအချက်အလက်တွေကို တစ်စုံတစ်ယောက်က ပြောပြထားတာမျိုးဖြစ်လိမ့်မယ်။ အားနည်းချက်ကတော့ ဩစတြေးလျသွားဖို့ လုံလောက်တဲ့ ဗဟုသုတ မရှိထားတာပါပဲ။

**လက်ရှိ ကျောင်းသားဈေးကွက် အခြေအနေကို ပြောပြပေးပါ။**

ကျောင်းသားတွေ စင်ကာပူနဲ့ဩစတြေးလျနိုင်ငံတွေမှာ သွားရောက်ပညာသင်ယူလိုကြပါတယ်။ ဆယ်ကျော်သက်တွေအတွက် ပေါ်ပြူလာဖြစ်တဲ့ ဘဝခရီးပန်းတိုင်တစ်ခုပါ။ ဩစတြေးလျနိုင်ငံရဲ့အခက်အခဲကတော့ပြည်ဝင်ခွင့်လိုအပ်ချက်တွေဖြစ်ပါတယ်။ ကျောင်းသားပြည်ဝင်ခွင့်မူဝါဒအတွက်လောလောဆယ်ပြန်လည်သုံးသပ်နေပါတယ်။ မကြာခင်ပဲ အပြောင်းအလဲဖြစ်ဖို့ မျှော်လင့်ပါတယ်။ ဒါပေမဲ့ ဘာတွေဖြစ်မယ်ဆိုတာတော့ အသေအချာမသိပါဘူး။ ကျောင်းသားပြည်ဝင်ခွင့်အတွက်ကတော့ငွေကြေးပြည့်စုံလုံလောက်မှုရှိနေဖို့ အရေးကြီးပါတယ်။

**ကျောင်းသားတွေဆီက ဘယ်လိုမေးခွန်းမျိုးကို ကြားရလေ့ရှိပါသလဲ။**

ဒီမှာမေးခွန်းအများစု ကြားရတာက ဘယ်ဘာသာရပ်ကကောင်းလဲ။ ဘယ်တက္ကသိုလ်ကကောင်းလဲဆိုတာပါပဲ။ ကျွန်တော်ထင်တာကတော့ အဲဒါမှန်ကန်တဲ့မေးခွန်းမဟုတ်ပါဘူး။ ကိုယ့်ရဲ့တစ်ဦးတစ်ယောက်ချင်းလိုအပ်ချက်နဲ့အကောင်းဆုံးသင့်တော်မှုရှိမယ့်ဘာသာရပ်မျိုးကိုဘယ်လိုတက္ကသိုလ်မျိုးမှာ ရရှိနိုင်မလဲဆိုတဲ့မေးခွန်းကိုမေးသင့်ပါတယ်။ လူတစ်ဦးချင်းစီအလိုက် ကွဲပြားခြားနားတဲ့လိုအပ်ချက်တွေရှိနေမှာပါ။

**ဘယ်လို ဘာသာရပ်မျိုးကို ကျောင်းသားတွေ လေ့လာသင်ယူချင်ကြတာတွေ့ရပါသလဲ။**

ကျောင်းသားအများစုက ဆေးပညာသင်ယူချင်ကြတယ်။ ဆေးပညာသင်ယူဖို့ မေးမြန်းစုံစမ်းတာကို ကြားရတယ်။ နောက်ပြီးအင်ဂျင်နီယာနဲ့ စီးပွားရေးပညာပါ။

**ပြည်ပမှာ ပညာသင်ယူလိုတဲ့ ကျောင်းသားတွေအတွက် ဘယ်လိုအကြံမျိုးပေးချင်ပါသလဲ။**

ကျွန်တော်အကြံပြုချင်တာကတော့ သတင်းအချက်အလက်ကောင်းကောင်းရဖို့နဲ့ တိုင်ပင်ဆွေးနွေးအကြံပြုသူတွေနဲ့တွေ့ဆုံဖို့ပါ။ကိုယ်အသုံးပြုနေတဲ့ သတင်းရင်းမြစ်တွေကို သေချာအောင်လုပ်ပါ။ ယုံကြည်အားထားရမှုရှိလား ကြည့်ပါ။ သတင်းအချက်အလက်ကို အင်တာနက်ပေါ်ကရနိုင်သလို ပညာရေးအဖွဲ့အစည်းက ကိုယ်စားလှယ်တွေလာပြီးပြပွဲ၊ ဟောပြောပွဲတွေလုပ်တဲ့အခါ တွေ့ဆုံဆွေးနွေးနိုင်တယ်။ ပညာရေးအေးဂျင့်တွေနဲ့ စကားပြောနိုင်တယ်။ ပြည်ပမှာ ပညာသင်နေတဲ့ ဆွေမျိုး၊ မိတ်ဆွေသူငယ်ချင်းတွေဆီကနေ မေးမြန်းနိုင်တယ်။ အမျိုးမျိုးသော သတင်းအချက်အလက်တွေ ရရှိမှုတွေကို ဂရုတစိုက်အသုံးချနိုင်ပါတယ်။ မှန်ကန်တဲ့ဆုံးဖြတ်ချက်ချနိုင်ဖို့ အထောက်အကူကောင်းဖြစ်စေမှာပါ။ ကိုယ့်ရဲ့အနာဂတ်ဘဝလမ်းကြောင်းအတွက် ကိုယ်ဘာကိုအမှန်တကယ်လုပ်ချင်တာလဲဆိုတာစဉ်းစားပါ။

**အချိန်ပေး ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။**

## စင်ကာပူရှိ မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် ပညာသင်လိုသော ကလေးများအတွက် ဝင်ခွင့်စာမေးပွဲထုတ်ပြန်



**နေလင်းထွန်း**

**ရန်ကုန်၊**
**စက်တင်ဘာ - ၆**

စင်ကာပူနိုင်ငံရှိ မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် ပညာသင်ယူလိုသောကလေးငယ်များအတွက် ကျောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ တစ်ခုသတ်မှတ်ထုတ်ပြန်လိုက်ကြောင်း Crown Education မှ သိရသည်။ အဆိုပါစာမေးပွဲမှာ Supplementary Admission Exercise for International Students(S-AEIS) ဖြစ်ပြီး ယခင် ကျင်းပနေသော Qualifying Test(QT) နေရာတွင်အစားထိုးလိုက်ခြင်းဖြစ် သည်။

စင်ကာပူအစိုးရ၏မူလတန်းနှင့် အလယ်တန်းကျောင်းများသို့ မြန်မာကလေးငယ်များ သွားရောက် ပညာသင်ယူလျက်ရှိရာ စက်တင်ဘာနှင့် အောက်တိုဘာလများတွင် ကျင်းပလေ့ရှိသည့် Admission Exercise for International Students (AEIS) နှင့် Qualifying Test(QT) တို့အား ကျောင်းဝင်ခွင့်ရရှိရန် ဖြေဆိုကြရသည်။

ယခုအခါ Qualifying Test(QT) အား ဆက်လက်ဆောင်ရွက်တော့မည်မဟုတ်ဘဲ ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် Supplementary Admission Exercise for International Students(S-AEIS) ကို အစားထိုး စစ်ဆေးသွားဖြစ်ကြောင်း သိရသည်။

S-AEIS ဖြေဆို အောင်မြင်သော ကျောင်းသားငယ်များအား AEIS စာမေးပွဲကဲ့သို့ နေရာလစ်လပ်မှုပေါ်တွင်မူတည်၍ ကျောင်းတစ်ပါတည်း သတ်မှတ်ပေးမည်

## ဗြိတိန်ကျောင်းသားဗီဇာ အပယ်ခံရသူများ ဘဏ်ငွေစာရင်း မမှန်မကန်ပြမှုကြောင့်ဟုဆို

**နေလင်းထွန်း**

**ရန်ကုန်၊**
**စက်တင်ဘာ - ၉**

မြန်မာကျောင်းသားများ ဗြိတိန်ပြည်ဝင်ခွင့်ဗီဇာအပယ်ခံရမှုအများစုမှာ ဘဏ်ငွေစာရင်းမမှန်မကန်ပြသမှုကြောင့်ဖြစ်ကြောင်း ဗြိတိန်ပြည်ဝင်ခွင့်ဆိုင်ရာ အရာရှိတစ်ဦးက ပြောသည်။

ဗြိတိန်နိုင်ငံတွင် ပညာသင်ယူရန် ကျောင်းသားပြည်ဝင်ခွင့်လျှောက်ထားရာတွင် ကျောင်းလခနှင့် နေထိုင်စားသောက်စရိတ်တို့အား ဘဏ်ငွေစာရင်းပြသရသည်။ ၎င်းငွေကြေးလုံလောက်စွာမရှိသောကျောင်းသားများသည် ဘဏ်အချို့နှင့်ပူးပေါင်း၍ လည်းကောင်း၊ ငွေကြေး ချေးငှား၍ လည်းကောင်း ဆောင်ရွက်လေ့ရှိကြသည်။

"ကျောင်းသားတိုင်းကတော့ကျောင်းသားအစစ်အမှန်တွေမဟုတ်ကြပါဘူး။ ဗီဇာအပယ်ခံရတဲ့အကြောင်းအရင်းက အမျိုးမျိုးရှိပါတယ်။ အများစုကတော့ မဟုတ်မမှန်တဲ့နည်းတွေနဲ့ ငွေကြေးအသုံးပြုကြတာပါ။ ဒါကြောင့်ငွေကြေးကို အလေးထားပြီးနှစ်ကြိမ်စစ်ဆေးပါတယ်" ဟု အထက်ပါပုဂ္ဂိုလ်က ယူကေပညာရေးဟောပြောပွဲတစ်ခုတွင် ပြောသည်။

ကျောင်းသား ပြည်ဝင်ခွင့်အပယ်ခံရမှုများတွင် သတင်းအချက်အလက်လွဲမှားနေမှု၊ CAS တွင်ဖြည့်စွက်ထားသောအကြောင်းအရာများနှင့် လက်တွေ့အင်တာဗျူးချိန်တွင် ဖြေကြားချက်များ လွဲမှားနေခြင်း၊ ဘဏ်ငွေစာရင်းသတ်မှတ်ချက်လွဲမှားနေခြင်းတို့လည်း ပါဝင်ကြောင်း သိရသည်။

နိုင်ငံတကာ ကျောင်းသားများအနေဖြင့် ဗြိတိန်နိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်ရရန် ကျောင်းသားပြည်ဝင်ခွင့်အသုံးချလာသည့်အတွက် အလုပ်လုပ်ကိုင်ရန် ရည်ရွယ်သွားရောက်ကြသည့်ကျောင်းသားအတုအယောင်များကို စိစစ်ကြပ်မတ်လျက်ရှိပြီး ပြည်ဝင်ခွင့်မူဝါဒများအား တင်းကျပ်လိုက်ခြင်းဖြစ်သည်။



Technology

7DAY NEWS JOURNAL

Vol.10, No.26 • SEPTEMBER 15, 2011

# လျှပ်စစ်မီတာခများ အွန်လိုင်းမှတစ်ဆင့် ပေးချေနိုင်ရန် စီစဉ်

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ- ၅**

ရန်ကုန်မြို့တွင်းရှိ လစဉ်ပေးဆောင်နေရသည့်လျှပ်စစ်မီတာခများကို အွန်လိုင်းမှတစ်ဆင့်ပေးချေနိုင်ရန် မကြာမီဆောင်ရွက်ပေးသွားမည်ဟုသတင်းရရှိသည်။

လစဉ်အသုံးပြုသောလျှပ်စစ်မီတာခများကို အွန်လိုင်းမှတစ်ဆင့်ပေးချေခြင်း ဝန်ဆောင်မှုကို ဆောင်ရွက်ဖြစ်မည်ဆိုပါက လျှပ်စစ်ဝန်ကြီးဌာနနှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တို့ ကပုဂ္ဂလိက ဘဏ်၊ အစိုးရဘဏ်များနှင့်ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဟု ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထိုဝန်ဆောင်မှုအသစ်အတွက် ပုဂ္ဂလိကဘဏ်များအပြင် အစိုးရဘဏ်များနှင့်ပါ ဆောင်ရွက်နိုင်ရန်စီစဉ်သွားမည်ဟုလည်း သိရသည်။

ယင်းကဲ့သို့ လျှပ်စစ်မီတာခများကို အွန်လိုင်းမှတစ်ဆင့်ပေးဆောင်နိုင်မည်ဆိုပါက လစဉ်မီတာကျသင့်နှုန်းထားများပေါ်တွင် ဝန်ဆောင်ခအနေဖြင့် ကျပ်ငါးရာသာ ပိုမိုကုန်ကျမည်ဖြစ်ကြောင်း အထက်ပါတာဝန်ရှိသူထံမှ သိရသည်။

ယခုလက်ရှိ ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများ၏ ဖုန်းဘီလ်များကို အွန်လိုင်းပေါ်မှတစ်ဆင့်ပေးဆောင်နိုင်သည့် ဝန်ဆောင်မှုကို မြန်မာ့စီးပွားရေးဘဏ်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်နှင့် ရတနာပုံတယ်လီပို့ကုမ္ပဏီလီမိတက်တို့ပူးပေါင်းဆောင်ရွက်ပေးနေသည်။ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးတွင် လျှပ်စစ်မီတာအလုံးရေ ၂,၂၆၃,၄၁၄ ကို တပ်ဆင်ပေးပြီးဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြပါရှိသည်။



# ရန်ကုန် – နေပြည်တော် – မန္တလေး အမြန်လမ်းတစ်လျှောက် ဂျီအက်စ်အမ်ဖုန်းသုံးနိုင်တော့မည်

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ- ၅**

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတစ်လျှောက်တွင် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများအသုံးပြုနိုင်ရန်တွက် ဆက်သွယ်ရေးစခန်းများတည်ဆောက်ပြီး စီးတော့မည်ဖြစ်ကြောင်းသတင်း ရရှိသည်။

ယခုလက်ရှိတွင် ယင်းအမြန်လမ်းမကြီးပေါ်ရှိ မိုင်တိုင်အမှတ် (၂၃၅) နှင့် မိုင်တိုင်အမှတ် (၂၅၆) တို့တွင် ဂျီအက်စ်အမ် မိုဘိုင်းဆက်သွယ်ရေးစခန်းနှစ်ခုကို တည်ဆောက်ပြီးစီးသွားပြီဖြစ်ကြောင်း မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ တာဝန်ရှိသူတစ်ဦးကပြောသည်။

ထို့အပြင် မိုင်တိုင်အမှတ် (၂၁၀/၆) သရက်စိုက်ပျိုးရေးနှင့် မိုင်တိုင်အမှတ် (၂၂၀/၃) နှင့် နေပြည်တော်တိုးဂိတ်အနီး အစရှိသည့် နေရာများတွင် ဂျီအက်စ်အမ်မိုဘိုင်းဆက်သွယ်ရေးစခန်းများကို ဆက်လက်တည်ဆောက်နေကြောင်းလည်းသိရသည်။

ထိုတည်ဆောက်မှုများအားလုံးမှာ ယခုနှစ်ကုန်ပိုင်းဝန်းကျင်တွင် ပြီးစီးနိုင်မည်ဖြစ်ကြောင်းလည်းသိရသည်။

လက်ရှိတွင်ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမပေါ်တစ်လျှောက် ဂျီအက်စ်အမ်မိုဘိုင်းဖုန်းများကို အသုံးပြုနိုင်ခြင်း မရှိသေးပေ။

# ဒစ်ဂျစ်တယ်နည်းပညာနှင့် ရုပ်သံဖန်တီးမှုသင်တန်း MCPA ဖွင့်လှစ်မည်

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ-၉**

မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း (MCPA) က ဒစ်ဂျစ်တယ်၊ ဗီဒီယိုနည်းပညာများနှင့် ပတ်သက်သည့် ရုပ်သံဖန်တီးမှုသင်တန်းကို ရန်ကုန်မြို့တွင် ပို့ချသင်ကြားပေးသွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ရုပ်သံအစီအစဉ်များနှင့် ရုပ်မြင်သံကြားကြော်ငြာများ၊ မှတ်တမ်းရုပ်ရှင်ကားများ တည်းဖြတ်ထုတ်လုပ်မှုများဆိုင်ရာအကြောင်းအရာများကို ပို့ချပေးသွားမည်ဟု သိရသည်။

ထို့အပြင် အဆိုပါသင်တန်းတွင် ခေတ်သစ်ရုပ်သံနည်းပညာတွင်ပါဝင်သော ဗီဒီယိုပုံရိပ်များဖွဲ့စည်းမှုသီအိုရီများ၊ ဗီဒီယိုကင်မရာများ ကိုင်တွယ်အသုံးပြုပုံနှင့် အလင်းပေးခြင်းနည်းစနစ်များ၊ ဗီဒီယိုတည်းဖြတ်ခြင်း၊ စာတန်ထိုးခြင်းနှင့်ဒစ်ဂျစ်တယ်အသံပိုင်းဆိုင်ရာ အချက်အလက်များအပါအဝင် အခြားသောနည်းပညာရပ်များဆိုင်ရာများကို သင်ကြားပေးသွားမည်ဟု MCPA ကထုတ်ပြန်သောသတင်းများအရသိရသည်။

အဆိုပါသင်တန်းကို ရုပ်သံဖန်တီးထုတ်လုပ်မှုနှင့် ပတ်သက်သည့် အတွေ့အကြုံရှိကျွမ်းကျင်သူ၊ သင်တန်းနှင့်ပတ်သက်သည့်သက်ဆိုင်ရာအနုပညာနယ်ပယ်မှ ကျွမ်းကျင်သူအချို့ကပူးပေါင်းပို့ချမည်ဖြစ်သည်။

ရုပ်သံဖန်တီးထုတ်လုပ်မှုသင်တန်း (အမှတ်စဉ်-၂) ကို တက်ရောက်လာသူများအနေဖြင့် လုပ်ငန်းများအတွက်လိုအပ်မည့် Software Application Installer များ၊ Plugins များ၊ Resource Material များ၊ မြန်မာဘာသာဖြင့်ရေးသားပြုစုထားသည့်ခေတ်ပေါ် ဗီဒီယိုနည်းပညာနှင့် ရုပ်ရှင်ဂီတသဘောတရားဆိုင်ရာမှတ်စုများကိုရရှိမည်ဟုလည်း သိရသည်။

စာ(၂၄)သို့














7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

## ITPEC စာမေးပွဲ အောက်တိုဘာလအတွင်း ကျင်းပမည်

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ-၉**

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)မှ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာစာမေးပွဲတစ်ရပ်ဖြစ်သည့် ITPEC စာမေးပွဲကို လာမည့်အောက်တိုဘာလအတွင်း ကျင်းပမည်ဖြစ်ကြောင်းသတင်းရရှိသည်။

ITPEC စာမေးပွဲဆိုသည်မှာ Information Technology Professional Examination Council ဟူသည့် နည်းပညာဆိုင်ရာစာမေးပွဲတစ်ခုဖြစ်ပြီး အိုင်စီတီနှင့်ပတ်သက်သည့် အခြေခံအကြောင်းအရာများကို နားလည်ကျွမ်းကျင်သူများ၊ Programmer များ၊ Program Design ရေးဆွဲသူများနှင့် Software Development လုပ်ငန်းများတွင် လုပ်ကိုင်နေသည့် မည်သူမဆို ဝင်ရောက်ဖြေဆိုနိုင်သည့် စာမေးပွဲမျိုးဖြစ်သည်။

ITPEC ၏စာမေးပွဲအမျိုးအစားမှာသုံးမျိုးရှိသည်။ ယင်းအမျိုးအစားများမှာInformation Technology Passport Examination (IP) ၊ Fundamental Information Technology Engineer Examination(FE)၊ နှင့် Applied Information Technology Engigeer Examination(AP) အစရှိသည်တို့ဖြစ်သည်။

အဆိုပါစာမေးပွဲများကို ဂျပန်နိုင်ငံမှ မြန်မာ၊ ထိုင်း၊ ဗီယက်နမ်၊ မွန်ဂိုလီးယား၊ မလေးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ ပူးပေါင်းပြီး နှစ်စဉ် ဧပြီလနှင့်အောက်တိုဘာလများတွင် တစ်ပြိုင်တည်းကျင်းပပေးခြင်းဖြစ်သည်။

ITPEC စာမေးပွဲများကို ဖြေဆိုအောင်မြင်သူများအနေဖြင့် ပြည်တွင်း၊ ပြည်ပရှိ အိုင်စီတီဆိုင်ရာနယ်ပယ်များတွင် အဆင့်မြင့်ကျွမ်းကျင်ပညာရှင်အဆင့်အနေဖြင့် ပြန်လည်ကာအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြုလုပ်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

MCFမှကျင်းပပေးမည့်အဆိုပါအိုင်စီတီဆိုင်ရာစာမေးပွဲများကို ၂၀၁၁၊ အောက်တိုဘာလ ၂၃ ရက်တွင် တစ်ပြိုင်တည်းစစ်ဆေးပေးသွားမည်ဖြစ်သည်။ ဖြေဆိုရမည့်နေရာမှာ ရန်ကုန်တက္ကသိုလ်၊ လှိုင်နယ်မြေရှိ မြန်မာအင်ဖိုတက်ခ်တွင်ဖြစ်သည်။ ဖြေဆိုလိုသူများအနေဖြင့် နောက်ဆုံးစာရင်းပေးသွင်းရမည့်နေ့မှာအောက်တိုဘာ ၁၉ ရက်ဖြစ်ကြောင်း အသင်းချုပ်မှ သတင်း ရရှိသည်။

### စာ(၂၃) – ဒစ်ဂျစ်တယ်နည်းပညာနှင့် ရုပ်သံဖန်တီးမှုသင်တန်း MCPA ဖွင့်လှစ်မည် မှ

သင်တန်းသားဦးရေကို အသင်းမှကန့်သတ်ထားပြီး သင်တန်းကာလမှာ လာမည့်အောက်တိုဘာ ၁၀ရက်မှ နိုဝင်ဘာ ၁၁ရက်အထိဖြစ်ပြီး ရန်ကုန်မြို့၊ လှိုင်တက္ကသိုလ်နယ်မြေရှိမြန်မာအင်ဖိုတက်ခ်ဝင်းအတွင်း တစ်ဦးလျှင် သင်တန်းကြေး ကျပ်တစ်သိန်းလေးသောင်းဖြင့် ဖွင့်လှစ်သွားမည်ဟု သိရသည်။

## ဆိုးလ်မြို့တော်ရှိ ဂူးဂဲလ်ုံးခန်းများ ဝင်ရောက်ရှာဖွေခံရ

**ဝါရှင်တန်၊ စက်တင်ဘာ - ၇**

တောင်ကိုရီးယား၏ ကုန်သွယ်ရေးကော်မရှင်(KFTC)မှ တာဝန်ရှိသူများသည် ဆိုးလ်မြို့တော်ရှိ ဂူးဂဲလ်ကုမ္ပဏီ၏ ရုံးခန်းများကို ဝင်ရောက်ရှာဖွေခဲ့ကြောင်း နည်းပညာသတင်းဝက်ဘ်ဆိုက် CNET ကဖော်ပြသည်။

သို့သော် သတင်း၌ ဂူးဂဲလ်၏ ရုံးခန်းများကို ကိုရီးယားတာဝန်ရှိသူများက အဘယ်ကြောင့် ဝင်ရောက်ရှာဖွေခဲ့သည်ကိုမူ ရှင်းလင်းစွာ မသိရသေးကြောင်းဆိုသည်။ အေအက်ဖ်ပီသတင်းက စုံစမ်းမှုကို ဖြေကြားရာ၌ ဂူးဂဲလ်၏ ပြောခွင့်ရ အမျိုးသမီးက ၎င်းတို့သည် KFTC နှင့် ပူးပေါင်းကာ လုပ်ငန်းနှင့်ပတ်သက်သော မေးခွန်းများကို ဖြေကြားသွားမည်ဖြစ်ကြောင်းဆိုသည်။ ကိုရီးယားမှ Daum နှင့် NHN နည်းပညာကုမ္ပဏီများကမူ ဂူးဂဲလ်သည် Android Mobile OS ကို ထုတ်လုပ်သူဖြစ်သောကြောင့် ယင်းကို အခွင့်ကောင်းယူကာ ဒေသခံကုမ္ပဏီများမှထုတ်သော စမတ်ဖုန်းများတွင်လည်း ၎င်း၏ Search Function ကို ထည့်သွင်းနေကြောင်း၊ ထို့ကြောင့် Android အသုံးပြုသည့် စမတ်ဖုန်းများတွင် ဒေသခံကုမ္ပဏီများ၏ Search Engine များ ထည့်သွင်းရန် အခက်အခဲရှိနေကြောင်း ဆိုထားသည်။

သို့သော် ဂူးဂဲလ်ဘက်ကမူ ဟန်းဆက်ထုတ်လုပ်သူများသည် Google Search ကို မဖြစ်မနေ အသုံးပြုရန် မလို အပ်ကြောင်း ငြင်းဆိုထားသည်။ *—Ref: AFP*

# လွှတ်တော်မှတ်တမ်းအဖြစ်သာ အကျုံးဝင်သွားသည့် မီဒီယာလွတ်လပ်ခွင့်အဆို

သီဟ

**ကျင်းပနေဆဲဖြစ်သည့် ပြည်သူ့လွှတ်တော်၏ သတင်းရယူရန်သတ်မှတ်ထားသည့် အခန်းတွင်း၌ သတင်းရယူလျက်ရှိကြသည့် သတင်းထောက်များ၏မျက်နှာတွင် သိလိုစိတ်များဖြင့် စိတ်အားထက်သန်မှုကို အထင်းသားမြင်တွေ့နေရသည်။**



ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား လွှတ်တော်အတွင်း၌ တွေ့ရစဉ်

ဓာတ်ပုံ-သီဟ

ယခုကျင်းပနေသည့်ပထမအကြိမ်လွှတ်တော်များ၏ ဒုတိယပုံမှန်အစည်းအဝေးများတွင်မှ သတင်းထောက်များ လွှတ်တော်အဆောက်အအုံများအတွင်းသို့ သတင်းယူခွင့်ရရှိခဲ့ခြင်းဖြစ်ရာ ယခုသတင်းယူလျက် ရှိကြသည့် သတင်းထောက်များသည်ဆယ်စုနှစ်ငါးခုစာခန့်မျှ လွှတ်တော်သတင်းယူခြင်းနှင့်ကင်းကွာခဲ့ကြသဖြင့် အားလုံးအတွက်မှာ ပထမအကြိမ်လွှတ်တော်အစည်းအဝေးများ၏ ဒုတိယပုံမှန် အစည်းအဝေးဆိုသော်လည်း ယင်းတို့အတွက်မှာမူ ပထမဆုံးသော အတွေ့အကြုံပင်ဖြစ်သည်။

ထို့ကြောင့် လွှတ်တော်များအတွင်းဆွေးနွေးကြသည့် အကြောင်းအရာများအား ရေးသားဖော်ပြ၍ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားလုံးကို စိတ်ဝင်စားကြသည်၊နားထောင်ကြသည်။

သို့သော်ယနေ့စက်တင်ဘာ ၇ရက်နေ့ ပထမအကြိမ်ပြည်သူ့လွှတ်တော်၏ ဒုတိယပုံမှန်အစည်းအဝေးဆယ့်သုံးရက် မြောက်နေ့တွင်ဆွေးနွေးကြမည့် သဃ်န်းကျွန်းမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းညွန့်၏ အဆိုကို ပိုမိုစိတ်ဝင်တစား နားထောင်နေကြခြင်းဖြစ်သည်။

ဦးသိန်းညွန့်က ၎င်း၏ အဆိုအား စက်တင်ဘာ ၆ ရက်ပြည်သူ့လွှတ်တော် ၁၂ရက်မြောက်နေ့တွင် တင်သွင်းခဲ့ခြင်းဖြစ်သည်။ တင်သွင်းခဲ့သည့် အဆိုမှာ သတင်းမီဒီယာများ၏ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ရေးသားဖြန့်ဝေခွင့်စသည့် အခွင့် အရေးများအားကာကွယ် စောင့် ရှောက် သည့် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးပါရန် ဟူသည့်အဆိုပင်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၀၈ ခုနှစ်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဒီမိုကရေစီနိုင်ငံများ၏ အင်္ဂါရပ်တစ်ခုဖြစ်သည့် လွတ်လပ်စွာရေးသားဖော်ပြခွင့်ဟူသည့် အချက်ပါရှိခဲ့ရာ အဆိုပါ အချက်အား ပိုမိုအသက်ဝင်လာစေရန် အတွက် ဦးသိန်းညွန့်က အထက်ပါအဆိုကို တင်သွင်းခြင်းဖြစ်သည်။

"ကျွန်တော် ဒီအဆိုကို တင်သွင်းရခြင်းရဲ့ရည်ရွယ်ချက်က သုံးဆယ်ရက် သုံးလ နှစ်ထောင့်ဆယ့်တစ်နေ့မှာ သမ္မတကြီးရဲ့မူဝါဒမိန့်ခွန်းမှာပါတဲ့ စတုတ္ထမဏ္ဍိုင်ဆိုတဲ့ အချက်ကို အခြေခံပါတယ်။ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာများနဲ့ ပတ်သက်၍ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များနဲ့အညီ ခေတ်နဲ့မလျော်ညီတဲ့ စာပေ စာနယ်ဇင်းဆိုင်ရာ ဥပဒေအချို့ကိုပြင်ဆင်ပြဋ္ဌာန်းခြင်း၊ ဒီအချက်ကို လက်တွေ့အသက်ဝင်ချင်လို့ ဒီအဆိုကို တင်ရခြင်းဖြစ်ပါတယ်"ဟု ဦးသိန်းညွန့်က အဆိုတင်သွင်းရာတွင် ကနဦးပြောကြားသွားသည်။

ယနေ့ အချိန်တွင် စာပေစိစစ်ရေး၏ စိစစ်မှုအောက်တွင် စာပေစာနယ်ဇင်းများ ထုတ်ဝေနေရသည်ဖြစ်၍ စာပေရေးသားထုတ်ဝေမှုဆိုင်ရာအခက်အခဲများရှိကြောင်းနှင့် စနစ်သစ်တွင် ဖြေလျှော့မှုရှိသည်ဟုကြားသိရကြောင်း ဦးသိန်းညွန့်က ဆက်လက်ပြောကြားသွားသည်။

အဆိုပါ အဆိုကို တင်သွင်းရခြင်းမှာ အမှန်တကယ်စာပေလွတ်လပ်ခွင့်ရလာချိန်တွင် စာနယ်ဇင်းမီဒီယာများခလုတ်တိုက်နိုင်သည့် ဥပဒေများလည်း ရှိနေသေးသဖြင့် အဆိုပါ ဥပဒေများအား ရုပ်သိမ်းခြင်းမပြုသည့်တိုင် ပြင်ဆင်ဖြည့်စွက်ခြင်းများပြုလုပ်နိုင်ရန် တင်ပြခြင်းဖြစ်သည်ဟုလည်း သိရသည်။

"စာနယ်ဇင်းတွေ ခလုတ်တိုက်နိုင်တဲ့ ဥပဒေတွေကတော့ ယနေ့အထိ တည်ဆဲဥပဒေမှာပါတဲ့ ကိုလိုနီခေတ်ကပြဋ္ဌာန်းခဲ့တဲ့ ဟောင်းပေမယ့်လည်းကောင်းနေဆဲပါတယ်ဆိုတဲ့ ရာဇသတ်ကြီးဥပဒေတွေပဲဖြစ်ပါတယ်"ဟု ဦးသိန်းညွန့်ကပြော သည်။

"အဲဒီဥပဒေတွေကတော့ ရာဇသတ်ကြီး ဥပဒေတွေဖြစ်တဲ့ အကြည်ညိုပျက်အောင်ပြုခြင်း၊ အခြားနိုင်ငံများကို အကြည်ညိုပျက်အောင်ပြုခြင်း၊အမျိုးအစားတစ်ခုနဲ့တစ်ခု တစ်နည်းနည်းနဲ့ ရန်ငြိုးပြုအောင် အားပေးအားမြှောက်ပြုခြင်း၊ အသရေဖျက်မှု အဲဒါတွေက ရာဇသတ်ကြီးမှာ ဟောင်းပေမယ့် ကောင်းနေတဲ့ ဥပဒေပုဒ်မတွေပါ" ဟု ဦးသိန်းညွန့်ကပြောကြားသည်။

ထို့အပြင် တရားရုံးတော်အားမထီမဲ့မြင်ပြုခြင်း၊ ၁၉၆၂ ခုနှစ် ပုံနှိပ်ထုတ်ဝေသူများမှတ်ပုံတင်ဥပဒေ၊ စာမူပိုင်ခွင့်ဥပဒေ၊ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေ၊ ၁၉၅၀ပြည့်နှစ်အရေးပေါ်စီမံခန့်ခွဲမှုအက်ဥပဒေတို့ဖြစ်သည်။ ထို့အပြင်ခေတ်သစ်ဥပဒေတစ်ခုမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကထုတ်ပြန်ခဲ့သည့်ဥပဒေအမှတ် ၅/၂၀၀၄ အီလက်ထရွန်နစ်ဆက်သွယ်ရေးဥပဒေတို့ ဖြစ်ကြောင်း သိရသည်။

"ဒီဥပဒေတွေဟာ သတင်းသမားတွေကိုအချိန်မရွေးသတင်းရေးနေရာကနေအခြားနေရာကို ရောက်သွားနိုင်ပါတယ်"ဟု ဦးသိန်းညွန့်က ဥပဒေတင်သွင်းရာတွင် ပြောကြားသွားသည်။

စတုတ္ထမဏ္ဍိုင် ဟူသည့် သတင်းမီဒီယာလွတ်လပ်ခွင့် အပြည့်အဝရှိမှသာလျှင်ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သည့်အုပ်ချုပ်သူအစိုးရများ၊ဥပဒေပြုသူများ၊တရားစီရင်သူများအား ပြည်သူကိုယ်စားစောင့်ကြည့်နိုင်မည်ဖြစ်သည်ဟု ဦးသိန်းညွန့်၏ အဆိုအား သီပေါမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်းခေါ် ဦးမင်းထွန်းက ထောက်ခံတင်သွင်းရာတွင် ပြောကြားသွားသည်။

စာ(၂၇)သို့

# မြန်မာစီးပွားရေးကော်ပိုရေးရှင်းအနေဖြင့် သင်္ဘောရောက်မှ ဈေးကွက်အတွင်း ဆန်များ ဝယ်ယူ ပြည်ပတင်ပို့နေခြင်းမဟုတ်

(၈-၉-၂၀၁၁)ရက်နေ့ထုတ် 7Day News ဂျာနယ် စာမျက်နှာ ၂၇ ပါ ဆန်ဈေးမတက်စေရန် ပြည်ပတင်ပို့မှု ခွဲတမ်းလျှော့ချမည် ခေါင်းစဉ်ဖြင့် ဖော်ပြပါရှိသည့်သတင်းဆောင်းပါးတွင်မြန်မာစီးပွားရေးကော်ပိုရေးရှင်း MEC သည်ပြည်ပသို့ဆန်တင်ပို့ရာတွင် သင်္ဘောဝင်ရောက်မှသာ ဈေးကွက်မှ ဆန်ကို ဝယ်ယူစုဆောင်းသည့်အတွက် ဈေးကွက်အတွင်း Export ဆန်မှာ သင်္ဘောဝင်လျှင် ဈေးနှုန်းများ မြင့်တက်လေ့ရှိကြောင်း ဘုရင့်နောင်ဈေးမှ ဆန်ကုန်သည်တစ်ဦး၏ ပြောဆိုချက်အရ မှားယွင်းဖော်ပြခဲ့ပါသည်။

7Day News ဂျာနယ်က (၈-၉-၂၀၁၁)ရက်နေ့တွင် MEC ၏ ပြည်ပ ဆန်တင်ပို့ရောင်းချမှုလုပ်ငန်းကို သွားရောက်လေ့လာကြည့်ရှုခွင့်ရရှိခဲ့ရာ စက်ဆန်းသိုလှောင်ရုံများတွင် ယခု MIPL (သီလဝါ)ဆိပ်ကမ်းတွင်ဆိုက်ကပ်ထားသည့် MV Ocean Land ဖြင့် တင်နေဆဲ ဆန် ၂၂,၄၀၀ တန်မပါ လက်ရှိတန် ၃၀,၀၀၀ ကျော်ဂိုဒေါင်အတွင်း ရှိနေသည့် အပြင် ရေယာဉ်များဖြင့် နောက် ထပ် ဆန်များ ဝင်ရောက်နေသည်ကိုမြင်တွေ့ခဲ့ရသဖြင့် စပါးပေးသွင်းသူများနှင့် တွေ့ဆုံမေးမြန်းမှုအရ နောက် ထပ် ဆန် တန် ၄၀,၀၀၀ ကျော်မှာ ဧရာဝတီနှင့် ပဲခူးအနောက်ခြမ်းရှိ မြန်မာ့-စီး ပွားရေးကော်ပိုရေးရှင်းပိုင် ဆန် စက်များတွင် ကြိတ်ခွဲဆဲဖြစ်ကြောင်းနှင့် ကြိတ်ခွဲထွက်ရှိသည့် ဆန်များကို ဂိုဒေါင်သို့ တင်ပို့နေခြင်းဖြစ်ကြောင်းသိရပါသည်။

MEC သည် ပြည်ပ ဆန်တင်ပို့မှုလုပ်ငန်းနှင့်ဆက်စပ်၍ ပြည်တွင်း အရေးပေါ် အခြေအနေများအတွက် အရန်ဆန်နှင့် စပါးရှိနေမှုကိုလည်း တစ်စိတ်တစ်ပိုင်း တာဝန်ယူဆောင်ရွက်ပေးရကြောင်း၊ နာဂစ်မုန်တိုင်းကာလ၌ အချိန်တိုအတွင်း MEC မှ ဆန်အိတ် ၂၀၀,၀၀၀ ကို မုန်တိုင်းသင့်ဒေသများသို့ ပေးပို့နိုင်ခဲ့ခြင်းကြောင့် စားနပ်ရိက္ခာအခက်အခဲနှင့် ဆန်ဈေးနှုန်းမြင့်တက်မှုကို ထိန်းညှိ ပေးနိုင်ခဲ့ သည်ဟု ဆိုသည်။ ယခုနှစ်ငွေ၌မိုးအကြိမ်ကြိမ်ရွာသွန်းခြင်းကြောင့်တောင်သူလက်ဝယ်မိုးစိုနွေစပါးများ မရောင်းရဘဲ လက်ဝယ်ပိတ်မိနေပြီး စပါးဈေးနှုန်းများမှာလည်း ၃၀၀,၀၀၀ ကျပ်အောက်သို့ကျဆင်းသွားခဲ့ခြင်း၊ ငွေလဲနှုန်းနှင့် Export ဆန်ဈေးကြောင့် Exporter များမှ ဝယ်ယူမှုမရှိခြင်း၊ အညာဒေသတွင် ဧရာဝတီတိုင်းဒေသကြီးမှ တင်ပို့သည့် ဆန်များ မရောင်းရဘဲ ဆိပ်ကမ်း၌ စုပုံနေခြင်း၊ ဆန်စက်များ၌ ဖွဲ/ဆန်ကွဲများစုပုံနေခြင်းစသည့် အခက်အခဲများဖြစ်ပေါ်နေစဉ် သာမန် ဝယ်ရိုးဝယ်စဉ်မဟုတ်ဘဲ MEC မှ နွေစပါးသိန်း ၂၀ ကို ယခုနှစ် ဇွန်လအတွင်းက ဝယ်ယူကြိတ်ခွဲပြီး ပြည်ပတင်ပို့ရေး စီစဉ်ဆောင်ရွက်ပေးခဲ့သဖြင့် စပါးဈေးနှုန်း ၃၅၀,၀၀၀ ကျပ်ခန့်နှင့် ဆန်ကွဲဈေးနှုန်း ၉,၀၀၀ ကျပ်ခန့်အထိ ပြန်ဖြစ်၍ ဆန်စပါးဈေးကွက် ပုံမှန်ပြန်ဖြစ်အောင် လုပ်ဆောင်ပေးခဲ့ကြောင်းသိရပါသည်။



စက်ဆန်းရှိ MEC သိုလှောင်ရုံများနှင့် ဆန်သယ်ယာဉ်အား တွေ့ရစဉ်

စပါးသစ်မပေါ်သေးမီ စက်တင်ဘာ၊ အောက်တိုဘာ၌ နှစ်စဉ် ပြည်တွင်း ဆန်စပါးဈေးနှုန်းမြင့်တက်လေ့ရှိသည့်အခြေအနေကြောင့် နိုဝင်ဘာလကုန်အထိ MEC သည် ပြည်တွင်းမှ ဆန်နှင့်စပါးဝယ်ယူမှုရှိမည်မဟုတ်ကြောင်းနှင့် လက်ရှိ သင်္ဘောတင်နေဆဲ ဆန်တန် ၂၂,၄၀၀မပါ MEC ဆန်သိုလှောင်ရုံများ၌လက်ရှိဆန်တန် ၃၀,၀၀၀ ကျော်ရှိနေပြီး ကြိတ်ခွဲဆဲဆန်တန် ၄၀,၀၀၀ကျော် ဆက်လက်ဝင်ရောက်ရန်ရှိနေကြောင်း သိရသည်။

လက်ရှိတင်ပို့နေသည့် ဆန်များသည် MEC ပိုင် စပါးများကို ဧရာဝတီနှင့် ပဲခူးအနောက်ခြမ်းရှိ MEC ပိုင် ဆန်စက်ခုနစ်ခုမှ ကြိတ်ခွဲထွက်ရှိသည့်ဆန်များသာဖြစ်ပြီး ပြည်တွင်းဈေးကွက်မှ ဆန်များမဟုတ်ကြောင်းသိရှိရပါသည်။

MEC ၏ (၂၅ )ဆန်သည် ပြည်တွင်းဈေးကွက်မှ (၂၅ ) ဆန်နှင့် Specification မတူဘဲ ဆန်သား ၆၂၊ ဆန်ကွဲကြီး ၁၈ နှင့် ဆန်ကွဲသေး ၂၀ရာခိုင်နှုန်း အသီးသီးပါဝင်သည့် (၂၅ )ဆန-ီများ ဖြစ်ပြီး ၎င်း Specification အတိုင်း ၂၀၀၈-၂၀၀၉ ခု ဘဏ္ဍာရေးနှစ်မှ ယနေ့အထိ ကြိတ်ခွဲတင်ပို့နေခြင်းဖြစ်ကြောင်း၊ပြည်ပ တင်ပို့ရာတွင် ၁၂၀ ဂရမ် ပီပီအိတ်များကိုခိုင်ခံ့စေရန်နှင့် သင်္ဘောတင်ရာတွင် Rope Sling ဖြင့် ဆွဲ၍ အတင်အချပြုလုပ်ရာ၌ ပေါက်ပြဲမှုမရှိစေရန် ဆန်အိတ်ချုပ်ရာတွင် လက်ချုပ်စက်အသုံးမပြုဘဲ တစ်နာရီအိတ် ၃၀၀ ကျော် ချုပ်လုပ်နိုင်သည့် Auto Sewing Machine များကို အသုံးပြုချုပ်လုပ်ကြောင်း တန် ၂၀,၀၀၀ပါ သင်္ဘောတစ်စီးလျှင် ပြင်ပပုဂ္ဂလိကမှ ရက် ၂၀ခန့် တင်ချိန်ကြာမြင့်သော်လည်း MEC မှ ရာသီဥတုကောင်းမွန်လျှင် ငါးရက်၊ ခြောက်ရက်ခန့်ဖြင့် တင်ပေးနိုင်ကြောင်း၊ အမြင့်ဆုံးစံချိန်အဖြစ် ၂၄နာရီတွင် ၄,၄၀၀ တန် တင်နိုင်ခဲ့မှုကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၌မှတ်တမ်းရှိကြောင်း၊ ထို့ကြောင့်လည်း MEC မှ Export ဆန်ကိုပြည်ပ Buyer များမှ ဈေးနှုန်းပိုပေးပြီး ဝယ်ယူလေ့ရှိသည်ဟု MEC မှတာဝန်ရှိသူများက ပြောသည်။

7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011



မောင်သာချို

# စိတ်သတ္တိရှင် 'ဟင့်အင်း' သမား

(တစ်)

ငယ်တုန်းရွယ်တုန်း သွေးကြွတုန်းအရွယ်ဟု ဆိုကြပါစို့။ ဆေးမင်ကြောင်ခေါ် တက်တူး(Tattoo) ထိုးဖို့လည်း စိတ်ကူးပေါ်သည်ဟု ဆိုကြပါစို့။ အရုပ်ကြီးကြီးမားမားကြီးတွေကို မထိုးဘဲ စာလုံးကလေး တစ်လုံးစ၊ နှစ်လုံးစလောက်သာ ထိုးမည်ဟု ရည်ရွယ်ထားသည်လည်း ဆိုပါစို့။ ချာတိတ်အရွယ် လူငယ်အများစု အရွေးများသည့် စကားလုံးမှာ "သတ္တိ"ဆိုတာပဲဖြစ်ပါသည်။ လက်မောင်းပေါ်မှာ "သတ္တိ"။ လက်ခုံပေါ်မှာ သတ္တိ။ လက်ဖျံပေါ်မှာ သတ္တိ။ ရင်ဘတ်ပေါ်မှာ သတ္တိ။ သေရာပါ သတ္တိတွေကို ဘယ်လိုမှ ဖျက်မရနိုင်ပါလေတော့။ မည်သူ့ကိုမဆို ရင်ဆိုင်မယ် ထိုးနှက်မယ်၊ တိုက်ခိုက်မယ်။ ချေမှုန်းမယ်ဆိုသည့်အနက် အဓိပ္ပာယ်ဗျူပွတ်များဖြင့် သတ္တိကို နားလည်ခဲ့သည့် အရွယ်မတိုင်မီ နေ့ရက်များ။

နောက်တော့ ဟိုနားစပ်စပ် သည်နားစပ်စပ်ဖြင့် စာအုပ်တွေဖတ်ဖြစ်လာသောအခါ မြန်မာစကားလုံး သတ္တိ နှင့် ညီညွတ်သည့် ကားရေ့ဂျ်(courage)ဟူသော စကားလုံးကို သွားတွေ့ပါသည်။ သူ့တစ်လုံးတည်းတောင်မဟုတ်။ intellectual courage တဲ့။ Moral courage တဲ့။ ပထမစကားလုံးကို ဉာဏသတ္တိ၊ ဉာဏ်သတ္တိ ဟုပဲဆိုကြပါစို့။ ဒုတိယစကားလုံးကိုလည်း ကိုယ်ကျင့်တရားသတ္တိ၊ စာရိတ္တသတ္တိဟု ဆိုကြပါစို့။

ထိုသတ္တိ နှစ်မျိုးအနက် လူတစ်ယောက်ကို သမိုင်းကအဆုံးအဖြတ်ပေးသွားသည်က Moral Courage ခေါ် ကိုယ်ကျင့်တရားသတ္တိ၊ စာရိတ္တသတ္တိ၊ စိတ်သတ္တိဆိုပါလား။ ကိုယ့်ခန္ဓာအရေပြားပေါ်မှာရေးထိုးထားမိတာတွေက ဘယ်လိုသတ္တိအမျိုးအစားများပါလိမ့်။

(နှစ်)

ဗိုလ်ချုပ်အောင်ဆန်းအကြောင်းတွေကို အခုနှစ်တွေထဲ ပလူပျံအောင်ဖတ်ရတော့ ရွှေဘိုက အငြိမ့်မင်းသမီး ညိုညိုစိန်နှင့် ကိစ္စကိုပါသိခွင့်ရပါသည်။ ၁၉၄၇ ရွေးကောက်ပွဲအကြိုကာလ ဖဆပလအဖွဲ့ချုပ်မဲဆွယ်ရေးအတွက် ဗိုလ်ချုပ်တို့ရွှေဘိုမြို့သို့ ရောက်သွားစဉ် ဦးစံထွား၏တိုက်၌ ရွှေဘိုညိုညိုစိန်အငြိမ့်အဖွဲ့ဖြင့် ဧည့်ခံခဲ့သည်ဟု ဆိုပါသည်။ ဤတွင် အငြိမ့်ပွဲစီစဉ်သူတို့က အငြိမ့်မင်းသမီးအား ချဉ်းကပ်ကာ ဗိုလ်ချုပ်အောင်ဆန်း၏ လက်ကိုရအောင်ဆွဲဖို့နှင့် ဆွဲနိုင်လျှင် ဆုငွေ ၅၀ ကျပ်ချီးမြှင့်မည်ဖြစ်ကြောင်း ညှိနှိုင်းပါသည်။ မင်းသမီးကလည်း ဆွဲဖို့ ကြိုးစားပါသည်။ ယင်းကို ရိပ်မိသွားသူဗိုလ်ချုပ်အောင်ဆန်းက . . .

"မင်းသမီး ကျုပ်ကိုဆွဲလားရမ်းလားလုပ်ဖို့တော့ မကြိုးစားနဲ့ ကျုပ်မှာကာမပိုင်ရှိတယ်။ မခင်ကြည်ကြားရင် စိတ်ဆိုးသွားလိမ့်မယ်"စသည်ဖြင့် ပြောခဲ့ကြောင်း စာမျက်နှာများပေါ်၌ ကျွန်တော်တို့ဖတ်ရှုကြရပြီးဖြစ်ပါသည်။ သည်လို စိတ်သတ္တိမျိုးကိုပင် Moral-Courage ဟုခေါ်နေကြခြင်းဖြစ်ပါသည်။

အများသိပြီးဖြစ်သည့် သာဓကတစ်ခုကို ထပ်ဆင့်တင်ပြလိုပါသေးသည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ Moral Courage ပင်ဖြစ်ပါ၏။ ၁၉၂၁ ခုနှစ်၌ ဝတ်လုံတော်ရ ဦးမေအောင်က ဆရာကြီးထံသို့ချဉ်းကပ်ကာဘုန်းတော်ဘွဲ့ရတုတစ်ပုဒ်ရေးဖွဲ့ပေးဖို့ မေတ္တာရပ်ခံပါသည်။ အင်္ဂလန်နိုင်ငံရှိ ဂျော့ဘုရင်၏ သားကြီး ဝေလမင်းသားကို ချီးကျူးဖွဲ့ဆိုရမည့် ဘုန်းတော်ဘွဲ့ရတု။ ဆုငွေက အသပြာကျပ် ၁၀၀၀၀။ သို့သော် ဆရာကြီးသခင်ကိုယ်တော် မှိုင်း 'ဟင့်အင်း' လုပ်ခဲ့သည်ကို အားလုံးအသိပင်ဖြစ်ပါသည်။

၂၀ ရာစု၏ အထူးချွန်ဆုံးလူသား(Man of The Century) အိုင်းစတိုင်း၊ ရူပဗေဒဆိုင်ရာနိုဘယ်ဆုရှင် အိုင်းစတိုင်း၊ ထို Albert Einstein ဟူသည်က ကမ္ဘာသိ ဖြစ်ပါသည်။ အစ္စရေးနိုင်ငံ တည်ထောင်ခါစက နိုင်ငံရေးခေါင်းဆောင် ဒေးဗစ်ဘင်ဂူရီယန်(David Ben Gurian)က အစ္စရေးသမ္မတလုပ်ပေးဖို့အတွက် ဂျူးလူမျိုးဖြစ်သော အိုင်းစတိုင်းကို ကမ်းလှမ်းပါသည်။ အိုင်းစတိုင်း၏အဖြေက "ဟင့်အင်း" ဆိုသည်သာ။ ဖိလစ်ပိုင်နိုင်ငံ၏ အမျိုးသမီးသမ္မတဟောင်းကိုရာဇန်အကွီနို (Corazan Aquino)ဆိုလျှင်လည်း "ဟင့်အင်း" နှင့် နာမည်ကြီးပါသည်။ သူဖိလစ်ပိုင်သမ္မတဖြစ်နေစဉ် နိုင်ငံတော်က မာစီဒီးကားပေးသည်။ အကွီနိုက "ဟင့်အင်း"။ သမ္မတသက်တမ်းခြောက်နှစ်ပြည့်စဉ် သမ္မတသက်တမ်းတစ်ကြိမ်သာဟု ရှိထားသည့် ဥပဒေကိုပြင်ဆင်ကာ နောက်ထပ်သက်တမ်း တစ်ကြိမ်ဆက်လက်အုပ်ချုပ်ဖို့ ဝိုင်းဝန်းအကြံပေးကြတော့လည်း "ဟင့်အင်း"။

ဟိန္ဒူကြီးစိုးသည့် အိန္ဒိယနိုင်ငံ၌ ရှားရှားပါးပါး အစ္စလာမ်သမ္မတအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ အဗ္ဗဒူကလမ်(Abdul Kalam) ဆိုလျှင်လည်း ဒုံးပျံအင်ဂျင်နီယာ၊ ဒုံးပျံလက်နက် စီမံကိန်းဦးဆောင်သူ၊ သုတေသနဌာန အကြီးအမှူး၊ Ph.D သင်တန်းဆရာ စသည်စသည်။ ငယ်ငယ်ကလေးတည်းကသူ၏ ဖခင်ကုတို့မှူးကြီးက ဘာလက်ဆောင်မှ လက်မခံနဲ့ဟု ဆုံးမခဲ့သည့်အတွက် မည်သည့်လက်ဆောင်ကိုမှ လက်မခံခဲ့သူ။ သူ့သမ္မတသက်တမ်းက ၂၀၀၂ ခုနှစ် ဇူလိုင် ၂၄ မှ စတင်ရာ ၂၀၀၇ ခုနှစ် ဇူလိုင် ၂၄ ၌ ငါးနှစ်သက်တမ်းကုန်ဆုံးပါသည်။ သို့ဖြစ်ရာ အိန္ဒိယသမ္မတ အဗ္ဗဒူကလမ် သမ္မတနန်းတော်ပေါ်က ဆင်းသည့်နေ့က ၂၀၀၇ ခုနှစ် ဇူလိုင် ၂၅။ တစ်ရက်ကလေးမှ ပိုမနေ။ ဟင့်အင်း။


(သုံး)

တကယ်တော့ အမျိုးမျိုးသော ဖြားယောင်းသွေးဆောင်မှုတို့ကို "ဟင့်အင်း"လုပ်ရသည်က တော်ရုံတန်ရုံ စိတ်သတ္တိ၊ ကိုယ်ကျင့်တရားသတ္တိတို့နှင့် မလွယ်ကူလှပါ။ ဗိုလ်ချုပ်အောင်ဆန်းက သူ့ကာမပိုင်မဟုတ်သည်ကို 'ဟင့်အင်း'၊ ဆရာကြီး သခင်ကိုယ်တော်မှိုင်းက သူမယုံကြည်ရာကို ကဗျာဖွဲ့ဆိုပေးဖို့'ဟင့်အင်း'၊ အိုင်းစတိုင်းက သူ့အလုပ်မဟုတ်သည့် သမ္မတရာထူးကို 'ဟင့်အင်း'၊ ဖိလစ်ပိုင်သမ္မတကိုရာဇန်အကွီနိုက အဆောင်အယောင်အခမ်းအနား မာစီဒီးကားကို 'ဟင့်အင်း'၊ အိန္ဒိယသမ္မတ အဗ္ဗဒူကလမ်က လက်ဆောင်ပစ္စည်းကို'ဟင့်အင်း'၊ သမ္မတအိမ်မှာ နောက်တစ်ရက်ထပ်နေဖို့'ဟင့်အင်း'။

ထိုသို့ ဟင့်အင်းလုပ်ရဲသည့် စိတ်သတ္တိကိုပင် Moral Courage ဟု အမည်ပေးခဲ့ကြခြင်းဖြစ်ပါသည်။ ကမ္ဘာကလည်းသည်လို ဟင့်အင်း လုပ်ရဲသူတွေကိုသာ ခေတ်အဆက်ဆက် သတိတရ လွမ်းဆွတ်နေခဲ့ကြခြင်း ဖြစ်ပါသည်။ အရေပြားပေါ်မှာသာ "သတ္တိ"လို့ ဆေးမင်ကြောင်ထိုးထားတာမျိုးမဟုတ်ဘဲ စိတ်ဝိညာဉ် လိပ်ပြာပေါ်မှာပါ အဲသည့်သတ္တိကို ဆေးမင်ကြောင်ထိုးထားလိုက်ချင်စမ်းပါဘိ။ ။

# လိပ်ပြာနီးထမှုနဲ့ လူတန်းစားစိတ်

တင့်ခိုင်



(၁)

ဆင်းရဲချမ်းသာ ကွာဟချက်ကြီးမားနေသော လူ့အဖွဲ့အစည်းတစ်ခုကို ထိုအဟအကွာ လျော့နည်းသွားစေရန် ပြုလုပ်နိုင်ရေးသည် လွယ်ကူသောကိစ္စမဟုတ်။ သို့ရာတွင် ထိုမလွယ်ကူသည့်ကြားကပင် မိမိတို့အင်အားရှိသမျှလေးနှင့် လျှော့ချရန်ကြိုးပမ်းမှုတစ်ခုကိုမထင်မှတ်ဘဲ ဘွားခနဲတွေ့လိုက်ရသည်။

၃၈ လမ်း အရှည်ကြီးဆိုင်သို့အရောက်တွင် ညီလေးခိုင်မျိုးက ကတ်ပြားလေးတစ်ရွက်လှမ်းပေးသည်။ "One More ဆန္ဒတူချင်း၊ ဘဝတူချင်း ချိတ်ဆက်လက်တွဲကာ လူတစ်ယောက်တစ်လကို ငွေတစ်ထောင်ကျပ်စုကြပါစို့။ စုဆောင်းရသမျှ အသပြာငွေကြေးစတို့ကို ကရုဏာနှင့် မေတ္တာငံ့လင့်နေရှာသူများထံသို့ပို့ဆောင်နိုင်ရန် အတူတကွ တွေ့ဆုံလိုပါသည်။ City Star Hotel ၃၁-၇-၂၀၁၁ နေ့လယ် ၂နာရီ" တဲ့။ ဆိုရသော် ထိုပွဲသို့ ကျွန်တော်မရောက်ခဲ့ပါ။

(၂)

မြို့ထဲသို့ရောက်လျှင် စာပေတိုက်များသို့ ကျွန်တော်ဝင်သည်။ ရွှေအမြုတေ၊ ရန့်သစ်၊ ရယ်စရာ၊ ရတီစသည်ဖြင့်။ ရန့်သစ်သို့အစဉ်အမြဲရောက်တတ်သော ကျွန်တော်သည် ထိုရက်ပိုင်းက ရန့်သစ်သို့ မရောက်ခဲ့။ ထို့ကြောင့်လည်း One More လက်ဆင့်ကမ်းကြော်ငြာကို မဖတ်ခဲ့ရ။

တစ်နေ့။ ၃၈ လမ်းရှိဆိုင်တွင် ကျွန်တော်နှင့် ဆရာလေးတို့ထိုင်သည်။ မကြာမီဆရာမောင်သာချိုနှင့် ဆရာသင်းရီတို့ရောက်လာကြသည်။ သည်အချိန်ထိ ကျွန်တော်သည် One More ကို မသိရသေး။ သိပ်မကြာပါ။ ဆရာအော်ပီကျယ်နှင့် ဆရာပြည်သွေးနိုင်ရောက်လာကြသည်။ ပြည်သွေးနိုင်၏ သူငယ်ချင်း တစ်ဦးလည်းပါလာသည်။ ပြီးသူတို့ စကားပြောကြသည်။

သည်တော့မှ One More ၏ ရင်ကိုကြည်ကြည်လင်လင် ဖောက်မြင်လိုက်ရသည်။

(၃)

ဆရာသင်းရီက မိဘမဲ့ဂေဟာမှ ကလေးများပုံဖြင့်ရိုက်နှိပ်ထားသော လက်ကမ်းကြော်ငြာတစ်ရွက် လှမ်းပေးသည်။

"ဘဝတူတွေချင်း လက်တို့မိကြရာက သည်ခြေလှမ်းကို စဖြစ်ကြပါသည်။ ဘုန်းတော်ကြီးသင် ပရဟိတကျောင်းများ၊ သီလရှင် ဦးဆောင်ပရဟိတကျောင်းများ၊ မိဘမဲ့ဂေဟာများ စသည်စသည်ဖြင့်. . . ။ ထမင်းစားဖို့၊ မှေးစက်နားခိုဖို့။ လုံလုံခြုံခြုံဝတ် စားဖို့၊ ပညာသင်ဖို့၊ ဆေးဝါးကုသဖို့ ခက်ခဲသူများရှိရာဆီ စုဆောင်းရသမျှ အသပြာငွေစကြေးစတို့ကို လစဉ်လစဉ်အလှည့်ကျရသမျှပို့ဆောင်ပေးရန် စီမံထားကြပါသည်။ လူတစ်ယောက်တစ်လကို ငွေတစ်ကျပ်စီစုပြီးကရုဏာနှင့် မေတ္တာကိုငံ့လင့်နေရှာသူများထံသို့ မိမိတို့ပို့ဆောင်ရန် ဆုံးဖြတ်ထားပါသည်။ သင့်စိတ်၌စာနာခြင်းလိပ်ပြာများ နိုးထလာသောအခါ ကျွန်ုပ်တို့နှင့်ပူးပေါင်းပါဝင်ရန် . . . ။

ကြော်ငြာကိုဖတ်လိုက်ရသည်၏နောက်တွင်ကျွန်တော့်ရင်သည်လှုပ်ခတ်လာသည်။ကောင်းလိုက်သည့်စိတ်ကူး။ ကောင်းလိုက်သည့် အစီအစဉ်။ "ဒီအစီအစဉ်ဘယ်က ရတာလဲ" ဟု မေးကြည့်ရာဆရာအော်ပီကျယ်က "မင်းသားဂျက်လီ၏ One Foundation ကို နမူနာယူပြီးစခဲ့တာ"ဟု ဖြေသည်။

စာ(၃၁) သို့

Vol.10, No.26 • SEPTEMBER 15, 2011

## မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် စတင်ဖွဲ့စည်း

ငြိမ်းငြိမ်းနိုင်

**ရန်ကုန်၊ စက်တင်ဘာ-၉**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့် ရေးကော်မရှင်ကို စက်တင်ဘာ ၅ရက်က ဖွဲ့စည်းလိုက်ကြောင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်ထောင်စုအစိုးရအဖွဲ့က ထုတ်ပြန်ကြေညာလိုက်သည်။

ကော်မရှင်အဖွဲ့တွင် အငြိမ်း စားယူထားပြီးဖြစ်သော သံအ မတ်၊ သံမှူး၊ ပါမောက္ခ၊ ညွှန်ချုပ်၊ ညွှန်မှူးနှင့် ဥပဒေအရာရှိ အငြိမ်းစားများပါဝင်ကာ စုစုပေါင်း ၁၅ ဦးအဖွဲ့ဖြစ်သည်။ ယင်းကော်မရှင်ဖွဲ့စည်းပြီးဖြစ်ကြောင်း ကြေညာပြီး ၄ ရက်အကြာတွင် ကော်မရှင်၌ အမည်စာရင်းပါဝင်သော အဖွဲ့ဝင် အငြိမ်းစားအရာရှိတစ်ဦးထံ ကော်မရှင်နှင့်ပတ်သက်ပြီး ဆက်သွယ်မေးမြန်းရာ “စာရင်းတော့ပါလာတယ်။ ကျွန်တော်တို့အနေနဲ့ အသေးစိတ်ဘာမှ မသိရသေးပါဘူး”ဟု ပြန်လည်ဖြေကြားသည်။

မကြာသေးမီက မြန်မာနိုင်ငံသို့လာရောက်ရှိကာ အစိုးရတာဝန်ရှိသူများနှင့် တွေ့ဆုံခဲ့သည့် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးအစီရင်ခံစာတင်သွင်းသူ မစ္စတာသောမတ်အိုဟေးကွင်တားနားက မြန်မာနိုင်ငံသည် ဒီမိုကရေစီဖော်ဆောင်မှုအတွက် မှန်ကန်သည့်လမ်းကြောင်းပေါ် သို့ ရောက်ရှိနေပြီဖြစ်ကြောင်းနှင့် ကျန်ရှိနေသေးသည့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆက်သွယ်ဆွေးနွေးပူးပေါင်းဆောင်ရွက်သွားနိုင်ရန် မျှော်လင့်ကြောင်း တိုက်တွန်းပြောဆိုခဲ့သည်။

## စာ-၂၅၊ လွှတ်တော်မှတ်တမ်းအဖြစ်သာ အကျုံးဝင်သွားသည့် မီဒီယာလွတ်လပ်ခွင့်အဆို မှ

ဦးရဲထွန်းခေါ် ဦးမင်းထွန်းက အဆိုကို ထောက်ခံတင်သွင်းရာတွင် ကမ္ဘာ့အနောက်ခြမ်းရှိ အင်အားကြီးနိုင်ငံကြီးတစ်ခုပြိုကျပျက်စီးသွားရခြင်းသည် အဓိကအကြောင်းဖြစ်သည့် ဗဟိုချုပ်ကိုင်သည့် စီးပွားရေးစနစ်ကြောင့်ဖြစ်သော်လည်း ယခုကဲ့သို့ အမှားများအား မှန်မှန်ကန်ကန် ထောက်ပြနိုင်သည့် လွတ်လပ်ပွင့်လင်းသည့် မီဒီယာမရှိခြင်းကြောင့်ဖြစ်သည်ဟုပြောကြားသွားသည်။

“လွတ်လပ်ပွင့်လင်းတဲ့ မီဒီယာမရှိလို့ပြည်သူကို ကိုယ်စားပြုပါတယ်ဆိုတဲ့ လွှတ်တော်ကြီးကလည်း အားလုံးကောင်းပါသည်ခင်ဗျားလို့ဆိုတဲ့ လက်ညှိုးထောင်ခေါင်းညိတ်လွှတ်တော်ကြီးဖြစ်နေကြောင်း” အဆိုပါနိုင်ငံကြီး၏ လွှတ်တော်ကြီးအခြေအနေအား ဥပမာပေး၍ ဦးရဲထွန်းက ပြောကြားသွားသည်။

လွတ်လပ်ပွင့်လင်းသည့် မီဒီယာသည်လူတစ်ဦး၏ အရေပြားကဲ့သို့ပင် ရာသီဥတုအပေါ်မူတည်၍ပူရင်ပူသကဲ့သို့ အေးရင်အေးသကဲ့သို့ လက္ခဏာများပြသပေးလျက်ရှိပြီး အဆိုပါလက္ခဏာများပြသပေးသည့်အချိန်တွင်ကြိုတင်ကာကွယ်ပါက အရေးမကြီးသော်လည်း ဂရုမစိုက်၊အလေးမထားပါက အသက်သေစေအထိ ဒုက္ခပေးတတ်ကြောင်း၊ထို့ကြောင့် ပြင်ပမှ သတင်းအချက်အလက်များအား အမြဲမပြတ်သတင်းပေးပို့လျက်ရှိသည့် အရေပြားအား ဂရုစိုက်သကဲ့သို့ပင် လွတ်လပ်သည့် မီဒီယာ၏ အခန်းကဏ္ဍကိုလည်း ဂရုစိုက်သင့်ကြောင်း ဦးရဲထွန်းကပြောကြားသွားသည်။

သတင်းမီဒီယာများ၏ ထင်မြင်ယူဆချက်များကိုလွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ရေးသားဖြန့်ဝေခွင့် အခွင့်အရေးများကာကွယ်စောင့်ရှောက်ပေးမည့် ဥပဒေနှင့်ပတ်သက်၍ ထင်မြင်ယူဆချက်အစား ကိုယ်တိုင်တွေ့ထိသိမြင်ချက်များအား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ဟုပြောင်းလဲစေလိုကြောင်း မော်လိုက်မြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးသောင်းက ဆွေးနွေးရာတွင်လည်း ထည့်သွင်းပြောကြားသွားသည်။

ဦးသောင်းက အဆိုတင်သွင်းရာတွင် သူ၏ အတွေ့အကြုံတစ်ခုကိုပါထည့်သွင်းပြောကြားသွားခဲ့ရာ

“တိုင်းမှူးတစ်ယောက်က ဆေးရုံကိုစစ်တော့ဆေးရုံမှာဆေးမရှိလို့ အပြင်ဆေးဆိုင်ကယူပြီးပြထားရတာတွေ မဖြစ်သင့်ပါဘူး၊ ပြန်ကြားရေးမှာ တီဗီမရှိလို့ကျောင်းက တီဗီငှားသုံးရတာတွေ၊ GDP တိုးတက်မှုမရှိဘဲရှိပါတယ်လို့လိမ်ပြောရတာတွေ၊ ကြက်မွေးတာမအောင်မြင်လို့ ရွာထဲကကြက်တွေနဲ့ကြက်ဥတွေယူပြရတာတွေ၊ ကြက်ဆူပင် ဧက ၅၀ စိုက်ခိုင်းတာကို မစိုက်ဘဲ လိမ်ပြတာတွေ၊ ကြက်ဆူပင် အပင်သုံးထောင်ပျိုးခိုင်းတာ မပျိုးဘဲ တခြားက ငှားပြတာတွေဒါတွေကမမှန်တဲ့သတင်းတွေပါပဲ”ဟု ဦးသောင်းက ပြောသည်။

“အဲဒီမမှန်တဲ့သတင်းတွေကို သတင်းမီဒီယာသမားတွေက ဓာတ်ပုံရိုက် သတင်းစာထဲထည့်တော့ မမှန်သတင်းတွေဖြစ်လာတယ်။ ဒါဟာလူကြီးတွေ အလိမ်ခံနေရတာကို ပြောတာပါ”ဟု ဦးသောင်းကပြောသည်။

သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်ပတ်သက်၍ “သတင်းမီဒီယာ လွတ်လပ်ခွင့်ကို ဘယ်သူကဆုံးဖြတ်မှာလဲ၊ပြဋ္ဌာန်းထားတဲ့ပုဒ်မတွေနဲ့ ကိုက်ညီ၊မညီဆိုတာ ကျွန်တော်တို့မှာ လွတ်လပ်တဲ့ တရားစီရင်ရေးအာဏာရှိနေပြီပဲ၊စာပေစိစစ်ရေးဆိုတာ လိုသေးသလား” ဟု သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းကလည်း သုံးသပ်တင်ပြသည်။

ပြည်သူ့လွှတ်တော်အတွင်းတွင်အထက်ပါအဆိုအား အပြန်အလှန်တင်သွင်းနေကြချိန်တွင် သတင်းယူရန် သတ်မှတ်ထားသည့် အခန်းအတွင်းမှ သတင်းထောက်များသည်လည်းမတ်တတ်တစ်မျိုး၊ထိုင်၍တဖုံ၊ဆွေးနွေးသည့် ကိုယ်စားလှယ်များအား မြင်ရသည့်မှန်မှတစ်ဆင့် လှမ်းကြည့်၍ တစ်သွယ် စိတ်ဝင်တစား နားထောင် သတင်းယူနေကြသည်။

ကိုယ်စားလှယ်များ၏ အပြန်အလှန်ဆွေးနွေးမှုအပြီး ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ပြန်လည်ဖြေကြားရမည့်အလှည့်သို့ကျရောက်လာပြီဖြစ်သည်။

အဆိုပါအဆိုအားပြည်ထောင်စုဝန်ကြီးက လက်ခံလိုက်ပြီဆိုပါက လွှတ်တော်တွင် သတင်းမီဒီယာလွတ်လပ်ခွင့်နှင့်ပတ်သက်သည့်ဥပဒေတစ်ရပ်ပြဋ္ဌာန်းရန်မှာ အခွင့်အရေးအလွန်သာသွားပြီဖြစ်သည့်အတွက် ဤအပိုင်းသည့် စိတ်ဝင်စားဖွယ် အကောင်းဆုံးအပိုင်းပင်ဖြစ်သည်။

ဝန်ကြီးက အဖွင့်ပြောကြားရာတွင်“ထင်မြင်ယူဆချက်ဆိုတာ ကျယ်ပြန့်ပါတယ်။ကန့်သတ်လို့မရဘူး။ မီဒီယာများရဲ့ထင်မြင်ယူဆချက်များကို လွတ်လပ်စွာရေးသားခွင့်ပေးပြီးတော့အဲဒီလွတ်လပ်စွာရေးသားခွင့်အတွက်ကို ကာကွယ်တဲ့ဥပဒေပြဋ္ဌာန်းပေးဖို့အတွက်ဆိုရင် တိုင်းပြည်နဲ့လူမျိုးအတွက် အကျိုးထက်အပြစ်ကပိုများမယ်” ဟု ပြောကြားသည်။

ဝန်ကြီးက ဦးသိန်းညွန့်တင်သွင်းသည့် အဆိုတွင် ထင်မြင်ယူဆချက်ဟူသည့် စကားရပ်အတွက် ဆဒ္ဒန်ဆင်မင်းဇာတ်အပေါ် လူအများ ထင်မြင်ချက်ပေးကာ ရှင်းပြ ပြောဆိုသွားခဲ့သည်။

မီဒီယာသမားများအနေဖြင့် မိမိတို့၏ ထင်မြင်ယူဆချက်များအားလွတ်လပ်စွာ ရေးသားဖော်ပြနိုင်စေရန် အခြေခံဥပဒေနှင့်အညီ တိုင်းပြည်နှင့် လူမျိုးအား အကျိုးပြုသည့် စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်ဖြစ်စေရန် မီဒီယာဆိုင်ရာဥပဒေများအားပြင်ဆင်ခြင်း၊ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊အသစ်ပြဋ္ဌာန်းခြင်း အစရှိသည်များအား ပြုလုပ်၍ ပြည်ထောင်စုလွှတ်တော်အား တင်ပြနိုင်ရန်စီမံဆောင်ရွက်နေပြီဖြစ်သည်ဟုပြောကြားသွားသည်။

“ဒီလိုရေးဆွဲရာမှာလည်း လွတ်လပ်စွာရေးသားခွင့်ဆိုတာရှိအောင် လွတ်လပ်ခွင့်ဆိုတာကိုလည်း အလွဲသုံးစားမရှိအောင်၊ မီဒီယာသမားများအတွက် ရပိုင်ခွင့်နှင့်လွတ်လပ်ခွင့်တွေလည်းပါအောင်၊ တာဝန်နဲ့ ဝတ္တရားတွေလည်းပါအောင်၊ ဥပဒေကျူး လွန်ခဲ့ရင်လည်း ကျခံနိုင်မယ့်ပြစ်ဒဏ်တွေလည်းပါအောင် စီစဉ်ဆောင်နေပြီဖြစ်ပါတယ်၊ အဲဒီအထဲက ရပိုင်ခွင့်ဆိုတာ အကာအကွယ်ပါပဲ”ဟု ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းကပြောသည်။

ထို့အပြင် အချို့သောဥပဒေများအား ပြင်ဆင်ဖြည့်စွက်ချက်များနှင့် အတူ ယခုနှစ် ဇူလိုင်လမှစ၍ ရှေ့နေချုပ်ရုံးသို့တင်ထားပြီးဖြစ်ကြောင်း သိရသည်။

“နောင်တစ်ချိန်ကျရင် မီဒီယာဆိုင်ရာ ဥပဒေများကို သက်ဆိုင်ရာ ပြည်ထောင်စုလွှတ်တော်ကအတည်ပြုပြဋ္ဌာန်းပြီးဖြစ်တော့မှာပါ ဒီလိုအတည်ပြုပြီးရင် စာနယ်ဇင်းသမားများဟာ မိမိတို့ရဲ့ထင်မြင်ယူဆချက်များကိုဥပဒေနဲ့အညီလွတ်လပ်မှုနဲ့ တာဝန်ယူမှု၊ လွတ်လပ်မှုနဲ့ ဆင်ခြင်တုံတရား၊ ဒါတွေကျင့်သုံးပြီး လွတ်လွတ်လပ်လပ် ဆက်ပြီး ဆောင်ရွက်သွားလို့ရမှာဖြစ်ပါတယ်”ဟု ဝန်ကြီးက ဆက်လက်ပြောကြားသွားသည်။

ဦးသိန်းညွန့်၏ အဆိုသည် ပြန်ကြားရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေပြီဖြစ်သည့် လုပ်ငန်းများနှင့် အကျုံးဝင်ပြီးဖြစ်သည့်အတွက် အဆိုအား အဆိုအစားတိုက်တွန်းချက်အနေနှင့် ပြည်သူ့လွှတ်တော်က မှတ်တမ်းတင်ထားရန်ပြောကြားဝန်ကြီးက ပြောကြားသည်။

ဝန်ကြီးကတိုက်တွန်းချက်အနေဖြင့် မှတ်တမ်းတင်ထားရန် အဆိုပြုသော်လည်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက အဆိုတွင် လိုအပ်ချက်များရှိနေသည့်အတွက် ပြည်ထောင်စုဝန်ကြီးတင်ပြသည့် တိုက်တွန်းချက်အဖြစ် မှတ်တမ်းတင်ထားရန် လက်မခံဘဲ မှတ်တမ်းအရသာ လက်ခံသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ကြောင့် သင်္ဃန်းကျွန်းမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် တင်သွင်းသည့် သတင်းမီဒီယာသမားများ၏ ထင်မြင်ယူဆချက်များအား လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့် အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်သည့်ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရန်အဆိုသည် ပြည်သူ့လွှတ်တော်တွင် မှတ်တမ်းတစ်ရပ်အနေဖြင့် အကျုံးဝင်သွားခဲ့ပြီဖြစ်သည်။

## မျက်နှာဖုံး-ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ရှစ်နှစ်အတွင်း အပြီးတည်ဆောက်မည်ဟုဆို မှ



**အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်း**

နေပြည်တော်တွင်ဩဂုတ်လ ၁၁ရက်က ပြည်ထောင်စုဝန်ကြီး ၅ဦး၊ပြည်ထောင်စုဒုတိယဝန်ကြီး၄ဦး၊ အစိုးရဌာနမှ တာဝန်ရှိသူများနှင့် မီဒီယာများ တွေ့ဆုံစဉ် ဦးဇော်မင်းကဧရာဝတီမြစ်ဆုံ ရေအား လျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ မေးမြန်းမှုကို အထက်ပါအတိုင်း ပြန်လည်ဖြေကြားခဲ့သည်။

“ဧရာဝတီမြစ်ဆုံစီမံကိန်းကို ဆက်လုပ်ပါမယ်။ ကျွန်တော်တို့ ဘယ်တော့မှ နောက်မဆုတ်ပါဘူး။ ဘယ်အဆင့်ထိရောက်နေပြီလဲ ဆိုတော့ အခုချိန်မှာတော့ ကျွန်တော်တို့က အကြို၊အင်ဂျင်နီယာလုပ်ငန်းတွေဖြစ်တဲ့ စီမံကိန်းတည်ဆောက်မယ့် နေရာကို ရှင်းလင်းခြင်းလုပ်ငန်းတွေ၊ အဲဒီစီမံကိန်းဧရိယာထဲမှာရှိတဲ့လူတွေကို ပြန်လည်နေရာချထားတဲ့ လုပ်ငန်းတွေ၊ နောက်တစ်ခါ လုပ်ဆောင်စရာရှိတဲ့စီမံကိန်းနဲ့ပတ်သက်တဲ့ အင်ဂျင်နီယာလုပ်ငန်းတွေကို စတင်လုပ်ဆောင်နေပါတယ်။ မိုးတွင်းကာလဖြစ်တဲ့အတွက် အဲဒီနေရာကလည်း Weather Window အရတစ်နှစ်မှာခြောက်လလောက်ပဲ လုပ်လို့ရတဲ့အတွက် မိုးတွင်းမှာတော့ လုပ်ငန်းရပ်နေတယ်။ နွေရာသီ Open Season စတာနဲ့ ဒီလုပ်ငန်းကို ဆက်လုပ်မှာဖြစ်ပါတယ်။ ဒီလုပ်ငန်းကို ကျွန်တော်တို့ စလုပ်တဲ့အချိန်ကစပြီးတော့ ရှစ်နှစ်အတွင်းမှာအပြီး လုပ်မှာဖြစ်ပါတယ်။ ဒီလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ နောက်မဆုတ်ပါဘူး”ဟု ဦးဇော်မင်းကပြောသည်။

ထိုစီမံကိန်းမှာ ဧရာဝတီမြစ် ၏ စီးဆင်းနေသော ရေများထဲမှ ၇ ရာခိုင်နှုန်းကို တားဆီးသိုလှောင်ယူမည်ဖြစ်ပြီး ၉၃ ရာခိုင်နှုန်းသော ရေတို့မှာ ပုံမှန်အတိုင်းပင် စီးဆင်းမည်ဖြစ်၍ မြစ်ကြောင်းအပေါ် မည်သို့မျှမထိခိုက်နိုင်ဟုဦးဇော်မင်းကဆက်လက်ပြောသည်။ ထို့အပြင် ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်ပါက သဘာဝပတ်ဝန်းကျင်ထိခိုက်မှုရှိနိုင်မရှိနိုင်ကိုလေ့လာရန်ပြည်တွင်းရှိသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစ်ခုဖြစ်သော Banga ကို ဒေါ်လာ ၁ဒသမ ၅သန်းဖြင့် လုပ်ငန်းအပ်ခဲ့သည်ဟုဆိုသည်။ ထို့အပြင် နည်းပညာပိုင်းဆိုင်ရာအတွက်ပြည်ပရှိအဖွဲ့အစည်းများကို အလုပ်အပ်နှံခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

“Environmental (သဘာဝပတ်ဝန်းကျင်)အရရော၊ Technical(နည်းပညာ)အရရောသေသေချာချာ လေ့လာပြီးသားစီမံကိန်းဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဘယ်တော့မှနောက်မဆုတ်ဘူး”ဟု အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကပြောသည်။

ထိုစီမံကိန်းကို ဆောင်ရွက်ခြင်းမှာ ပြင်ပတွင် ဝေဖန်နေသည့်အတိုင်း တရုတ်နိုင်ငံ၏ အကျိုးစီးပွားအတွက် လုပ်ကိုင်နေခြင်းမဟုတ်ဘဲ မြန်မာနိုင်ငံအတွက် အကျိုးရှိ၍ လုပ်ကိုင်ခြင်းဖြစ်ကာ၊ ကိုယ်တိုင်လုပ်နိုင်ရန် ပိုက်ဆံမရှိ၍ ပြည်ပနှင့် ပူးပေါင်းလုပ်ကိုင်ခြင်းဖြစ်ကြောင်းလည်း ဦးဇော်မင်းကပြောကြားခဲ့သည်။

“ကျွန်တော်တို့ဟာ ကိုယ်တိုင်မလုပ်နိုင်တဲ့အခါ နိုင်ငံခြား ကရင်းနှီးမြှုပ်နှံမှုကို ခေါ်ပြီးတော့ JVA နဲ့ လုပ်ကြတယ်။ ကျွန်တော်တို့က Free power ၁၀ ရာခိုင်နှုန်းအလကားရတယ်။ ဒီကောင်က ၁၈၀၀၀ ထွက်ရင် ကျွန်တော်တို့က မဂ္ဂါဝပ်၁၈၀၀အလကားရတယ်။ Freeရတယ်။ နောက်တစ်ခါ သူ့ဆီက သူကလာရောက်ရင်းနှီးမြှုပ်နှံတယ်။ ကျွန်တော်တို့ရဲ့ resources ကိုသုံးတာဖြစ်တဲ့အတွက် ၁၅ ရာခိုင်နှုန်းအရင်းထည့်ပေးရတယ်။ ကျွန်တော်တို့ free share ၁၅ ရာခိုင်နှုန်းရတယ်။ ဒီလျှပ်စစ်က Both Country သုံးခွင့်ရှိတဲ့အတွက် ကျန်တဲ့ဟာကို ကျွန်တော်တို့ကြိုက်သလောက် ဝယ်သုံးလို့ရတယ်။ နောက်တစ်ခုက ရောင်းတိုင်းရောင်းတိုင်းမှာ ၈ ရာခိုင်နှုန်း Commerical Tax ရတယ်။ နောက်တစ်ခါမြတ်တဲ့ဟာရဲ့ ၃၀ရာခိုင်နှုန်း။ ကျွန်တော် အမြတ်ဝေစုအဖြစ် ခွဲဝေရရှိတယ်။ တစ်ခါအခြားမြတ်တဲ့ အမြတ်ရဲ့ ၃၀ ရာခိုင်နှုန်းခွဲဝေရရှိတယ်။ withholding tax ရတယ်။ သူ့ကို purchasing period တစ်ခုပေးလိုက်ပြီးတဲ့အချိန်မှာ ပြီးသွားပြီကုန်ပြီ။ မင်းပြန်တော့ ဒါကြီးထားခဲ့တော့၊ ကိုယ့်နိုင်ငံအပိုင်ဖြစ်တယ်။ ဒီထက်အကျိုးရှိတဲ့ဟာ ဘာရှိမလဲ”ဟု ဦးဇော်မင်းက အကျိုးအမြတ်ခွဲဝေမှုနှင့်ပတ်သက်၍ ပြောကြားသည်။

7 DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011

# ပုဂ္ဂလိကဘဏ်များနိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရနိုင်နိုင်ဖွယ်ရှိ

**အားမာန်**

**နေပြည်တော်၊ စက်တင်ဘာ - ၁၁**

ပြည်တွင်းရှိ ပုဂ္ဂလိကဘဏ်များ အနေဖြင့်နိုင်ငံခြားငွေကိုင်ဆောင်ခွင့် မကြာမီ ရရှိလာနိုင်ကြောင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီး ဦးဝင်းသန်း၏ ပြောကြားချက်အရ သိရှိရသည်။

နေပြည်တော်ရှိ ရထားပို့ဆောင်ရေးဝန်ကြီးဌာနတွင် စက်တင်ဘာလ ၁၁ ရက်က ပြုလုပ်ခဲ့သော ဝန်ကြီးဌာနငါးခုမှ ပြည်ထောင်စုဝန်ကြီးငါးဦး၊ ပြည်ထောင်စု ဒုတိယဝန်ကြီး လေးဦး အပါအဝင် အစိုးရဌာနမှ တာဝန်ရှိသူများနှင့် မီဒီယာများ တွေ့ဆုံစဉ် ပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားငွေကိုင်ဆောင်ခွင့် ပြု မပြု အမေးကို ဦးဝင်းသန်းက အောက်ပါအတိုင်းဖြေကြားခဲ့သည်။

"ပုဂ္ဂလိကဘဏ်တွေအပိုင်းမှာ ရှိလာမယ်။ ဥပမာ-ဒီနေ့ နာမည်ရှိပြီးသားပြည်တွင်းကနေ ဖွင့်ထားတဲ့ဘဏ်တွေနဲ့ နိုင်ငံခြားငွေနဲ့ပတ်သက်ပြီး ဘယ်လိုလုပ်ကြမယ်။ ပူးပေါင်းပြီး ဘယ်လိုဆောင်ရွက်မယ်။ ထို့အတူပဲ နိုင်ငံတော်ကနေ ခွင့်ပြုတဲ့၊ နိုင်ငံတော်အကြီးအကဲတွေက လုပ်ပါဆိုတဲ့အချိန်မှာ နိုင်ငံခြားကနေပြီးတော့ ဘဏ်လုပ်ထုံးလုပ်နည်းတွေနဲ့အညီလုပ်ကိုင်တဲ့ နိုင်ငံခြားက ဘဏ်များနဲ့ ပူးပေါင်းပြီးတော့နိုင်ငံခြားငွေကိစ္စကိုဆက်လက်ဆောင်ရွက်ဖို့လည်း ကျွန်တော်တို့ စီစဉ်ဆောင်ရွက်မှုများရှိနေပါပြီ။ ကျွန်တော်တို့ လေ့လာမှုများ ပြုနေပါပြီ။ ဒါတွေကလည်း မကြာခင်မှာပဲ အကောင်အထည်ပေါ်လာမယ်လို့မျှော်လင့်ထားပါတယ်"ဟု ဦးဝင်းသန်းက ဖြေကြားခဲ့သည်။

လက်ရှိတွင် ပြည်တွင်း၌ အစိုးရပိုင် ဘဏ်များဖြစ်သော မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ် (MFTB)၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှုဘဏ်(MICB) နှင့်မြန်မာ့စီးပွားရေးဘဏ်(MEB) တို့သာ နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ရှိသည်။ မြန်မာ့စီးပွားရေးဘဏ်မှာလည်း နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများပြုလုပ်ရာတွင် နိုင်ငံခြားငွေကိုင်ဆောင်ခြင်းဖြစ်သည်။ သို့သော် ပုဂ္ဂလိကဘဏ်များမှာ နိုင်ငံခြား ငွေကိုင်ဆောင်ခွင့်မရှိပေ။

ပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားငွေကိုင်ဆောင်ခွင့်ပြုပါက လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များစွာရှိကြောင်းလည်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူတစ်ဦးက ပြောသည်။ ထို့အပြင် ပုဂ္ဂလိကဘဏ်များကို နိုင်ငံခြားငွေကိုင်ဆောင်ခွင့်မပြုမီတွင် တစ်ခုတည်းသော နိုင်ငံခြားငွေလဲနှုန်းသတ်မှတ်ရေးကိုဆောင်ရွက်လိုကြောင်းလည်း ဘဏ်လုပ်ငန်းကျွမ်းကျင်သူတစ်ဦးက သူ၏အမြင်ကိုပြောသည်။

"နိုင်ငံခြားငွေ လဲလှယ်နိုင်ဖို့ အတွက်လည်း ပြည်တွင်းဘဏ်တွေကို ကျွန်တော်တို့ ဘယ်လိုလုပ်မယ်၊ ဘယ်လိုစပြီးအကောင်အထည်ဖော်မယ်ဆိုတာကိုစီမံနေပါပြီ။ မကြာခင်မှာ ဒါတွေက တစ်ခုချင်း တစ်ခုချင်း အကောင်းဆုံးအခြေအနေတွေကို ဖန်တီးပြီးတော့ ကျွန်တော်တို့နိုင်ငံရဲ့ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်နေပါပြီ။ ဒါမှလည်း ကျွန်တော်တို့ဆီမှာ အလွန်နည်းပါးတဲ့ နိုင်ငံခြားငွေကိုင်တွယ်သုံးစွဲပြီး လှုပ်ရှားနေတဲ့ နည်းပါးတဲ့ ဘဏ်တွေကနေပြီးတော့ များများစားစား စနစ်တကျလုပ်လိုက်လို့ရှိရင် ကျွန်တော်တို့နိုင်ငံရဲ့ လိုအပ်ချက်ကိုဖြည့်ဆည်းပေးတဲ့ အပိုင်းလည်းဖြစ်တဲ့ အတွက် မကြာခင်မှာ အဆင်ပြေဖို့ရှိပါတယ်။ လုပ်လည်း လုပ်နေပါပြီ" ဟု ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စု ဒုတိယဝန်ကြီးက ဆက်လက်ပြောကြားသည်။

# ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မှုအတွက်ကျေးရွာငါးရွာစတင်ပြောင်းရွှေ့မည်

**ယုဇနကိုကို** **ရန်ကုန်၊စက်တင်ဘာ-၅**

တနင်္သာရီကမ်းရိုးတန်းဒေသရှိထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်မှုအတွက် ယင်း၏ အနီးပတ်ဝန်းကျင်ရှိကျေးရွာရှစ်ရွာမှာ ပထမဆုံးအသုတ်အဖြစ် စတင်ပြောင်းရွှေ့ရတော့မည်ဖြစ်ကြောင်း ဒေသခံများထံမှစုံစမ်းသိရှိရသည်။

အဆိုပါကျေးရွာရှစ်ရွာတွင် နဘုလယ်၊ ထိန်ကြီး၊ ပရဒက်၊ မူဒူး၊ ယင်းကြီး၊ ဘရိမ်း၊ လဲရှောင်အစရှိသည့်ကျေးရွာခုနစ်ရွာပါဝင်သည်ဟု ထားဝယ်မြို့ပေါ်ရှိ ဒေသခံများ ထံမှစုံစမ်းသိရှိရသည်။ ထားဝယ်ရေနက်ဆိပ်ကမ်းဧရိယာနှင့် အနီးတစ်ဝိုက်ရှိကျေး ရွာအများစုမှာ ရာဘာစိုက်ပျိုး ခြင်း၊ သီဟိုဠ်စိုက်ပျိုးခြင်းနှင့် ရေလုပ်ငန်းများလုပ်ကိုင်ခြင်းတို့ဖြင့် အဓိကအသက်မွေးဝမ်းကြောင်းပြုလုပ်ကြသည်။

ဥယျာဉ်ခြံစိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကို မိရိုးဖလာလုပ်ငန်းအဖြစ် အသက်မွေးဝမ်းကြောင်းပြုနေကြသည့် ယင်းဒေသခံများ၏ ပြောင်းရွှေ့မှုကို ထိုင်းနိုင်ငံရှိ အီတာလျံထိုင်းကုမ္ပဏီက ဆောင် ရွက်ခြင်းဖြစ်ပြီး ရေနက်ဆိပ်ကမ်းဧရိယာနှင့် ကင်းလွတ်သည့် အခြားနေရာများတွင် ပြန်လည်နေရာချထားပေးမည်ဟုလည်း သတင်းရရှိသည်။

ဒေသခံများကမူ ၄င်းတို့ကိုပြောင်းရွှေ့နေရာချထားပေးမည့် နေရာများကို အတိအကျမသိရှိရသေးသော်လည်း ယခုလက်ရှိနေ ထိုင်နေကြသည့်နေရာများထက် သွားလာရအနည်းငယ်ပိုမိုခက်ခဲသည့် နေရာများဟုသာ လတ်တလောသိထားရသေးကြောင်းလည်း ဆိုကြသည်။

"ဒေသခံတွေကို ဒူးတောင်နဲ့ ဝဇမ်းတောဘက်အခြမ်းမှာတွေမှာ အပိုင်း ၁၊ အပိုင်း ၂ခွဲပြီးပြန်ချပေးမယ်လို့တော့ကြားတယ်။ ပြောင်းဖို့ကတော့ သိပ်မကြာလောက်တော့ဘူး"ဟု ထားဝယ်မြို့ပေါ်တွင် အိမ်၊ခြံ၊မြေ အကျိုး ဆောင်လုပ်ငန်းတစ်ခုထူထောင်ထားသည့် ဒေသခံတစ်ဦးကဆို သည်။

အီတာလျံထိုင်းကုမ္ပဏီဘက်က တာဝန်ရှိသူများကမူ ဒေသခံများ၏ နေထိုင်ရေးနှင့် စီးပွား ရေးနှင့် လူမှုရေးကိစ္စများအတွက် မြို့သစ်တည်ဆောက်ကာ အပြည့်အဝဆောင်ရွက်ပေးသွားမည်ဟု ပြီးခဲ့သည့်ဖေဖော်ဝါရီလအတွင်းက မြန်မာမီဒီယာအချို့ကို တရားဝင်ပြောကြားခဲ့သည်။

ယခုလက်ရှိအချိန်တွင် ပြောင်းရွှေ့ခံဒေသခံများ၊ သက် ဆိုင်ရာမြို့နယ် အုပ်ချုပ်ရေးဘက်မှတာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံ အီတာလျံထိုင်းကုမ္ပဏီဘက်မှ တာဝန်ရှိသူများက ပြောင်းရွှေ့ခြင်းနှင့်ပတ်သတ်သည့် ပြန်လည်နေရာချထားရေးကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းနေကြသည်ဟုစုံစမ်းသိရှိရသည်။

"ကျွန်တော်တို့အခုလက်ရှိနေနေတဲ့ နေရာတွေကနေပြောင်းရင်တော့ စားဝတ်နေရေးအတွက်ဘယ်လိုလုပ်ရမလဲခုထိတော့မသိသေးဘူး။ ထိုင်းကုမ္ပဏီဘက်ကရော ဘာလုပ်ပေးမှာလဲမသိသေးဘူး။ ခုနေနေတဲ့နေရာက မွေးကတည်းက အမြစ်တည်လာတဲ့ ဒီနေရာကနေဘယ်လိုမှမခွာနိုင်ဘူးဖြစ်နေတယ်။ ဥယျာဉ်ခြံတွေကိုလည်းဒီအတိုင်းပစ်သွားရမှာ"ဟု သီဟိုဠ်ခြံလုပ်ငန်းကိုလုပ်ကိုင်သူ နဘုလယ်ဒေသခံတစ်ဦးကဆိုသည်။



7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

# အနည်းဆုံးကျပ်သန်းပေါင်း၃,၀၀၀ကျော် ရင်းနှီးငွေပြရမည့် ရွှေလုပ်ကွက်တစ်ခု ပြည်တွင်းလုပ်ငန်းရှင်များကိုလုပ်ကိုင်ခွင့်ပြုမည်

အိဖြူမွန်

ရန်ကုန်၊ စက်တင်ဘာ-၈

**ရွှေတူးဖော်လိုသော ပြည်တွင်းပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများကို မန္တလေးတိုင်းဒေသကြီးအတွင်းရှိမိုးထိမိုးမိဒေသတွင် ဧကခုနစ်ထောင်ရှိသည့်အကြီးစားလုပ်ကွက်တစ်ခုအား တရားဝင်လုပ်ကိုင်ခွင့်ပြုမည်ဖြစ်ကြောင်း အမှတ်(၂) သတ္တုတွင်းလုပ်ငန်းရုံးချုပ် စီမံကိန်းဌာနခွဲမှ သတင်းရရှိသည်။**

ရွှေတူးဖော်ခွင့်ပြုမည့်လုပ်ကွက်အတွက် ပြည်တွင်းရှိ နိုင်ငံသားကုမ္ပဏီများကို စက်တင်ဘာ ပထမပတ်တွင် တင်ဒါခေါ်ယူကာ ယင်းရွှေလုပ်ကွက်လျှောက်ထားသူသည် အနည်းဆုံးမတည်ရင်းနှီးငွေ အမေရိကန်ဒေါ်လာ နှစ်သန်းနှင့် မြန်မာငွေကျပ်သန်း တစ်ထောင့်ငါးရာ(စုစုပေါင်း ကျပ်ငွေသန်း ၃,၁၀၀ ကျော်ပမာဏရှိ) ရင်းနှီးငွေပြနိုင်ရမည်ဟု တင်ဒါလျှောက်လွှာပုံစံတွင် ဖော်ပြထားသည်။



ဓာတ်ပုံ-အိဖြူမွန်

**ကချင်ပြည်နယ် ဧရာဝတီမြစ်ဆုံရှိ ရွှေတူးဖော်ရေးလုပ်ကွက်တစ်နေရာ**

မိုးထိမိုးမိဒေသတွင် ရွှေတူးဖော်ရေး အသေးစားကုမ္ပဏီ ၃၆ခုရှိပြီး လုပ်ကွက် ၅၄ ခုရှိသည်။ ယခုထပ်မံခွင့်ပြုသည့် လုပ်ကွက်သည် ယင်းဒေသရှိ ၅၅ ခုမြောက်လုပ်ကွက်ဖြစ်သည်။ မိုးထိမိုးမိဒေသသည် မန္တလေးတိုင်း ဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင်ရှိသည်။

မြန်မာနိုင်ငံတွင် ရွှေတူးဖော်ရေးလုပ်ငန်းများကို ကချင်ပြည်နယ်၌ အများဆုံးလုပ်ကိုင်ပြီး သက်တမ်းကြာရှည်၍ ရောင်းပန်းလှသော ရွှေထည်ပစ္စည်းမှာ ကချင်ပြည်နယ်မှ ထွက်ရှိကြောင်း မြစ်ကြီးနားမြို့ ရွှေအမှိုက်များ ကျင်ဆယ်ယူသည့်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးကပြောသည်။

ရွှေတူးဖော်ရေးလုပ်ငန်းလုပ်ဆောင်သူများသည် ယခင်က လုပ်ကွက်တစ်ခုအတွက် တစ်လလျှင်ရွှေနှစ်ကျပ်သားပေးဆောင်ခဲ့ရာမှ ၂၀၁၁၊ ဇူလိုင်လ၁၁ရက်မှ စတင်၍ တစ်နှစ်စာ ၂၄ကျပ်သား ပေးဆောင်ရန် သတ်မှတ်ခဲ့သည်။ လုပ်ကွက်တစ်ကွက်လျှင် ဧက ၂၀ ကျယ်ဝန်းသည်။

"လုပ်ကွက်အကြီးစားလို့ ပြောလို့ရတယ်။ ငွေကြေးခိုင်မာမှု ပြသရမယ့်ဟာကလည်း အတော်များတယ်။ ဧက၇၀၀၀ကို တစ်ယောက်တည်းပေးတာတော့မဖြစ်နိုင်ဘူး။ လောလောဆယ်ဆယ်တော့ စိတ်မဝင်စားနိုင်သေးဘူး။ အခုအခွန်ဆောင်တဲ့ပုံစံကလည်း ပြောင်းထားတော့နည်းနည်းလက်တွန့်နေကြတယ်။ အခွန်ကိစ္စကိုတောင် မနည်းပြည့်အောင်လုပ်နေရတယ်။ မြန်မာနိုင်ငံမှာ သူတို့တောင်းတဲ့ ငွေကြေးခိုင်မာမှုပမာဏလောက်ပြနိုင်တဲ့လုပ်ငန်းရှင် အတော်ကိုရှားတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးမှ ရွှေတူးဖော်ရေးလုပ်ကိုင်နေသူတစ်ဦးက မိုးထိမိုးမိဒေသလုပ်ကွက်နှင့်ပတ်သက်၍ အမြင်ကို ပြောကြားခဲ့သည်။

တင်ဒါလျှောက်ထားသူသည်ဝန်ကြီးဌာနသို့ကျပ်သိန်း၅၀ ဘဏ်သွင်းချလံပြသရမည်ဖြစ်ပြီး ယင်းငွေသည် တင်ဒါလျှောက်ထားသူများအားလုံး အပ်ငွေထားရှိရမည်ဖြစ်ကာ လုပ်ကိုင်ခွင့်မရပါက လုပ်ငန်းရှင်ကို ပြန်လည်ထုတ်ပေးမည်ဟု သိရသည်။

## ကုန်းတွင်းရေနံသဘာဝဓာတ်ငွေ့လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုကြောင်း ပြည်ပကုမဏီ ၅၀ အဆိုပြု

အားမာန်

နေပြည်တော်၊ စက်တင်ဘာ - ၁၁

ကုန်းတွင်းပိုင်းလုပ်ကွက်များအတွက်နိုင်ငံခြားရေနံနှင့်သဘာဝဓာတ်ငွေ့ရှာဖွေတူးဖော်ရေးကုမ္ပဏီများကိုဖိတ်ခေါ်ခဲ့ရာကုမ္ပဏီ ၅၀ခုက လုပ်ကိုင်ရန် စာရင်းပေးသွင်းထားကြောင်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးက ပြောကြားသည်။

ကုန်းတွင်းပိုင်း ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ကွက် ၁၈ ကွက်တွင် အကျိုးအမြတ်ခွဲဝေခံစားသောစနစ် PSC (Profit Sharing Contract)ဖြင့် လုပ်ကိုင်လိုသောကုမ္ပဏီများကို အဆိုပြုလွှာများ တင်သွင်းရန် ၂၀၁၁ ဩဂုတ်လ ၁၄ ရက်ထုတ် နိုင်ငံပိုင်သတင်းစာမှတစ်ဆင့် ကြေညာခဲ့သည်။

ထိုသို့ကြေညာပြီးနောက် အဆိုပြုလွှာတင်သွင်းသော နိုင်ငံခြားကုမ္ပဏီပေါင်း ၅၀ရှိပြီး၊ အဆိုပြုလွှာ တင်သွင်းရက်ကျော်မှ ရောက်ရှိလာသောကုမ္ပဏီအချို့ပင်ရှိကြောင်း ဦးသန်းဌေးကရှင်း ပြသည်။

အဆိုပြုသော ကုမ္ပဏီများကို အဆင့်ဆင့် စိစစ်ပြီးမှ ခွင့်ပြုသွားမည်ဖြစ်ကြောင်းလည်း စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

အဆိုပါ ကုန်းတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ကွက်များအား နိုင်ငံခြားကုမ္ပဏီများနှင့် ရင်းနှီး မြှုပ်နှံပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားသော မြန်မာတိုင်းရင်းသားကုမ္ပဏီများကိုလည်း အဆိုပြုမှတ်ပုံတင်ရန် ၂၀၁၁ဩဂုတ်လ ၃ရက်ထုတ်နိုင်ငံပိုင်သတင်းစာများတွင်ကြေညာခဲ့သည်။ အဆိုပါ လုပ်ကွက် ၁၈ ကွက်တွင် လေးကွက်မှာအသစ်ဖြစ်ကြောင်းလည်း သတင်းရရှိသည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် နှစ်ဆန်းပိုင်းအထိကုန်းတွင်းရေနံမြေလုပ်ကွက် ၄၉ကွက်နှင့် ကမ်းလွန်ရေနံလုပ်ကွက် ၂၆ ကွက်ရှိသည်။



7DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

## စာ-၁၃၊ အဖြစ်များလာသော ကူးစက်ရောဂါ မှ

ကူးစက်ရောဂါများတွင် အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်သည့် ကူးစက်ရောဂါများသည် ထင်ရှားသည့်ရောဂါများဖြစ်ပြီး မြန်မာနိုင်ငံတွင် အမှတ်တမဲ့ဖြစ်သည့် အပြုအမူများဖြစ်သည့် တံတွေးများ အလွယ်တကူထွေးခြင်း၊ ကွမ်းတံတွေးများ ထွေးခြင်း၊ ချောင်းဆိုးခြင်း အလေ့အထများက အခြားသူတစ်ဦးအား ရောဂါပိုးများ ကူးစက်စေနိုင်ကြောင်း သိရသည်။

"ဥပမာ-တီဘီရောဂါဖြစ်ပွားနေတဲ့ လူတစ်ယောက်ချောင်းဆိုးတဲ့အခါ ရောဂါပိုးတွေက လေထဲကို ပျံ့နှံ့သွားပြီး အနီးအနားက လူတွေကို ကူးစက်စေနိုင်တယ်လေ။ အဲလိုပဲ ရောဂါပိုးက တံတွေးတွေထဲမှာလည်း ပါဝင်နိုင်တယ်" ဟု ဒေါက်တာလှိုင်စိုးဝယ်က ပြောကြားသည်။

တီဘီရောဂါပိုးများသည် သလိပ်၊ တံတွေးများထဲတွင်လည်း ပါဝင်နေပြီး ကွမ်းစားသည့်အခါ ထွေးထုတ်လိုက်သည့် ကွမ်းတံတွေးများထဲတွင်လည်း ရောဂါပိုးများ ပါဝင်နေသည်။ ထိုကဲ့သို့သော အမူအကျင့်များကို လူအများအပြား ဂရုမမူဘဲ လုပ်လေ့ရှိကြပြီး မြေပေါ်တွင်ကျသည့် တံတွေးများ၊ ကွမ်းတံတွေးများ၊ ချောင်းဆိုးခြင်းများမှ ရောဂါပိုးများ လေထဲသို့ ပျံ့နှံ့ပြီး မိမိပတ်ဝန်းကျင်ရှိ လူများအားရောဂါများ ဆက်လက်ဖြစ်ပွားစေရန် ပံ့ပိုးပေးနိုင်သည်ဆိုသည့်အချက်အား ဂရုပြုလိုက်နာသူမှာ နည်းပါးလျက်ရှိကြောင်း သိရသည်။

"ဒီမှာကတော့ ကွမ်းတံတွေးဆိုတာ ဘယ်နေရာမှ မရှောင်နိုင်တဲ့အရာလိုဖြစ်နေပါပြီ။ ကားဂိတ်တွေမှာလည်း ကွမ်းတံတွေးတွေရဲပြီး နေရာတိုင်းဖြစ်နေတာ။ တစ်ခါတလေဆို ကားစောင့်နေရင်းတောင် ကားပေါ်ကနေ ကွမ်းတံတွေးလှမ်းထွေးတာ လူကိုလာစဉ်တာလည်း ခဏခဏကြုံရတယ်" ဟု အသက် ၂၄ နှစ်အရွယ် ကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

ကူးစက်ရောဂါများသည် တစ်အိမ်တည်းတူတူနေသည့် အခြေအနေမှ ကူးစက်နိုင်သည်မျိုးမဟုတ်ဘဲ ထိုကဲ့သို့ အခြေအနေများမှ တစ်ဆင့်လည်း ရောဂါပိုးများ ကူးစက်ပျံ့နှံ့လေ့ရှိကြသည်။

"တီဘီရောဂါပိုးက တံတွေးတို့ကနေ လေထဲကိုရောက်ပြီး နေရောင်ခြည်နဲ့မထိတွေ့မချင်း လေထဲမှာ အသက်ရှင်နေနိုင်ပြီး တခြားသူတစ်ဦးကိုလည်း ဆက်လက်ကူးစက်စေနိုင်တယ်" ဟု ဓာတ်ခွဲခန်းဆိုင်ရာ ပညာရှင်တစ်ဦးကပြောကြားသည်။

ကျန်းမာရေးပုံမှန်စစ်ဆေးမှုမရှိသည့်အတွက် ရောဂါဖြစ်ပွားသည့်အခါမှသာ သိရှိမှုများပြားသည့်အပြင် လူတို့၏ မဆင်ခြင်သည့် အချို့အခြေအနေများက ကူးစက်ရောဂါများ တစ်ဦးမှ တစ်ဦးသို့ လျင်မြန်စွာ ကူးစက်သည်များလည်းရှိကြောင်း သိရသည်။

"တစ်ခါက ကွန်ပျူတာသင်တန်းတစ်ခုမှာဆိုရင် ကျောင်းသားတစ်ယောက်ကစဖြစ်တဲ့ကြက်ညှာချောင်းဆိုးရောဂါဆိုရင် တစ်ခန်းလုံးက ကျောင်းသားအားလုံးပျံ့သွားတာမျိုးလည်း ကြုံခဲ့ဖူးတယ်။ ကူးစက်ရောဂါတွေက တစ်ယောက်ကနေ တခြားတစ်ယောက်ကိုကူးတာ အရမ်းမြန်တော့ သတိထားရတယ်"ဟု ဒေါက်တာလှိုင်စိုးဝယ်က ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံသည် တီဘီရောဂါဖြစ်ပွားမှု များပြားသည်ဟု သတ်မှတ်ထားသည့် နိုင်ငံများစာရင်းတွင်ပါဝင်နေပြီး ထိုကဲ့သို့နိုင်ငံများတွင်နေထိုင်သူ သုံးယောက်တွင် တစ်ယောက်မှာတီဘီရောဂါပိုးဝင်ထားပြီးဖြစ်၍ ခုခံအားနည်းနေသည့်အချိန်တွင် ရောဂါဖြစ်သည့် အဆင့်သို့ကူးပြောင်းသွားနိုင်ကြောင်း အဆုတ်နှင့် ရင်ခေါင်းအထူးကုဆရာကြီး ပါမောက္ခဦးဝင်းနိုင်က ပြောကြားသည်။

"ပိုးဝင်တယ်ဆိုတာ အဲလိုပဲ ကိုယ့်ပတ်ဝန်းကျင်မှာ အမှတ်တမဲ့လုပ်တဲ့အခြေအနေတွေကြောင့် လေထဲမှာ ပိုးတွေပျံ့နှံ့ပြီး ကိုယ်ခံအားနည်းနေတဲ့သူဆီမှာ ပိုးဝင်သွားတယ်။ အဲဒါနဲ့အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ခံအားတွေကျဆင်းနေတဲ့အချိန်မှာ ရောဂါအဖြစ်နဲ့ပြောင်းလဲသွားပြီး နိုင်ငံအတွင်းမှာ ရောဂါဖြစ်တဲ့လူဦးရေ တဖြည်းဖြည်းများပြားလာတယ်" ဟုဒေါက်တာလှိုင်စိုးဝယ်က ပြောသည်။

ကူးစက်ရောဂါများသည် အသက်ရှူလမ်းကြောင်းဖြစ်သည့် နှာခေါင်းမှတစ်ဆင့်သော်လည်းကောင်း၊ အစာအိမ်အူလမ်းကြောင်းမှဖြစ်သည့် ပါးစပ်မှတစ်ဆင့်သော်လည်းကောင်း၊ မျက်စိတွင်ဖြစ်ပွားသည့် ကူးစက်ရောဂါမှသော်လည်းကောင်း၊ အရေပြားလမ်းကြောင်းဖြစ်သည့် အရေပြားအပေါက်များမှသော်လည်းကောင်း၊ လိင်အားဖြင့် ကူးစက်လေ့ရှိသည့်ကူးစက်ရောဂါများအဖြစ်လည်းကောင်း ပျံ့နှံ့လေ့ရှိကြောင်း သိရသည်။

ထို့အပြင် တချို့ရောဂါများသည် ရောဂါလက္ခဏာမပြသသေးသည့်အချိန်တွင် မိမိတွင်ရောဂါရှိကြောင်းမသိရှိသေးသည့်အတွက် ဂရုမမူမိသည့် အခြေအနေများက တခြားသူများအား ရောဂါများကူးစက်စေလေ့ရှိသည်။

ကူးစက်ရောဂါများတွင်ဖြစ်ပွားမှုများသည့် အစာအိမ်အူလမ်းကြောင်း ရောဂါများဖြစ်သည့် အထက်လှုန်အောက်လျှောရောဂါများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ၊ အူရောင်ငန်းဖျားရောဂါများ၊ အသည်းရောင် အသားဝါရောဂါများစသည်တို့သည်လည်း တစ်ဦးမှ တစ်ဦးသို့ကူးစက်သည့် ရောဂါများဖြစ်ကြကြောင်း သိရသည်။

"ဝမ်းပျက်ဝမ်းလျှောဆိုရင်လည်း ဖြစ်နေတဲ့ သူတစ်ယောက်က အိမ်သာတက်ပြီး လက်မဆေးပဲ တခြားပစ္စည်းတွေ ကိုင်မိမယ်။ အဲဒီမှာ ရောဂါပိုးတွေ ကပ်ကျန်ခဲ့ပြီး တခြားသူတစ်ဦးက အဲဒီပစ္စည်းကို ထိမိ၊ ကိုင်မိတဲ့အခါ ရောဂါပိုးတွေ ပျံ့နှံ့ပြီး ကူးစက်တာမျိုးတွေဖြစ်ကုန်တယ်" ဟုဒေါက်တာလှိုင်စိုးဝယ်က ဆက်လက်ပြောကြားသည်။

တခြားမျက်စိနာရောဂါများ၊ အရေပြားရောဂါများသည်လည်း ဖြစ်ပွားနေသူ၏ အမှတ်တမဲ့ အပြုအမူများကြောင့် တခြားသူများအား ပျံ့နှံ့ဖြစ်ပွားခြင်းမျိုးဖြစ်ပြီး ကူးစက်ရောဂါများ မိမိသို့မကူးစက်နိုင်ရန် ဂရုပြုနေထိုင်သင့်သည့်အပြင် မိမိတွင်ရှိသော ရောဂါများ တခြားသူတစ်ဦးအား ကူးစက်မှုနည်းပါးစေရန် မိမိ၏အပြုအမူများကို ဆင်ခြင်ခြင်းဖြင့် ကူးစက်ရောဂါများဖြစ်ပွား ပျံ့နှံ့မှုနည်းပါးစေရန်ကူညီလုပ်ဆောင်နိုင်ကြောင်း သိရသည်။

အခြားနိုင်ငံများတွင် ထိုကဲ့သို့ လူအများစုဝေးသွားလာရာလမ်းများ၊ နေရာများတွင် တံတွေးထွေးခြင်း၊ အခြားအမူအကျင့်များအား ဥပဒေတစ်ခုပြဋ္ဌာန်းပြီး ထိရောက်စွာ ပညာပေးလေ့ရှိပြီး မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းက လမ်းများတွင် ကွမ်းတံတွေးထွေးခြင်းအား ထိရောက်စွာအရေးယူမည်ဟုကြေညာခဲ့သော်လည်းယခုအချိန်တွင် မည်သည့်အရေးယူဆောင်ရွက်မှုများမရှိတော့ကြောင်း သိရသည်။

## စာ(၃) - ဘဏ်ငွေစာရင်း ကန်ဒေါ်လာသုံးသောင်းအထက်ရှိသော မှ

ပို့ကုန်လုပ်ငန်းများ၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်နေသော ကုမ္ပဏီများ၊ သင်္ဘောသားများနှင့် နိုင်ငံခြားတွင် တရားဝင်လုပ်ကိုင်နေသူများ၊ နိုင်ငံတော်ဘဏ်များတွင် ငွေစုဆောင်း အပ်နှံထားပါက ကားတင်သွင်းခွင့်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုပေးသွားမည်ဖြစ်သည်။ သို့သော် ထိုသို့ခွင့်ပြုမည့်အစီအစဉ်၏ အကြမ်းဖျင်းကို ဦးအောင်မင်းက စက်တင်ဘာ ၁၁ ရက်တွင်ပြုလုပ်သော မီဒီယာများနှင့်တွေ့ဆုံပွဲ၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုအစီအစဉ်မှာ ဆက်တိုက်အကောင်အထည်ဖော်သွားမည်ဖြစ်၍ ကားတင်သွင်းခွင့်ရရန် ယခုမှ တရားဝင် ငွေစာရင်းဖွင့်လှစ်မည့်သူများကိုလည်း သတ်မှတ်သည့်ပမာဏပြည့်လျှင် ခွင့်ပြုသွားမည်ဖြစ်ကြောင်းလည်း ဦးအောင်မင်းကရှင်းပြသည်။

သို့သော်ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူများနှင့် သင်္ဘောသားများမှာ တရားဝင် စာရင်းဖွင့်လှစ်မှုနည်းပါးသည်။ ထို့အပြင် ၎င်းတို့အတွက် ကန်ဒေါ်လာသုံးသောင်းဆိုသည်မှာ အလွန်များပြားသည့် ငွေပမာဏဖြစ်ကြောင်းလည်း ပြည်ပတွင် အလုပ်လုပ်ကိုင်နေသူအချို့ကပြောသည်။

မြန်မာနိုင်ငံတွင် သင်္ဘောသားလက်မှတ်ကိုင်ဆောင်ထားသူ ၇၀,၀၀၀ ကျော်ရှိပြီး ထိုအထဲမှ ၂၄,၀၀၀ ကျော်မှာ နိုင်ငံခြားသင်္ဘောများပေါ်တွင် တာဝန်ထမ်းဆောင်နေကြသည်။ သို့သော် ဘဏ်ငွေစာရင်းဖွင့်လှစ်ထားသောသင်္ဘောသားမှာ ၉၂ ဦးသာရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းအောင်ကပြောကြားသည်။

HAPPY PEST KILLER



TRADEMARK CAUTION
Ponaflex

7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011

# မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်

ကိုဝမ်း



"မျှော်လင့်လို့ဖြင့် မဆုံးနိုင်တယ်" ဆိုသည်မှာ ကွယ်လွန်သူစာရေး ဆရာမကြီး ခင်နှင်းယု၏ မဂ္ဂဇင်း ဝတ္ထုတိုတစ်ပုဒ်ခေါင်းစဉ်ဖြစ်သည်။ ဆရာမကြီး၏ အခြား ထင်ရှား သော ဝတ္ထုတိုတစ်ပုဒ်က ဘိန်းစား ရေချမ်းဖြစ်သည်။ မျှော်လင့်လို့ ဖြင့် မဆုံးနိုင်တယ်ဆိုသည်က ပုဂံ ကဘုရား ကျွန်ကြီးဦးကြာယုံ၏ ဇာတ်လမ်းဖြစ်သည်။ ရှေးဘုရင် များခေတ်က ဘုရားစေတီများသို့ ရွာသူ ရွာသားများကို ဘုရား ကျွန်အဖြစ် ခေါင်းလောင်းထိုး၍ လှူခဲ့ကြရာ မျိုးရိုးစဉ်ဆက်ဘုရား ကျွန်ဖြစ်ခဲ့သည်။ ဖဆပလ အစိုး ရလက်ထက်တွင် ယင်းဘုရား ကျွန်များ ဘဝလွတ်မြောက်ရေး ကို စီမံကိန်းချကာ ဆောင်ရွက်ခဲ့ သည်။

အသေးစိတ်ကား ကောင်း စွာ မမှတ်မိတော့ပါ။ ထိုစဉ်က လူမှုဝန်ထမ်း ဝန်ကြီးဦးဘစောက ဘုရားကျွန်များနှင့်အတူ ညစာ စားပွဲကျင်းပသည်လောက်ကိုသာ မှတ်မိတော့သည်။ ဆရာမကြီး ခင်နှင်းယု အမည်ခံဒေါ်ခင်စုက ဝန်ကြီးချုပ်၏ အပါးတော်မြဲ (ကိုယ်ရေးအရာရှိ)မို့ ပုဂံရောက် သွားစဉ် ဘုရားကျွန်ကြီးဦးကြာယုံ နှင့် တွေ့ဆုံခဲ့သည်။ ဦးကြာယုံက သူတို့၏ ဘုရားကျွန်ဘဝ လွတ် မြောက်ရေးခံစားချက်များကို ဆရာမကြီးထံပါး ရင်ဖွင့်ခဲ့သည်။ စာရေးဆရာက ဘုရားကျွန်များ ကိုယ်စားခံစား၍ ဤဝတ္ထုကို ရေး သားတင်ပြခဲ့သည်။ ဘဝလွတ် မြောက်ရေးဝတ္ထုတိုတစ်ပုဒ်ဖြစ် သည်။ လက်ရာပြောင်မြောက် လှသော ဘဝလွတ်မြောက်ရေး ဝတ္ထုတိုတစ်ပုဒ်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီး တွင် ဘဝလွတ်မြောက်ရေးကို မျှော်လင့်တောင်းတနေရသော အောက်ခြေဆင်းရဲသား လူတန်း စားဆိုတာရှိသည်။ မည်မျှချမ်းသာ ကြွယ်ဝသော နိုင်ငံဖြစ်စေကာမူ လူတန်းစားကွာဟမှုရှိသည်။ တစ် ဦးချင်းဝင်ငွေ (percapita income) က တစ်နှစ်ကိုဒေါ်လာနှစ် သောင်းရှိသော နိုင်ငံတွေမှာ လည်း အောက်ခြေလူတန်းစားဟူ ၍ ရှိသည်။ ဘာကြောင့်ပါလဲ။ လူ တစ်ဦးချင်းစီတွင် ဉာဏ်ရည်အနိမ့် အမြင့်ကွာခြားမှုရှိသည်။ ယင်း ဉာဏ်ရည်အနိမ့်အမြင့်ကြောင့်ပဲ ပညာရည်ကွာခြားရသည်။ ပညာ အရည်အချင်းကွာခြားသဖြင့် လူနေမှုဘဝ ကွာခြားရသည်။ နောက်တစ်မျိုးမှာ ဉာဏ်ရည် ကောင်းသည့်တိုင် ဘဝပေးအခြေ အနေကွာခြားသည်။ ဘဝပေးအ ခြေအနေဟူသည် မပြည့်စုံသော ဘဝတွင် လူလာဖြစ်ရသည်။ ကျောင်းစာသင်ချင်ပေမယ့် ဖခင် နှင့်အတူ လယ်ထဲဆင်းရသည်။ မိခင်နှင့်အတူ ဈေးရောင်းရသည်။ ညီအစ်ကို မောင်နှမတွေကများ စားဝတ်နေရေးအတွက်က မပြေ လည်။ ဖခင်က ကွယ်လွန်သွား ခဲ့ရာမှ ကျောင်းကထွက်ပြီး အ လုပ်လုပ်ခဲ့ရသူတွေ ဈေးရောင်းရ သူတွေ ဒုနဲ့ဒေးရှိသည်။ ယင်းသို့ သော အကြောင်းကြောင်းများ ကြောင့် ဆင်းရဲနွမ်းပါးသော ဘဝ က ရုန်းမထွက်နိုင်သူတွေရှိသည်။ ငယ်စဉ်ကဆင်းရဲပေသည့် ကြီး သည့်အခါ ချမ်းသာသည့်သူတွေ ရှိပါသည်ဟု စောဒက တက်စရာ ရှိသည်။ မှန်ပါသည်။ ယင်းသည် တစ်ဦးစ နှစ်ဦးစ စသည်လက်ချိုး ရေတွက်၍ ရသည်။ ယေဘုယျ အားဖြင့်မူ ဆင်းရဲခြင်းက ရုန်း မထွက်နိုင်ကြသူတွေပါ။

ဥပမာပြပါမည်။ ဖိလစ်ပိုင် လူမျိုးများသည် နိုင်ငံရပ်ခြားသို့ ထွက်၍ အလုပ်လုပ်ကိုင်ရှာဖွေ စားသောက်ရသည်မှာ ရာစုနှစ် နှစ်ခုမျှရှိခဲ့ပြီ။ ဖခင်ကနိုင်ငံခြား သွား အလုပ်လုပ်၊ အိမ်ကို ငွေပြန် ပို့၊ သားသမီးကျောင်းထား။ သား သမီး ကျောင်းပြီးလျှင် ဖခင်လိုပဲ နိုင်ငံခြားသွား အလုပ်လုပ်။ လူ မျိုးတူချင်း အိမ်ထောင်ကျ၊ သား သမီးမွေးလျှင် ဖိလစ်ပိုင်ပြန်ပို့ ကျောင်းထား၊ ဤသံသရာမှာလည် နေကြသည်။ အရှေ့အာရှက လူ ဦးရေသန်းထောင်ကျော်နိုင်ငံကြီး လူမျိုးတွေ၊ မိမိတို့နိုင်ငံတွင် လူ ဦးရေများပြီး မစားလောက်သဖြင့် အိမ်နီးချင်းနိုင်ငံသာမက အဆင် ပြေရာ ကမ္ဘာနိုင်ငံအသီးသီးသို့ ပြောင်းရွှေ့နေထိုင်ကာ စား သောက်ကြရသည်မှာ ရာစုနှစ် နှစ်ခုပင် ကတော့သည် မထင်ပါ။ သို့သော် ယခုအခါ ယင်းနိုင်ငံကြီး မှာ စီးပွားရေးဖွံ့ဖြိုးလာပြီဖြစ် ပေရာ ယင်းကဲ့သို့ ပြောင်းရွှေ့နေ ထိုင်ဖို့ရာ မလိုအပ်တော့ပါ။ သို့ တိုင် အချို့ကမူ သူတို့အခေါ် ရွှေ တောင်တန်း (Golden Mountain)ဟုခေါ်သော ဆန်ဖရန်စစ္စ ကိုနှင့် လော့စ်အန်ဂျလိစ်များသို့ သွားရောက်နိုင်ရေးကို အိပ်မက် မက်နေကြဆဲဖြစ်လေသည်။

ဒုတိယကမ္ဘာစစ်ပြီးခဲ့သည် မှာ နှစ်ပေါင်း ၆၀ ကျော်ခဲ့ပြီ။ ဒုတိ ယ ကမ္ဘာစစ်မီးတွင်ပါဝင်ခဲ့ကြ သော အမေရိကန်၊ အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ ဂျပန်စသော နိုင်ငံများသည် စစ်အပြီးတွင် နာ လန်ပြန်ထလာရုံမက ယနေ့အခါ ဖွံ့ဖြိုးပြီး နိုင်ငံကြီးများဖြစ်၍နေကြ ပါပြီ။ ဒုတိယကမ္ဘာစစ်တွင် စစ်မြေ ပြင်ဖြစ်ခဲ့သော နိုင်ငံများထဲကမူ တစ်နိုင်ငံမှ ဖွံ့ဖြိုးပြီး နိုင်ငံအဆင့် သို့ရောက်မလာခဲ့သေးပါ။ အများ စုကမူ ဖွံ့ဖြိုးဆဲနိုင်ငံများ (developing)သာဖြစ်သည်။ အချို့ သောနိုင်ငံများမှာ ဖွံ့ဖြိုးမှုအနည်း ဆုံး(Least develope)အဆင့်မှာ ပဲရှိသည်။

တကယ်တော့ ဆင်းရဲချမ်း သာဟူသည် တစ်ပြေးညီဟူ၍ မဖြစ်နိုင်ပါ။ ယင်းသို့ တစ်ပြေးညီ မဖြစ်နိုင်သည်မို့ ကွာဟချက်တိုင်း ကွာဟနေရမှာလားဆိုပြန်တော့ လည်း မဟုတ်ပြန်။ ဖြစ်နိုင်သရွေ့ ကွာဟချက်က ကျဉ်းမြောင်းရပါ သည်။ အကျဉ်းနိုင်သမျှ အကျဉ်း ဆုံးဖြစ်ရသည်။ ဆင်းရဲချမ်းသာ ကွာဟမှုကြီးလေလေ ဆင်းရဲသား တို့ဘဝပို၍ နိမ့်ကျလေဖြစ်သည်။ ဟိုတစ်ခေတ်က မြန်မာနိုင်ငံတွင် နင်းပြားဟူ၍ပင် ဆင်းရဲသားကို သုံးစွဲခဲ့ဖူးသည်။ ချမ်းသာသူတွေ ပို၍ ပို၍ ချမ်းသာစေဖို့ရန် အနင်း ခံဟူသော အဓိပ္ပာယ်ဖြစ်သည်။ ချမ်းသာသူက သူချမ်းသာဖို့ရန် နည်းမျိုးစုံသုံးလေ၊ ဆင်းရဲသားမှာ ပိုမိုဆင်းရဲလေဖြစ်သည်။ လစာငွေ အပါအဝင် ပုံမှန်ဝင်ငွေဟူသည် အနိမ့်ဆုံးနှင့် အမြင့်ဆုံးတို့ ကြား များစွာ ကွာခြားခြင်း မရှိရပါ။ သို့ မှသာ မှန်ကန်သော လူနေမှုဘဝ သာ ဖြစ်သည်။

ဘုရားကျွန်ဘဝမှ လွတ် မြောက်ရေးကို ဦးကြာယုံတို့ မျှော် လင့်သကဲ့သို့ ဆင်းရဲသား အများစု ကလည်း မိမိတို့၏ ဘဝလွတ် မြောက်ရေးကို မျှော်လင့်နေကြ သည်ချည်းဖြစ်ပါ၏။ ယင်းသို့ပင် ပန်းဆင်းရဲစွာ ဖြစ်သလို ရှာဖွေ စားသောက်နေရသည့် ဘဝ၌ပင် ရုံဖန်ရံခါ မုန်တိုင်းတိုက်သည့်အ ဖြစ်ကိုလည်း ကြုံကြရပါ၏။ **လုပ်စားတော့ မိုးခေါင်၊ ခိုးစားတော့ ခွေးဟောင်** ဆိုတာမျိုး ရင်ဆိုင်ရ ၏။ မြေနိမ့်ရသည့်အထဲ လုံ့စိုက်ခံ ရပါ၏။ ရေနစ်ရသည့်အထဲ ဝါး ကူနှစ်တာခံရပါ၏။ ဈေးရောင်းမှ စားရသူသည် ဈေးမရောင်းရ သော် ဘာနှင့်စားရပါမည်နည်း။ ဖနောင့်နှင့် ဖိနပ်မတော်သော် ဖ ဖောင့်ကိုကားဖြတ်၍မဖြစ်။ တော် ရာဖိနပ်ကိုသာလဲလှယ်ပေးရာ၏။ ပုဂံက ဦးကြာယုံသည် ၂၀ ရာစုဦး ကြာယုံသာဖြစ်ပါ၏။ ။

# စာ – ၂၆၊ လိပ်ပြာနီးထမှုနဲ့ လူတန်းစားစိတ်မှ

ပြီးမှ ဂျက်လီ၏ ဖောင်ဒေးရှင်းကို သူ လေ့လာထားသမျှ ရှင်းလင်းပြ သည်။ ထိုဝိုင်းတွင်ပင်နောက်လက် ကမ်းကြော်ငြာတစ်ခုကို ဖတ်ရပြန် သည်။

"ကျွန်တော်တို့က အနုပညာ အလုပ်ပဲ ကျွမ်းကျင်တာ၊ ကဏ္ဍအ သီးသီးက ကျွမ်းကျင်သူတွေရဲ့ အ ကြံဉာဏ်တွေ၊ အကူအညီတွေနဲ့ ပူးပေါင်းမှုတွေ လိုတယ်။ စနစ်ကျ အောင်၊ လမ်းကြောင်းမှန်အောင် ကူညီစေချင်တယ်။ ပွင့်လင်းမြင် သာမှု၊ ယုံကြည်စိတ်ချမှု၊ လှူဖို့ လွယ်ကူအဆင်ပြေမှုနဲ့ ထိရောက် တဲ့ လှူဒါန်းမှုတွေဖြစ်စေချင် တယ်။ လစဉ် အလှူရှင်ဦးရေနဲ့ နောက်မှာ သုညသုံးလုံးထည့်ပြီး လက်ကျန်ငွေ မချန်ဘဲလှူမယ်"

ဆရာအော်ပီကျယ် လက် ရာပုံလေးများဖြင့် စနစ်တကျ စီစဉ် ရိုက်နှိပ်ထားသော လက်ကမ်း ကြော်ငြာဖြစ်သည်။

(၄)

One More က ရှင်းလင်းသည်။ ပြတ်သားသည်။ ဆိုပါစို့၊ သည်လ သည်ဩဂုတ်လ။ ဩဂုတ်လရသမျှ ကိုထိုရငွေများထဲက တစ်ပြားတစ် ချပ်မှ စရိတ်စကအဖြစ် မသုံးစွဲဘဲ အားလုံးကိုလိုအပ်နေသောပရဟိ တကျောင်းများ၊ အဖွဲ့အစည်းများ သို့ အခမ်းအနားမပါဘဲ လှူဒါန်း မည်။ လက်ကျန်သုည။ လစဉ်အ လှူရှင် စာရင်းကို အင်တာနက် ဝက်ဘ်ဆိုက်တစ်ခုဖွင့်ပြီး သိပ် မကြာခင် တင်ထားပေးမည်။ လူ တိုင်း အဓိပ္ပာယ်ရှိသော ဘဝဖြင့် ရှင်သန်ခွင့်ရရှိလာရန် အင်အားရှိ သမျှဖြင့် လှူဒါန်းခဲ့သော ပြည်သူ တို့၏ ကြည်နူးဖွယ်ရာအလှူတစ်ခု ဖြစ်သည်။

(၅)

လက်ကမ်းကြော်ငြာ နှစ်ခု ကို မိတ္တူကူးပြီး ထိစပ်နီးစပ်သူများ သို့ဖြန့်ဝေသည်။ မကြာမီမှာ မိတ် ဆွေများနှင့် ညစာစားပွဲလေးတစ် ခုတွင် ဆုံဖြစ်ကြမည်။ သည်ပွဲကို ကျွန်တော်အားထားသည်။ အား လည်းအားထားလောက်ပါသည်။ သူတို့က ငွေကြေးအရာတွင်တော့ သိန်းသောင်းဂဏန်းမက ချမ်းသာ သူများဖြစ်ကြသည်။ ပြီးလူချင်းရင်း နှီးပြီးသားမို့ များများစားစား၊ ပင်ပင်ပန်းပန်း ရှင်းပြရန်လည်း လိုမည်မဟုတ်။ လက်ကမ်းကြော် ငြာလေးနှစ်ခုပေးလိုက်ရုံနှင့် အ လုပ်ဖြစ်နိုင်သည်။

ညစာစားပွဲသို့ လူစုံတက်စုံ ရောက်လာကြသည်။ ထုံးစံ အ တိုင်း ခွက်ချင်းထိ ဆုတောင်းပြီး ဝိုင်းကို စဖွင့်လိုက်သည်။ တခြား စကားမပြောမီ ကျွန်တော်က One More လက်ကမ်းကြော်ငြာ လေးနှစ်ရွက်စီ သူတို့အားလုံးကို ပေးလိုက်သည်။

"ဘာလဲဟ . . ."

"အင်မတန်စိတ်ဝင်စားဖို့ ကောင်းတဲ့အလှူပါ"

သူတို့ဖတ်ကြသည်။ သူတို့ ဖတ်နေစဉ်တွင် စားပွဲထိုးလူငယ် ရောက်လာသည်။ ကျွန်တော်က စားပွဲထိုးလူငယ်ကို ကြော်ငြာနှစ် ရွက်ပေးသည်။ ကျွန်တော်တို့ သောက်ကြ၊ စားကြ၊ ပြောကြ၊ ဆို ကြ၊ ငြင်းကြ၊ ခုံကြသည်။ ဘယ် သူကမှ One More ကို မပြော ကြ။ ပျော်ရ၊ ရွှင်ရအောင် ဆုံကြ ချိန်တွင် နက်နဲသော ကိစ္စများကို မစဉ်းစားချင်၍လည်း ဖြစ်နိုင် သည်။ ဘာပဲပြောပြော သည်မျှ ချမ်းသာနေကြသူများအဖို့ လှူ တော့ လှူကြမည်ထင်ပါသည်။ ကျွန်တော်က One More အ ကြောင်းကို စကားစကြည့်သည်။ ဘယ်သူကမှ လိုက်မလာ။ ကျွန် တော် မျှော်လင့်အားထားခဲ့သမျှ တို့သည် အခုထိဘာတစ်ခုမှအရာ မထင်သေးပါ။ အထူးသဖြင့် သူတို့ အထဲတွင် ငယ်စဉ်က အလွန်ချို့ တဲ့ခဲ့သော မိတ်ဆွေနှစ်ဦးပင်လျှင် နှုတ်ဆိတ်နေသည်။

သူတို့၏ စိတ်ဝယ်စာနာ သော လိပ်ပြာငယ်လေးများ မနိုး ထနိုင်သေး။ တောင်ပံခတ်သံကို နားစွင့် မျှော်လင့်နေသော ကျွန် တော်သာလျှင်ရင်မောလာရသည်။

ထိုစဉ် . . . ။

လူငယ်စားပွဲထိုးငါးယောက် ကျွန်တော်တို့ စားပွဲသို့လာ၍ ရပ် ကြသည်။ အားလုံးဝိုင်းကြည့်ပြီး အံ့အားသင့်နေကြသည်။ ကျွန် တော်တို့အထဲက အနောက် အ ပြောင်သန်သူတစ်ဦးက "ဘယ် လောက်ပဲ ကျကျ ငါတို့ရှင်းမှာပါ ကွာ။ အဲသလိုကြီးတော့ အင်အား လာမပြပါနဲ့"ဟု နောက်သည်။ စား ပွဲထိုးကောင်လေးတွေကတော့ မ ရယ်၊ မပြုံး။

"ဆရာတို့ စကားဝိုင်းကို နှောင့်ယှက်သလိုဖြစ်သွားရင် ခွင့် လွှတ်ပါ။ ကျွန်တော်တို့စကားတစ် ခွန်းလောက် ပြောချင်လို့ရပ်စောင့် နေတာပါ"

"ပြောပါ၊ ပြောပါ"ဟု ကျွန် တော်က ပြောလိုက်သောအ ခါ ကျွန်တော် လက်ကမ်းကြော်ငြာ ပေးလိုက်သော လူငယ်က ပြော သည်။

"ဆရာပေးတဲ့ လက်ကမ်း ကြော်ငြာလေးနှစ်စောင်ကို ဖတ် ပြီး ကျွန်တော်တို့ အလွန်ပဲစိတ်ဝင် စားပါတယ်။ ဒါကြောင့် လည်း ဘဝတူညီနောင်သားချင်းတွေကို ကူညီဖို့ ကျွန်တော်တို့ ဆုံးဖြတ် လိုက်ကြတယ်။ အခုကျွန်တော် တို့ ရထားတဲ့ ချွေးနဲ့စာထဲက One More ကို လှူချင်လို့ ငွေစုလာပါ တယ်။ အဲဒါဆရာတို့ လက်ခံပေး ပါ" ပြောပြီး တစ်ထောင်တန် တစ် ထုပ်ကို စားပွဲပေါ်သို့ လှမ်းတင် သည်။

သူတို့တစ်တွေ ဘယ်လိုခံစား ရမည်ကို ကျွန်တော်မသိ။ ကျွန် တော့်ရင်ကမူ ပြောင်းဆန်သွား သည်။ ဝမ်းသာ၍လား။ ဒါမှမဟုတ် ယူကျုံးမရဖြစ်သွား၍လား။ မဝေ ခွဲတတ်။

ရင်ထဲမှ လှိုက်၍လှိုက်တက် လာနေသည်တော့ အမှန်။ စိတ်ကို အတည်ငြိမ်ဆုံး ထိန်းချုပ်ပြီး ကျွန် တော်စဉ်းစားကြည့်သည်။

ကျွန်တော်အလွန်အမင်းရှက် စိတ်ဝင်သွားခြင်းဖြစ်နိုင်ပါသည်။

"ကျွန်တော်သည်ပင် One More ကိုတစ်ပြားတစ်ချပ်မှ မလှူ ရသေးပါ"

*(မှတ်ချက်-သူတို့ငွေများကိုပြန်ပေးပြီး ကြော်ငြာပါသည့် လှူရမည့်နေရာများတွင် သွားလှူပါရန် တောင်းပန်ခဲ့ပါသည်။)*

၇ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

# ခုတစ်မျိုး . . . တော်ကြာတစ်မျိုး

ဆာသော်ဒိုး



**တစ်**နေ့သ၌ ကျွန်ုပ်သည် ညီငယ်၊ ညီမငယ်တစ်စုနှင့် သင့်တင့် လျောက်ပတ်သော ခရီးတစ်ခုအဖြစ် ယုံကြည်ရာ ဟံသာဝတီမြို့တော်ဟောင်းဘက်ဆီသို့ အတူထွက်လို့လာခဲ့ပါပေ၏။ အားလုံး အချိန်းအချက်ပြုထားရာ အင်းလျားမဟာကန်စောင်းစုရပ် တစ်နေရာမှာ နံနက် ၅ နာရီအတိစုဆုံမိကြပြီးနောက် တောက်လျှောက်ခရီးကို တစ်တပ်တစ်အား မရပ်မနားသွားခွင့်ကြုံခဲ့ကြပါပေ၏။

လမ်းမများပေါ်မှာ ဘာဆိုင်ဘာဆိုင်မှ မဖွင့်ကြသေးသည်ဖြစ်သည့်အတွက် ဤမနက်၏အစာဘရိတ်ဖတ်စ်ကို အသာဘရိတ်ရပ်ကာ ဦးတည်ရာနေရာဌာန ရွှေမော်ဓောစေတီတော်မုခ်ဝသို့သာ ရည်မျှော်မှန်းလျက် စီတန်းထွက်ဖြစ်ခဲ့ကြပါတော့၏။ မြို့တော်ရန်ကုန်ကား အိပ်၍ကောင်းဆဲ ယခင်အတိုင်း မပြောင်းမလဲ ဟန်လုပ်တင့်တယ်နေမြဲသယောင်သာ မြင်တွေ့ရပါပေ၏။

ကျွန်ုပ်နှင့် ခရီးဖော်ညီတော်နှမတော်တို့မှာကား အခြားမဟုတ်၊တိုင်းပြည်ကို 'ကျောက်အုပ်' တို့ဖြင့် ပြန်ဆောက်ခွင့်ရမည့်သူအကောင်းစား သတင်းမျိုးဆက်သစ် တက်တက်ကြွကြွ ဂျာနယ်လစ်များပင်ဖြစ်ပါပေ၏။ တိုင်းပြည်တစ်ခုမှာမဏ္ဍိုင်လေးခုရှိရပေရာ အုပ်ချုပ်ရေးမဏ္ဍိုင်၊ ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် အနီးကဲ့သို့ သတင်းမီဒီယာဂျာနယ်လစ်များ၏ စတုတ္ထမဏ္ဍိုင်သည်လည်း ထောက်တိုင်ကြီးတစ်ခုဖြစ်ပေရာ နားလည်သဘောပေါက်လက်ခံသူလူထုကိုယ်စားပြု အပြည်ပြည်အစိုးရတွေအဖို့ 'ကျွန်း'ကို 'ကိုင်း' မီလို့ 'ကိုင်း' ကို 'ကျွန်း'မီ လျှောက်လှမ်းနေကြသည်မှာ ဓမ္မတာသာဖြစ်ပါပေ၏။

ကျွန်ုပ်တို့လူစုလည်း မနက်အစောကြီးကတည်းက ထွက်လာကြရသည်ဖြစ်ရာ မုန့်ဘာညာ ဘာမှပါမလာကြသော်ငြား လမ်းခရီးမှာ ခေတ္တရပ်နား အဆာပြေမှ မစားဖြစ်ကြဘဲ ဦးတည်ရာ ရည်မှန်းချက်သို့သာ ထက်ကြပ်မကွာ လိုက်ပါခဲ့ကြပါပေ၏။ ကျွန်ုပ်တို့၏ မိတ်ဆွေအပေါင်းအသင်းရောင်းရင်း ရင်းချာ အခြားသူများမှာလည်း အခြားမော်တော်ယာဉ်များပေါ်မှနေ၍ ကျွန်ုပ်တို့ကို လှမ်းကာ ဓာတ်ပုံရိုက်၊ ဗီဒီယိုရိုက် ကျွန်ုပ်တို့၏ ယာဉ်ပေါ်မှ ညီတော် နှမတော် ဂျာနယ်လစ်မျိုးဆက်သစ်များကလည်း ကိုယ်စီပါကင်မရာမျိုးစုံဖြင့် ၎င်းတို့အား ပြန်ချိန်ပြန်ရိုက်ဖြင့် ကျွန်ုပ်တို့၏ ဤခရီးမှာ ဝမ်းဗိုက်ဟာ တကျုတ်ကျုတ်ဖြစ်နေခြင်းများကို အလိုလိုသာ မေ့နေကြပါတော့၏။

ဟံသာဝတီမြို့တော်ဟောင်းသို့သွားရာ လမ်းဟောင်းမှာ ရေကျော်နေသေးမှာ ဖြစ်သည့်အတွက် ကျွန်ုပ်တို့ အားလုံးလည်း တွက်ချက်ကာ အမြန်လမ်းသစ်ကြီးမှနေ ခရီးရှည်ကို အပြင်းမောင်းခဲ့ကြပါ၏။ ကွန်ကရစ်လမ်းမကျယ်ကြီးကား ကျယ်ဝန်းဖြောင့်တန်းရှည်လျားလျက် လေယာဉ်ဆင်းသက်လျှင်တောင်မှ ကောင်းကောင်းကြီးရလိမ့်မည်ဟုယုံကြည်စရာအခြေအနေပါပေ။

လမ်းအခြေအနေမှာ အထူးကောင်းမွန်လျက် ရွာစဉ်ရွာဆက်မရှိသလောက်ဖြစ်ကာ ဤလမ်းမကြီးဘေးဝဲယာများမှာ မြို့ငယ်ရွာငယ်များတည်လိုက်ရလို့ကတော့လားဟုလည်းကောင်း၊ သစ်တောကြီးများ၊ စိုက်ခင်းကြီးများ၊ မွေးမြူရေးခြံကြီးများငါးကန်ကြီးများ တည်ဆောက်လိုက်ရလို့ကတော့ဟုလည်းကောင်း၊ မနီးမဝေးလေးငါးဆယ်မိုင်လောက်စီမှာ စက်သုံးဆီဆိုင်နှင့်ခေတ်မီလှပသန့်ပြန့်လှသည့် စားသောက်ဆိုင်ငယ်ကလေးများ ဖွင့်လှစ်ထားလိုက်ရလို့ကတော့ဟုလည်းကောင်း တွေးကောင်းကောင်းဖြင့် တွေးမိပြီး သကာလ ပြုံးကောင်းကောင်းဖြင့် ပြုံးမိနေပုံရပါပေ၏။

'ဆာသော်ဒိုး ဘာတွေတွေးပြီး ပြုံးနေတာတုံး'

ညီငယ်မျိုးဆက်သစ်ဂျာနယ်လစ်တစ်ဦးက ကျွန်ုပ်၏အပြုံးစကို သက်သေပြုကာ မေးခွန်းထုဆစ်လာပါ၏။ ပြီးသည်နှင့် သူ၏ခရီးဆောင်မိုဘိုင်းဖုန်း (CDMA 800) ကို ထုတ်ကာ ဌာနချုပ်ကျန်သူ့အိမ်သူထံ ပြန်လည်သတင်းပို့နေသည်ကိုတွေ့ရပါ၏။မည်သည့်နေရာကိုရောက်ပြီ မည်သည့်အချိန်ဆို ရွှေမော်ဓောခြေတော်ရင်းရောက်မည်ဟု အချိန်ကို မှန်းဆကာ **တစ်ခုခုကိုတွေး၍** စိတ်ပူနေရှာမည့်အိမ်သူထံ ပြန်လှန်အသိပေး အကြောင်းကြားနေရာ ခဏအကြာမှတင် သူ့ဖုန်းကိုနားမှခွာကာ ဤသို့ပြောချလာပါ၏။

'ဟာ သွားပြီ ဆာသော်ဒိုးရ'

'ဘယ်လိုဖြစ်တာတုံး ကိုသူရရဲ့'

'ဒီဖုန်းလိုင်းမမိတော့ဘူးဟူး'

သို့ဖြင့် သူ့ကိုကြည့်နေမိရာ သူ့လွယ်အိတ်ထဲပါ နောက်ထပ်ဟန်းဆက်ပြာတာတာ CDMA 450 ကို ထုတ်လိုက်ပြီးသကာလ ပထမဟန်းဆက်ဝါတာတာထဲမှ ကတ်ကိုထုတ်၍ ယူပြီး ဒုတိယဟန်းဆက်ထဲ ပြောင်းလဲထည့်နေပါပေ၏။ ပြီးသည်ရှိသော် သတင်းမျှော်နေရှာမည့် ချစ်ဇနီးထံဖုန်းအမြန်ပြန်ခေါ်ကြည့်ပြီးသကာလ သူ့မျက်နှာကြီးမှာ ဝင်းပသွားပါတော့၏။

'အေး ဟုတ်တယ် ဟုတ်တယ်၊ မင်းထည့်ပေးလိုက်တဲ့ ဟန်းဆက်အပိုယူလာမိတာ တော်သေးတာပေါ့။ အေးပါ၊ အေးပါ။ စိတ် ချ၊ စိတ်ချ။ **ဘာမှမပူနဲ့၊ ဘာမှမဖြစ်ဘူး။** ဘုရားဖူးပြီး ပြန်လာခဲ့မယ်။ အေး အေး အေးပါ'

အနီးလင်မယား၏ အမှတ်မထင် ပုံရိပ်ကား အခြားသာကီဝင်များအားလုံးနှင့် တစ်သားတည်းပါအဆွေ။ ။

## JOKE

### တော်သေးတာပေါ့

ညကြီးသန်းခေါင် လူမှန်းသူမှန်း မသိအောင်မူးနေသော လူတစ်ယောက်လမ်းဘေးတွင် လမ်းလျှောက်နေသည်။ ခြေတစ်ဖက်ကမြောင်းထဲကျနေပြီး တစ်ဖက်က လမ်းပေါ်တင်၍ လျှောက်နေခြင်းဖြစ်သည်။ ဤတွင်ရဲကားတစ်စီး အမူးသမားနားထိုးရပ်လိုက်ပြီး ရဲ က "ခင်ဗျားအမူးလွန်နေပြီး စခန်းကိုလိုက်ခဲ့" ဟု ပြောသည်။ "ကျုပ်မူးနေတာ သေချာရဲ့လား ဆရာကြီး" ဟုအမူးသမားက မေးရာ "သေချာပါတယ် မိတ်ဆွေ။ ခင်ဗျား စခန်းသာလိုက်ခဲ့ပါ" "သွား ကြမယ်လေ။ တော်သေးတာပေါ့ဗျာ။ ကျုပ်က ကျုပ်ကိုယ်ကျုပ် ဒုက္ခိတဖြစ်သွားပြီထင်နေတာ" ဟု ဆိုကာ ရဲကားပေါ် တက်ပါတော့သည်။

### အပိုလုပ်ပေးတာ

သူဌေးတစ်ယောက် ကုမ္ပဏီရောက်လာသောအခါ သူ၏ အတွင်းရေးမှူးကို မန်နေဂျာက နမ်းနေသည်ကို တွေ့ရသည်။ ဤတွင် သူဌေးက အလွန်ဒေါသထွက်သွားပြီး "ဒါမျိုးလုပ်ဖို့ ခင်ဗျားကို လခများများပေးထားတယ်ထင်လား" ဟုပြောရာ မန်နေဂျာက "ဒီအတွက်ပိုက်ဆံပေးစရာ မလိုပါဘူးသူဌေးခင်ဗျာ။ ဒါက ကျွန်တော် အပိုလုပ်ပေးတာပါ" ဟူ၍ ပြောပါလေ၏။

## စာ(၁၁) ဈေးရော အရေးရောနည်းသော်လည်းခိုင်မြဲနေဆဲ ရေဆေးပန်းချီ မှ

အခရိုင်းလစ်ဆေးဖြင့် ပန်းချီရေးဆွဲခြင်းမှာ ဆီဆေးကဲ့သို့ သာမက စက္ကူပေါ်တွင်လည်း ရေဆေးကဲ့သို့ အသုံးပြုရေးဆွဲနိုင်သောကြောင့် ပန်းချီဆရာများအသုံးများသော မီဒီယမ်တစ်ခုဖြစ်လာနေသည်။ ထိုကြောင့် ပန်းချီပြပွဲအများစုတွင် အခရိုင်းလစ်ဖြင့် ရေးဆွဲထားသည့် ပန်းချီလက်ရာများက နေရာယူလာကြခြင်းဖြစ်သည်။

"ရေဆေးကိုပဲ ဝါသနာပါတဲ့ လူက ရေဆေးနဲ့ချည်းပဲ ရပ်တည်လို့မရတော့ သွားချင်တဲ့လမ်းကို မရောက်ဘဲ ဝေ့နေတယ်။ အဲဒီလိုနဲ့ ရေဆေးဈေးကွက်ထဲကို ရောက်မလာဘူး။ စာပေနယ်ထဲကိုဝင်ပြီး မျက်နှာဖုံးရေဆေးပန်းချီတွေ ပေါက်ရင်တော့ တစ်မျိုးပေါ့" ဟု ပန်းချီဝင်းကိုက ၎င်း၏အမြင်ကို ပြောပြသည်။

အောင်မြင်နေသောရေဆေးပန်းချီဆရာကြီးအချို့မှလွဲ၍ ကျန်ရေဆေးပန်းချီဆရာများ၏ လက်ရာပန်းချီကားများမှာ ပန်းချီဈေးကွက်တွင်ပျမ်းမျှအားဖြင့် ကျပ်ငါးသောင်းဝန်းကျင်မှ ကျပ်တစ်သိန်းခွဲဝန်းကျင်အထိသာဈေးရကြသောကြောင့် ဈေးပိုရသည့် ဆီဆေးပန်းချီ၊ အခရိုင်းလစ်ပန်းချီများကို ဦးစားပေးရေးဆွဲကြရခြင်းများ ရှိနေကြခြင်းဖြစ်သည်။

ထို့အတွက်ကြောင့်လည်း "ငွေရဖို့အတွက်ဆို ရေဆေးကို မရေးတာကောင်းတယ်" ဟု မင်းကွန်းမှ ပန်းချီဆရာဇော်မောင်က သုံးသပ်ခဲ့ပါသည်။

"ရေဆေးပန်းချီပြပွဲများလာတာလည်း မဟုတ်ဘူး။ နည်းသွားတာလည်း မဟုတ်ဘူး။ ပုံမှန်အတိုင်း ရေးနေကြတယ်လို့ မြင်ပါတယ်" ဟု ပြောလာသူက ပန်းချီဆရာကြီးဦးဖေသဏ်း(မောင်ဖေသဏ်း)ဖြစ်သည်။ ယခု ၁ ရက်မှ ၆ ရက်အထိ လောကနတ်ပြခန်းတွင် ပြသခဲ့သော ဦးဖေသဏ်း၏ ပထမဆုံးအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲတွင် ရေဆေးပန်းချီကားများသာမက အခရိုင်းလစ်ပန်းချီကားများကိုလည်း ပူးတွဲပြသခဲ့တာတွေ့ရသည်။

ပန်းချီလောကတွင် ဆီဆေးကို တစ်သက်လုံး ရေးဆွဲ သွားသည့် ပန်းချီဆရာများရှိသကဲ့သို့ ရေဆေးကိုသာ တစ်သက်လုံးရေးဆွဲသွားသည့် ပန်းချီဆရာများလည်းရှိသည်။ ဆက်လက်၍လည်း ရှိနေဦးမည်သာ ဖြစ်သည်။

ယခုနှစ်ပိုင်းတွင်ပြန်လည်ဦးမော့လာနေသည်ဟု ခန့်မှန်းခြေသုံးသပ်ရမည့် မြန်မာ့ပန်းချီဈေးကွက်တွင် ပန်းချီကို မြတ်နိုးသူများက ရေဆေးဖြစ်စေ၊ ဆီဆေးဖြစ်စေ၊ အခရိုင်းလစ်ဖြစ်စေ၊ တခြားမီဒီယမ်တစ်ခုခုဖြင့် ရေးဆွဲထားသည်ဖြစ်စေ၊ ကိုယ်နှစ်သက်ခံစားမိရာ ပန်းချီကားများကို ပန်းချီမြတ်နိုးစိတ်ဖြင့် ဝယ်ယူစုဆောင်းကြလိမ့်ဦးမည်သာ ဖြစ်ပါသည်။ ။

**အယ်ဒီတာချုပ်- သောင်းစုငြိမ်း။ အမှုဆောင်အယ်ဒီတာများ- အားမာန်၊ ငြိမ်းငြိမ်းနိုင်။ စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်းအယ်ဒီတာ - စောစည်သူမိုး။ သတင်းအယ်ဒီတာများ-** အေးမြကျော်၊ နေလင်းအောင်၊ သီဟ၊ မေဝင်းမွန်။
**အကြီးတန်းသတင်းထောက်-** မြတ်စုမွန်၊ ဇာဇာနီ၊ ယုဇနကိုကို။ **နိုင်ငံတကာသတင်းဘာသာပြန်-** ရဲမင်း၊ ကျော်မျိုးဦး။ **စာပြင်အယ်ဒီတာ-** လှထွဋ်ဦး။ **သတင်းထောက်များ-** သဇင်ထွေး၊ ဝေယံမြတ်ဦး၊ ကျော်သီဟ၊ အိဖြူလွင်၊ အိဖြူမွန်၊ ဝတ်ရည်အောင်၊ သိမ့်သိမ့်စိုး၊ ဥက္ကာကိုကို၊ အောင်သူရ၊ နေလင်းထွန်း၊ ဗိုလ်ဗိုလ်ဝင်း၊ ပြည်သိမ်း၊ သန်းငွေ၊ အေးသူစံ။ **နေပြည်တော်သတင်းထောက်-** ထူးသန့်။ **မန္တလေးသတင်းထောက်များ-** စိုင်းသာအောင်၊ မင်းဒင်၊ ညီညီဇော်။
**နယ်သတင်းထောက်များ-** မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ ။ **စာမျက်နှာဖွဲ့စည်းမှု-** ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက်။ **ကွန်ပျူတာစာစီ-** စန်းစန်း၊ နွယ်မွန်ဖြိုး၊ မေဇင်သိန်းဇော်၊ ဘုန်းမြင့်ဟန်။ **သရုပ်ဖော်-** စိုးသော်တာ။
**ဓာတ်ပုံသတင်းထောက်-** အောင်အောင်၊ ဂျေမောင်မောင်(အမရပူရ)။ **ပြင်ပဆက်သွယ်ရေး-** သက်ပိုင်ငွေ။ **လိုဂိုဒီဇိုင်း-** ကျောက်ဆည်။ **ဘဏ္ဍာရေး-** ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး။ **ကြော်ငြာတာဝန်ခံ-** မိုးပပ၊ လင်းလင်းဦး။
**ထုတ်ဝေသူ-** ဦးမျိုးလှိုင်အောင်။ **ပုံနှိပ်စက်-** သုဝဏ္ဏသိင်္ဂီပုံနှိပ်တိုက်။ **ဖလင်-** Sunn Colour Separation. **စောင်ရေ-** ၁,၀၀၀။ **ရောင်းဈေး-** ၄၅၀ကျပ်။

7Day News ဂျာနယ်တိုက် - လပြည့်ဝန်းပလာဇာ(၁၀ ထပ်)၊ အမှတ် ၃၇၊ အလံပြဘုရားလမ်း၊ ဒဂုံမြို့နယ်။ ဖုန်း- ၇၂၁ ၅၇၇၊ ၂၄၃ ၅၄၂၊ ၃၇၆၄၅၉၊ ၀၉ ၅၁၇၃၂၅၅
Fax : 243 542, E-mail : 7daynews@mail4u.com.mm, orbit@myanmar.com.mm ၊



# Business

7 DAY NEWS JOURNAL

Vol.10, No.26 · SEPTEMBER 15, 2011


## ရွှေဈေးနှုန်း ကျပ်ခုနစ်သိန်း အထက်တွင်သာရှိနေ

သိမ့်သိမ့်စိုး


ရန်ကုန်၊ စက်တင်ဘာ-၇

ပြည်တွင်းရွှေဈေးနှုန်းသည် စံချိန်ထပ်မံချိုးကာ ကျပ်ခုနစ်သိန်းနှင့် အထက် ဈေးနှုန်းများဖြင့် သာယခုရက်ပိုင်းတွင် အရောင်းအဝယ်ဖြစ်နေကြောင်း ရွှေလုပ်ငန်းရှင်များကပြောသည်။

စက်တင်ဘာ ၃ ရက်တွင် ပြည်တွင်းရွှေဈေးနှုန်းသည် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၃၀,၀၀၀ ကျပ်ကျော်ထိ ဈေးနှုန်းများမြင့်တက်ခဲ့သည်။ ယင်းနေ့တွင် ကမ္ဘာ့ရွှေဈေးမှာ တစ်အောင်စလျှင် ၁၈၈၅ ဒေါ်လာရှိနေပြီး ထိုနေ့၏ အမေရိကန်ငွေပေါက်ဈေးမှ တစ်ယူနစ်လျှင် ၇၈၀ ကျပ်ရှိခဲ့သည်။

ယင်းနေ့နောက်ပိုင်း၌ ကမ္ဘာ့ရွှေဈေးနှုန်းများသည် တဖြည်းဖြည်းကျဆင်းခဲ့၍

စာ(၃၄)သို့





ရိတ်သိမ်းခြွေလှေ့ပြီးစပါးများကို နေလှန်းနေသော တောင်သူများ

## စပါးတစ်တင်းအာမခံဈေးနှုန်း ပြန်လည်စိစစ်ကာ သက်ဆိုင်ရာသို့ တင်ပြမည်

အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ-၇

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်းက စပါးတစ်တင်း၏ အခြေခံအာမခံဈေးနှုန်းကို ပြန်လည်စိစစ်ကာ သက်ဆိုင်ရာသို့တင်ပြသွားရန် စီစဉ်ဆောင်ရွက်နေကြောင်း အသင်းဥက္ကဋ္ဌ ဦးချစ်ခိုင်က ပြောသည်။

"အခု ဇီယက်နမ်စံနဲ့တွက်ထားတဲ့ဈေးနှုန်းကို ဗီယက်နမ်မှာ လယ်သမားအများစုက လယ် ဘယ်နှဧကကပိုင်လဲ၊ မြန်မာပြည်က လယ်သမားအများစုက ဘယ်နှဧကပိုင်လဲ၊ အဲဒါကို အခြေခံပြီး ပြန်စိစစ်ဖို့ရှိပါတယ်" ဟု ဦးချစ်ခိုင်က ပြောကြားသည်။

ထို့ကြောင့် ဆန်စပါးလုပ်ငန်းလုပ်ကိုင်သူများနှင့် စက်တင်ဘာ ၇ ရက်နှင့် ၈ ရက်တို့တွင် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ပေါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲများနှင့် ဗဟိုအလုပ်အမှုဆောင်အစည်းအဝေးများပြုလုပ်ပြီးနောက် သက်ဆိုင်ရာသို့ တင်ပြသွားမည်ဖြစ်သည်။

ပြီးခဲ့သည့် စက်တင်ဘာလကုန်ပိုင်းကလည်း အလုပ်ရုံဆွေးနွေးပွဲများပြုလုပ်၍ စပါးတစ်တင်း၏အခြေခံအာမခံဈေးနှုန်းကို ညှိမထ ၄၆ ပေါင်စပါးတစ်တင်းလျှင် ၃,၂၅၀ ကျပ် သတ်မှတ်ခဲ့ကာ အရန်ဆန်အဖြစ် ဝယ်ယူမည့် တန်ချိန်တစ်သန်းအနက် ငါးသိန်းကိုဒီဇင်ဘာလတွင် စတင်ဝယ်ယူရန်သတ်မှတ်ခဲ့သည်။

## ပြည်တွင်းငွေလဲနှုန်း

| | | |
|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၇၅၀ | ကျပ် |
| ၁ အက်ဖ်အီးစီ | ၇၀၀ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၆၁၀ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၂၅ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၁၂ | ကျပ် |
| ၁ ယူနစ်(ပို့ကုန်ရငွေ) | ၇၇၀ | ကျပ် |

၂၀၁၁ စက်တင်ဘာ ၁၀ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။
မှတ်ချက်။ ။ပို့ကုန်ရငွေဈေးနှုန်းသည် စက်တင်ဘာ ၉ ရက်ဈေးဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၂၉၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၃၂၃ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၇၇. ၅၅ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၃၈၈ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၄၆. ၄၈ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၂၈၁ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၀၇၇. ၀၀ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၀၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၀၃ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၀၃၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၈၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၀. ၉၉၆၉ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၁. ၂၁၇၇ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၀. ၉၅၄၁ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၃၀. ၁၆ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁၈၅၉. ၅၀၀ |
| ရေနံစိမ်း | စည် | ၁၁၂. ၇၇၀ |
| ငွေ | ၁ အောင်စ | ၄၁. ၆၂၄ |
| ကြေးနီ | ပေါင် | ၄၀၀. ၂၅၀ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၁၅ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။
၂၀၁၁ စက်တင်ဘာ ၁၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။

## အထူးပြုကုမဏီများ ငွေထုတ်ချေးခြင်းထက် ဝန်ဆောင်မှုလုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်လို

ပြည်သိမ်း၊ အောင်သူရ

ရန်ကုန်၊ စက်တင်ဘာ-၉

ဆန်စပါးအထူးပြုကုမ္ပဏီအချို့သည် လယ်သမားများကို ချေးငွေထုတ်ပေးနေခြင်းထက် ဝန်ဆောင်မှုလုပ်ငန်းကို လုပ်ကိုင်လိုသည့်အတွက် လုပ်ငန်းပြောင်းလဲရန်စီစဉ်နေကြောင်း သတင်းရရှိသည်။

ယင်းကဲ့သို့စီစဉ်ရခြင်းသည် အထူးပြုကုမ္ပဏီသက်တမ်း ၂ နှစ်အတွင်း ချေးငွေထုတ်ပေးမှုတွင် နားလည်သဘောပေါက်လာခြင်းကြောင့်ဖြစ်ကြောင်း ကုမ္ပဏီအနေဖြင့် လုပ်ကိုင်ရင်း ငွေကြေးအရင်းအနှီးကုန်ဆုံးလာသကဲ့သို့ တောင်သူများမှာလည်း ယင်းကဲ့သို့ပင် ငွေကြေးဆုံးရှုံးနေခြင်းကြောင့်ဖြစ်ကြောင်း ဇလွန်ရောကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယင်းကဲ့သို့ ပြုလုပ်ရာတွင် လယ်ထွန်စက်၊ ရိတ်သိမ်းခြွေလှေ့စက်တို့ကဲ့သို့ စက်များကို ဝယ်ယူပြီး လယ်သမားများအား အကြွေးစနစ်ဖြင့် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ငွေချေးသကဲ့သို့ပင် သီးနှံပေါ်ချိန်မှ တောင်သူဆီဝန်ဆောင်စရိတ်ပြန်လည်ရယူမှာဖြစ်ကြောင်း အထူးပြုကုမ္ပဏီများနှင့် အနာဂတ်လယ်သမားကဏ္ဍဖွံ့ဖြိုးဖို့အတွက် ဆွေးနွေးပွဲတွင်အထက်ပါပုဂ္ဂိုလ်က ဆိုသည်။

"နောက်ဆုံးသွားရင်တောင် စက်ဖိုး၊ ဆီဖိုးပဲဆုံးမယ်။ ငွေသားဆုံးရှုံးနစ်နာမှုတွေထက်တော့ သက်သာတာပေါ့" ဟု ဇလွန်ရောကုမ္ပဏီမှ တာဝန်ရှိသူက ဆိုသည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးမှုတွင် ဒေသတစ်ခုအတွက် လိုအပ်သောကဏ္ဍတစ်ခုကို ဖြည့်ဆည်းရန် အငှားဝန်ဆောင်မှုလုပ်ငန်းများလိုအပ်ကြောင်း ယင်းလုပ်ငန်းများကို အထူးပြုကုမ္ပဏီများနှင့် ပူးတွဲဆောင်ရွက်ခြင်းထက် သီးသန့်ကုမ္ပဏီသစ်အတွက် ရပ်တည်ရန်လိုနေသည်။ တောင်သူများသည် သီးနှံတစ်သီးပြီး တစ်သီးစိုက်ပျိုးနေသည့်အတွက် တောင်သူများတွင်စက်ကိရိယာများ အသုံးပြုရန် လိုအပ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးလုပ်ငန်းအသင်းမှ ဒု-ဥက္ကဋ္ဌ ဦးအောင်သန်းဦးက ဆိုသည်။




7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

# ဘီလပ်မြေစက်ရုံ ၂၅ ရုံခန့်တည်ဆောက်ခွင့်ရထားသော်လည်း အနည်းစုသာ လုပ်ငန်းများ စတင်နိုင်

**နေလင်းထွန်း**

**ရန်ကုန်၊ စက်တင်ဘာ-၉**

ပြည်တွင်း၌ ဘီလပ်မြေစက်ရုံများ တည်ဆောက်ခွင့်ပြုထားသော်လည်း ရင်းနှီးမြှုပ်နှံမှု အခက်အခဲကြောင့် စက်ရုံအနည်းငယ်သာ တည်ဆောက်ရေးလုပ်ငန်းများ စတင်နိုင်သေးကြောင်း စက်ရုံ တည်ဆောက်ခွင့်ရရှိထားသော လုပ်ငန်းရှင်အချို့ထံမှ သိရသည်။

တစ်နေ့လျှင်ဘီလပ်မြေတန် ၁၀၀၀ ထုတ်လုပ်နိုင်မည့် စက်ရုံ တစ်ရုံသည် အမေရိကန်ဒေါ်လာ ၃၅ သန်းမှ သန်း ၄၀ ထိကုန်ကျနိုင်သောကြောင့် ဘီလပ်မြေစက်ရုံ ၂၅ ရုံခန့် တည်ဆောက်ခွင့်ပြုထားသော်လည်း ရာခိုင်နှုန်းအနည်းစုသာ တည်ဆောက်မှုလုပ်ငန်းများ စတင်နိုင်သေးကြောင်း သိရသည်။

"ကုန်ကြမ်းတွေရှိတယ်။ ကုန်ချောမထုတ်နိုင်ဘူး ဖြစ်နေတာပါ။ စက်ရုံဘယ်တော့ပြီးမလဲဆိုတာက နိုင်ငံတော်ရဲ့ ပံ့ပိုးမှုပေါ်မူတည်တယ်။ တိုင်းရင်းသား လုပ်ငန်းရှင်တွေဖြစ်တော့ အဲ့လောက်မရှိဘူးပေ့ါ။ နိုင်ငံခြားက အတိုးနဲ့ ချေးငှားပြီး ပြန်ဆပ်ရမှာပေ့ါ။ အဲဒါကို နိုင်ငံတော်က အာမခံပေးမှ ချေးငွေရနိုင်မှာပါ။ အနီးစပ်ဆုံးကတော့ တရုတ်ဆီက ချေးရမှာပေ့ါ။ အခုက ခြေတစ်လှမ်းလှမ်းဖို့ကို မနည်းအားယူနေရတယ်"ဟု ဘီလပ်မြေစက်ရုံတည်ဆောက်ခွင့်ရရှိထားသော လုပ်ငန်းရှင်တစ်ဦးကပြောသည်။

လက်ရှိ မြန်မာနိုင်ငံ၏ ဘီလပ်မြေလိုအပ်ချက်သည် နှစ်စဉ်တန်ချိန် ၆ သန်းခန့်ရှိနေပြီး ပြည်တွင်းထုတ်လုပ်နိုင်မှုတန်ချိန် နှစ်သန်းခန့်သာရှိ၍ ထိုင်းနိုင်ငံမှ ဘီလပ်မြေများအား အဓိကက ဝယ်ယူအသုံးပြုရလျက်ရှိသည်။ ယင်းအခြေအနေတွင် ပြည်တွင်းထုတ်လုပ်နိုင်မှု မြင့်တက်လာစေရန် ဘီလပ်မြေစက်ရုံတည်ဆောက်မှုကို လုပ်ငန်းရှင်များအား ခွင့်ပြုခဲ့သော်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာအခက်အခဲနှင့် အဓိကရင်ဆိုင်နေရခြင်းဖြစ်သည်။

"တကယ်ကြီးမားပါတယ်ဆိုတဲ့ လုပ်ငန်းရှင်ကြီးတွေတောင် အဲဒီလောက်ပိုက်ဆံကို မရင်းနှီးနိုင်ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့ပိုက်ဆံတွေကလည်း ပြန့်နေတာပါ။ စက်ရုံတွေပေါ်လာဖို့ အဓိကအခက်အခဲကတော့ ငွေအရင်းအနှီးပါပဲ။ နည်းပညာကပိုက်ဆံရှိရင် နိုင်ငံခြားကခေါ်ပြီးဖြန့်လို့ရတယ်။ အခုအခြေအနေအရ လုပ်ငန်းရှင်တွေအနေနဲ့ ရင်းနှီးမြှုပ်နှံမှုရဲ့ ၈၀ ရာခိုင်နှုန်းလောက်ကို ငွေချေးဖို့လိုအပ်နေပါတယ်" ဟုဘီလပ်မြေစက်ရုံတည်ဆောက်ခွင့်ရရှိထားသော ကုမ္ပဏီမှ ကျွမ်းကျင်ပညာရှင်ဖြစ်သူက ပြောသည်။

ဘီလပ်မြေစက်ရုံ တည်ဆောက်နိုင်ရန်အတွက်ငွေအရင်းအနှီးလိုအပ်နေခြင်းကြောင့် လုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံကဲ့သို့ နိုင်ငံများထံမှ ဘဏ်ချေးငွေရရှိနိုင်ရန်အတွက် အစိုးရထံမှ အာမခံပေးမှုကို မျှော်လင့်နေကြခြင်းဖြစ်သည်။






## အကြွေပြဿနာများ အဆင်ပြေလာ

**ယုဇနကိုကို**

**ရန်ကုန်၊စက်တင်ဘာ-၅**

အစိုးရက နိုင်ငံ့ဝန်ထမ်းများ၏ လစာများတွင်ငွေအကြွေအသစ်များကို ထည့်ပေးလိုက်ခြင်းကြောင့် ယခင်ကမကြာခဏ ကြုံတွေ့နေရသည့် ငွေအကြွေပြဿနာများ သိသိသာသာ အဆင်ပြေလာကြောင်း ရန်ကုန်မြို့တွင်းရှိ ငွေအကြွေစီးဆင်းသည့်လုပ်ငန်းများထံမှစုံစမ်းသိရှိရသည်။

အဓိကအားဖြင့် မြို့တွင်းပြေးဆွဲနေကြသည့် ယာဉ်လိုင်းများနှင့် စူပါမားကက်များအပါအဝင် အသေးစားစီးပွားရေးလုပ်ငန်းများတွင်ငွေအကြွေပြဿနာပိုမိုအဆင်ပြေလာသည်ဟု ယင်းလုပ်ငန်းလုပ်ကိုင်နေသူများထံမှသိရသည်။

ပြည်တွင်း၌ ငွေအကြွေစီးဆင်းမှုပြဿနာမှာ ကာလရှည်ကြာစွာဖြစ်ပေါ်ခဲ့ပြီး ငါးဆယ်ကျပ်တန်၊ တစ်ရာကျပ်တန်ရှားပါးမှုများအပြင် နှစ်ရာကျပ်တန်ရှားပါးမှုများကိုပါကြုံတွေ့ခဲ့ကြရသည်ဟု ငွေကြေးသုံးစွဲသူများကပြောသည်။

ထိုကဲ့သို့ ငွေအကြွေရှားပါးခဲ့ခြင်းပြဿနာကြောင့်ယာဉ်လိုင်းများတွင် ယာဉ်နောက်လိုက်များနှင့် ခရီးသည်များ၊ စူပါမားကက်ကဲ့သို့ဈေးဝယ်စင်တာများတွင်ဝန်ထမ်းများနှင့် ဈေးဝယ်သူများမှာ နေ့စဉ်နှင့်အမျှ အဆင်မပြေမှုများကြုံတွေ့ခဲ့ကြရသည်။

"အရင်က နေ့တိုင်းလိုလို စပယ်ယာတွေနဲ့ ပြဿနာတက်ရတယ်။ စူပါမားကက်တွေဆို နှစ်ရာတန်တောင်မအမ်းကြတော့ဘူး။ ဒါပေမဲ့ခုတစ်လလောက်ရှိပြီ။ အကြွေကိစ္စတော်တော်လေးစိတ်ချမ်းသာလာတယ်" ဟု ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းအမျိုးသမီးတစ်ဦးကပြောသည်။

အစိုးရက နိုင်ငံ့ဝန်ထမ်းများ၏ လစာများတွင် ငွေအကြွေသစ်များထည့်ပေးခြင်းကို ပြီးခဲ့သည့် ဩဂုတ်လကုန်ကစတင်ခဲ့ခြင်းဖြစ်သည်။

စာ(၃၃) - ရွှေဈေးနှုန်း ကျပ်ခုနစ်သိန်း အထက်တွင်သာရှိနေ မှ

ပြည်တွင်းရွှေဈေးနှုန်းသည်လည်း ယခုလ ၇ ရက်တွင် အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၁၅,၀၀၀ ကျပ်သို့ ပြန်လည်ကျဆင်းလာသည်။ ကမ္ဘာ့ရွှေဈေးနှုန်းသည် ယင်းနေ့၌ တစ်အောင်စလျှင် ၁၈၄၅ ဒေါ်လာထိ ပြန်လည်ကျဆင်းလာခဲ့သည်။

"ကမ္ဘာ့ဈေးတက်နေတဲ့ အချိန်မှာပြည်တွင်းက ဒေါ်လာဈေးကလည်း အဲဒီရက်မှာ လိုက်တက်လာလို့ ၇၃၀၀၀၀ ကျပ်ထိ တက်သွားတာ။ ဒီရက်ပိုင်းမှာ ကမ္ဘာ့ဈေးကလည်း ပြန်ကျတယ်။ ဒေါ်လာဈေးကလည်း ပြန်အေးသွားလို့ ဈေးက လျော့သွားတာ"ဟု ရွှေလုပ်ငန်းရှင်တစ်ဦးက ပြောသည်။

လက်ရှိ ရွှေဈေးနှုန်းများအရ ပြည်တွင်းရွှေပေါက်ဈေးသည် ကမ္ဘာ့ရွှေဈေးနှုန်းနှင့်ယှဉ်ပါက ကျပ် ၂၀,၀၀၀ ကျော်နိမ့်နေသေး၍ ရွှေဈေးနှုန်းသည် တက်ရိပ်ရှိသေးကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

"ဈေးမြင့်ပေမယ့် အရောင်းအဝယ်က ရှိနေသေးတယ်။ လုံးဝရပ်သွားတာတော့ မရှိဘူး" ဟု ရွှေဆိုင်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

# 7DAY BOOK REVIEW

## ဂန္ထဝင်ဝတ္ထုမှ ရုပ်ရှင်သို့ (သစ္စာနီ)




ယခု သီတင်းပတ်အတွင်း ထွက်သည့် စာအုပ်များထဲမှ ထူးထူးခြားခြားအဖြစ် ရုပ်ရှင်အညွှန်းစာအုပ်တစ်အုပ်ကို ဖတ်ညွှန်းအဖြစ် ရည်ညွှန်းတင်ဆက်လိုက်ပါသည်။

ဂန္ထဝင်ဝတ္ထုဆိုသည်မှာ လူ့လောက၊ လူ့စရိုက်၊ လူတို့၏အလင်းအမှောင်စိတ်နေစိတ်ထားနှင့် ဖြတ်သန်းခဲ့ရသော ခေတ်နောက်ခံကားချပ်တို့ကို သီတွဲရေးဖွဲ့ကာ နှစ်များစွာကြာသည့်တိုင် မရိုး၊ မဟောင်းနိုင်ဘဲ နှောင်းလူတို့ တသသ ဖတ်နေကြရသည့်စာပေအမျိုးအစားဖြစ်သည်။

ထိုဂန္ထဝင်ဝတ္ထုကြီးများထဲတွင် လူတို့အား အသိအမြင်ပွင့်လင်းစေသည့် စကားလုံးများ၊ ဦးနှောက်ကို တူးဆွသော အတွေးအခေါ်များနှင့် သင်ခန်းစာယူ ဆင်ခြင်ဖွယ်ရာ ရာဇဝင်သမိုင်းအဖြစ်အပျက်တို့ဖြင့် ထုံမွမ်းနေပါသည်။ ကမ္ဘာ့စာပေမှ ထိုသို့သော ဂန္ထဝင်ဝတ္ထုကြီးများကို ရုပ်ရှင်အဖြစ်ပြန်လည်အသက်သွင်းကြရာ၌ ရိုက်ကူးသူ ဒါရိုက်တာကြီးများသည် အတတ်နိုင်ဆုံး၊ အပီပြင်ဆုံး ရိုက်ကူးတင်ဆက်ခဲ့ကြသည်။ ထိုသို့သော ရုပ်ရှင်ကားမျိုးကိုလည်း မြန်မာပရိသတ်သည် မစိမ်း၊ အထိုက်အလျောက်တော့ ကြည့်ခွင့်ရခဲ့ကြသည်။

သစ္စာနီ၏ **ဂန္ထဝင်ဝတ္ထုမှ ရုပ်ရှင်သို့** စာအုပ်တွင် ကမ္ဘာတွင်ထင်ရှားသည့် ဂန္ထဝင်ဝတ္ထု ၁၅ ပုဒ်ကို ရုပ်ရှင်ရိုက်ကူးခဲ့ပုံ၊ ဝတ္ထုရေးသူ၏ ကိုယ်ရေးအကျဉ်း၊ ရုပ်ရှင်၏ တင်ဆက်ပုံ၊ ရိုက်ကူးသော ဒါရိုက်တာနှင့် သရုပ်ဆောင်များအကြောင်းသာမက အချို့မြန်မာမှုပြုကြသော မြန်မာဇာတ်ကားများကိုပါ စုံစေ့အောင်ရေးသားထားသည်။ ထို့အပြင် ဂန္ထဝင်ဝတ္ထုကို ရိုက်ကူးထားခြင်းမဟုတ်သော်လည်း ရိုက်ကူးတင်ဆက်ပုံ၊ သရုပ်ဆောင်ပုံကောင်းခြင်းကြောင့် ဂန္ထဝင် ရုပ်ရှင်အဖြစ် သတ်မှတ်နိုင်သော ရုပ်ရှင်ကား ၁၄ ကား၏ အကြောင်းလည်း ထည့်သွင်းရေးသားထားသည်။ ဥပမာ-ကလပ်ခ်ဂေဘယ်ပါဝင်သော IT Happened One Night၊ ကမ္ဘာကျော် သရုပ်ဆောင်ဆယ့်လေးဦးပါဝင်သော Murdev on the Orient Express တို့ပါဝင်သည်။ ဂန္ထဝင် ဝတ္ထုမှ ရုပ်ရှင်အဖြစ်တွင် Tom Jones, Doctor Zhivago, Great Expectations, Tess, Gone with The Wind, East of Eden နှင့် An American Tragedy ဇာတ်ကားတို့မှာ မြို့ကြီးများ၏ လမ်းဘေးပလက်ဖောင်း၌ အရည်အသွေးပြည့်မီသော အခွေတစ်ချပ်လျှင် ငွေကျပ်ငါးရာမျှနှင့် ဝယ်ယူကြည့်ရှုနိုင်ပြီဖြစ်သည်။ ဂန္ထဝင်ရုပ်ရှင်များထဲတွင်လည်း မြန်မာမင်းသမီးဝင်းမင်းသန်းနှင့် ကမ္ဘာကျော်မင်းသား ဂရေဂရီပက်ခ်တို့ပါဝင်သော The Purple Plain၊ တရုတ်မင်းသား ချောင်ယွန်ဖတ်နှင့် ဟောလိဝုဒ်မင်းသမီး ဂျူဒီဖော်စတာတို့ပါဝင်သော Anna and the King (The King and I)၊ ရော်နယ်ကိုးလ်မဲင်းပါဝင်သော The Prisoner of Zenda (ဇင်းဒါးအကျဉ်းသား) ဇာတ်ကားတို့မှာ လက်တစ်ကမ်းတွင် အလွယ်တကူ ဝယ်ယူနိုင်ပြီဖြစ်ပါသည်။

သစ္စာနီ၏ ယခုစာအုပ်တွင် ဂန္ထဝင်ရုပ်ရှင် ၂၉ ကားတို့၏ အကြောင်းစုံစေ့အောင် ရည်ညွှန်းရေးသားထားပြီး အကြောင်းအမျိုးမျိုးကြောင့် ကမ္ဘာ့ဂန္ထဝင်ဝတ္ထုရှည်ကြီးများအား မဖတ်နိုင်သူတို့ လက်တစ်ကမ်း၌ အလွယ်တကူ ဝယ်ယူကြည့်ရှုနိုင်ပြီဖြစ်သော ရုပ်ရှင်ဇာတ်ကားအညွှန်းဟုလည်း ဆိုနိုင်သည်။ စာအုပ်ကို ကံ့ကော်ဝတ်ရည်စာပေမှ တန်ဖိုး ၂,၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

# Knowledge

## လက်သန့်စင်ဆေးရည်တွေ ဘယ်အချိန်ကတည်းက သုံးစွဲခဲ့သလဲ

လူတို့၏လက်ဖဝါးများတွင် အဏုဇီဝပိုးပေါင်း ၁၀၀၀၀ မှ တစ်သန်းကျော် ကပ်ငြိနေနိုင်ပြီး ယင်းတို့ရန်မှ ကာကွယ်ရန်လက်သန့်စင်စွာထားရန်လို အပ်သည်။ ရေနှင့်ဆပ်ပြာအလွယ်တကူမရရှိနိုင်သည့်အခိုက်အတန့်တွင် လက်သန့်စင်ဆေးရည်(Hand Sanitizer) များက ရောဂါပိုးမွှားများ အန္တရာယ်မှကာကွယ်နိုင်စွမ်းရှိပေသည်။ အမေရိကန်ပြည်ထောင်စု၊ ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးစင်တာများ၏လေ့လာချက်များအရ လက်သန့်စင်ဆေးရည်သည် လက်ကိုရေ၊ ဆပ်ပြာတို့ဖြင့်ဆေးခြင်းကဲ့သို့ပင်လက်သန့်ရှင်းမှုအတွက် အထောက်အကူဖြစ်စေသည်ဟုဆိုသည်။ လက်သန့်စင်ဆေးရည်များကို ၁၉၄၆ ခုနှစ်ကတည်းကစတင်ရောင်းချခဲ့ပြီး ၁၉၈၈ ခုနှစ်မှစကာ ဈေးကွက်ကောင်းလာခဲ့ပြီး ကလေးများအတွက် မိဘများကအသုံးများလာခဲ့သည်။

လက်သန့်စင်ဆေးရည်သည် လက်တွင်ကပ်ငြိနေသော မမြင်နိုင် သည့်ပိုးမွှားများကိုအမြန်ဆုံးသေစေနိုင်ခြင်း၊ ရောဂါကူးစက်ခြင်းမှကာကွယ်နိုင်ခြင်း၊ လွယ်ကူစွာသယ်ဆောင်အသုံးပြုနိုင်ခြင်း၊ လက်အရေပြားကို ထိန်းသိမ်းပေးခြင်းစသည်ဖြင့်ကောင်းကျိုးများရှိသည်ဟုဆိုသည်။ ယင်း ဆေးရည်ကိုလက်ဖဝါးအတွင်းအနည်းငယ်ထည့်ကာ လက်အချင်းချင်း နှံ့စပ်အောင်ပွတ်ပေးခြင်းဖြင့် သန့်စင်ရမည်ဖြစ်သည်။ ယခုအခါတွင်လက်သန့်စင်ဆေးရည်များကို အရွယ်အစားမျိုးစုံ၊ ရနံ့မျိုးစုံဖြင့်ထုတ်လုပ်လာကြကာ ကမ္ဘာတစ်လွှားတွင် အသုံးတွင်ကျယ်လျက်ရှိသည်။ —*Source:handsanitizerstore.com*

# တစ်ပတ်တာကံကြမ္မာ

စက် တင် ဘာ ၁၄ ရက် မှ ၂၀ ရက် အထိ

### ARIES — မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အပြိုင်အတိုက်အခံများ ဆက်တိုက်ဖြစ်ပေါ်နေမည်။ စိတ်အနှောင့်အယှက်များနှင့် တွေ့ရတတ်သည်။ မိမိအပေါ် အနီးကပ်အန္တရာယ်ပေးသူများ ကတိစကားမတည်သူများနှင့်တွေ့ရတတ်သည်။ လူငယ်လူရွယ်များအဖို့ မကောင်းမှု၊ အပျော်အပါး လောင်းကစားဘက် စိတ်ယိုင်တတ်သည်။ ဥပဒေနှင့် မကင်းသည်များ လုံးဝမလုပ်ရ။ ငွေကြေးကိစ္စကြားဝင် တာဝန်ယူခြင်းမပြုပါနှင့်။ သူတစ်ပါးအပေါ် ယုံစားလွယ်ခြင်း မရှိပါနှင့်။

### TAURUS — ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

အရာရာ သတိနှင့်ယှဉ်ပြီးဆောင်ရွက်ပါ။ ဖရိုဖရဲလုပ်ရမည်။ အစီအစဉ်တကျလုပ်၍မရ။ အပြိုင်အတိုက်အခံများနှင့် ယှဉ်ပြီးလုပ်ရမည်။ ခရီးသွားရန် စီစဉ်ကပျက်မည်။ တစ်ဖန်အသစ်ပြန်လည် စီစဉ်မှအောင်မြင်မည်။ မထင်မှတ်ထားသော အခက်အခဲများ ကြုံရမည်။ ဆောင်ရွက်သမျှ ကိစ္စများအား အချိန်ဆွဲ၍မရ။ ချက်ချင်းဆောင်ရွက်မှ အဆင်ပြေမည်။ လူမျိုးကွဲအကျိုးပေးမည်။

### GEMINI — မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အရာရာကို သတိနှင့်ဆောင်ရွက်ပါ။ မှန်းသည်နှင့်လက်တွေ့ကွာဟ၍ စိတ်အနှောင့်အယှက်များ ကြုံမည်။ တဇွတ်ထိုးရှေ့တိုးလုပ်ခြင်းထက် နောက်သို့ခြေတစ်လှမ်းဆုတ်ပြီး အရာရာချင့်ချိန်၍ မလုပ်သင့်သည် စိတ်ကူးကောင်းဖြင့် သုံးသပ်ပြီး လမ်းသစ်ထွင်ကာ တိုးတက်မှုဖန်တီးနိုင်မည်။ ရန်အနှောင့်အယှက်များအား ထိပ်တိုက်အမာခံပြော၊ အနာခံခြင်းမပြုသင့်။ လိုက်လျောညီစွာ ဆက်ဆံ၍ အဆင်ပြေမည်။

### CANCER — ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အဖက်ဖက်မှ ကောင်းသည်။ မိတ်ဆွေကောင်း အထောက်အကူပြုမည်။ စီးပွားကံတက်မည်။ အလုပ် အဆင်ပြေမည်။ အမှုထမ်းများအဖို့ လုပ်ငန်းတိုးတက်ခြင်းရှိမည်။ မနာလိုမှု ဝန်းရံနေမည်။ လျှို့ဝှက်ကြံစည် နေသော ရန်ပုန်များနှင့်တွေ့မည်။ မည်သည့်ကိစ္စကို လုပ်စေစနစ်တကျ စီစဉ်ပါ။ အခြေအနေကို ဆုံးဖြတ်သုံးသပ်ပြီးမှ ဆောင်ရွက်ပါ။ လျှပ်စစ်ပစ္စည်းများ သတိနှင့်ကိုင်တွယ်ပါ။

### LEO — သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အထူးကောင်းသည်။ အရာရာကို ဆန္ဒပြည့်မြောက်သည်အထိ ဖန်တီးနိုင်သောအနေအထားရှိသည်။ ရောက်ရှိနေသော လုပ်ငန်း၌မပျော်တစ်စုံတစ်ရာ အပြောင်းအလဲပြုလိုမည်။ အခွင့်ကောင်းကြုံမည်။ လုပ်ငန်းခွင်မှသူများ အလုပ်ကောင်း၊ နေရာကောင်းရရှိမည်။ ကိုယ်ပိုင်လုပ်ငန်းလုပ်သူများ စီးပွားသစ်များ ချဲ့ထွင်နိုင်မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းအောင်မြင်နိုင်မည်။ ငွေလာချေးသူများပေါ်မည်။

### VIRGO — ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

အပြောင်းအလဲနှင့် ကြုံမည်။ ရည်မှန်းချက်အောင်မည်။ လူမျိုးကွဲအကျိုးပေးမည်။ ထင်ရှားသော အောင်မြင်ခြင်းများ ရရှိမည်။ ပစ္စည်းပျောက်တတ်သည် ငွေလိမ်ခံရမည်။ စနစ်တကျစီမံထားသည့် အလုပ်များ အလွဲလွဲ အချော်ချော်ဖြစ်မည်။ ခြံ၊ ကား၊ အခန်းရောင်းမှား ဝယ်မှားဖြစ်မည်။ ရွှေလက်ဝတ်လက်စားများ အဝင်မတော်ပါ။ ဝယ်ယူကမမြဲ။ ဈေးမြင့်မားစွာဝယ်ရမည်။

### LIBRA — တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ပဋိပက္ခဖြစ်နေသော သူများနှင့်ပြေလည်မည်။ ဝေးကွာနေသော သူများနှင့် ပြန်လည်ချိတ်ဆက်နိုင်မည်။ အသစ်အဆန်းများဆောင်ရွက်ရန်အခါသင့်သည်။ ကာလအတန်ကြာဝန်ထုပ်ဝန်ပိုးသဖွယ်ဖြစ်နေသည့်ကိစ္စဟောင်းပြဿနာဟောင်းမှကင်းဝေးမည်။ စတင်သောကိစ္စများမှ အနာဂတ်ကောင်းအတွက် ဖန်တီးနိုင်မည်။ အခြေအနေအရပ်ရပ်သည် တစ်စစ ပြောင်းလဲလာမည်။ ရှေးရိုးဆန်သော အတွေးအခေါ် များလျှော့ပါ။

### SCORPIO — ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

ပြဿနာဟောင်းများ ဖြေရှင်းရမည်။ စိတ်အလိုလိုက်၍ မရ။ ပေါ်လာသည့်အခြေအနေအပေါ် မှန်မှန်ကန်ကန် အသုံးချပါ။ မိသားစုစီးပွားရေးတွင် အဆင့်ဆင့် အောင်မြင်တိုးတက်မည်။ မိမိကြုံတွေ့ခဲ့သည့်အမှားအယွင်းအားလုံးကို ပြန်လည်ပြုပြင်နိုင်မည်။ မိမိအပေါ် အထင်အမြင်သေးအောင် စကားတင်းဆိုမှုများကို မနာလိုသူများက ဆောင်ရွက်ကြမည်။ ပြဿနာများဖြစ်ပေါ်လာပါက ချက်ချင်းလက်ငင်း ဖြေရှင်းပါ။

### SAGITTARUS — ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

ရှေ့တိုးဆောင်ရွက်၍ အောင်မြင်မှုအဆင့်ဆင့်ရမည်။ ရှောက်ရှိနေသော အဆင့်တွင်တင်းတိမ်ရောင့်ရဲခြင်း မရှိပါနှင့်။ မိမိအပေါ် အထောက်အကူပြုသူများနှင့်လည်း တွေ့နိုင်သည်။ မိမိကိုယ်မိမိလုပ်ကိုင်နိုင်စွမ်းမရှိဟု စွဲမှတ်ထားသည်များကိုပင် အောင်မြင်လုပ်ဆောင်နိုင်မည်။ ကိုယ်ပိုင်စွမ်းသတ္တိနှင့် ကံကြမ္မာ၏ မျက်နှာသာပေးမှုကို တစ်ပြိုင်တည်းကြုံတွေ့ရမည်။ အလှူမင်္ဂလာကိစ္စများ ပါဝင်ပတ်သက်ရမည်။

### CAPRICORN — မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အောင်မြင်မှု သရဖူဆောင်းရမည်။ ရည်မှန်းချက်အလုံးစုံ အောင်မည်။ စိတ်ကူးများလက်တွေ့ဆောင်ရွက်ပါ။ အလိုရှိရာ ပြည့်စုံမည်။ ကောင်းသောအကျိုးဆက်များ ဖြစ်ထွန်းမည်။ နေရာအပြောင်းအလဲရှိမည်။ စာရွက်၊ စာတမ်းငွေကြေးကိစ္စများ သတိနှင့်ယှဉ်၍ လုပ်ပါ။ တစ်ပါးသူအပေါ် လွန်လွန်ကဲကဲ ယုံစားခြင်းမရှိသင့်။ မိမိကို အထောက်အကူပြုနိုင်သော သူများထံမှ အထောက်အကူကောင်းရမည်။

### AQUARIUS — ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အခက်အခဲများကို ကျော်လွှားနိုင်ပြီး အဆင်ပြေမည်။ အကြံသစ်အောင်မည်။ စုပေါင်းလုပ်ငန်းအကျိုးပေးခြင်းများ ရှိမည်။ ငွေကြေးရေးရာကဏ္ဍအလုံးစုံကို စနစ်တကျဆောင်ရွက်အပ်သည်။ ပေါ်ထွက်လာသည့် စိတ်ကူးများကို အသုံးချပြီး သူတစ်ပါးမလုပ်သည့်လမ်းကြောင်းဖြင့် လုပ်ကိုင်အောင်မြင်မည်။ ငွေကြေးကိစ္စ စီးပွားရေးရာကိစ္စများတွင် အနှောင့်အယှက်မည်မျှရှိစေကျော်လွှားနိုင်မည်။

### PISCES — မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အရာရာ တစ်ကိုယ်တော်ဆောင်ရွက်မှ အဆင်ပြေမည်။ တစ်ပါးသူအပေါ် မှီခိုခြင်းရှောင်ပါ။ ပေါ်ထွက်လာသော စိတ်ကူးများအား လက်တွေ့အသုံးချပါ။ ခက်ခဲသောကိစ္စများကို ပိုင်ပိုင်နိုင်နိုင်ဖြေရှင်းနိုင်မည်။ ပညာရေးကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ လုပ်ငန်းသစ်များ ချဲ့ထွင်အဆင်ပြေမည်။ စိတ်အနှောင့်အယှက်ဖြစ်တတ်သည်။ မိမိစိတ်ကို လျှော့၍ဆောင်ရွက်ပါ။

7 DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011

တူနီးရှားနိုင်ငံ၏ နိုင်ငံရေးပါတီပေါင်းများစွာထဲမှ ပါတီရုံးခန်းတစ်ခုတွင် ချိတ်ဆွဲထားသော ပိုစတာတစ်ခု၌ လမ်းများပေါ်သို့ ဆန္ဒပြသူများ ထပ်ခါထပ်ခါရောက်ရှိလာခြင်း၏ စိုးရိမ်မှုကို ထင်ဟပ်ပြသနေသည်။ ကန့်ကွက်မှုတစ်ခုကြားထဲတွင် အမျိုးသမီးတစ်ဦးပုံကို ဖော်ပြထားပြီး ၎င်းအမျိုးသမီးက ယခုလိုစာတန်းပါ ကတ်ပြားတစ်ခုကို ကိုင်ဆောင်ထားသည်။ 'သူရဲကောင်းတွေ သေဆုံးသွားတာ နောက်ထပ် အာဏာရှင်အသစ်တစ်ယောက်ပေါ်ထွက်လာဖို့မဟုတ်ဘူး' ဟူ၍. . .။

# တော်လှန်ရေးကြီး ဖြစ်ပြီးနောက်

ကြည်နေဝင်းမင်း



သမ္မတဇိုင်အယ်အက်ဒင်း ဘင်အလီ ပြုတ်ကျသွားစေခဲ့ပြီး အာရပ်ကမ္ဘာတစ်ဝန်း လူထုအုံကြွမှုများကို မီးတို့ပေးခဲ့သည့် တော်လှန်ရေးဖြစ်ပေါ်ပြီး ကိုးလအကြာမှာပင် သူတို့ တိုက်ပွဲဝင်ခဲ့သော အပြောင်းအလဲများဖြစ်ပေါ်ရေး မှေးမှိန်စပြုလာသည်ကို တူနီးရှားနိုင်ငံသားများကစိုးရိမ်နေကြသည်။ ၎င်းတို့၏ တော်လှန်ရေးမှာ ဒေသတွင်းနိုင်ငံများသို့ ပျံ့နှံ့သွားသည်ကို နိုင်ငံသားအများစုက ဂုဏ်ယူနေကြပြီး လာမည့်အောက်တိုဘာလတွင်ပြုလုပ်မည့် ဒီမိုကရေစီရွေးကောက်ပွဲများတွင်လည်း စံနမူနာကောင်းပြရန် ၎င်းတို့က စိတ်အားထက်သန်နေကြသည်။

သို့သော် ဘင်အလီ၏ သစ္စာခံများသည် အာဏာရှိသောနေရာများကို ဆက်လက်ချုပ်ကိုင်ထားပြီး အစစ်အမှန်ပြောင်းလဲမှုများဖြစ်ပေါ်ခြင်းကို ထိန်းချုပ်ရန် နောက်ကွယ်မှကြိုးဆွဲနေကြသည်ဟု တူနီးရှားနိုင်ငံသား အများအပြားက စိုးရိမ်နေကြသည်။ ထို့အပြင် သဘောထားကွဲပြားမှုများ အထူးသဖြင့် ဘာသာရေး၏ အခန်းကဏ္ဍက တူနီးရှားနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို မတည်မငြိမ်ဖြစ်စေပြီး လူထုအုံကြွမှု၏ အဓိကအကြောင်းအရာတစ်ခုဖြစ်သောစီးပွားရေးပြဿနာများ မဖြေရှင်းနိုင်မည်ကိုလည်း နိုင်ငံသားများက ပူပန်နေကြသည်။

အီဂျစ်နိုင်ငံတွင်လည်း အလားတူ ခပ်ဆင်ဆင်ပင်ဖြစ်သည်။ သမ္မတ မူဘာရက် ရာထူးမှပြုတ်ကျပြီး နောက်တက်လာသည့် စစ်ဘက်ကောင်စီက အာရပ်ကမ္ဘာ၏ လူဦးရေအထူထပ်ဆုံး အီဂျစ်နိုင်ငံ၏ ရွေးကောက်ပွဲကျင်းပရေးကို ရွှေ့ဆိုင်းထားသည်။ နောက်အာဏာရှင်တစ်ယောက် တက်လာဖို့အတွက်ရှေ့က အာဏာရှင်ကိုဖယ်ရှားမိပြီလားဟု အီဂျစ်နိုင်ငံသားအချို့က စိုးရိမ်နေကြသည်။

လစ်ဗျားနိုင်ငံတွင်လည်း ထရီပိုလီမြို့တော်အား သိမ်းပိုက်နိုင်လိုက်၍ အပျော်ကြီးပျော်နေကြသည်။ ဤနေရာမျိုးမှာပင် နောက်ထပ်ဘာဖြစ်မည်နည်းဟူသော ပူပန်သောကများ ရှိနေပါသည်။

အနည်းဆုံးတော့ လစ်ဗျားနိုင်ငံတွင် မျှော်လင့်ချက်ရှိသေး



သည်။ ဘာရိန်းနိုင်ငံတွင်မူ ကန့်ကွက်ဆန္ဒပြသူများအား လမ်းပေါ်မှ ရှင်းထုတ်လိုက်သည်။ လူရာပေါင်းများစွာ အဖမ်းဆီးခံလိုက်ရပြီး ကတိပြုထားသည့် ပြုပြင်ပြောင်းလဲမှုများမှာ ဘယ်ဆီဘယ်ဝယ်မှန်းမသိရပေ။ ဆီးရီးယားနှင့် ယီမင်ကဲ့သို့နိုင်ငံများတွင် အကြမ်းဖက်သွေးထွက်သံယိုမှုများ ဆက်လက်ဖြစ်ပေါ်နေဆဲမှာပင်'အာရပ်နွေဦး'သည် ခေါင်းဆောင်များအား ပြုတ်ကျစေခြင်းထက် ပို၍ လုပ်နိုင်ကြောင်းကိုသက်သေပြရန်လိုအပ်နေသည်ဟူသောခံစားချက်များ တူနီးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည်။

၎င်း၏ ပါတီရုံးခန်းကို ပိတ်လိုက်ရင်းဝါရင့် တူနီးရှားနိုင်ငံရေးသမားဟောင်းကြီးနှင့် သမ္မတနိုင်ငံအတွက် ကွန်ဂရက်ပါတီ ခေါင်းဆောင် မွန်ဆက်မာဇူကီက အန္တရာယ်များကိုပြောပြသည်။ မျက်မှန်တပ်ထားသည့် ဆရာဝန်က "ငါတို့ဟာကြားခံအဆင့်မှာရောက်နေတယ်။ ပြဿနာက ဒီကြားခံအဆင့်ဟာ တာရှည်နေပြီး ငါတို့မျှော်လင့်ထားတာထက်ပိုပြီးခက်ခဲလိမ့်မယ်ဆိုတာကို ငါစိုးရိမ်နေတယ်။ လူတွေကတော့ တော်လှန်ရေးဆိုတာ ခလုတ်တစ်ခုနှိပ်လိုက်သလိုပဲ။ အမှောင်ထဲကနေ အလင်းထဲ တန်းရောက်သွားမယ်လို့ထင်နေကြတယ်။ ဒါပေမဲ့ ဒါလောက်မရိုးရှင်းပါဘူး။ ငါတို့ နိုင်ငံတော်သစ်တစ်ရပ် ဖန်တီးနိုင်မလား။ သမ္မတသစ်၊ အစိုးရသစ် ပါလီမန်နဲ့အစိုးရဖန်တီးနိုင်မလား။ ဒီနေရာမှာ မေးခွန်းထုတ်စရာရှိနေတယ်။ ဒါဟာ ဒီအဆင့်ရဲ့ ခက်ခဲမှုပဲ။ ရှင်းရှင်းလင်းလင်းမရှိတာပဲ"ဟုပြောသည်။

ဇန်နဝါရီလ ၁၄ ရက်နေ့တွင် သမ္မတဘင်အလီ ဆော်ဒီအာရေးဗီးယားနိုင်ငံသို့ ထွက်ပြေးခဲ့ပြီးချိန်မှစ၍ တူနီးရှားအာဏာပိုင်များသည် နိုင်ငံရေးပါတီပေါင်း တစ်ရာကျော်ကိုမှတ်ပုံတင်ခဲ့သည်။ ၎င်းတို့ထဲမှ အကြီးဆုံး ဆယ်ပါတီမှာ အစ္စလာမ်မစ်များမှသည် ဈေးကွက်စနစ်လိုလားသည့် အလယ်အလတ်များနှင့် ကွန်မြူနစ်များအထိ ပါဝင်ပြီး တော်လှန်ရေးမတိုင်မီကပင် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် တည်ရှိနေခဲ့သည်။


ရွေးကောက်ပွဲတွင်ပါတီသစ်အချို့သာ ဝင်တိုးနိုင်မည့်အနေအထားရှိပြီး အများစုမှာ ပေါင်းစည်းခြင်း (သို့မဟုတ်) ဖျက်သိမ်းခြင်းပြုရဖို့များသည်။ သို့သော် တူနီးရှားနိုင်ငံသား အများအပြားစိတ်ပျက်ကြသည်မှာ ယင်းတို့ထဲတွင် ခေါင်းဆောင်ဟောင်း ဘင်အလီ၏ ယခု ဖျက်သိမ်းလိုက်ပြီဖြစ်သော Constitutional Democratic Rally (RCD)ပါတီမှ ထင်ရှားသော အရာရှိနှစ်ဦးက ကိုယ်ပိုင်ပါတီထောင်၍ ရွေးကောက်ပွဲဝင်ရန် ပြင်ဆင်နေခြင်းဖြစ်သည်။ ပါတီထောင်သူတွင် နိုင်ငံရေးဝန်ကြီးဟောင်း ကီမယ်မော်ဂျာနီလည်း ပါဝင်နေသည်။

၎င်းတို့ကိုတူနီးရှားနိုင်ငံသားများက ထောက်ခံလိမ့်မည်မထင်ကြောင်း ဝါရင့် နိုင်ငံရေးသမားကြီး မာဇူကီကပြောပါသည်။ "ဒါပေမဲ့ သူတို့က ငွေကြေးကိုအသုံးချချင်ချမယ်။ ဒါမှမဟုတ် ဒေသဆိုင်ရာ သစ္စာခံမှုတွေကိုအသုံးချလာနိုင်တယ်။ ဒါဆိုရင် အန္တရာယ်ရှိနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ လူငယ်တွေက သူတို့ ရာထူးပြန်ရလာတာကိုလက်ခံမှာမဟုတ်ဘူး။ တော်လှန်ရေးအသစ်တစ်ခု ထပ်ဖြစ်မှာပဲ"ဟု မာဇူကီကပြောပါသည်။

အစိုးရအရာရှိဟောင်းများ နေရာပြန်မရလျှင်ပင် တူနီးရှားနိုင်ငံရေးမှာ ဆက်လက်ရှုပ်ထွေးနေနိုင်ပါသည်။ ရွေးကောက်ပွဲမကျင်းပမီ တူနီးရှားသည် အခြေခံဥပဒေရေးဆွဲရေးညီလာခံတစ်ရပ်ခေါ်ယူရမည်ဖြစ်သည်။ ယင်းညီလာခံ၏ အဓိကတာဝန်မှာ အခြေခံဥပဒေရေးဆွဲရေးဖြစ်သည်။ အခြေခံဥပဒေ၏ အဓိကအချက်အလက်များတွင် သဘောထားကွဲလွဲမှု မရှိသော်လည်း နိုင်ငံ၏ အမှတ်လက္ခဏာနှင့်ပတ်သက်၍ အခြေခံကျကျသဘောထားကွဲလွဲမှုများရှိပါသည်။

တူနီးရှားလွတ်လပ်ရေး ခေါင်းဆောင်နှင့် ပထမဦးဆုံး သမ္မတ ဟာဘစ်ဘွာဂူးဘားသည် အမျိုးသားရေးဝါဒီဖြစ်ပြီး နိုင်ငံရေးနှင့်ဘာသာရေးကို သီးခြားခွဲထားသူဖြစ်သည်။ တူနီးရှား၏ လက်ရှိ အခြေခံဥပဒေတွင် တစ်ယောက်ထက်ပို၍ မိန်းမယူခြင်းကို ပိတ်ပင်ထားပြီး လင်မယားကွာရှင်းခြင်း၊ လက်ထပ်ခြင်းများတွင် အမျိုးသမီးများ၏ အခွင့်အရေးကို ကာကွယ်ပေးထားသည်။ သို့သော် တစ်ဖက်တွင် လူအများစုလက်ခံထားပြီး ဘင်အလီလက်ထက်က ပိတ်ပင်ထားသည့် Ennahda အစ္စလာမ်မစ်ပါတီမှာလည်း ထောက်ခံမှုအများအပြားရရှိနေသည်။ ဘင်အလီလက်ထက်အဂတိလိုက်စားမှုများကိုငြီးငွေ့နေပြီဖြစ်သည့် တူနီးရှားနိုင်ငံသားအများအပြားက ၎င်းပါတီကိုထောက်ခံကြသည်။ သို့သော် နှစ်ဖက်စလုံးတွင် မယုံသင်္ကာမှုများ နက်နက်ရှိုင်းရှိုင်းရှိနေပါသည်။ သို့သော် ရွေးကောက်ပွဲအစီအစဉ်များကို အခြား အင်အားစုများ၏ ခြိမ်းခြောက်မှုများလည်း ရှိနိုင်ကြောင်း နိုင်ငံရေးသမားများနှင့် ဆန်းစစ်လေ့လာသူများကဆိုကြသည်။ ပြုပြင်ပြောင်းလဲမှုများကို တွန်းလှန်လိုသည့် ဘင်အလီ၏ RCD ပါတီအကြွင်းအကျန်များ(သို့မဟုတ်)Ennahda ပါတီမှာ ဩဇာကြီးထွားလွန်းလာပြီး နိုင်ငံတွင် ဘာသာရေးနှင့် နိုင်ငံခြားရေးခွဲခြားထားမှုမူလရပ်တည်ချက်ကိုသွေဖည်လာသည်ဟု စစ်ဘက်က ဆုံးဖြတ်၍ ဝင်ရောက်ကိုင်တွယ်ခဲ့လျှင် 'အာရပ်နွေဦး' စတင်ပေါက်ဖွားခဲ့ရာနိုင်ငံ၏ အခြေအနေမှာ အငိုလွယ်၍ အရှိုက်ခက်မည့် အနေအထားရောက်ရှိလာမည်ဖြစ်ပါသည်။

*—Ref: Reuters*
*[Insight: In home of Arab Spring, a desire for more]*




POND'S
flawless white
Unilever
POND'S ကတော့ ဖြူစင်စေပါတယ်။

# Commodity Watch

7DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

## Computer

| CPU | Kyats |
|---|---|
| Intel P4 Dual Core 3.2 (E 5800) (775) | 52500 |
| Intel P4 Dual Core 3.0 (E 5700) (775) | 49500 |
| Intel P4 Core  i3 3.06GHz (1156,540) | 81750 |
| Intel P4 Core i3 3.1 GHz (1155,2100) | 87000 |
| Intel P4 Core i5 3.1GHz (1155,240) | 140250 |
| Intel P4 Core i7 3.4GHz (155,2600) | 221250 |
| **Motherboard** | |
| MSI G41M-P28 (775) Motherboard | 54750 |
| MSI H55M-E32 (1156) Motherboard | 66000 |
| MSI P67A-C45 (B3)(1155) Motherboard | 112500 |
| ASUS P5G41T-MLX(775)Motherboard | 46500 |
| ASUS P8H61MLX Plus(1155)Motherboard | 66000 |
| ASUS P8H67-MLE(1155)Motherboard | 86250 |
| ASUS P8H67 (B3)Motherboard | 100500 |
| Gigabyte G41MT-S2P (775) Motherboard | 46500 |
| Gigabyte P67A-UD3(B3) (1155)  Motherboard | 131250 |
| Gigabyte H55M-S2V (1155) Motherboard | 75000 |
| **Memory** | |
| 1 GB DDR (400) Kingston Memory | 36,000 |
| 1 GB DDR2 (800) Kingston Memory | 13,500 |
| 2 GB DDR2 (800) Kingston Memory | 20250 |
| 2 GB DDR3 (1333) Kingston Memory | 11250 |
| 4GB DDR3 (1333) Kingston Memory | 19500 |
| **Memory Stick** | |
| Memory Stick  16GB Verbatim | 16,000 |
| Memory Stick 16gb Sony | 23500 |
| Memory Stick 8gb sony | 13000 |
| Memory Stick Apacer 4GB | 7500 |
| **UPS** | |
| Power Tree(650VA) UPS | 36000 |
| Power Tree (1250VA) UPS | 59000 |
| Power Pro (650 VA) UPS | 33000 |
| Power Pro (1200VA) UPS | 62000 |
| Star (650 VA) UPS Led | 27750 |
| Star (650 VA) UPS Lcd Display | 29250 |
| EAST (650VA) UPS LED | 31500 |
| EAST (650VA) UPS LCD DISPLAY | 39000 |
| EAST(1200VA) UPS | 57750 |
| **Harddisk** | |
| 500GB Seagate SATA | 36000 |
| 1.5TB Seagate SATA | 60000 |
| 2TB Seagate SATA | 73500 |
| **PCI Express Card** | |
| MSI EAH 5450 1GB DDR3 PCI Express Card | 41250 |
| MSI N430GT 1GB PCI Express Card | 62250 |
| MSI N430GT 2GB PCI Express Card | 66000 |
| ASUA EnGTX520 1GB DDR3 PCI Express Card | 51000 |
| ASUA ENGT 430 1GB DDR3 PCI Express Card | 70840 |
| ASUS EHA 5750 Formula 1GB DDR5 PCI Express Card | 107250 |
| Gigabyte Geforce 210TC 1GI 1GB PCI Express Card | 38250 |
| Gigabyte Geforce 220TC 1GB PCI Express Card | 52500 |
| **DVD Writer** | |
| HP DVD Writer (SATA) | 23,700 |
| ASUS DVD Writer (SATA) | 23,700 |
| Liteon DVD Writer (SATA) | 25,200 |
| **အိတ်ဆောင်တိပ်ငှကအဘိတ်န်** | 160,000 |

Technoland ဆိုင်မှ စက်တင်ဘာ(၁၀)ရက်က ကောက်ယူထားသောဈေးနှုန်းဖြစ်သည်။

## Note Book

| Acer | |
|---|---|
| Intel Core i7 2.70Ghz 4GB DDR3, 750GB HDD,14.0″ | 966,000 |
| Intel Atom 1.66 Ghz 1GB DDR3, 320GB HDD,10.1″ | 229,425 |
| **Asus** | |
| Intel Atom  1.66 Ghz 1GB DDR2, 160GB HDD,10.2″ | 225,000 |
| **Apple** | |
| Intel Core i5 2.3 Ghz 4GB DDR3, 320GB HDD,13.3″ | 1,086,000 |
| **Hp** | |
| Intel Core i3 2.10 Ghz 4GB DDR3,500GB HDD,15.6″ | 515,000 |
| **Sony** | |
| Intel  Core i5 2.30 Ghz 4GB DDR3,500GB HDD,14.0″ | 1,038,000 |
| **MSI** | |
| Intel Core i3 2.4 Ghz 2GB DDR3, 500GB HDD,14.0″ | 478,000 |

## အီလက်ထရွန်နစ်ပစ္စည်းဈေးနှုန်းများ

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| SamSung(LCD) | 22-350 | 195,000 |
| LG(LCD) | 22LH15R | 195,000 |
| Sony (LCD) | 22BH300 | 250,000 |
| Toshiba | LZE 21-28 | 120,000 |
| Daewoo | DTU2131NZF | 145,000 |
| | DTU2132NZF | 145,000 |
| **DVD** | | |
| EVD (coeco) | 8082 | 26,000 |
| EVD(sukura) | DVK75 | 30,000 |
| LG | DV276 | 35,000 |
| Toshiba | DV380 | 30,000 |
| Daewoo | 1400S | 49,000 |
| HQ | HDMI999 | 59,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RA20F17 | 185,000 |
| Sanyo | SR811 | 499,000 |
| Hitachi | 19AGV7 | 280,000 |
| Panasonic | NR.BT222 | 285,000 |
| **Washing** | | |
| Daewoo | DW900C | 179,000 |
| | DW172C | 199,000 |
| Daewoo | DWF200KR | 320,000 |

မှတ်ချက်– အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ(၈) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၄,၈၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၄,၇၅၀ |
| ဘိလပ်မြေ (ယိုးဒယား ကျောက်ဆူး) | တစ်အိတ် | ၄,၅၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၂၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၉ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၉၀ |
| အုတ် (၈ ပေါက်အုတ်) | တစ်လုံး | ၉၅ |
| အုတ် (၁၀ ပေါက်အုတ်) | တစ်လုံး | ၁၅၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၆,၅၀၀ |
| သဲ (အနု) | တစ်ကျင်း | ၅,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၀,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.34mm) | ၁ ပေ | ၉၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၉၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.42mm) | ၁ ပေ | ၁,၁၀၀ |
| Posco ကြယ်စိမ်း(6/7/8 ပေ) | ၁ ပေနှုန်း | ၅၀၀ |
| Posco ကြယ်စိမ်း(9/10 ပေ) | ၁ ပေနှုန်း | ၅၀၅ |
| Posco ကြယ်စိမ်း(11/12 ပေ) | ၁ ပေနှုန်း | ၅၁၀ |
| ရိုးရိုးသွပ်မိုးပြား(ဆင်နီ 6/7/8/9/10/11/12) | ၁ ပေ | ၅၃၅ |
| ရိုးရိုးသွပ်မိုးပြား(ဆင် 6/7/8) အထူ | ၁ ပေနှုန်း | ၂၈၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၀၀၀ |

အထက်ပါဈေးနှုန်းများမှာ စက်တင်ဘာ (၈) ရက်တွင်ကောက်ယူထားသောဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားဖိုဆောင်သုံးသီးနှံဈေးနှုန်းများ

| အမည် | အရေအတွက် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ခရမ်းချဉ်သီး(အင်းသီး) | ၁ သေတ္တာ | ၇,၀၀၀-၈,၀၀၀ |
| ပန်းဂေါ်ဖီ | ၁ ထုပ် | ၅၀၀-၆၀၀ |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၅၀၀ |
| မုန်လာဥနီ | ၁ ပိဿာ | ၁,၀၀၀- ၁,၂၀၀ |
| ဘိုစားပဲသီး | ၁ ပိဿာ | ၁,၀၀၀-၁,၂၀၀ |
| ခရမ်းသီး | ၁ လုံး | ၄၀-၁၀၀ |
| ရွှေပဲသီး | ၁ ပိဿာ | ၃,၅၀၀ |
| မုန်ညင်းဖြူထုပ် | ၁ ပိဿာ | ၁,၀၀၀ |
| ငရုတ်သီး(ပီနံ) | ၁ ပိဿာ | ၁,၅၀၀ |
| ငရုတ်ရှည် | ၁ ပိဿာ | ၄,၃၀၀ |
| ငရုတ်ပွ | ၁ ပိဿာ | ၁,၀၀၀ |

ဈေးနှုန်းများမှာ သီရိမင်္ဂလာဈေးမှ စက်တင်ဘာ (၁၀) ရက်က ကောက်ယူထားသော လက်ကား ဈေးနှုန်းများဖြစ်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၈၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၁,၀၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၈၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၈၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား | တစ်ထုပ် | ၁၂၀-၁၅၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀-၈၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၂,၀၀၀ |
| သကြား | တစ်ပိဿာ | ၁,၄၀၀-၁,၅၀၀ |
| မန်ကျည်းမှည့် | တစ်ပိဿာ | ၃,၂၀၀ |
| အာလူး | တစ်ပိဿာ | ၆၀၀-၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၅၀-၇၀၀ |
| နို့စိမ်း | တစ်ဘူး | ၅၇၀-၇၀၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၂၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၂၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၅,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၆,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၅,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန် ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးရံ့ | ၁ ပိဿာ | ၂,၀၀၀-၄,၈၀၀ |
| ငါးခူ | ၁ ပိဿာ | ၂,၀၀၀-၄,၅၀၀ |
| ငါးကျည်း | ၁ ပိဿာ | ၂,၅၀၀-၅,၅၀၀ |
| ငါးပြေမ | ၁ ပိဿာ | ၂,၀၀၀-၅,၅၀၀ |
| ငါးပနော် | ၁ ပိဿာ | ၁,၃၀၀-၂,၀၀၀ |
| ငါးရှဉ့် | ၁ ပိဿာ | ၂,၀၀၀-၃,၄၀၀ |
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၄၀၀-၁,၇၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၀၀၀-၃,၅၀၀ |
| ငါးခေါင်းပွ | ၁ ပိဿာ | ၁,၄၀၀-၂,၅၀၀ |
| ငါးသလောက် | ၁ ပိဿာ၁ | ၃,၀၀၀-၂၇,၀၀၀ |
| ငါးတန် | ၁ ပိဿာ | ၁,၆၀၀-၃,၀၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၀၀၀-၃,၂၀၀ |
| ကကတစ် | ၁ ပိဿာ | ၂,၅၀၀-၆,၅၀၀ |
| ကသဘောင်း | ၁ ပိဿာ | ၂,၅၀၀-၅,၀၀၀ |
| ငါးဘတ်၊ ငါးကြောင်း | ၁ ပိဿာ | ၂,၇၀၀-၉,၀၀၀ |
| ငါးပုဏ္ဏား | ၁ ပိဿာ | ၂,၅၀၀-၄,၅၀၀ |
| ပုစွန်ကြော့ | ၁ ပိဿာ | ၁,၅၀၀-၁,၈၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၂,၆၀၀-၃,၅၀၀ |
| ပုစွန်(ဆတ်သေး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်(ဆတ်ကြီး) | ၁ ပိဿာ | ၇,၅၀၀-၁၀,၀၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၆,၀၀၀- ၂၈,၀၀၀ |
| ငါးမျိုးစုံ | ၁ ပိဿာ | ၁,၀၀၀-၃,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၂၀၀-၁,၆၅၀ |

စက်တင်ဘာ(၈)ရက်ကကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှကောက်ယူထားသောလက်ကား ဈေးနှုန်းများဖြစ်သည်။


## ကားမျိုးစုံဈေးနှုန်းများ

| ယာဉ်အမျိုးအစား | မော်ဒယ် | အကွာရာ | ဈေးနှုန်း(ကျပ်သိန်း) |
|---|---|---|---|
| စူပါဆလွန်း | ၈၆/၈၇ | လ/အ/သ | ၁၆၀ |
| စူဇူကီး ဝက်ဂွန် R+ | - | ၁ဂ | ၂၇၀ |
| တောင်းအေ့ ပစ်ကပ် (ပဇင်းခေါင်း) | ၂၀၀၀ | ဂစ/၈ဆ | ၂၀၀ |
| စူဇူကီး R- (2Way) | CNG ၂ယ | ၁ဂ/၂ဂ | ၁၇၀ |
| တိုယိုတာ (လီမိတက်) | ၈၈ | ၈က | ၂၈၀ |
| တိုယိုတာ (ဖင်ကောက်) | ၉၂ | ၇က/၈က | ၄၂၀ |
| မတ်ခ်တူး(ဓာတ်ဆီ) | ၉၉ | ၄ဂ | ၇၃၀ |
| ဆပ် | ၉၉ | ၄ဂ/၅ဂ | ၁,၁၀၀ |
| ပါဂျဲရို | ၉၆/၉၇ | ၄ဂ/၅ဂ | ၁,၀၀၀ |

စက်တင်ဘာ (၈) ရက်က ရန်ကုန်မြို့ရှိ ကားပွဲစားတန်းများတွင်ဖြစ်ပေါ်နေသော မော်တော်ယာဉ် ခေါ်ဈေးနှုန်းများဖြစ်ပါသည်။ ယခုရက်ပိုင်းဈေးနှုန်းများ အပြောင်းအလဲရှိနိုင်သည်။

## ပုဂ္ဂလိက စက်သုံးဆီ ဆိုင်များမှ ဈေးနှုန်းများ

| | Sep(3) | Sep (4) | Sep (5) | Sep(6) | Sep (7) | Sep (8) | Sep (9) |
|---|---|---|---|---|---|---|---|
| ဓာတ်ဆီ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ | ၂,၅၀၀ |
| ဒီဇယ် | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ | ၃,၄၀၀ |
| Octane ဒီဇယ် | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ | ၃,၇၀၀ |
| Premier ဒီဇယ် | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ | ၃,၈၀၀ |




# Free Classified

## အခမဲ့ ကြော်ငြာကဏ္ဍ

**ခရုအိမ်**

အဆင့်မြင့်ခန်းဆီးလိုက်ကာနှင့် ကူရှင်အမျိုးမျိုး ချုပ်လုပ်ခြင်းလုပ်ငန်း။ တိုက်-A, G-5, Pearl Condo, ကမ္ဘာအေး ဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်။ PH: 557448 Ext (856),
**09-8034582, 09-73037776**

**"ရွှေ"ပညာဒါန (အခမဲ့)သင်တန်း**

ကိုယ်ပိုင်ရွှေဆိုင်၊ အပေါင်ဆိုင်၊ ရွှေဆိုင်ဝန်ထမ်းများဖြစ်လိုသူများအတွက် ရွှေပညာရပ်ကို သင်ကြားဒါနပြုပါမည်။
**အမှတ်(၁၀၇)၊ ပထပ်(ယာ)၊ ၂၈ လမ်း(လယ်)၊ ရန်ကုန်မြို့။**

**ရောင်းမည်**

၁၇×၇၀ ပေ၊(မြေညီ+ပထပ်)၊ အိပ်ခန်း(၂)ခန်း၊ (လေအေးစက်တပ်ပြီး)၊ ကြွေပြား၊ အပြည့်ခင်း၊ ကာပြီး။
**ဖုန်း- ၀၉-၇၃၀၈၈၆၄၉**

**Hnin Wai Wai Fashion Tailor**

မင်္ဂလာဝတ်စုံ၊ ထိုင်မသိမ်းနှင့်ပွဲထိုင်ဝတ်စုံအမျိုးမျိုး၊ ကုမ္ပဏီဝတ်စုံအမျိုးမျိုးတို့ကို စိတ်တိုင်းကျ သေသပ်လှပစွာ စီစဉ်ချုပ်လုပ်ပေးနေပါသည်။
**ဖုန်း- ၀၉-၅၀၆၀၄၉၇**

**Dynamic Computer Services**

ကွန်ပျူတာပြုပြင်ခြင်းနှင့် Network ချိတ်ခြင်းများကိုစိတ်တိုင်းကျဝန်ဆောင်မှုပေးပါသည်။
**ဖုန်း- ၀၉-၇၃၀၁၂၄၆၉၊ ၇၃၀၆၆၁၉၄**

**MYANMAR AUTOMOBILES**

ငွေကျပ် ၃၀၀၀ ဖြင့် မိမိကားအား Online service ကို အသုံးပြု၍ ရောင်းချနိုင်မည့် အခွင့်အရေး www.carsalesmm.com, **Ph:09-5091933**

**ငှားမည်၊ ရောင်းမည် (ပွဲစားမလို)**

Strand Condo Sqf 1200 (ကမ်းနားလမ်း၊ အလုံ)၊ ၃ လွှာ (၄)သိန်း။ (ငှား) တပင်ရွှေထီးလမ်းနှင့်သမိန်ဗရမ်းလမ်း၊ ထောင့်ကွက်၊ ၄၀×၆၀ ပေ၊ (၁) ထပ်တိုက်၊ လှိုင်သာယာ(ရောင်း)
**ဖုန်း- ၀၉-၅၄၀၅၉၃၄**

**ရောင်းမည်**

စီးပွားရေးအချက်အချာကျပြီး သွားလာရေးလွယ်ကူသော ကျောက်မြောင်း၊ ကျားကွက်သစ်လမ်း၊ မြေညီထပ်၊ ထပ်ခိုးပြည့်ပါ။ ၁၅×၆၀ ပေ။
**ဖုန်း- ၀၉-၇၃၁၆၆၀၆၄**

**SaYar Htunn Linn Aung**

(MC-BTech)

7,8 တန်း၊ E,Math အိမ်လိုက်သင်ကြားပေးပါသည်။
**ဖုန်း- ၀၉-၄၃၀၂၆၈၂၉**

**PENGUIN**

ELectro Mechanical Services

အဲယားကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်ပြုပြင်ရောင်းဝယ်ရေးမှ အိမ်အရောက်ဝန်ဆောင်မှုပေးပါသည်။
**ဖုန်း- ၀၁-၅၂၀၂၂၀**

**ဆရာဦးမြင့်သန်း**

B.Sc(Maths.),B.Ed.

၇၊ ၈၊ ၉၊ ၁၀ တန်းများ ထူးချွန်လိုသူများအတွက် သချ်ာသီးသန့်အထူးဝိုင်းများအိမ်အရောက်သင်ကြားပေးသည်။
**ဖုန်း- ၀၉-၇၃၁၆၃၀၄၄**

**အိမ်အရောက်သင်သည်**

သူငယ်တန်းမှ (၁၀)တန်းအထိ (ကျက်စာသီးသန့်)ဝိုင်း/တစ်ဦးချင်း (Teaching and Guide)

**ဖုန်း-၀၉-၄၃၀၈၅၅၀၇**

**General Technic**

လျှပ်စစ်ပစ္စည်း၊ အဲယားကွန်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်၊ (အိမ်သုံး၊ စက်ရုံသုံး)ပစ္စည်းအမျိုးမျိုးပြုပြင်တပ်ဆင်ခြင်း၊ အလှဆင်ခြင်းနှင့် ဖုန်းနှင့်လျှပ်စစ်ဘီလ် အမြန်ပေးသွင်းခြင်းများကိုဆောင်ရွက်ပေးပါသည်။
**ဖုန်း- ၀၉-၇၃၁၃၈၈၆၀၊ ၂၀၀၂၀၁**

**စီးပွားရေး/စီမံခန့်ခွဲမှုဆိုင်ရာသင်တန်း**

လစဉ်တန်းခွဲသစ်ဖွင့်သည်။ တစ်ဦးချင်း (သို့) ကုမ္ပဏီများ၊ အဖွဲ့အစည်းများအတွက် သင်တန်းများ စီစဉ်ပေးသည်။
**ဖုန်း- ၀၉-၅၀၄၆၇၆၉၊ ၃၈၆၉၉၃**

**အဆီကျအကသင်တန်း**

**ဖုန်း- ၅၉၁၅၉၇(ဇန်ဇန်)**

**အိမ်ရောင်းမည်**

၁၅×၄၀ ပေ၊ 2nd Floor, အဆင့်မြင့်ပြင်ဆင်ပြီး၊ 1A/C အနောက်ဗဟိုလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်။
**ဖုန်း- ၀၉-၅၄၀၃၂၃၉**

**ရောင်းမည်/ ငှားမည်**

ပေ ၅၀×၆၀၊ ဂုတ်ခြံ၊ အောင်မေတ္တာလမ်း၊ တာမွေ။ 2BN
**ဖုန်း- ၀၉-၄၃၁၁၂၆၃၇**

**ဟိန္ဒီ (အရေး၊ အဖတ်၊ အပြော)**

Hight Language Center

အမှတ်(၁၇၂)၊ ပထမထပ်၊ ၂၉ လမ်း၊
**ဖုန်း- ၀၉-၇၃၀၁၁၇၃၇**

**ပညာဒါနတရုတ်စကားပြောသင်တန်း**

အင်္ဂါ+ဗုဒ္ဓဟူး ည ၇ နာရီမှ ၈ နာရီခွဲ ဆက်သွယ်ရန် စုံစမ်းရန်
**ဖုန်း- ၀၉-၇၃၀၄၉၅၄၃**

**Computer Service**

လူကြီးမင်းတို့၏ ကွန်ပျူတာ စာစီလိုသမျှကို ဈေးနှုန်းချိုသာစွာဖြင့် စာစီပေးပါသည်။ **ဖုန်း- ၀၉-၅၁၉၆၀၆၇**

**သင်ကြားပေးသည်**

၉၊ ၁၀ တန်း၊ တစ်ဘာသာ- ၃သောင်းကျပ်၊ အမှတ်ပေးစည်းမျဉ်းနှင့်အညီ၊ Teaching Guide ဖြင့်စနစ်တကျ သင်ကြားပေးပါသည်။ ဆရာကျော်ကျော်လွင်
ဖုန်း-၀၉ ၅၀၉၉၂၀၃

**အင်္ဂလိပ်စကားပြောသင်တန်း**

အခြေခံ A, B,C အသံနှစ်သံထွက်နည်းမှစ၍ ရေး၊ ဖတ်၊ ပြော၊ အတွေးနားထောင်ကျွမ်းကျင်အောင်လေ့ကျင့်ပေးသည်။ **ဖုန်း- ၀၉-၄၉၂၆၅၆၈၃**

**Professional Web Design Course**

InternetWebsites များကိုမိမိစိတ်ကြိုက်ဒီဇိုင်းရေးဆွဲဖန်တီးတတ်ချင်သူများအတွက် အခြေခံမှစ၍ သင်ကြားပေးသည်။ **ဖုန်း- ၀၉-၅၁၅၀၂၈၈**

**ဝိုင်းဝိုင်းလည်စတိုး**

မြောင်မြို့၊ ဈေးအရှေ့ဘက်၊ ဦးဝင်းသိန်း+ဒေါ်ခင်သန်းကြူ။
**ဖုန်း-၀၇၁-၄၃၁၄၀၊၀၉-၄၇၂၂၈၄၀၄**

**မိုးမြင့်ကြယ်စင်**

Hair & Beauty Style (Only Ladies)

ချိုသာသော ဈေးနှုန်းများဖြင့် ပြုလုပ်ပေးနေပါသည်။
**ဖုန်း- ၀၉-၄၉၇၅၀၃၂၉**

**Better Life Acty Co.,Ltd**

Japanese Language Instructor 1 Post. ဂျပန်ဘာသာအရည်အချင်းစစ်စာမေးပွဲ Level (2) နှင့်အထက်။
**ဖုန်း- ၀၉-၇၃၁၁၂၅၀၆၊ ၃၈၂၅၂၉**

**အိမ်လိုက်သင်သည်**

International School များမှ Grade 1 to Grade 4 အထိ ကလေးများ English, Maths, Social Science, Myanmar, all Subjects အိမ်လိုက်သင်သည်။ **ဖုန်း- ၅၃၉၆၅၀**

**မြေရောင်းမည်**

မြကန်သာအိမ်ရာ၊ (ဘုရင့်နောင်ပွဲရုံ သီရိမင်္ဂလာဈေးသစ်ကြီး၊ ISM International School တို့နှင့်နီးသည်) မြေအမည်ပေါက်ကိုယ်တိုင်ရောင်းမည်။
**ဖုန်း- ၀၉-၇၃၀၉၃၀၅၈၊ ၂၁၅၈၆၈**

**ရောင်းမည်**

ဩဂဲနစ်နည်းပညာဖြင့် စိုက်ပျိုးထားပြီး တစ်နှစ်အတွင်း သီးနိုင်သော နဂါးမောက်မျိုးရင့်များ ရောင်းရန်ရှိသည်။ နည်းပညာအကူအညီပေးမည်။
**ဖုန်း- ၀၉-၅၀၉၀၄၇၈**

**အိမ်နှင့်ခြံရောင်းမည်**

ရွှေပြည်သာ၊ (၁၀) ရပ်ကွက်၊ သာစည်လမ်း၊ ထန်းခြောက်ပင်ဈေးအလွန် (၁) မှတ်တိုင်၊ ပေ ၂၀×၆၀ (မြေချပါမစ်) နှစ်ထပ် ပျဉ်ထောင်(ရေ၊ မီး၊ သီးပင်စုံ)
**ဖုန်း- ၀၉-၅၁၆၄၂၈၅ (ပွဲစားမလို)**

**မိုးထက်ကြယ်အဆင့်မြင့်မှုကြို**

၁၂၉၈၊ သရဖီလမ်း၊ ၃၄ ရပ်ကွက်၊ မြောက်ဒဂုံ၊ ရန်ကုန်မြို့။
**ဖုန်း- ၀၉-၅၀၆၀၅၇၄**

**ဝန်ဆောင်မှု**

ကွန်ပျူတာပျက်လျှင်၊ Network ချိတ်ဆက်လိုလျှင်၊ ITR ကို ဆက်သွယ်ပါ။
**ဖုန်း- ၀၉-၇၃၁၅၀၄၀၆**

**SUPER TOP**

နိုင်ငံခြားဘာသာစကားပြောသင်တန်းကျောင်း။ သင်တန်းကြေး လစဉ်၅,၀၀၀ ကျပ်။ **ဖုန်း- ၀၉-၅၀၅၈၉၃၄**

**ရောင်းသည်**

စာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ ဝတ္ထု၊ ကာတွန်း၊ သစ်/ဟောင်း၊ သုတ၊ ရသစာအုပ်များကို အထူးရောင်းချပေးသည်။
**ဖုန်း- ၀၉-၅၀၂၀၀၆၈**

**ရောင်းမည်**

သစ်မွှေး၊ ရာဘာ၊ နှစ်ရှည်ပင်နှင့် ရာသီပင်များစိုက်ပျိုးရန် တိုက်ကြီးမြို့နယ်အတွင်း သွားလာရေးလွယ်ကူသောနေရာရှိ မြေ (၅ကေမှ ၈၀ ကေ)အထိ ရောင်းမည်။ **ဖုန်း- ၀၅၅-၂၀၀၀၄**

**သင်တန်း**

ကိုရီးယားဘာသာကို အခြေခံမှစပြီး မေးခွန်း ၂၀၀၀ စာမေးပွဲကို ဝင်ရောက်ဖြေဆိုနိုင်သည်အထိ သင်ကြားပေးနေပါသည်။
**ဖုန်း- ၀၉-၄၃၁၁၇၀၄၅**

**PCLC**

တရုတ်၊ အင်္ဂလိပ်စကားပြောအထူးသင်တန်း(၃)လအတွင်း အခြေခံစကားပြောတတ်စေရမည်။
**ဖုန်း- ၀၉-၇၃၁၃၆၇၈၈၊ ၇၀၆၅၂၇**

**အောင်ကောင်းဆက်**

Air-Con တပ်ဆင်(ဆေးကြော)မည်ဆိုလျှင် **ဖုန်း- ၀၉-၅၄၁၈၁၄၄**

**Medium English Language**

Writing Class, Speaking Class, 4 Skills, IELTS. **PH: 09-5105470**

**ထူးထက်သာ တိုင်းရင်းဆေးခန်း**

အသည်းရောဂါ 'ဘီ'ပိုးအမြန်ဆုံးသက်သာပျောက်ကင်းဆေးရပါပြီ။
**ဖုန်း- ၀၉-၇၃၁၂၉၁၁၇**

7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

## တန်ပိုတင်ကားများ အရေးယူသည့် လမ်းမကြီးများ ဥပဒေ ပြင်ဆင်မည်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ စက်တင်ဘာ-၁**

တန်ပိုတင်သော အဝေးပြေးကုန်တင်ကားများအား အရေးယူသော လမ်းမကြီးများ ဥပဒေကို ပိုမိုထိရောက်အောင် ပြင်ဆင်မှုများပြုလုပ်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူကပြောသည်။

လက်ရှိ အရေးယူမှုပြုလုပ်နေသော လမ်းမကြီးများ ဥပဒေမှာ ဒဏ်ငွေအားဖြင့် ၅,၀၀၀ ကျပ်နှင့် ထောင်ဒဏ်နှစ်လသာရှိကြောင်း သိရသည်။

ထို့ကြောင့် အဆိုပါ ဥပဒေ၏ ပြစ်မှုများဖြစ်သော ထောင်ဒဏ်နှင့် ငွေဒဏ်နှစ်ခုလုံးကို ထိရောက်သော ပြစ်ဒဏ်များဖြစ်အောင် ပြင်ဆင်သွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။

ကုန်တင်ကားနှင့်ပတ်သက်၍ ထိရောက်သော အရေးယူမှုများဖြစ်ရန်အတွက် ၎င်းဥပဒေကို ပြင်ဆင်နိုင်ရန် လွှတ်တော်သို့ တင်ပြဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"လက်ရှိဥပဒေက အရေးယူမှု နည်းနေတော့ ကားသမားတွေ လိုက်နာမှု အားနည်းတာတွေကြောင့် ပိုထိရောက်တဲ့ ဥပဒေကို ပြင်ဆင်ဖို့ လုပ်တာပါ" ဟု ၎င်းကပြောသည်။

## စာ-၉၊ ဘဝပြောင်း၊ လိပ်စာပြောင်းတဲ့ ကြွက်မှ

ကြွက်သားက ကြွက်သားထက်ဈေးသက်သာတော့ ရောင်းတဲ့ဆိုင်အတွက် ကိုက်တာပေါ့။ ဝယ်စားတဲ့လူတွေကလည်းကြွက်သားမှန်းဘာမှန်းသိတာ မဟုတ်ဘူး။ အသားများများပါတဲ့ ပေါက်စီဆိုတော့ကြိုက်ကြတာပေါ့"

"စားသုံးသူတွေကရောကြွက်သားမှန်း ကြွက်သားမှန်း မသိကြဖူးလား"

"ဘယ်သိနိုင်မလဲအစ်ကိုရာ။ အသားချည်းပဲမှ မဟုတ်တာ၊ ကြွက်သွန်နီ၊ ကြွက်သွန်ဖြူ၊ ဂျင်းနဲ့ငရုတ်နဲ့ တရုတ်ဆန်ကောထည့်နယ်ထားတာ မွှေးနေတာပဲ။ ဒါပေမဲ့ တစ်ခါတော့ စားသုံးသူမိန်းကလေးတစ်ယောက်က ပေါက်စီစားမလို့ တစ်ဝက်ခွဲပြီး အချဉ်ထည့်နေတုန်း ကြွက်အမြီးပြတ်ကလေးပါလာတာ တွေ့လိုက်ရတယ်တဲ့။ အမြီးပြတ်ကို ပေါက်စီထဲက ဆွဲထုတ်ပြီး ကောင်တာထိုင်နေတဲ့ ဆိုင်ရှင်ကို သွားပြတယ်။ ဆိုင်ရှင်လည်း မျက်လုံးပြူးသွားတယ်။ ပြီးတော့ အဲဒီမိန်းကလေးက စားပွဲဝိုင်းမှာပြန်မထိုင်တော့ဘဲ ဒေါသထွက်စိတ်ပျက်စွာနဲ့ပ ဆိုင်ထဲက ထွက်သွားသတဲ့။ ဆိုင်ရှင်လည်း အလုပ်သမားတွေကို ကြိမ်းမောင်းပြောဆိုပြီး ကျန်ခဲ့သတဲ့။

"အော် သဘောပေါက်ပြီး ထည့်တော့ ကြွက်သားကြော်ပြောတော့ ကြွက်သားပေါက်စီ"

"လက်စသတ်တော့ ကြွက်ကနေ ဝဆွဲဖြုတ်ပြီး ကြွက်ဘဝပြောင်းသွားတာကိုး"

ကြွက်ကိုမြင်တော့ ကြွက်ကြောက်တဲ့ဆရာဦးကံရှိနဲ့ ကြွက်သားစားတဲ့ဆရာဦးဘင်ဂျာမင်ကို သွားသတိရသည်။

ဆရာဦးကံရှိက ကြွက်မှန်လျှင်အကုန်ကြောက်သည်။ ဝဝဖီးဖီး မြေကြွက်ကြီးများကို မဆိုထားနှင့် ကြွက်ပေါက်စကလေးများကိုပင် ကြောက်သည်။ မလှုပ်မယှက်ကားကြိတ်ပြီးပြားနေသော ကြွက်ကိုပင် ကြောက်သည်။

တစ်ခါက ဦးကံရှိပက်လက်ကုလားထိုင်တွင် အနားယူနေစဉ် ဦးကံရှိ၏သူငယ်ချင်းဖြစ်သူ ဦးကြည်သန်းက ကြွက်ကလေးတစ်ကောင် ဖွက်၍ယူလာသည်။ ပြီးနောက် ဦးကံရှိ၏ ပက်လက်အနေအထားမျက်နှာပေါ်တွင် အမြီးမှ တန်းလန်းဆွဲကာချောက်သည်။ ကြွက်မှာ အရှင်ဖြစ်၍ ယက်ကန်ယက်ကန်နှင့် လှုပ်နေသည်။ ဦးကံရှိမှာ ကြောက်၍ မလှုပ်မယှက်နှင့် မျက်လုံးပြူး၍နေသည်။ အဲဒီအချိန်မှာသက်တူရွယ်တူ ဦးကြည်သန်းက "ဦးလေး"ဟု အဓိပ္ပာယ်တစ်မျိုးနှင့်ခေါ်သည်။ ဦးကံရှိကလည်း ဦးကြည်သန်းခေါ်သည့် အဓိပ္ပာယ်ကို သိလျက်နှင့် "ဟေ" ဟု ကြောက်ကြောက်နှင့်ပြန်ထူးသည်။ ဦးကြည်သန်းက "ဦးလေးတူမနဲ့ကျွန်တော်နဲ့ ပေးစားမလား" ဟု မေးရာ "တူမတွေ အကုန်လုံးသာယူ" ဟုပြန်ဖြေပါသည်။

ဆရာကံက ဖဲရိုက်တာဝါသနာပါသည်။ ဆေးလိပ်လည်း သောက်သည်။ ကွမ်းလည်း စားသည်။ အရက်ကတော့ ကြုံသလိုသောက်သည်။ အားလပ်ရက်များတွင် ဖဲရိုက်၍ အချိန်ဖြုန်းတတ်သည်။ တစ်နေ့မှာ ဆရာကံဖဲရိုက်တာမကြိုက်သော ဆရာကတော်က ဆရာကံစားဖို့ကွမ်းယာတစ်ထုတ်ပို့ခိုင်းသည်။ ဆရာကတော်ပို့ခိုင်းသော ကွမ်းယာမှာ ငှက်ပျောဖက်နှင့်ပတ်၍ ပလတ်စတစ်အိတ်ထဲတွင်ထည့်ကာ သားရေကွင်းနှင့် စည်းထားသည်။ ပလတ်စတစ်အိတ်မှာ အပေါက်ကလေးများပါသည်။ ထိုသို့ လေဝင်ပေါက်ကလေးများပါသော အဓိပ္ပာယ်ကို ကျွန်တော်မသိပါ။ ဖဲရိုက်နေသော ဆရာကံကို ဆရာကတော် ကွမ်းယာပို့ခိုင်းကြောင်း ပြော၍ ပေးလိုက်သည်။ ဆရာကံ ချက်ချင်းပဲ "ဒီမိန်းမ အလိုက်သိတတ်လာပြီ"ဟုချီးကျူးကာ ကွမ်းယာကိုခါးပိုက်ထဲထည့်၍ ဖဲဆက်ရိုက်နေပါသည်။ ဆရာကံဖဲရိုက်နေရင်း ကြွက်သေးသေးအော်သံကို အနီးကပ်ကြားနေရသည်။ ကြွက်သံကြား၍ ဖဲထဲတွင် စိတ်မရောက်။ အာရုံနောက်လာသည်။ အာရုံပြောင်းသည့်အနေဖြင့် ဆရာကတော်ပို့သော ကွမ်းယာကိုခါးပိုက်ထဲမှ ထုတ်လိုက်သည်။ သားရေကွင်းကို ဖြုတ်၍ ပလတ်စတစ်ထဲမှ ထုတ်လိုက်သည်။ ငှက်ပျောရွက်ကို ခွာကာ ကွမ်းစားရန်အကြည့်တွင် မျက်စိမပွင့်သေးသော လှုပ်လီလှုပ်ပဲ့ ကြွက်ပေါက်စကလေးကို တွေ့လိုက်ရသဖြင့် "အား" ခနဲ အော်ကာ လက်ထဲမှ အထုပ်ကိုပစ်၍ ဖဲဝိုင်းမှ ထခုန်ပါတော့သည်။ ဖဲဝိုင်းမှလူများမှာလည်း ဦးကံရှိ၏ အဖြစ်ကို အံ့အားသင့်ကာ ကြောင်ကြည့်နေရာမှ ကြွက်နှင့်စမှန်းသိ၍ ဝါးခနဲ ရယ်ကြသည်။ ဆရာကတော်လည်း ဦးကံရှိ၏အဖြစ်သနစ်ကို ချောင်းကြည့်နေရာမှ ထွက်ကာ ခွက်ထိုးခွက်လန်ရယ်သည်။

ကြွက်ကြောက်ပါတယ်ဆိုမှ ကြွက်ကို ကွမ်းယာလုပ်၍ နောက်ရပါမည်လားဟု စိတ်ဆိုးကာဆရာကတော်ရှိရာသို့ လက်သီးလက်မောင်းတန်း၍ ဦးကံရှိသွားသည်။ ဆရာကတော်က အပြုံးမပျက် လက်ကိုနောက်ပစ်၍ မတ်တတ်ရပ်နေပါသည်။ ဒေါသဖြင့် လာသော ဆရာကံ အနားမရောက်ခင် ဆရာကတော်က နောက်ပစ်ထားသော လက်ကို ရှေ့ထုတ်ကာလက်ဝါးဖြန့်ပြပါသည်။ လက်ဝါးထဲတွင် ကြွက်သေးသေးတစ်ကောင်ရှိနေသဖြင့် ဆရာကံ ဒေါသအရှိန်သေကာ ပြန်နောက်ဆုတ်သွားပါသည်။ ဆရာကတော်က ကြွက်ကိုင်ရှေ့တိုးလာ၍ ဆရာကံ ထွက်ပြေးပါတော့သည်။

ကျွန်တော်သည် ဆရာဦးကံရှိ၊ ဆရာဦးစောဘင်ဂျာမင်တို့၏ စက်မောင်းအကူဖြစ်ပါသည်။ ဘူလ်ဒိုဇာမောင်း၍ လမ်းဖောက်လုပ်နေပါသည်။ ကျွန်တော်တို့ လမ်းဖောက်ရာတွင် တောများ၊ တောင်များ၊ လူနေရပ်ကွက်များ၊ ရွာများ၊ လယ်ကွင်းများ၊ ယာခင်းများကိုဖြတ်၍ တာဝန်ပေးသည့်နေရာတွင် အလုပ်လုပ်ကြရပါသည်။

၁၉၇၈ ခုနှစ်က ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်အတွင်းရှိ လှည်းကူးဖောင်ကြီးလမ်းညောင်ကုန်းရွာနှင့် စာဘူးတောင်းရွာကြားမှ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးကို စတင်ဖောက်ပါသည်။ လမ်းအူကြောင်းအတွက် လယ်ကွင်းများကို ရှင်းရပါသည်။ မွန်းတည့်ချိန်ရောက်သောအခါ ထမင်းစားရန်နားကြ၍ နီးစပ်ရာလယ်စောင့်တဲတစ်တဲသို့ သွားကြပါသည်။ လယ်ရှင်မိသားစုမှာလည်း ချိုင့်ကိုယ်စီဆွဲလာသော ကျွန်တော်တို့ သုံးယောက်ကို သူတို့စားလက်စ ထမင်းဝိုင်းတွင် တစ်ခါတည်းဝင်စားရန် ဖိတ်ခေါ်ပါသည်။ ကျွန်တော်တို့လည်း တစ်ဝိုင်းတည်းထိုင်လိုက်ပါသည်။

လယ်ရှင်၏ ထမင်းဝိုင်းမှာ ကျော်စံကေးခေါ် ဖားကလေးများနှင့် ချက်ထားသော ဟင်းတစ်ခွက်၊ ငါးပိရည်၊ လယ်ကန်စွန်း၊ ကင်မယင်းရွက်နှင့် အတို့အမြှုပ်စုံလှပါသည်။ ဆရာကံနှင့် ဆရာဘင်တို့လည်း ထမင်းဝိုင်းတွင် ငါးပိရည်နှင့် တို့စရာများပါသဖြင့် သွားရည်ကျချင်နေကြသည်။ ကျွန်တော်တို့သုံးယောက် လယ်ရှင်မိသားစုသုံးယောက်နှင့် ဟင်းများကို ဖလှယ်စားနေကြရင်း ထမင်းဝိုင်းမှာ မြိုင်မြိုင်ဆိုင်ဆိုင်ဖြစ်နေပါသည်။

ထမင်းစားနေစဉ် လယ်ရှင်အဒေါ်ကြီးမှာ အသံတစ်စုံတစ်ခုကို ကြားမိဟန်တူပါသည်။ စားလက်စထမင်းပန်းကန်ကို လက်မှချကာ တဲနောက်ဘက်ကို ဆင်းသွားပါသည်။ နောက်ပြီး သူ့လက်နှင့် ဆုပ်လာသောအရာများကို ထင်းမီးဖိုထဲထည့်ကာ မီးပြောင်းနှင့်မြှိုက်နေပါသည်။ ထို့နောက် သူ့မီးဖိုထဲထည့်ထားသော အရာများကို ပြန်ထုတ်ကာ ငရုတ်ဆုံထဲထည့်ထောင်းပါသည်။ ထောင်းပြီးသောထိုအရာများကိုမြေစလောင်းဖုံးထဲ ဇွန်းနှင့် ကော်ထည့်ပြီး ကျွန်တော်တို့ ထမင်းဝိုင်း ငါးပိရည်ထဲထည့်၍ မွှေလိုက်ပါသည်။

ကျွန်တော်က "အမိုးဘာတွေလဲ"ဟု မေးရာ အဒေါ်ကြီးက "အေး ငါအသံကြားလို့ သွားတာထင်တဲ့အတိုင်းပဲလေ" "ကြွက်ပေါက်စကလေး ခေါင်မိုးပေါ်က ပြုတ်ကျလာတာ ငါကောက်လာပြီး မီးကင်ပြီး ငါးပိအဖျော်လုပ်ပလိုက်တာလေ သိပ်ကောင်းတယ် စားကြည့်" ဟု စေတနာပါပါနှင့်ပြောရာ ဆရာဘင်မှာမြိန်ရေယှက်ရေဆက်လက်စားနေသော်လည်း ဆရာကံရှိမှာကြွက်ဆိုသော အသံကြားသဖြင့် စားလက်စထမင်းကိုထား၍ ထွက်ပြေးသွားပါတော့သည်။ ဆရာဦးစောဘင်ဂျာမင်က ကြွက်မကြောက်ကြွက်သားကြော်ကို အလွန်ကြိုက်ပါသည်။ သို့သော် အိမ်ကြွက်နှင့် ရပ်ကွက်ကြို ရပ်ကွက်ကြားက ကြွက်များကို မစားပါ။ လယ်ကြွက်ရမှသာ စားပါသည်။ လယ်ကြွက်မှာ လယ်ထဲမှ စပါးနှင့် ကောက်ပဲသီးနှံသာစားသဖြင့် သန့်သည်။ အိမ်ကြွက်၊ မြို့ကြွက်များမှာ အစားညစ်ပတ်အသွားညစ်ပတ်သည်ဟုဆိုပါသည်။

တစ်နေ့ အလုပ်ပိတ်ရက် နံနက်ပိုင်း မြောက်ဥက္ကလာပ၊ ကျောက်ရေတွင်းရပ်ကွက်တွင်နေသော ဆရာဦးစောဘင်ဂျာမင်အိမ်သို့ အလုပ်ကိစ္စပြောစရာရှိ၍ သွားပါသည်။

ဆရာက ပေါက်တူးတစ်လက်ဖြင့် ခြံရှေ့ရှိ အပင်များကို ရှင်းနေရာမှ ကျွန်တော့်ကို အိမ်ပေါ်တက်ရန် ပြောပါသည်။ ဆရာကတော်ကလည်း အိမ်ပေါ်သို့တက်ရန် လှမ်းခေါ်ပါသည်။ ဆရာကတော်မှာ မီးဖိုထဲတွင် ကြော်လှော်ချက်ပြုတ်နေပါသည်။

ကျွန်တော်က "ဆရာကတော် ဘာတွေချက်ပြုတ်နေတာလဲ" ဟု နှုတ်ဆက်ရင်းလှမ်းမေးလျှက် "နင့်ဆရာကြိုက်တဲ့ ကြွက်ကြော်နေတာဟု ပြောပါသည်။ ဆရာမှာ ပြုံးလျက် "သူကောမကြိုက်တာကျနေတာပဲ"ဟု ပြန်ပြောပါသည်။ "ကြွက်ကဘယ်ကရလဲ" ဟုမေးရာ ဈေးထဲမှာ တွေ့လို့ ဝယ်လာတာ" ဟု ဆရာကတော်က ပြောပါသည်။

ကျွန်တော်က လက်ဖက်ရည်သွားသောက်ရန် ဖိတ်ခေါ်သဖြင့် ဆရာကအလုပ်ကို လက်စသပ်ကာ ခြေလက်ဆေး၍ လိုက်လာပါသည်။

ဆရာက "မှော်ဘီနားက မြောင်းတကာရွာက ကြွက်တွေ ကျောက်ရေတွင်းဈေးမှာ အော်ရောင်းနေတာတွေ့လို့ မင်းအစ်မ ဝယ်လာတာ"

မြောင်းတကာရွာတွင် လယ်ကွင်းများ တသွင်သွင်စီးနေသော ချောင်းများ၊ မြောင်းများရှိပါသည်။ မြောင်းတကာရွာ၏ တံတားတစ်ခုတွင် အလှူရှင်အမည်နှင့် လိပ်စာရေးထားရာတွင် "မြောင်းတံငါရွာ"ဟူ၍ တွေ့ရပါသည်။ ထို့ကြောင့်မြောင်းတံငါရွာမှ အခေါ်ရလွယ်ကူသော "မြောင်းတကာရွာ"ဖြစ်လာဟန်တူပါသည်။

နံနက်ခင်းဖြစ်၍ လက်ဖက်ရည်ဆိုင်သို့သွားရာ ကျောက်ရေတွင်းလမ်းပေါ်တွင် အိမ်ဆိုင်များ၊ လမ်းဘေးဈေးသည် ခေါင်းရွက်ဗျတ်ထိုးဈေးသည်များဖြင့် စည်ကားနေပါသည်။ ဆရာနှင့် ကျွန်တော်တို့ စကားတပြောပြောနှင့် ဟိုကြည့်သည်ကြည့်နှင့် သွားရာ တစ်နေရာအရောက်တွင် ဆရာက လက်ညှိုးထိုးပြပါသည်။

"ဟောဟိုမှာကြွက်တွေရောင်းနေတယ်။ မင်းအစ်မ အဲသည်က ဝယ်လာတာဖြစ်မယ်"ဟု ဆရာက ပြောပါသည်။ ဆရာညွှန်ပြတဲ့နေရာကို ကြည့်လိုက်တော့ အမျိုးသားတစ်ယောက် လမ်းဘေးတွင် ပလတ်စတစ်ခင်းကာ အရေခွံဆုတ်၍ အသဲအူ နုတ်ထားသော ကြွက်များကို ချိန်ခွင်နှင့်အလေးများသုံး၍ အော်ရောင်းနေပါသည်။ အော်၍ ရောင်းနေသူမှာ ကျွန်တော်ညတစ်ညက ဆုံတွေ့ခဲ့ဖူးသော နှာခေါင်းအပေါ်ဘက်တွင် ဘုပါသော ကြွက်ဖမ်းသမားပင်ဖြစ်ပါသည်။ သူအော်ရောင်းချက်က ကျွန်တော့်အတွက် အဓိပ္ပာယ်နှစ်မျိုးထွက်သော "မြောင်းတကာကြွက်၊ မြောင်းတကာကြွက်"ဟူ၍ ဖြစ်ပါသည်။ ။

## စာ(၄၁) ဥပဒေနှင့်မညီသော ရွှေတူးဖော်ရေး လုပ်ငန်းများအား စစ်ဆေးအရေးယူမည်ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများကြိုဆို မှ

သတ္တုတွင်းဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ ပြောကြားချက်အရ ရွှေအသေးစားထုတ်လုပ်ရေးကုမ္ပဏီပေါင်း၄၇၉ခုရှိပြီးရွှေလုပ်ကွက်ပေါင်းမှာ ၁၄၅၂ ခုရှိကြောင်းသိရသည်။ သတ်မှတ်ထားသောဥပဒေအရ အသေးစားထုတ်လုပ်မှုများတွင်စက်ယန္တရားများသုံးစွဲခွင့်မရှိဘဲ အချို့ကုမ္ပဏီများမှာ စက်ယန္တရားများသုံးကာ ဥပဒေချိုးဖောက်နေသည်ကိုတွေ့ရပြီးယင်းလုပ်ရပ်မှာသဘာဝပတ်ဝန်းကျင်ပျက်စီးမှုကိုလည်း ဖြစ်ပေါ်စေသဖြင့်လာမည့်ပွင့်လင်းရာသီတွင် စစ်ဆေးအရေးယူသွားမည်ဟု ပြောကြားခဲ့သည်။

အရေးယူမည်ဆိုသည်နှင့်ပတ်သက်၍ ဦးအုန်းက "အရေးယူတာလဲယူပေါ့။ အခုသစ်တောဝန်ကြီးဌာနကိုပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနလို့ အမည်ပြောင်းလိုက်ပြီ။ အဲလိုပဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေထွက်လာတဲ့အခါ အတည်ပြုတဲ့အခါ ရွှေတူးဖော်တာတွေနဲ့ပတ်သက်ပြီးဥပဒေထဲမှာထည့်ရေးဆွဲပြီးယူရေနီယံသုံးစွဲတာတွေပါ ပိတ်ပင်တားဆီးနိုင်မယ်ဆိုရင် အကောင်းဆုံးလို့ ပြောချင်တယ်" ဟု ပြောကြားခဲ့သည်။

ယခုအချိန်သည် မိုးတွင်းကာလမြစ်ရေတက်ချိန်ဖြစ်သဖြင့် ရွှေတူးဖော်ရေးလုပ်ငန်းများရပ်နားထားသည့် ကာလဖြစ်ပြီးပွင့်လင်းရာသီရောက်လျှင်ရွှေတူးခြင်းလုပ်ငန်းများပြန်လည်လုပ်ဆောင်လေ့ရှိကြသည်။

Environment

7 DAY NEWS JOURNAL

Vol.10, No.26 · SEPTEMBER 15, 2011

# ဥပဒေနှင့်မညီသော ရွှေတူးဖော်ရေးလုပ်ငန်းများအား စစ်ဆေးအရေးယူမည်ကို သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသမားများကြိုဆို



*မြစ်ဆုံဒေသအနီးရှိ ရွှေတူးဖော်ရေးလုပ်ငန်းခွင်တစ်ခုကို တွေ့ရစဉ်* ဓာတ်ပုံ-အေးမြကျော်

အေးမြကျော်

**ရန်ကုန်-စက်တင်ဘာ ၈**

လာမည့်ပွင့်လင်းရာသီတွင်ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းမရှိသော ရွှေတူးဖော်ရေးလုပ်ငန်းများကို စစ်ဆေးရေးအဖွဲ့များဖွဲ့စည်းကာစစ်ဆေးအရေးယူသွားမည်ဟု ပြောကြားလိုက်ခြင်းကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများက ကြိုဆိုကြောင်းပြောကြားသည်။

စက်တင်ဘာ ၇ ရက်က ပြုလုပ်ခဲ့သော ပထမကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ရွှေတူးဖော်ရေးလုပ်ငန်းများနှင့် ပတ်သက်သော ဆွေးနွေးချက်များကို သတ္တုတွင်း ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးကပြန်လည်ဖြေကြားခဲ့ရာတွင်ဥပဒေနှင့်အညီလုပ်ဆောင်ခြင်းမရှိသောရွှေတူးဖော်ရေးလုပ်ငန်းများကို လာမည့်ပွင့်လင်းရာသီတွင်စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းကာစစ်ဆေးအရေးယူသွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်ကို သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကဝမ်းမြောက်ကြောင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

"သိပ်ကောင်းတာပေါ့။ဒေသခံပြည်သူတွေထမင်းစားဖို့ ရွှေတူးတာက သဘာဝပတ်ဝန်းကျင်ကို သိပ်မထိခိုက်ဘူး။ စီးပွားဖြစ်စက်အကြီးစားတွေနဲ့မာကျူရီတို့၊ဆိုင်ယင်နိုက်တို့သုံးပြီး ရွှေကျင်နေကြတာကငါး၊ပုစွန် စတဲ့ရေနေသတ္တဝါတွေကိုပျက်စီးစေသလို၊အဲဒါတွေစားမိတဲ့လူတွေမှာပါအန္တရာယ်ဖြစ်စေနိုင်တယ်" ဟု သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ထိန်းသိမ်းရေးအသင်း (ဖရီဒါ)မှ အတွင်းရေးမှူးဦးအုန်းက မှတ်ချက်ပြုပြောကြားသည်။

မြန်မာနိုင်ငံ၏ပင်မမြစ်ကြီးတစ်စင်းဖြစ်သောဧရာဝတီမြစ်အတွင်းစက်ယန္တရားကြီးများဖြင့် ရွှေကျင်ခြင်းများကို နားလည်မှုနှင့် ပြုလုပ်နေကြပြီး ရွှေတူးဖော်ခြင်း လုပ်ငန်းများကို စက်ကိရိယာအကြီးစားများဖြင့်ပြုလုပ်နေခြင်းကို ဒုတိယမြစ်ကျဉ်း၊ ပေသောင်အနီးနှင့် ဗန်းမော်မြို့အောက်ဘက်နေရာများတွင် အများဆုံးတွေ့ရှိရကြောင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားတစ်ဦးကပြောကြားသည်။

"မြစ်ထဲမှာမလုပ်ရဘူးဆိုတာသူတို့သိတယ်။ ဒါပေမဲ့ နားလည်မှုနဲ့ လုပ်နေကြတာဘဲ။ ဒါတွေကိုစစ်ဆေး ကြပ်မတ်တော့မယ်ဆိုတော့ အရမ်းကောင်းပါတယ်။ရွှေတူးတာတွေကြောင့် မြစ်ချောင်းတွေရဲ့ ရေအရည်အသွေးနိမ့်ကျနေတာကြာပြီ" ဟု ဧရာဝတီမြစ်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမား တစ်ဦးကပြောသည်။

၂၀၀၅ ခုနှစ်ဝန်းကျင်ကဧရာဝတီမြစ်အတွင်းက ငါးများတွင် ပြဒါးဆိပ်များ တွေ့ရှိခဲ့သဖြင့်ရွှေတူးဖော်ရေးလုပ်ငန်းများကို ခဏတာ ပိတ်ပင်ခဲ့သော်လည်း၂၀၀၇ နောက်ပိုင်းနှစ်များတွင်ပြန်လည်များပြားလာကြောင်း ဧရာဝတီမြစ်အတွင်း နှစ်စဉ်ခရီးသွားလာနေသော သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသမားများကပြောသည်။

ဧရာဝတီမြစ်စတင်ဖြစ်တည်ရာ မေခနှင့်မလိခမြစ်ဆုံဆည်းရာမြစ်ဆုံဒေသတွင်မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းပြီးဆုံးလျှင် ရေဝပ်ဒေသဖြစ်မည့် နေရာများ၌ ရွှေတူးဖော်ခြင်းလုပ်ငန်းများကို ကုမ္ပဏီကြီးများကိုလုပ်ကိုင်ခွင့်ပေးခဲ့သည်။ ရွှေတူးဖော်သည့် လုပ်ကွက်တစ်ကွက်လျှင် သိန်းရာချီ ဈေးပေါက်ခဲ့ကြောင်း မြစ်ဆုံဒေသတွင် ရွှေတူးဖော်ရေးလုပ်ကိုင်နေသူများထံမှသိရသည်။

စာ(၄၀) သို့

# လူမှုသစ်တော ဖွံ့ဖြိုးရေးဆိုင်ရာ ပထမဆုံးအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

အိဖြူမွန်

**ရန်ကုန်၊ စက်တင်ဘာ-၉**

ရာသီဥတု ပြောင်းလဲခြင်း ထိန်းညှိပေးမည့်သစ်တောကဏ္ဍတွင် လူမှုသစ်တောဖွံ့ဖြိုးတိုးတက်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း ပထမဆုံးအမျိုးသားအဆင့် အလုပ်ရုံ ဆွေးနွေးပွဲကို နေပြည်တော်၌ သုံး ရက်ကြာဆွေးနွေးမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

ယင်းအမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်တွင်၊ပြည်ပမှ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များပါဝင်ပြီး လူမှုသစ်တောလုပ်ငန်း၏အတွေ့အကြုံ၊ဗဟုသုတများ၊နိုင်ငံတကာမှာ အကောင်အထည်ဖော်ဆောင်ရွက်နေသောနည်းစနစ်များ၊ သတင်းအချက် အလက်ဖလှယ်နိုင်ရေးအချက်အလက်များ ဘက်ပေါင်းစုံမှ ဆွေးနွေးသွားမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် လူမှုသစ်တောတည်ထောင်ခြင်းဆိုင်ရာ စာတမ်းခြောက်စောင်ဖတ်ကြားမည်ဟု သိရသည်။ ယခုလ ၁၄၊၁၅၊ ၁၆ ရက်များတွင် ပြုလုပ်မည်ဟုသိရသည်။

ယင်းဆွေးနွေးပွဲတွင် ရာသီဥတုပြောင်းလဲမှုလျော့ကျစေရန် ရှုထောင့်ပေါင်းစုံပါဝင်သော လူမှုသစ်တောကွန်ရက်ဖွဲ့စည်းရန်နှင့် လူမှုသစ်တောဖွံ့ဖြိုးမှုအကောင်အထည်ဖော်ရေး အမြင်သဘောထားနှင့်လုပ်ငန်းစဉ်များကို ရေးဆွဲမည်ဟု သတင်းရရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ အာဆီယံလူမှုသစ်တောကွန်ရက် (ASEAN Social Foresty Network RECOFTC-Reginonal Community Foresty Fraining Center for Asia and the Pacific) က အာရှပစိဖိတ်အတွက် ဒေသတွင်းအစုအဖွဲ့ပိုင်သစ်တော တည်ထောင်ခြင်းနှင့်ပတ်သက်၍ လေ့ကျင့်သင်ကြားပေးသည်။ အဖွဲ့အစည်းတို့စုပေါင်း၍ လုပ်ဆောင်မည်ဖြစ်သည်ဟု ဆိုသည်။

အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲမတိုင်မီနှစ်လခန့်က ASFN, RECOFTC နှင့် SDC (Swiss Agency for Development and cooperatio) မှ ကိုယ်စားလှယ်လေးဦးတို့သည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောဝန်ကြီးဌာနတို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးလုပ်ငန်း ရှစ်ချက်တွင် ပါဝင်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများအောက်၌ လူမှုသစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်သွားမည်ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောဝန်ကြီးဌာနက သဘောတူညီခဲ့သည်။ အမျိုးသားအဆင့် ထိန်းသိမ်းထားသော ဘေးမဲ့သစ်တောအချို့တွင် တောတွင်ပြည်သူများပါဝင်လာစေရန် ဒေသခံများစုပေါင်းပါဝင်သော အစုအဖွဲ့ပိုင် သစ်တောတည်ထောင်သူများအား ချေးငွေထုတ်ချေးခြင်းများ ဆောင်ရွက်နေကြောင်း အင်းလေးကန်နှင့် ဧရာဝတီတိုင်းဒေသကြီးရှိ နယ်ခံများမှသတင်းရရှိသည်။

သို့သော် တစ်ဦးချင်း ထုတ်ချေးနေသော ငွေကြေးပမာဏသည် ခေတ်နှင့်မလျော်ညီဘဲ ငွေကြေးပမာဏ နည်းပါးနေကြောင်း ယင်းဒေသခံများက ပြောကြားသည်။

# ရန်ကုန်တစ်ဝိုက်တွင် အပင်ကြီး ၁၅၀၀ ကျော်စိုက်ပျိုးမည့် အစီအစဉ်စတင်


အေးမြကျော်

**ရန်ကုန်၊ စက်တင်ဘာ-၈**

ရန်ကုန်မြို့နှင့်အခြားမြို့ကြီးများတွင်ဖွင့်လှစ်ထားသောစီးတီးမတ်စူပါမားကတ်များမှလှူဒါန်းသောငွေကျပ်သိန်း၉၀နှင့်ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်နေရာများတွင် လူတစ်ရပ်စာရှိသစ်ပင်ကြီးများစိုက်ပျိုးသွားမည့်အစီအစဉ်ကိုစတင်နေပြီဖြစ်ကြောင်း သစ်တောသယံဇာတပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထိန်းသိမ်းရေးအသင်း (ဖရီဒါ) အတွင်းရေးမှူးဖြစ်သူဦးအုန်းကပြောကြားသည်။

စီးတီးမတ်တည်ထောင်ခြင်း ၁၅ နှစ်ပြည့် အထိမ်းအမှတ်အနေနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ငွေကျပ်သိန်း ၉၀ ကျော်ကိုဖရီဒါအသင်းသို့ လှူဒါန်းခဲ့ပြီး ဖရီဒါမှ ဦးဆောင်ကာ လူတစ်ရပ်ကျော်စာအရွယ်ရှိ ပိတောက်ကံ့ကော်၊ ငုစသည့် အပင်ကြီးမျိုးစုံကိုစိုက်ပျိုးသွားမည်ဟုဦးအုန်းက ပြောကြားသည်။

ရန်ကုန်မြို့အနီးတစ်ဝိုက်မြို့နယ်များရှိဘုန်းကြီးကျောင်း၊သီလရှင်ကျောင်း ၊ဘုရားရှိခိုးကျောင်းစသည့် သာသနာ့နယ်မြေများနှင့် အခြားနေရာများတွင်ဖရီဒါမှသစ်ပင်ကြီးပေါင်း၁၅၀၀ကျော်ကိုစိုက်ပျိုးပေးသွားမည်ဖြစ်ကြောင်းသိရသည်။ လူမှုရေးအသင်းအဖွဲ့များမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများကိုငွေများလှူဒါန်းကာသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများပြုလုပ်စေခြင်းနှင့် ပူးပေါင်းပါဝင်ခြင်းများ ပိုမိုပြုလုပ်လာကြပြီး တစ်ဦးတစ်ယောက်ချင်းစီ လှူဒါန်းမှုများလည်းရှိလာကြောင်း သိရသည်။






Tourism

7DAY NEWS JOURNAL

Vol.10, No.26 • SEPTEMBER 15, 2011

# ပုဂံဒေသရှိ ဟိုတယ်များ ကြယ်အဆင့်သတ်မှတ်ရန် စစ်ဆေးမှုများ စတင်ဆောင်ရွက်

အောင်သူရ


**ရန်ကုန်၊ စက်တင်ဘာ-၈**

ယဉ်ကျေးမှုအမွေအနှစ်များ တည်ရှိရာ ပုဂံဒေသရှိဟိုတယ်များကို ကြယ်အဆင့်သတ်မှတ်ရန်စစ်ဆေးမှုများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ပုဂံဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဟိုတယ်များအား စစ်ဆေးရာတွင် ဆောက်လုပ်ရေး၊ ဧည့်ကြိုဌာန၊ အိပ်ခန်းဆောင်အပါအဝင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်သော အချက်အလက်များပါ ထည့်သွင်းစစ်ဆေးကြောင်း သတင်းရရှိသည်။

"အမှတ် ၃၀၀ မှာ ၂၅၀ အထက်ရရင်တော့ကြယ်ငါးပွင့်အဆင့်သတ်မှတ်ပေးမှာပါ" ဟုစစ်ဆေးရေးအဖွဲ့တွင်ပါဝင်သော တာဝန်ရှိသူတစ်ဦးက ဆိုသည်။ သို့သော် ကြယ်လေးပွင့် အဆင့်သတ်မှတ်ချက်တွင် ခန်းမကြီးနှင့် Ball Room ပါရှိရမည်ဟု သတ်မှတ်ထားသဖြင့် ပုဂံဒေသရှိ ဟိုတယ်များမှာ ကြယ်လေးပွင့်အဆင့် ရရှိရန်ပင် ခက်ခဲကြောင်း ဟိုတယ်လုပ်ငန်းရှင်တစ်ဦးကပြောကြားသည်။

ပုဂံဒေသတွင် ဟိုတယ်၊ မိုတယ်နှင့်တည်းခိုခန်းပေါင်း ၇၅ လုံးရှိပြီး အခန်းပေါင်း ၁၉၇၉၄ ခန်း ရှိသည်။



*ပုဂံဟိုတယ်တစ်ခု၏ အပြင်အဆင်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# ထိုင်းဗီဇာကြေး ငါးဒေါ်လာ တိုးမြှင့်မည်

အောင်သူရ

**ရန်ကုန်၊ စက်တင်ဘာ-၈**

ထိုင်းနိုင်ငံသို့ အလည်အပတ်သွားရောက်ရန် ဗီဇာလျှောက်ထားရာတွင် ကောက်ခံနေသော ဗီဇာကြေးအား အောက်တိုဘာ ၁ ရက်မှစ၍ ငါးဒေါ်လာတိုးမြှင့်ပြီး ဒေါ်လာ ၄၀ ကောက်ခံမည်ဟု အဆိုပါသံရုံးဗီဇာဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

"ငွေဈေးအပြောင်းအလဲကြောင့် တိုးကောက်တာပါ" ဟု အဆိုပါတာဝန်ရှိသူက ဆိုသည်။ ပြင်ပဈေးကွက်တွင် အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းထားမှာ ယခုနှစ်ဆန်းပိုင်းမှစ၍ ဈေးကျလာခဲ့ရာ ယခုရက်ပိုင်းတွင် ၇၅၀ ကျပ်ဝန်းကျင်သာရှိတော့သည်။

ယခင်ထိုင်းဝန်ကြီးချုပ်ဟောင်းလက်ထက် ထိုင်းနိုင်ငံမငြိမ်မသက်မှုများဖြစ်ပေါ်ခဲ့ပြီး ၂၀၀၉ ခုနှစ် မတ် ၅ ရက်မှစ၍ ဗီဇာကြေး ၃၅ ဒေါ်လာကို သုံးလကြာ စတင်လျှော့ချပေးခဲ့ပြီးနောက်ပိုင်းတွင်လည်း နှစ်ကြိမ်ထပ်မံလျှော့ပေးခဲ့သည်။

မြန်မာနိုင်ငံမှ ထိုင်းသို့သွားရောက်သူဦးရေနှစ်စဉ် တိုးတက်လျက်ရှိပြီး တစ်နှစ်လျှင် တစ်သိန်းကျော်သွားရောက်နေပြီဖြစ်ကြောင်း သိရသည်။

## ခရီးသွားဝက်ဘ်ဆိုက်လွှင့်တင်

ယုဇနကိုကို

**ရန်ကုန်၊စက်တင်ဘာ-၉**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် သက်ဆိုင်သည့်အချက်အလက်မှန်သမျှ တစ်နေရာတည်းတွင် သိရှိစုံစမ်းနိုင်မည့် ဝက်ဘ်ဆိုက်တစ်ခုကို ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ လွှင့်တင်လိုက်ပြီဖြစ်ကြောင်း သတင်းရရှိသည်။

ပြည်တွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန်အတွက်နှင့် မြန်မာနိုင်ငံ၏ အထင်ကရကျော်ကြားသည့်နေရာများကို နိုင်ငံတကာ ခရီးသွားများ အလွယ်တကူသိရှိစေနိုင်ရန်အတွက်ဟု သိရသည်။ ဝက်ဘ်ဆိုက်၏လိပ်စာမှာ www.myanmartourism.org ဖြစ်ပြီး ပုဂ္ဂလိကကုမ္ပဏီတစ်ခုဖြစ်သည့် Design Printing Service Co.,Ltd က ဝက်ဘ်ဆိုက်ရေးဆွဲခြင်းကို တာဝန်ယူဆောင်ရွက်ထားခြင်းဖြစ်ကြောင်း အဆိုပါကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခုလဆန်းပိုင်းမှ စတင်လွှင့်တင်လိုက်သည့် အဆိုပါဝက်ဘ်ဆိုက်တွင် မြန်မာနိုင်ငံ၏ အကျော်ကြားဆုံးနေရာဒေသများ၏ သဘာဝဓာတ်ပုံများ၊ ခရီးသွားဆိုင်ရာဥပဒေများ၊ ပထဝီဝင်အနေအထားပြ အချက်အလက်များ၊ ရာသီဥတုအခြေအနေ၊ လူဦးရေနှင့် ဘာသာစကားများ၊ အထင်ကရသမိုင်းကြောင်းများ၊ ပွဲတော်များ အစရှိသည်တို့နှင့် သက်ဆိုင်သည့် အချက်အလက်များကို ပြည့်စုံစွာဖော်ပြပေးထားသည်ဟုသိရသည်။ ထို့အပြင် အဆိုပါဝက်ဘ်ဆိုက်ပေါ်တွင်ပြည်တွင်းခရီးသွားလုပ်ငန်းနှင့် ပတ်သက်သည့်သတင်းအချက်အလက်များကိုလည်း နေ့စဉ်နှင့်အမျှ ဖော်ပြပေးသွားမည်ဟု အထက်ပါကုမ္ပဏီမှတာဝန်ရှိသူတစ်ဦးကပြောသည်။ ပြည်တွင်းသို့ရောက်ရှိလာကြသည့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များမှ လိုအပ်သလိုအကူအညီတောင်းခံခေါ်ယူနိုင်မည့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ဧည့်လမ်းညွှန်စာရင်း၊ ပြည်တွင်းရှိဟိုတယ်များစာရင်းအစရှိသည့်အချက်အလက်များကိုလည်း အသေးစိတ်ကြည့်ရှုနိုင်မည်ဖြစ်သည်။

# ဈေးနှုန်းတိုးမြှင့်ရန်စီစဉ်ထားသော ပုဂံဒေသရှိ ပို့ဆောင်ရေးနှုန်းများ ပြန်လျှော့

အောင်သူရ

**ရန်ကုန်၊ စက်တင်ဘာ-၈**



*ပုဂံသို့လာရောက်သော ဘုရားဖူးကားများကို တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

လာမည့် ခရီးသွားရာသီတွင် ဈေးနှုန်းတိုးမြှင့်ရန်သတ်မှတ်ထားသော ပုဂံဒေသရှိ သယ်ယူပို့ဆောင်ရေးနှုန်းများကို ဖျက်သိမ်း၍ ဈေးနှုန်းများပြန်လည်လျှော့ပေါ့သတ်မှတ်လိုက်ကြောင်း မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း (ပုဂံ) ဥက္ကဋ္ဌဦးဇော်ဝိတ်က ပြောသည်။

"ဒီအခြေအနေမှာ ဈေးတက်လိုက်ရင် မြန်မာပြည်ခရီးစဉ်တွေ ရောင်းလို့ရမှာ မဟုတ်တော့ဘူး။ ဒါကြောင့် ကိုယ့်ဒေသမှာ လျှော့လို့ရသလောက် ညှိပြီး လျှော့ပေးလိုက်တာပါ" ဟု ဦးဇော်ဝိတ်က ပြောကြားသည်။


ပြီးခဲ့သည့် မေလဆန်းမှစ၍ လာမည့်ခရီးသွားရာသီတွင် သယ်ယူပို့ဆောင်ရေး စရိတ်များအား ၁၀ ရာခိုင်နှုန်းတက်ရန် သတ်မှတ်ခဲ့ပြီး သတ်မှတ်ခဲ့သော ၁၀ ရာခိုင်နှုန်းအား ပယ်ဖျက်၍ ယခင်ဈေးအတိုင်းပြန်လည်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။

ဈေးတက်ရန် သတ်မှတ်ခဲ့သော မေလက ဒီဇယ်တစ်ဂါလန်ဈေးနှုန်းမှာ ၄,၅၀၀ ကျပ်နှင့် အမေရိကန်တစ်ဒေါ်လာလျှင် ၈၀၀ ကျပ်ခန့်ရှိခဲ့သော်လည်း ယခုရက်ပိုင်းတွင် ဒီဇယ်တစ်ဂါလန် ၃,၇၀၀ ကျပ်နှင့် အမေရိကန်တစ်ဒေါ်လာ ၇၅၀ ကျပ်ခန့်သာရှိတော့သည်။

ငွေလဲနှုန်းကျဆင်းခြင်း၊ ဟိုတယ်နှင့်ပို့ဆောင်ရေးစရိတ်များ ဈေးတက်ခြင်းတို့ကြောင့်ရောင်းချပြီးသားခရီးစဉ်များမှာ အရှုံးပေါ်လျက်ရှိပြီး ထိုဈေးနှုန်းကြီးမားခြင်းကြောင့် ရောင်းမရဖြစ်နေခဲ့သည်။

လာမည့် ခရီးသွားရာသီ အတွက် ပြန်လျှော့လိုက်သော ပို့ဆောင်ရေး စရိတ်များတွင် ဂျစ်ကားများ၊ မြင်းလှည်း၊ သင်္ဘောခနှင့် ဧည့်လမ်းညွှန်စရိတ်များ ပါဝင်သည်။

လေဆိပ် အသွားအပြန်နှင့် Sunrise ဈေးနှုန်းမှာ ကျပ် ၇,၀၀၀ မှ ၃၀,၀၀၀ ကျပ်နှင့် ပုဂံ-ပုပ္ပားခရီးစဉ်အတွက် ကျပ်၄၅,၀၀၀ မှ ကျပ် ၁၉၀၀၀၀ တို့အပါအဝင် အခြား ခရီးစဉ် ဈေးနှုန်းများမှာ လျှော့ချထားသည်။




Cartoon






ZOMER








ZOMER




JOURNALIST

7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

## ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ် ကမောဒီးယားသို့ တရားဝင်သွားရောက် လည်ပတ်မည်

**ဖနွမ်းပင်၊ စက်တင်ဘာ - ၆**

ထိုင်းဝန်ကြီးချုပ်သစ် ယင်လပ်ခ် ရှင်နာဝါထရာသည် လာမည့် စက်တင်ဘာလ ၁၅ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသို့ တရားဝင် အလည်အပတ်ခရီးအဖြစ် တစ်ရက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။

ယခုသတင်းကို ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီးက ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ထုတ်ပြန်ချက်၌ "ဒီခရီးစဉ်ဟာ မစ္စယင်လပ်ခ် ဝန်ကြီးချုပ်ဖြစ်လာပြီးနောက် အလည်အပတ်ခရီးဖြစ်ပါတယ်။ အာဆီယံထဲက နိုင်ငံခေါင်းဆောင်တွေဟာ ရာထူးရရှိပြီးနောက် အခုလို နိုင်ငံခြားခရီးထွက်တာ ထုံးစံဖြစ်ပါတယ်"ဟုပြောသည်။

ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ကွိုင်ကွမ်ကလည်း ထိုင်းဝန်ကြီးချုပ်သစ်၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ရန် ကူညီနိုင်မည်ဖြစ်ကြောင်း ပြောဆိုသည်။ ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံအကြား နယ်စပ်တင်းမာမှုများသည် မကြာသေးမီက နှစ်ဖက်တပ်ဖွဲ့များ ရုပ်သိမ်းပြီးနောက် တည်ငြိမ်လာခဲ့သည်။


Photo- Reuters

## ကမာ့အကြီးဆုံးဖြစ်ဖွယ်ရှိသည့် မိကျောင်းတစ်ကောင် ဖိလစ်ပိုင်တွင် ဖမ်းမိ

**ဘူနာဝန်(ဖိလစ်ပိုင်)၊ စက်တင်ဘာ - ၆**



ဖိလစ်ပိုင်တာဝန်ရှိသူများသည် ဖမ်းဆီးရမိသမျှ မိကျောင်းများတွင် အရှည် ၂၁ ပေခန့်ရှိသော ကမ္ဘာ့အကြီးဆုံးဖြစ်ဖွယ်ရှိသည့် မိကျောင်းကြီးတစ်ကောင်ကို ဖမ်းဆီးရမိခဲ့ကြောင်းကြေညာသည်။

အဆိုပါမိကျောင်းကြီးကို ပါလာဝန်တောရိုင်းတိရစ္ဆာန်ကာကွယ်ထိန်းသိမ်းရေးစင်တာမှ တာဝန်ရှိသူများက အဂူဆန်ဒယ်လ်ဆာပြည်နယ်တွင် ရှာဖွေဖမ်းဆီးမိခဲ့ခြင်းဖြစ်ပြီး ရေငန်မိကျောင်းမျိုးဖြစ်ကာ အလေးချိန်ပေါင် ၆၀၀ ခန့်ရှိကြောင်း ဂျီအမ်အေသတင်းတွင် ဖော်ပြသည်။

၂၁ ပေအရှည်ရှိ မိကျောင်းကြီးသည် လူတို့ ဖမ်းဆီးရသမျှထဲတွင်အကြီးမားဆုံးဖြစ်ဖွယ်ရှိသည်။ ဂင်းနက်စ် ကမ္ဘာ့စံချိန်များတွင် မှတ်တမ်းတင်ထားသမျှ၌ အကြီးဆုံး မိကျောင်းမှာ အရှည် ၁၈ ပေသာရှိသည်။ ဘူနာဝန်ခရိုင်မှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် ရော်နယ်နူအာကလည်း ၎င်းတို့သည် ယင်းမိကျောင်းကြီးကို ဖမ်းမိရန် ၂၁ ရက်ကြာ ကြိုးစားခဲ့ရကြောင်း၊ ထောင်ချောက်ဆင် ဖမ်းဆီးရာ၌ နှစ်ကြိမ် ဖမ်းမိခဲ့သော်လည်း ကြိုးများကို ကိုက်ဖြတ်၍ မိကျောင်းကြီး ပြန်လွတ်သွားခဲ့ကြောင်း ဆိုသည်။

—Ref: UPI

## အင်္ဂလိပ်စကားကို ရုံးသုံးအဖြစ် ရွေးချယ်ခြင်းသည် တိုင်းပြည်အနာဂတ်အတွက်ဟု လီကွမ်ယူပြော

**စင်ကာပူ၊ စက်တင်ဘာ - ၆**


Photo- Reuters


စင်ကာပူနိုင်ငံဝန်ကြီးချုပ်ဟောင်း လီကွမ်ယူက အင်္ဂလိပ်ဘာသာစကားအား နိုင်ငံ၏ ရုံးသုံးဘာသာစကားအဖြစ် ရွေးချယ်ခြင်းသည်တိုင်းပြည်၏ရှင်သန်ရေးကို သေချာခိုင်မာစေကြောင်းပြောကြားသည်။

မကြာသေးမီကပြုလုပ်သော စင်ကာပူအင်္ဂလိပ်ဘာသာစကား အင်စတီကျူးဒ်ဖွင့်ပွဲ၌ မစ္စတာလီကစင်ကာပူသည် အင်္ဂလိပ်ဘာသာစကားကိုသာ ရုံးသုံးအဖြစ် မရွေးချယ်ခဲ့ပါက တိုင်းပြည်တိုးတက်မှုတွင် နောက်ကျကျန်ရစ်ဖွယ်ရှိကြောင်းဆိုသည်။ ၎င်းက "စင်ကာပူဟာ ၁၉၆၅ မှာ လွတ်လပ်ရေးရတော့ ကျွန်တော်တို့ဆီမှာ ကွဲပြားခြားနားတဲ့ ဒေသိယဘာသာစကားအမျိုးမျိုးသုံးနေခဲ့ကြတာပါ။ အင်္ဂလိပ်စကားကို ပိုအလေးထားကြတာကတော့ ကိုလိုနီပညာရေးစနစ်ကြောင့်ဖြစ်ပါတယ်။ ဒါပေမဲ့ဒေသခံကျောင်းတွေမှာ ဘာသာစကားအမျိုးမျိုးကိုသုံးပြီး သင်ကြားတာကိုလည်း ခွင့်ပြုခဲ့ပါတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးအခြေအနေတွေကြောင့် အင်္ဂလိပ်စာကို ရုံးသုံးအဖြစ် ကျွန်တော်တို့ရွေးချယ်ခဲ့တာပါ။ အဲဒီတုန်းက တရုတ်လူမျိုး ၇၅ ရာခိုင်နှုန်းရှိပြီး ဒေသိယစကားအမျိုးမျိုးပြောကြတယ်။ ၁၄ ရာခိုင်နှုန်းက မလေးလူမျိုးတွေဖြစ်ပြီး ၈ ရာခိုင်နှုန်းကအိန္ဒိယတွေဖြစ်ကြပါတယ်။ ဒါကြောင့် တရုတ်စကားကိုတရားဝင်ရုံးသုံးဘာသာစကား ပြဋ္ဌာန်းလိုက်ရင် ကျန်တဲ့ တရုတ်မဟုတ်တဲ့ ၂၅ ရာခိုင်နှုန်းက ဆန့်ကျင်ကြမှာပါ။ ဒါကြောင့်အင်္ဂလိပ်ဘာသာစကားကို အားလုံးရဲ့ ဘုံဘာသာစကားအဖြစ် ရွေးခဲ့တာပါ"ဟုပြောသည်။

မစ္စတာလီက စင်ကာပူသည် အင်္ဂလိပ်ဘာသာစကားကို ရုံးသုံးအဖြစ် ရွေးချယ်ခဲ့ခြင်းကြောင့် စီးပွားရေးအရ အကျိုးအမြတ်ဖြစ်ထွန်းခဲ့ပြီး ကမ္ဘာ့စီးပွားရေးတွင် ပါဝင်နိုင်ခဲ့ကြောင်း ၂၁ ရာစုတွင်လည်း စင်ကာပူနိုင်ငံသားများအတွက် အင်္ဂလိပ်ဘာသာစကားဖြင့် ဆက်သွယ်ရေးစွမ်းရည်သည် အရေးပါကြောင်း ပြောကြားသည်။

—Ref: CNA



7DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011



## Leader's Profile

# ချိုင်းနားမိုဘိုင်းကုမ္ပဏီဥက္ကဋ္ဌ ဝမ်ကျန်ရူး

ရဲမင်း

မစ္စတာဝမ်ကျန်ရူးသည် တရုတ်အစိုးရပိုင် တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီ ချိုင်းနားမိုဘိုင်း၏ လက်ရှိဥက္ကဋ္ဌဖြစ်သည်။ ချိုင်းနားမိုဘိုင်းသည် တရုတ်နိုင်ငံတစ်ဝန်းလုံးတွင် မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များ ထူထောင်ထားပြီး တယ်လီဖုန်းနှင့် အခြားမီဒီယာဝန်ဆောင်မှုမျိုးစုံကိုပံ့ပိုးပေးသည်။ ကမ္ဘာပေါ်တွင် အကြီးမားဆုံး မိုဘိုင်းတယ်လီဖုန်းကွန်ရက်ကိုပိုင်ဆိုင်ပြီး ကမ္ဘာ့တန်ဖိုးအကြီးဆုံး တယ်လီဖုန်းဆက်သွယ်ရေးကုမ္ပဏီဖြစ်သည်။ နယူးယောက်စတော့အိတ်ချိန်းနှင့် ဟောင်ကောင်စတော့အိတ်ချိန်းတို့တွင် စာရင်းသွင်းထားသည့်ကုမ္ပဏီဖြစ်သည်။

ဝမ်ကျန်ရူးအား ၁၉၄၈ ခုနှစ်တွင် ဝမ်ရူးပြည်နယ် ဇီကျန်းမြို့၌ မွေးဖွားခဲ့သည်။ အဆင့်မြင့်ပညာရေးကို ဇီကျန်းတက္ကသိုလ်မှာပင် တက်ရောက်သင်ယူခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ဘွဲ့ရရှိခဲ့သည်။ အင်ဂျင်နီယာမဟာဘွဲ့ကိုလည်းယင်းတက္ကသိုလ်မှပင်ရရှိခဲ့သည်။ ၂၀၀၄ခုနှစ်တွင် မစ္စတာဝမ်ကျန်ရူးသည် ဟောင်ကောင်ပိုလီတက်ကနစ်တက္ကသိုလ်မှ စီးပွားရေးစီမံခန့်ခွဲမှုဒေါက်တာဘွဲ့ရရှိခဲ့သည်။

ဝမ်သည် ဇီကျန်းခရိုင်မှာပင် ဟန်ရူးတယ်လီဖုန်းဆက်သွယ်ရေးဗျူရို၏ ညွှန်ကြားရေးမှူးအဖြစ် ၁၉၉၂ မှ ၁၉၉၄ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ ယင်းနောက် ဇီကျန်းခရိုင် စာတိုက်နှင့်ကြေးနန်းဌာန လက်ထောက်ညွှန်မှူးအဖြစ် ၁၉၉၆ ခုနှစ်အထိ လုပ်ကိုင်ခဲ့သည်။

၁၉၉၆ မှ ၁၉၉၉ ခုနှစ်အထိ တရုတ်နိုင်ငံစာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဌာနစီမံကိန်းညွှန်ကြားရေးမှူးနှင့် တိုးချဲ့စီမံကိန်းများ၏ ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၉ မှ ၂၀၀၁ ခုနှစ်အထိ ချိုင်းနားယူနိုက်တက်တယ်လီဖုန်းဆက်သွယ်ရေးကော်ပိုရေးရှင်း၏ လက်ထောက်အမှုဆောင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့သည့် ဝမ်ကျန်ရူးသည် ၂၀၀၁ မှ ၂၀၀၃ ခုနှစ်အထိ ယင်းကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌဖြစ်သည်။ ၂၀၀၄ ခုနှစ်တွင် ချိုင်းနားမိုဘိုင်းဆက်သွယ်ရေးကော်ပိုရေးရှင်း၏ ဥက္ကဋ္ဌနှင့် ညွှန်ကြားရေးမှူးအဖြစ် ပူးတွဲတာဝန်ယူခဲ့သည်။ ဟောင်ကောင်မိုဘိုင်း၏ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အမှုဆောင်အရာရှိချုပ်ဥက္ကဋ္ဌတာဝန်များကိုလည်း ထမ်းဆောင်ခဲ့သည်။ ၂၀၁၀ ပြည့်နှစ် မေလတွင် ချိုင်းနားမိုဘိုင်းဘုတ်အဖွဲ့၏ ဥက္ကဋ္ဌ ရာထူး တိုးမြင့်ရရှိခဲ့သည်။

မစ္စတာဝမ်ကျန်ရူး ချိုင်းနားမိုဘိုင်းသို့ရောက်ရှိလာပြီး တစ်နှစ်အကြာတွင် ကုမ္ပဏီ၏ ဈေးကွက်တန်ဖိုးမှာ ကန်ဒေါ်လာ ၁၃၀ ဘီလီယံသို့ရောက်ရှိလာသည်။ ယင်းမှာ စံချိန်သစ်ဖြစ်ပြီး နောက်ငါးနှစ်အကြာ ၂၀၀၆ ခုနှစ်တွင် ချိုင်းနားမိုဘိုင်း၏ စတော့ရှယ်ယာဈေးနှုန်းသည် ရှယ်ယာတစ်ခုလျှင် ၃၃ ဒသမ ၄ ကန်ဒေါ်လာထိ ရောက်ရှိလာခဲ့ပြီး Vodafone ကို ကျော်ဖြတ်ခဲ့သည်။

တယ်လီဖုန်းဆက်သွယ်ရေးတွင် ခေါင်းဆောင်ဖြစ်လာရေးမှာ ချိုင်းနားမိုဘိုင်း၏ မူလကပင်ထားရှိခဲ့သည့် ရည်မှန်းချက်ဖြစ်ကြောင်း မစ္စတာဝမ်ကျန်ရူးက ပြောကြားပြီး ဆက်လက်၍ လုပ်ငန်းများတိုးချဲ့နိုင်ရန် 'Hard work' ပြင်းပြင်းထန်ထန်လုပ်ခြင်း၊ 'Innovation' တီထွင်ဆန်းသစ်မှုရှိခြင်းနှင့် 'Wisdom' ဉာဏ်အမြော်အမြင်တို့ကို အသုံးချသွားရမည်ဟုပြောကြားသည်။

—*Ref: Wikipedia*

## နောက်ကျောဖုံး - ၉/၁၁ အောက်မေ့ဖွယ် အခမ်းအနား အမေရိကန်မြို့ကြီးများတွင်ကျင်းပ မှ

ကမ္ဘာ့ကုန်သွယ်ရေးစင်တာ အခမ်းအနားများလောက် မကြီးကျယ်သော်လည်း အခြားလေယဉ်နှစ်စင်းဖြင့် တိုက်ခိုက်ခံခဲ့ရသော ပင်တဂွန်နှင့်ပင်ဆယ်ဗေးနီးယားပြည်နယ် ရှန့်ကဲ်ဗီးလ်ဒေသတို့တွင်လည်း သေဆုံးသူများအတွက် အောက်မေ့သတိရဖွယ်အခမ်းအနားများ ကျင်းပခဲ့သည်။



ကြည်လင်နေသော နံနက်ခင်းတွင် နယူးယောက်မြို့အခမ်းအနားသို့လူထောင်ပေါင်းများစွာ တက်ရောက်ခဲ့သည်။ လုံခြုံရေးမှာ တင်းကျပ်ပြီး ကားအသွားအလာလည်း မရှိခဲ့ပေ။ အထပ်ပေါင်း ၁၁၀ ရှိ မိုးမျှော်တိုက်များ တည်ရှိခဲ့ရာနေရာမှာ ကြောက်စရာကောင်းအောင် တိတ်ဆိတ်နေခဲ့သည်။

သမ္မတဘားရက်အိုဘားမားသည် တိုက်ခိုက်ခံခဲ့ရရာ နေရာသုံးနေရာစလုံးမှ အခမ်းအနားကို တက်ရောက်ခဲ့ပြီး နယူးယောက်မြို့အခမ်းအနားတွင် သမ္မာကျမ်းစာအပိုဒ်-၄၆ ကို ကိုးကား၍ "ဘုရားသခင်သည် ကျွန်ုပ်တို့၏ ခိုလှုံရာနှင့် အင်အားဖြစ်သည်" ဟုပြောကြားခဲ့သည်။ ၂၀၀၁ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့မှစ၍ ၁၀ နှစ်အတွင်း အမေရိကန်နိုင်ငံသားများအတွက် အပြောင်းလဲကြီးပြောင်းလဲခဲ့ပြီဖြစ်ကြောင်း အိုဘားမားကပြောကြားသည်။

"အဲဒီနေ့မှာ အသက်ဆုံးရှုံးသွားသူတွေ၊ ဒါမှမဟုတ် အဲဒီနောက်မှာဖြစ်ခဲ့တဲ့ စစ်ပွဲတွေမှာ အဆုံးစွန်ဆုံး စွန့်လွှတ်မှု ပေးဆပ်ခဲ့ရတဲ့ အမေရိကန်နိုင်ငံသားတွေရဲ့ ဘဝကို ကျွန်တော်တို့ ဘယ်တော့မှ ပြန်မရနိုင်ပါဘူး။ ဒါပေမဲ့ ဒီနေ့မှာပဲ ပြောင်းလဲမသွားတာတစ်ခုကိုတော့ အမှတ်ရသင့်ပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ အမှတ်လက္ခဏာကတော့ ပြောင်းလဲမသွားပါဘူး"ဟု သမ္မတဘားရက်အိုဘားမားက ပြောကြားသည်။



Photo- Getty Images

—*Ref: Reuters*

## နောက်ကျောဖုံး - နောက်ဆုံး ခံစစ်မြို့များကို အားစိုက်နေစဉ် ကဒါဖီ၏သားတစ်ဦး နိုင်ဂျာနိုင်ငံသို့ထွက်ပြေး မှ

ဘာနီဝါလစ်မြို့တွင်း ပြင်းထန်သောခုခံမှုနှင့် ကြုံတွေ့နေရကြောင်း၊ သို့သော် ကဒါဖီ မွေးရပ်မြေ ဆာတီမြို့သို့ ၎င်းတို့၏ တိုက်ခိုက်ရေးသမားများ ဖြည်းဖြည်းချင်း ချဉ်းကပ်နေနိုင်ကြောင်း NTC ကပြောသည်။ NTC တပ်ဖွဲ့များသည် ဆာတီမြို့အရှေ့ဘက် ကီလိုမီတာ ၉၀ အကွာသို့ရောက်ရှိလာပြီး တိုက်ခိုက်ရေးသမားများက တင့်ကားများ ဟောင်ဝစ်ဇာအမြောက်ကြီးများနှင့် တိုက်ခိုက်နေစဉ်မှာပင် နေတိုးတပ်ဖွဲ့၏ စစ်လေယာဉ်များကလည်း ကူညီတိုက်ခိုက်ပေးနေသည်။ ဆာဟာရနယ်စပ်ဂိတ်တွင် ဖြတ်ကျော်ဝင်ရောက်လာသည့် ယာဉ်တန်းအား လမ်း၌ ရပ်တန့်စေ၍ ကဒါဖီ ၏သား ဆာဒီအား ဖမ်းဆီးလိုက်ခြင်းဖြစ်ကြောင်း နိုင်ဂျာတရားရေးဝန်ကြီးကပြောကြားသည်။ ကဒါဖီ၏သားနှစ်ဦးနှင့် သမီးတစ်ဦးဖြစ်သည့် မိုဟာမက်၊ ဟာနီဘယ်နှင့် အာအီရှာတို့သည်လည်း အယ်လ်ဂျီးရီးယားနိုင်ငံတွင် ခိုလှုံနေကြပြီဖြစ်သည်။

—*Ref: Reuters*

## နောက်ကျောဖုံး - ဂျပန် ဆူနာမီ ခြောက်လပြည့် အမှတ်တရပွဲများ ကျင်းပ မှ



Photo- Getty Images

ဂျပန်တွင်ဖြစ်ပေါ်ခဲ့သည့် နျူကလီးယားဘေးဒုက္ခမှာ ၁၉၈၆ ခုနှစ်ကဖြစ်ပွားခဲ့သော ဆိုဗီယက်ပြည်ထောင်စု ချာနိုဘိုင်းနျူကလီးယားစက်ရုံပေါက်ကွဲမှု နောက်ပိုင်း အဆိုးရွားဆုံး နျူအကျပ်အတည်းဖြစ်သည်။

လူပေါင်း ၉၀၀ သေဆုံးပြီး မြို့ရှိ အဆောက်အအုံ ၆၀ ရာခိုင်နှုန်းပျက်စီးခဲ့သော ကမ်းရိုးတန်းမြို့ မီနာမီဆန်ရီကုမြို့တွင် လူပေါင်း ၂,၀၀၀ သည် အနက်ရောင်ဝတ်စုံများဝတ်ဆင်၍ အားကစားရုံတစ်ခု၌ စုပေါင်းကာ အောက်မေ့သတိရခြင်းအထိမ်းအမှတ်အဖြစ် ခေတ္တငြိမ်သက်ဆုတောင်းခဲ့ကြသည်။

မတ်လ ၁၁ ရက်က မိုင် ၈၀ ကွာဝေးသည့်ကမ်းလွန်ဒေသတွင် ဖြစ်ပေါ်ခဲ့သည့်မြေငလျင်ကြောင့် ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်း ၃၇၅ မိုင်ရှည်လျားသော ကမ်းရိုးတန်းတစ်လျှောက် ကြီးမားသော ဆူနာမီလှိုင်းလုံးကြီးများဖြစ်ပေါ်ခဲ့ သည်။

မြေငလျင်နှင့် ဆူနာမီကြောင့် ဖူကူရှီးမားဒိုင်အိချိနျူကလီးယားဓာတ်အားပေးစက်ရုံတွင် အအေးခံစနစ်များ ချို့ယွင်း၍ ဓာတ်ပေါင်းဖိုအရည်ပျော်ကျမှုများ ဖြစ်ပေါ်ခဲ့သည်။ ထိုအတွက် လူထောင်ပေါင်းများစွာအား ရွှေ့ပြောင်းပေးခဲ့ရပြီး မည်သည့်အချိန်တွင် ၎င်းတို့ ထိုဒေသသို့ ပြန်နိုင်မည်ဆိုသည်မှာ မရေရာသေးပေ။

လူပေါင်း ၄,၀၀၀ သေဆုံးခဲ့သည့် ငါးဖမ်းဆိပ်ကမ်းမြို့ဖြစ်သော အီရှီနိုမာကီမြို့တွင် ကမ်းခြေကိုလှမ်းမြင်နေရသည့်တောင်ကုန်းပေါ်၌ လူအများ စုဝေး၍ ဆုတောင်းပွဲကျင်းပခဲ့သည်။

ထိုအတောအတွင်း တိုကျိုမြို့၌ မိသားစုများအပါအဝင် လူ ပေါင်းတစ်ထောင်ခန့်သည် ရှီဘူယ အရပ် လမ်းများပေါ်တွင် ချီတက်ဆန္ဒပြကြသည်။ ကလေးများက 'No Nukes' စာတန်းပါ ကတ်ပြားများကို ကိုင်ဆောင်ဆန္ဒပြခဲ့ကြ သည်။

လူအများ ရွှေ့ပြောင်းနေရသော ဖူကူရှီးမားနျူဓာတ်အားပေးစက်ရုံအနီးတစ်ဝိုက်ဒေသအား သေမင်းတမန်မြို့ဟု ရည်ညွှန်းခဲ့ခြင်းအတွက်လည်း ဂျပန်အစိုးရသစ် ယိုရှီကိုနိုင်ဒါ၏ အစိုးရအဖွဲ့မှ ကုန်သွယ်ရေးဝန်ကြီး ယိုရှီအိုဟာချီရိုနုတ်ထွက်ခဲ့ရသည်။

—*Ref: AFP*

## နောက်ကျောဖုံး - ဂရိငွေကြေးအကျပ်အတည်းပူပန်မှုများကြောင့် ယူရိုတန်ဖိုး ကျဆင်း မှ

ထိုအတောအတွင်း ဘတ်ဂျက်ရည်မှန်းချက်တွင် ယူရို ၂ ဘီလီယံလျော့နည်းခဲ့ခြင်းကို ကာမိစေရန် အဆောက်အအုံအခွန်သစ် ထပ်မံချမှတ်မည်ဟု ဂရိအစိုးရကကြေညာခဲ့သည်။

"ကျွန်တော်တို့ဂရိနိုင်ငံကိုပဲ စောင့်ကြည့်နေတာပါ။ အခြေအနေက အရမ်းကိုလေးနက်တယ်။ လူတိုင်းက ဂရိကိစ္စ ဘယ်လိုဖြစ်လာမလဲဆိုတာကိုစိုးရိမ်နေကြတယ်"ဟု မီဇူဟိုကော်ပိုရိတ်ဘဏ်မှ ငွေကြေးရောင်းဝယ်သူ ဆာတိုရှီတာတီကပြောကြားသည်။

—*Ref: WSJ/AFP*

7 DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011



# အမေရိကန်သမ္မတဟောင်း ဂျော့ချ်အိပ်ချ်ဒဗလျူဘုရှ်နှင့် အမေးအဖြေ

ကျော်မျိုး

ဂျော့ချ်ဘုရှ်စီနီယာလို့ လူသိများတဲ့ ယခင် အမေရိကန်သမ္မတဟောင်း ဂျော့ချ်၊အိပ်ချ်၊ဒဗလျူ၊ ဘုရှ်ဟာ လွန်ခဲ့တဲ့နှစ်နှစ်ဆယ်နီးပါးခန့်ကပင် ရာထူးကအနားယူခဲ့ပြီးနောက် စေတနာ့ဝန်ထမ်း အလုပ်တွေ ဆောင်ရွက်ကာ နိုင်ငံ့ဂုဏ်ဆောင် နိုင်ငံသားတစ်ဦးဘဝကိုဖြတ်သန်းနေဆဲဖြစ်ပါတယ်။ ၎င်းနဲ့ ၎င်းရဲ့နောက် သမ္မတရာထူးဆက်ခံသူ ဘီလ်ကလင်တန်တို့နှစ်ဦးဟာ ကတ်ထရီနာမုန်တိုင်းသင့် ပြည်သူတွေအတွက် ရန်ပုံငွေဒေါ်လာသန်းရာချီရှာဖွေပေးနိုင်ခဲ့ပါတယ်။ မစ္စတာဘုရှ်ဟာ ယခုအခါ အသက် ၈၀ ကျော်ပြီဖြစ်ပေမယ့် လေယာဉ်ပေါ်ကနေ လေထီးခုန်ဆင်းဖို့ အားခဲထားသူဖြစ်ပြီး အမေရိကန်လို စူပါပါဝါနိုင်ငံကြီးရဲ့ အမြင့်ဆုံးသမ္မတဖြစ်ခဲ့ပေမယ့် ရာထူးကအနားယူချိန်မှာလည်း ဘဝကို ရိုးရိုးရှင်းရှင်းဖြတ်သန်းနေတာကို သူ့စကားတွေမှာ တွေ့နိုင်ပါတယ်။ ယခုဖော်ပြမယ့် အမေးအဖြေများက တိုင်းမ်မဂ္ဂဇင်းမှာ ပါခဲ့တဲ့ အမေးအဖြေများဖြစ်ပြီး ကမ္ဘာ့စီးပွားရေးကျဆင်းမှုများနဲ့ ပူလောင်တဲ့နိုင်ငံရေး စစ်ရေးဆိုင်ရာဖြစ်စဉ်များအကြား စာဖတ်ပရိသတ်များအပြောင်းအလဲဖြစ်စေရန် ရည်ရွယ်တင်ဆက်လိုက်ပါတယ်။

**ပြီးခဲ့တဲ့ အနှစ်နှစ်ဆယ်အတွင်း လူထုရဲ့စေတနာ့ဝန်ထမ်းအလုပ်အပေါ် သဘောထားမှု အပြောင်းအလဲရှိလာပြီလို့ မြင်ရပါသလား။**

ထင်တာပါပဲ။ မျှော်လည်းမျှော်လင့်တယ်လေ။ စာသင်ကျောင်းတော်တော်များများမှာလည်း သူတို့သင်ရိုးညွှန်းတမ်းရဲ့ တစ်စိတ်တစ်ပိုင်းအဖြစ် စေတနာ့ဝန်ထမ်းဝန်ဆောင်မှုစီမံချက်တွေ ထည့်ထားကြတယ်။ ကော်ပိုရေးရှင်းတွေမှာလည်း အလုပ်သမားတွေအတွက် ကုမ္ပဏီအတွင်းစီမံချက်တွေ (သို့မဟုတ်) စေတနာ့ဝန်ထမ်းအလုပ်တွေလုပ်ဖို့ လုပ်သားတွေကို အားလပ်ချိန်ပေးတာမျိုးတွေ ရှိလာပါပြီ။ ပြန်လည်ပေးဆပ်ရခြင်းရဲ့ အရေးကြီးပုံကို ကောင်းကောင်းသဘောပေါက်လာနေကြပါပြီ။

**သမ္မတဟောင်းတွေဖြစ်ကြတဲ့ ဂျင်မီကာတာ၊ ဘီလ်ကလင်တန်နဲ့ ဂျော့ရှ်ဘုရှ်တို့ဟာ မကြာသေးမီကပဲ လူကြီးမင်းနဲ့ပူးပေါင်းပြီး စေတနာ့ဝန်ထမ်းလုပ်ငန်းကို အရေးပါအောင်လုပ်ခဲ့ပါတယ်။ အဲဒါ ဘယ်လိုမျိုးများဖြစ်ခဲ့ပါသလဲ။**

အရင်ဆုံးအနေနဲ့က အဲဒီတွေ့ဆုံမှုဟာအသုဘတစ်ခုမှာမဟုတ်လို့ အတူတွေ့ကြရတာ ပျော်စရာအများကြီးကောင်းခဲ့ပါတယ်။ ကျွန်တော်ကလည်း ဒီသမ္မတဟောင်းတွေထဲမှာ အသက်အကြီးဆုံးဆိုတော့ အထူးသဖြင့်တော့ ကျွန်တော့်အတွက် စိတ်လှုပ်ရှားစရာပေါ့။ သူတို့အားလုံးလာပြီး ကျွန်တော့်ကိုဂုဏ်ပြုခဲ့ကြတယ်။ ပြီးတော့ သူတို့က ကျွန်တော့်အတွက်လာတာမဟုတ်ဘဲ တာဝန်အတွက်လာခဲ့တာ။ ဂျင်မီ၊ ဘီလ်နဲ့ ဂျော့ချ်ဒဗလျူတို့အားလုံးဟာ စေတနာ့ဝန်ထမ်းအလုပ်နဲ့ပတ်သက်လို့ စိတ်အားထက်သန်ခဲ့ကြပါတယ်။

**သမ္မတဖြစ်ရတာကို သမ္မတတွေကပဲ နားလည်နိုင်တဲ့(ထူးထူးခြားခြား)တစ်စုံတစ်ရာများ ရှိပါသလား။**

တခြားအလုပ်တွေလိုပါပဲ။ အလုပ်ကိုသေချာနားလည်ပြီး တန်ဖိုးထားတတ်အောင် ဒီအလုပ်ထဲမှာ ကိုယ်ကနေခဲ့ဖူးရမယ်။ ဒီတော့ ချက်ချင်းပဲ ကာကွယ်ရေးဦးစီးချုပ်(သမ္မတ)ဆိုတာ ဘာကိုဆိုလိုတယ်ဆိုတာနားလည်တဲ့ ကျွန်တော်တို့ငါးဦးပဲရှိလာခဲ့တာပေါ့။ နိုင်ငံရေးက ဘာပဲဖြစ်နေပါစေ။ ကျွန်တော်တို့အားလုံးကြားမှာ ရှင်းပြရခက်တဲ့ နားလည်မှုနဲ့ အပြန်အလှန်လေးစားမှုတို့ရှိနေပါတယ်။

**လူကြီးမင်းကလည်း ပြောခဲ့ဖူးတယ်။ "အမေရိကန်ပြည်သူတွေက ဒီနေရာကို ငြင်းခုံဖို့ ကျုပ်တို့ကိုပို့လိုက်တာမဟုတ်ဘူး" ဆိုပြီးတော့လေ။ ဘာကြောင့် (အမေရိကန်မှာ) ပါတီနှစ်ခုဟာ မကျေအေးနိုင်ဖြစ်နေကြရတာပါလဲ။**

လူတိုင်းကလည်း ဒီနေ့ကာလမှာ နည်းနည်းပိုပြီး အခိုင်အမာဖြစ်လာကြသလိုပါပဲ။ ဒါပေမဲ့ ခင်ဗျားအနေနဲ့ ဒေးဗစ်မက်ကာလော့ရဲ့ ဂျော့ချ်ဝါရှင်တန် (သို့မဟုတ်) ဂျွန်အဒမ်စ်အကြောင်း အတ္ထုပ္ပတ္တိစာအုပ်ကြီးတွေဖတ်မိရင် အဲဒီတုန်းက သူတို့လည်းပဲ တော်တော့်ကို အယူအဆခိုင်မာခဲ့တာတွေ့ရမှာပါ။ လူတွေက အလက်ဇန္ဒားဟမ်မီလ်တန်နဲ့ အာရွန်ဘားရ်တို့ဟာ မူဝါဒရေးရာကွဲပြားမှုတွေနဲ့ပတ်သက်လို့ သေနတ်နဲ့ပစ်တဲ့ အထိဖြစ်ဖူးကြတာ မေ့နေကြတယ်။ ၂၄ နာရီထုတ်လွှင့်နေတဲ့ သတင်းရပ်ဝန်းဟာ ပါတီတွေအကြား ကွဲပြားခြားနားမှုကိုချဲ့ကားဖို့ ကူညီနေတယ်လို့ပဲ ထင်တယ်။ ရုပ်သံပေါ်မှာ ခင်ဗျားဟာ တစ်စုံတစ်ဦးကတစ်နေရာရာမှာတစ်ခုခုနဲ့ပတ်သက်လို့ညည်းညူအပြစ်ရှာနေတာ အမြဲတွေ့ရမှာပဲ။ လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်ကတော့ အဲဒီလိုမဖြစ်ခဲ့ဘူးလေ။

**အရှေ့အလယ်ပိုင်းဒေသမှာဖြစ်နေတဲ့အပြောင်းအလဲတွေကို လူကြီးမင်း ဘာလုပ်မှာပါလဲ။**

ကျွန်တော်က(ပြီးခဲ့တဲ့)၁၈ နှစ်လုံးမှာ လတ်တလောဖြစ်နေတဲ့ ကိစ္စတွေအကြောင်း ဆွေးနွေးဖို့ ငြင်းဆန်ခဲ့ပါတယ်။ အခုမှလည်း ပြန်မစချင်ပါဘူး။

**လူကြီးမင်းနဲ့ သမ္မတဟောင်းကလင်တန်တို့ဟာ ကတ်ထရီနာမုန်တိုင်းဒဏ်ခံ ပြည်သူတွေအတွက် ဒေါ်လာသန်း ၁၃၀ ရှာဖွေပေးခဲ့တယ်။ ဘာဘရာဘုရှ်က 'ထူးခြားတဲ့စုံတွဲ' ရယ်လို့ ကင်ပွန်းတပ်ခဲ့တဲ့ ကလင်တန်နဲ့ ဂျော့ချ်ဒဗလျူဘုရှ်နှစ်ဦးအတွက် နောက်ထပ်လုပ်ဆောင်မှာက ဘာပါလဲ။**

ကျွန်တော်နဲ့ဘီလ်တို့ဟာရီကိန်းအစ်ကီဒဏ်ခံပြည်သူတွေကိုကူညီဖို့ ပေါင်းမိတော့ ကျွန်တော်သူ့ကိုပြောခဲ့တယ်။ ဒီအချိန်ဟာ ကျွန်တော့်အတွက်တော့ သဘာဝဘေးရန်ကာကွယ်ရေးလုပ်ငန်းထဲက ထွက်ဖို့ ဖြစ်ချင်ဖြစ်နိုင်တယ်လို့။ ဒါကြောင့် ဟေတီ ငလျင်ဖြစ်လာတော့ ဘီလ်(ကလင်တန်)နဲ့ ဂျော့ချ်ဒဗလျူဘုရှ်တို့ ပူးပေါင်းမိတာကိုမြင်ရတာ သိပ်ဝမ်းသာစရာပါပဲ။ ကျွန်တော်လည်း သူတို့ကို နည်းနည်းတော့ ကူညီချင်ခဲ့တယ်။ ဒါပေမဲ့ သဘာဝဘေးဒဏ်ကာကွယ်ရေးလုပ်ငန်း ဟာ ကျွန်တော့်မှာ နောက်ထပ်မရနိုင်တော့တဲ့ စွမ်းအင်မျိုးကို ယူသွားခဲ့တယ်။

**လူကြီးမင်းကျန်းမာရေး ဘယ်လိုနေပါသလဲ။ လေယာဉ်တွေပေါ်ကနေ လေထီးခုန်ချနေတုန်းပဲလား။**

ကျွန်တော့်မှာ ပါကင်ဆန် ရောဂါပုံစံတစ်မျိုးရှိနေတယ်။ ကျွန်တော့်ဦးနှောက်က ပြောချိန်မှာ ကျွန်တော့်ခြေထောက်တွေက မလှုပ်တာရှိတယ်။ အဲဒါ တော်တော်စိတ်ရှုပ်ဖို့ကောင်းတယ်။ ဒါပေမဲ့ ကျွန်တော့်မှာ ဘာနာကျင်မှုမှမရှိဘူး။ အံ့သြစရာကောင်းတဲ့ စကူတာဆိုင်ကယ်လေးတွေ ကျွန်တော်ရှာတွေ့ထားတယ်။ ဘာဘရာကတော့ ကျွန်တော့်စက်လှေကို မောင်းသလိုမျိုး အဲဒါတွေကို မောင်းလို့ အပြစ်တင်ထားတယ်။ ဒါပေမဲ့ ကျွန်တော့်ကို လမ်းလျှောက်နိုင်အောင် အဲဒါလေးတွေက ကူညီပါတယ်။ လေထီးခုန်ဖို့တော့ မသေချာသေးဘူး။ အသက် ၉၀ ပြည့်ရင်တော့ လေထီးခုန်မယ်လို့ ကြေညာထားတယ်။ ဆုံးဖြတ်ချက်ချဖို့ နောက်သုံးနှစ်လောက်ရှိပါသေးတယ်။ ကျွန်တော့်ခြေထောက်တွေ ပုံမှန်အလုပ်မလုပ်တာက အဟာန့်အတားတစ်ခုဖြစ်ကောင်းဖြစ်မှာပါ။

**မေးပါရစေ။ ဘယ်သူက ပိုကောင်းတဲ့ ဂေါက်သီးကစားသမားလဲ။ ၄၁ လား၊ ၄၂ လား၊ ၄၃ လား။ (မှတ်ချက်-၄၁ မှာ အမေရိကန်၏ ၄၁ ဆက်မြောက်သမ္မတ ဂျော့ချ်၊အိပ်ချ်၊ဒဗလျူ၊ ဘုရှ်၊ ၄၂ မှာ ၄၂ ဆက်မြောက်သမ္မတ ကလင်တန်၊ ၄၃ မှာ လက်ရှိသမ္မတ အိုဘားမားရှေ့တွင် တာဝန်ယူခဲ့သော ဂျော့ချ်ဘုရှ်အငယ်တို့ကို ရည်ညွှန်းခြင်းဖြစ်သည်)**

ကျွန်တော့်ကတော့ သားနဲ့ပဲ ဂေါက်ကွင်းသွားနေတယ်။ သူက သမ္မတဖြစ်တော့ ဂေါက်သီးရိုက်တာ လက်လျှော့ခဲ့တယ်။ ဒါပေမဲ့ သူကစားပုံက တကယ်ပဲ ပြန်ကောင်းလာနေပါပြီ။ သူဟာ တက္ကဆက်က ဂေါက်ကွင်းတွေကို မွှေစာကျဲအောင်ကစားနေတာ။

**အိမ်ဖြူတော်ကနေ ထွက်လာပြီးနောက် အငြိမ်းစားဖြစ်သွားတဲ့ သမ္မတဟောင်း ဂျော့ချ်၊ အိပ်ချ်၊ ဒဗလျူ၊ ဘုရှ်ကို လူကြီးမင်းက ဘာများအကြံပေးခဲ့သေးသလဲ။**

မနက်ခင်းမှာကော်ဖီဖျော်ပါ။ ပြီးတော့ အမှိုက်တွေကို ချက်ချင်းလွှင့်ပစ်ဖို့ဟာ ကိုယ့်အလုပ်ဖြစ်တယ်ဆိုတာ မမေ့ပါနဲ့ပေါ့လေ။

*—Ref: 10 Questions for George H.W.Bush/ Time*



7Day News Journal
# Entertainment
Vol.10, No.26 • SEPTEMBER 15, 2011

## အူဝဲ မွေးခန်းထဲ လိုက်ပြီးမှတ်တမ်းတင်ဖို့ မဝံ့မရဲဖြစ်နေတဲ့ ပြေတီဦး



**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ- ၈**

ပြေတီဦးသည် ဇနီးဖြစ်သူ အိန္ဒြာကျော်ဇင်အောက်တိုဘာလလယ်ပိုင်းတွင် မွေးဖွားပါကအခြား အနုပညာရှင်အချို့ ပြုလုပ်လေ့ရှိကြသည့်မွေးခန်းတွင်းဝင်ရောက်မှတ်တမ်းတင်ရိုက်ကူးခြင်းပြုရန်မဝံ့မရဲဖြစ်နေသည်ဟု ၎င်းကပြောသည်။

"ကျွန်တော့်မှာ အဲဒီ ခွဲခန်းတွေနဲ့ပတ်သက်တဲ့အတွေ့အကြုံတွေအများကြီးရှိတယ်ဗျ။ ကျွန်တော့်ဖေဖေနဲ့ အတူတူခွဲတာတွေရော၊ ချုပ်တာတွေရောအများကြီးလုပ်ဖူးပါတယ်။ ဒါပေမဲ့ ကိုယ့်ရဲ့ သွေးရင်းသားရင်း ဆွေမျိုးရင်းဆိုရင်တော့ ကျွန်တော်လိုက်နိုင်မှာမဟုတ်ဘူးထင်တယ်ဗျ။ အခုကိုယ့်မိန်းမဆိုတော့ ပိုဆိုးတာပေါ့။ အူဝဲကလိုက်စေချင်တယ် ဆိုရင်တော့ လိုက်ရမှာပေါ့လေ။ ဒါပေမဲ့ ကိုယ့်အရင်းအချာတစ်ယောက် ခွဲခန်းထဲဝင်တာကိုလိုက်ဝင်ဖို့ အစ်ကို့မှာသတ္တိမရှိဘူး"ဟုပြေတီဦးကပြောသည်။

ပြေတီဦးနှင့် အိန္ဒြာကျော်ဇင်တို့၏ သမီးဦးကို အောက်တိုဘာလလယ်ပိုင်းတွင် မီးယပ်နှင့် သားဖွားဆရာဝန်ကြီးဒေါက်တာမေသူမျိုးညွှန့်နှင့် ခွဲစိတ်မွေးဖွားမည်ဖြစ်ပြီး မွေးဖွားမည့်ဆေးရုံကို ဝိတိုရိယနှင့် ပန်းလှိုင်နှစ်ခုအနက် တစ်ခုကို စဉ်းစားရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ - လမင်းနိုင်

Ctalk **ဓီရာမိုရ်** ပြောပြတဲ့

## Sound Design အကြောင်း

ချမ်းခိုက်ခိုက်

**ဇာတ်ကားတစ်ကားမှာ အရေးပါတဲ့အခန်းကဏ္ဍတစ်ခုအဖြစ် Sound Design ကို ဂီတမှူး ဓီရာမိုရ်က မိတ်ဆက်ပြောပြလာပါတယ်။ ဒီစနစ်ကို စိန်ဌေးရုပ်ရှင်ထုတ်လုပ်ရေးအတွက် ဒါရိုက်တာ မောင်မျိုးမင်းရိုက်ကူးမယ့် ဒရမ်မာရုပ်ရှင် 'တိုက်ဆိုင်မှုရှိလျှင်' မှာ ဓီရာမိုရ်နဲ့အတူ Sound Design ပညာရှင် ကိုကျော်ကိုကိုတို့က စတင်ဖန်တီးတော့မှာ ဖြစ်ပါတယ်။ Sound Design ဆိုတာ ဇာတ်ကားတစ်ကားမှာ အသံရဲ့အရည်အသွေးနဲ့ရသကိုပီပြင်ပြည့်စုံအောင် အသံတွေကို အသေးစိတ်ဒီဇိုင်းဆင် ဖန်တီးတဲ့စနစ်တစ်ခုဖြစ်ပြီး မြန်မာနိုင်ငံမှာ ဒီစနစ်နဲ့ ရိုက်ကူးထားတဲ့ဇာတ်ကားလည်း မရှိခဲ့သေးဘူးလို့ ဓီရာမိုရ်က ပြောပြခဲ့ပါတယ်။**

ရုပ်ရှင်ကားတစ်ကားမှာ အသံနဲ့ အရုပ်နဲ့နှစ်မျိုးရှိတယ်။ အသံမှာ ခုချိန်ထိ ကျွန်တော်တို့လုပ်နေကျတွေက ဒပ်ဘင်တီးတယ်။ Music ရှိတယ်။ ဒိုင်ယာလော့ခ်ရှိမယ်။ အဲဒါတွေကို Mixing လုပ်မယ်။ ပြီး ရင် Sound Effect နည်းနည်းပါးပါး ထည့်တယ်။ ဒီလောက်ပဲ။ အမှန်တကယ်တော့ Sound Design ဆိုတဲ့နည်းပညာ သတ်သတ်ရှိတယ်။

လူတွေရဲ့နားက တစ်ချိန်လုံး အလုပ်လုပ်နေပေမယ့် သိစိတ်နဲ့မသိစိတ်ဆိုတာရှိတယ်။ ဒါပေမဲ့ အချိန်တော်တော်များများ များကသိစိတ်နဲ့ နားစိုက်ထောင်တာ ရှားတယ်။ Sound Design ဆိုတာ နားအကြားအာရုံရသအတွက် သီးသန့်ဖန်တီးပေးရတဲ့ပညာတစ်ခုပါ။ ဒိုင်ယာလော့ခ်၊ နောက်ခံဂီတ၊ Sound Effect နဲ့တင်မပြီးသေးဘူး။ အသံတွေကို ဒီဇိုင်းဆင်ရသေးတယ်။

ကျွန်တော် Sound Design သင်တန်းတက်တုန်းက ကားတစ်စီးနဲ့တစ်စီး မျက်နှာချင်းဆိုင်တိုက်တယ်ဆိုရင် သာမန် 'ဝုန်း' ခနဲမြည်တဲ့အသံမှာတင် တိုက်မိတဲ့အသံ၊ တာယာပွတ်တဲ့အသံ၊ မှန်စလေးတွေကြွေသွားတဲ့အသံ၊ မှန်အချပ်လိုက်ကြီး ကွဲကျသွားတဲ့အသံအစုံပေါ့။ ဒီလို အသံပေါင်းလေးဆယ်လောက်ပေါင်းလိုက်တော့ မှ ရသမြောက်တဲ့အသံဖြစ်လာတာ။

စာ(၄၉)သို့

## အဆိုပြိုင်ပွဲဝင်သူများကို အကြံပြုတဲ့ အဆိုတော်နီနီခင်ဇော်

**အေးသူစံ**

**ရန်ကုန်၊ ဩဂုတ်- ၁၈**


ယခုအချိန်တွင် ဆေးတက္ကသိုလ် နောက်ဆုံးနှစ်စာ မေးပွဲဖြေဆိုရန်အတွက် အနုပညာ အလုပ်များ ကို ခေတ္တနားထားသည့် နီနီခင်ဇော်က ပြိုင်ပွဲမှတစ်ဆင့် နေရာရလာသည့်အဆိုတော်များအပေါ် သူမ၏အမြင်ကို ထုတ်ဖော်ပြောကြားသည်။

"ပြိုင်ပွဲကတက်တဲ့ အဆိုတော်တိုင်းအောင်မြင်တာမဟုတ်ပါဘူး။ အနုပညာလောကထဲကို ဝင်မယ်ဆိုရင် စိတ်ဓာတ်ကြံ့ကြံ့ခံရတယ်။ အဆိုတော်ငယ်လေးတွေဆိုလည်း အကြီးပိုင်းတွေနဲ့ သဟဇာတဖြစ်အောင်နေရတာတွေရှိတယ်။ တချို့သော စီးပွားရေး လုပ်ငန်းရှင်တွေက အသုံးချသွားတာတွေလည်းရှိတယ်။ ဒါတွေကို နီတို့က ဦးနှောက်နဲ့စဉ်းစားချင့်ချိန်ပြီး မမှားအောင် လုပ်ရတာတွေရှိတယ်။ အဲဒီထဲကမှ စိတ်ဓာတ်အခိုင်မာဆုံးနဲ့ အသန်စွမ်းဆုံးသူတွေက သာခုလောလောဆယ် အောင်မြင်နေတဲ့လူတွေလို့နီနီ ယူဆပါတယ်"ဟု ပြောသည်။

မယ်လိုဒီဝေါဒ်စင်မြင့်ထက်မှ ဂီတလောကတွင်း ချဉ်းနင်းဝင်ရောက်လာနိုင်ခဲ့ပြီး လက်ရှိတွင် ဈေးကွက်ဝင်အဆိုတော်တစ်ဦးအဖြစ် ရပ်တည်နေနိုင်ပြီဖြစ်သည့် နီနီခင်ဇော်သည် စက်တင်ဘာ ၂၃ရက်တွင်ပြုလုပ်မည့် ပလေးဘွိုင်းသန်းနိုင်၏ Sweet 16 Live မွေးနေ့အမှတ်တရ ဖျော်ဖြေပွဲတွင် သီဆိုဖျော်ဖြေမည်ဖြစ်သည်။

ပြီးခဲ့သည့် ဩဂုတ်လကုန်ပိုင်းက ezy အန်တာတိန်းမန့်မှပြုလုပ်ခဲ့သည့် Ezy Accoustic Show တွင် ပါဝင်သီဆိုခဲ့ပြီး စင်မြင့်ဖျော်ဖြေပွဲများဆက်တိုက်နီးပါး သီဆိုဖြစ်နေသည့် နီနီခင်ဇော်က "ပလေးဘွိုင်းဦးသန်းနိုင်ပွဲမှာ ဆိုပေးဖို့ ကမ်းလှမ်းထားပါတယ်။ ဘယ်သီချင်းဆိုပေးရမယ်လို့တော့ သေချာမသိရသေးပါဘူး။ ခုလို ဦးသန်းနိုင်ရဲ့ပွဲမှာ ဆိုခွင့်ရတာ အ ရမ်းဂုဏ်ယူပါတယ်"ဟုပြောသည်။


လတ်တလောတွင် 'မင်းအတွက် ၃' စီးရီးထဲမှ ရသနှင့်တွဲဖက်သီဆိုထားသည့် 'မိုးတိမ်ကဗျာ' သီချင်းမှာ ပရိသတ်ကြား ရေပန်းစား အောင်မြင်နေသော သီချင်းဖြစ်ပြီးကေကေတီနှင့်အမျိုးသမီး အဆိုတော်ငါးယောက်သီဆိုထားသော 'မျက်ဝန်းစကား' စီးရီးလည်း ထွက်ရှိထားသည်။




ဓာတ်ပုံ - ဂျေမောင်မောင် (အမရပူရ)

7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

# တစ်ကိုယ်တော်ခွေထဲတွင်ချမ်းချမ်းနှင့်နှစ်ယောက်တွဲတစ်ပုဒ်ပါဝင်ရန်ရှိဟုနေနေပြောကြား






**အေးသူစံ**

**ရန်ကုန်၊**
**ဩဂုတ် - ၁၈**

သီချင်းအေးလေးများဖြင့်ပရိသတ်ရရှိခဲ့သည့် အဆိုတော်နေနေသည် သူမ၏တစ်ကိုယ်တော်ခွေတွင်ညီမဖြစ်သူချမ်းချမ်းနှင့် နှစ်ယောက်တွဲသီချင်း တစ်ပုဒ်ထည့်သွင်းလိုကြောင်း ပြောကြားသည်။

"တစ်ကိုယ်တော်ခွေမှာညီမ (ချမ်းချမ်း)နဲ့လည်းတစ်ပုဒ်လောက်ဆိုဖို့စဉ်းစားထားတယ်။ ကိုယ်ပိုင်သံစဉ်တော့သုံးလေးပုဒ်လောက်ထည့်ဖြစ်ပါမယ်"ဟု သူမက ပြောသည်။တစ်ကိုယ်တော်ခွေအတွက်သီချင်းများကိုစိတ်ကြိုက်ရွေးချယ်နေပြီး သီချင်းဟောင်းနှစ်ပုဒ်ခန့်ပြန်လည်ထည့်သွင်းချင်ကြောင်းလည်း သိရသည်။ "ခွေအတွက်သီချင်းတွေကို စိတ်တိုင်းကျရွေးနေပါတယ်။ ၂၀၁၂မှာထွက်နိုင်ဖို့ကြိုးစားသွားမှာပါ။ ကိုဇဝါ၊ ဆရာမြင့်မိုးအောင်၊ ကိုR ခိုင်တို့သီချင်းတွေထည့်ဖို့ ညီမစိတ်ကူးထားတယ်။ သီချင်းပုံစံကတော့ အေးတာတွေရောအမြန်လေးတွေရောပါမယ်။ နောက်ပြီးသီချင်းဟောင်းလေးနှစ်ပုဒ်ကို တွေ့ထားတယ်။ တစ်ပုဒ်က ဇာတ်ဝင်တေးမှာ သုံးတာများတယ်။မူရင်းသီချင်းက The Corr ရဲ့ What can I do' သီချင်းလေးပါ"ဟုပြောသည်။

တစ်ကိုယ်တော်ခွေတွင်ကိုယ်ပိုင်သံစဉ်သီချင်းများသာစီစဉ်လိုသော်လည်း ပထမဆုံးအယ်လ်ဘမ်ဖြစ်နေသည့်အတွက်စိတ်ကြိုက်တွေ့သည့် ကော်ပီသီချင်းလေးများသုံးရန် စီစဉ်ရခြင်းဖြစ်ပြီး ကိုယ်ပိုင်သံစဉ် သုံးလေးပုဒ်ခန့်ထည့်သွင်းမည်ဟု သိရသည်။



# အော်စကာဆုပေးပွဲတွင် တင်ဆက်သူအဖြစ် အက်ဒီမာဖီ ပါဝင်ဖွယ်ရှိ


**နယူးယောက်၊**
**စက်တင်ဘာ - ၆**

နာမည်ကျော် အမေရိကန် သရုပ်ဆောင် အက်ဒီမာဖီသည် ၂၀၁၂ ခုနှစ်တွင် ကျင်းပမည့် (၈၄)ကြိမ်မြောက် အော်စကာဆုပေးပွဲ၌ အစီအစဉ်တင်ဆက်သူအဖြစ် ပါဝင်မည်ဖြစ်ကြောင်းသိရသည်။

ဟောလိဝုဒ်မီဒီယာများ၏ အဆိုအရ အက်ဒီသည် မကြာမီဖြန့်ချိမည့် ၎င်းပါဝင်သော Tower Heist ၏ ဒါရိုက်တာဖြစ်ပြီး အော်စကာဆုပေးပွဲ ရုပ်သံလွှင့်ကဏ္ဍ ထုတ်လုပ်သူ ဘရတ်ရက်တနာ၏ ရွေးချယ်မှုကြောင့် အော်စကာဆုပေးပွဲတွင် ပါဝင်လာကြောင်း သိရသည်။ အက်ဒီမာဖီသည် ယခင်က အော်စကာဆုပေးပွဲအစီအစဉ်များတွင် တစ်ကြိမ်မှ ပါဝင်ဖူးခြင်းမရှိပေ။

၎င်းသည် အော်စကာဆုပေးပွဲ အစီအစဉ်တင်ဆက်သူအဖြစ် ရွေးချယ်ခံရရန် ဘီလီခရစ္စတယ်နှင့် အဓိက ယှဉ်ပြိုင်ရဖွယ်ရှိသည်။ ဘီလီသည် ယခင်က အော်စကာဆုပေးပွဲတင်ဆက်သူအဖြစ် ပါဝင်ခဲ့ဖူးပြီး မကြာသေးမီကလည်း တင်ဆက်သူအဖြစ် ထပ်မံလုပ်ကိုင်လိုကြောင်း ထုတ်ပြောထားသည်။ အော်စကာဆုပေးပွဲ၏ အစီအစဉ်တင်ဆက်သူကို စက်တင်ဘာလလယ်၌ ရွေးချယ်သွားဖွယ်ရှိကြောင်း သိရသည်။

—Ref: Xinhua








7DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011

## စာ - ၄၇၊ ဓီရာမိုရ်အင်တာဗျူးမှအဆက်

သဘောကတော့ ရုပ်ရှင်ပိတ်ကားထက်မှာ ကားနှစ်စီး တိုက်သွားတာကို အပြင်မှာ မျက်ဝါးထင်ထင်တွေ့ရသလို ခံစားရအောင် အသံက အများကြီးပံ့ပိုးပေးနိုင်တယ်။ နောက်ပြီး Location (နေရာ)တွေကိုလည်း အသံက အများကြီး ပံ့ပိုးပေးနိုင်တယ်။ ရုပ်ရှင်ဆိုတာ ဘောင်ခတ်ပြီးပြတာပဲ။ ဒီဘောင်ထဲမှာ သူပြချင်တဲ့အရုပ်ကိုပြတာပေမယ့် ပိတ်ကားအပြင်ဘက်က မြင်ကွင်းပတ်ဝန်းကျင်တွေကို ပိုကြွလာအောင် ဘေးပတ်ဝန်းကျင်ကိုအသံနဲ့ ပညာသားပါပါ အလုပ်လုပ်ပေးရတာကို Sound Design လို့ ပြောလို့ရပါတယ်။ ဥပမာ ဘောလုံးကွင်းထဲကအသံ၊ လယ်ကွင်းထဲကအသံ စသဖြင့် သဘာဝကျတဲ့အသံတွေကို ဒီဇိုင်းဆင်ပေးရတာမျိုးပေါ့။ ကျွန်တော်တို့ဖန်တီးလိုက်တာကို သတိမထားမိလိုက်တဲ့သူတွေလည်းရှိနိုင်တယ်။ ဒါပေမဲ့ သေချာတာတစ်ခုက အသံရဲ့ရသကို ပီပီပြင်ပြင်ခံစားရမယ်။ အသံတွေ ပိုကောင်းနေတယ်၊ အသံငြိမ်နေတာပဲဆိုတာမျိုးကတော့ သေချာပေါက်ခံစားရပါမယ်။

နိုင်ငံခြားမှာဆိုရင် Sound Design မလုပ်ထားတဲ့ကားမရှိဘူး။မြန်မာမှာကျတော့Sound Design လုပ်ထားတဲ့ကားလုံးဝနီးပါးမရှိဘူး။

တချို့ မြန်မာကားတွေမှာဆို ဒိုင်ယာလော့ခ်တွေ ကြားမယ်။ နောက်က လေသံကြီးကထွက်လာလိုက် ၊ပျောက်သွားလိုက် ဖြစ်နေတယ်။ ဒိုင်ယာလော့ခ်ကမသန့်တော့ Music တွေ စွတ်တီးနဲ့ ဆူညံပွတ်လောရိုက်နေတယ်။ နားအာရုံရသထည့်စဉ်းစားတဲ့လူမျိုးအတွက် Post မရှိဘူးဖြစ်နေတယ်။ ရိုးရိုးဇာတ်ကားနဲ့စာရင် Sound Design လုပ်မယ့်ဇာတ်ကားက ကုန်ကျစရိတ်အနေနဲ့ သုံးသိန်းလောက် ပိုများပါတယ်။

Sound Design လုပ်ဖို့ ကွန်ပျူတာနဲ့ ဆော့ဖ်ဝဲကောင်းကောင်းတွေလိုမယ်။ နောက် Environmental Effect အသံတွေ အများကြီးလိုတယ်။ အခုဒီကား(တိုက်ဆိုက်မှုရှိလျှင်) ရိုက်ကွင်းမှာဆို ဘေးပတ်ဝန်းကျင်အသံတွေပါ ဖမ်းထားတယ်။ ဥပမာ လယ်ကွင်း၊ လေဆိပ်စသဖြင့်ပေါ့။ Environmental အသံဆိုတာ တစ်ခုနဲ့တစ်ခု တူမယောင်နဲ့ လုံးဝ မတူဘူး။ အလုပ်ရုံချင်းအတူတူ တစ်ရုံနဲ့တစ်ရုံမှာ ဖြစ်ပေါ်နေတဲ့အသံတွေက မတူဘူး။ ဒါကြောင့်ကျွန်တော်တို့က အသံတွေကို ထောင်ချီပြီးစုထားတယ်။ နောက်တစ်ခုက ဖိုလီလို့ခေါ်တယ်။ Post Recording လုပ်တဲ့အခါမှာ ဥပမာ ဖန်ခွက်နှစ်ခုတိုက်တဲ့အခန်း ပါတယ်။ ဒီအခန်းကို ရှုတင်မှာဖမ်းတဲ့မိုက်ကျတော့ Directional ဖြစ်နေတော့ အသံကောင်းကောင်းရချင်မှရမှာ။ ဒီတော့ သူ့အသံဖယ်ပြီး ရုပ်တွေကိုပဲကြည့်ပြီး ဖန်ခွက်ကိုပြန်တိုက်ပေးရမယ်။ ခွက်နှစ်ခုတိုက်တယ်ဆိုတိုင်း ကြုံရာခွက်ယူပြီး တိုက်လိုက်လို့မရဘူး။ ကြွေခွက်လား၊ ဖန်ခွက်လား။ သူ့ရဲ့ထိခတ်မှုပြင်းအားဘယ်လောက်ရှိလဲ။ အဲဒီလိုအသေးစိတ်လေးကအစ လုပ်ရတယ်။ Sound Design လုပ်လုပ် မလုပ်လုပ် ဘယ်ကားပဲဖြစ်ဖြစ် Environmental အသံက အရမ်းအရေးပါတယ်။ တချို့ကားတွေမှာဆို လေကအရမ်းတိုက်နေတယ်။ စကားသံကျတော့ကြည်နေတယ်။ ဒါ သဘာဝမကျဘူး။ အဲဒီလိုနေရာမျိုးဆိုရင် Effect ကလိုအပ်တယ်။ Sound Design ဆိုတာ အသံညီညွတ်မှုတမှုအဆင့်တင်မဟုတ်ဘူး။ အသံကပေးတဲ့ရသပါပါတယ်။ သာမန်ဇာတ်ကားဆိုရင် ဒိုင်ယာလော့ခ်ရှိနေရင် နောက်ခံဂီတက တိုးသွားတယ်။ ဒိုင်ယာလော့ခ်မရှိရင် နောက်ခံဂီတက ကျယ်လာတယ်။ ဒါပေမဲ့ Sound Design လုပ်မယ်ဆိုရင် ဒိုင်ယာလော့ခ်မရှိတိုင်း နောက်ခံဂီတက ကျယ်လာစရာအကြောင်း မရှိဘူး။ ဂီတလုံးဝမပါတာလည်း ဖြစ်နိုင်သလို ပါရင်လည်း တိုးတိုးလေးပဲဖြစ်ချင်ဖြစ်မယ်။ အားလုံးက ဒီဇိုင်နာပေါ် မူတည်သွားတယ်။

ဒီစနစ်ကို ဖန်တီးတဲ့အခါ အခက်အခဲတွေတော့ အများကြီးရှိနိုင်ပါတယ်။ ကျွန်တော်တို့ကအသိပဲရှိတယ်။ လက်တွေ့လုပ်တဲ့အခါ ကြုံရတဲ့ အခက်အခဲတွေကိုနိုင်ငံတကာက အတွေ့အကြုံရှိတဲ့ Sound Designer တွေနဲ့လည်း ချိတ်ဆက်ထားတယ်။ သူတို့ အကြံဉာဏ်၊ လုပ်နည်းကိုင်နည်းတွေကို တောင်းခံလို့လည်းရပါတယ်။ ဒီကားက HD ကနေဖလင်ကို ပြန်ပြောင်းမယ်ဆိုတော့ အသံပိုင်းမှာ နည်းပညာအရ အခက်အခဲမဖြစ်အောင် အခြေခံကအစ သေချာလုပ်မှာပါ။

လောလောဆယ် ကျွန်တော်တို့ Surround (အသံပတ်လည်စနစ်) တော့မလုပ်နိုင်သေးပေမယ့် စတီရီယိုဘယ်သံညာသံမှာတင် Sound Design လုပ်ထားတဲ့ဇာတ်ကားမှာ အသံသပ်ရပ်မှု၊ အသံကြည်လင်မှုက ရိုးရိုးကားနဲ့ လုံးဝကွာသွားပါတယ်။ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်သွားပြရင်လည်း အသံပိုင်းဆိုင်ရာမှာ ထပ်ပြီးပြင်ဆင်စရာ မလိုလောက်အောင် Sound Design ကို လုပ်သွားဖို့ပြင်ဆင်ထားတယ်။ နိုင်ငံတကာမှာပြတဲ့အခါ ကျွန်တော်တို့မြန်မာကားတွေရဲ့အသံအဆင့်ကမဆိုးဘူးဆိုတဲ့ သတ်မှတ်ချက်လေးရနိုင်တဲ့အဆင့်အထိရည်ရွယ်ထားတယ်။

Sound Design ဆိုတဲ့နည်းပညာကိုမြန်မာ့ရုပ်ရှင်လောကမှာ ဖွံ့ဖြိုးရှင်သန်လာစေချင်တယ်။ ပိတ်ကားနောက်ကွယ်က အရမ်းအရေးကြီးတဲ့ မရှိမဖြစ်ကဏ္ဍတစ်ခုပါ။ ကျွန်တော်တို့လုပ်မှရယ်မဟုတ်ပါဘူး။ တခြား SD ဒီဇိုင်နာတွေလည်း အများကြီးပေါ် ပေါက်လာနိုင်ပါတယ်။ တခြား ရုပ်ရှင်ကုမ္ပဏီတွေကလည်း စိတ်ဝင်စားသင့်တယ်။



**အေးသူစံ**

■သရဝဏ်ရုပ်ရှင်ထုတ်လုပ်ရေး၏ ပွဲဦးထွက်ရုပ်ရှင်ကား 'အဝိုမျက်လုံး အပြုံးမျက်နှာ'ကိုစက်တင်ဘာလ ၁၆ ရက်နေ့တွင် ရုံတင်ပြသတော့မည်ဖြစ်ပြီး ယင်းဇာတ်ကားကို ရုံတင်ပြသမည့် သမ္မတရုပ်ရှင်ရုံရှေ့၌ မြန်မာ့ရိုးရာ ဆိုင်းဝိုင်းကြီးနှင့် ပါဝင်သရုပ်ဆောင်သူများ၏ဓာတ်ပုံများကို ခင်းကျင်းပြသထားခြင်းကြောင့် အဆိုပါရုံအားဆက်သွယ်မေးမြန်းရာ "ဒါက ပရိုမိုးရှင်းတစ်ခုအနေနဲ့ ထုတ်လုပ်ရေးကလုပ်တာပါ။ ရုံတင်ပြသမယ့် အချိန်အထိ ဒီအစီအစဉ်ကိုပြုလုပ်ထားမယ်လို့သိရပါတယ်" ဟု ရုပ်ရှင်ရုံ၏တာဝန်ရှိသူတစ်ဦးကပြောသည်။

■ဘိုဘိုအန်တာတိန်းမန့်၏ လုပ်ငန်းတစ်ခုဖြစ်သော ဘိုဘိုတေးထုတ်လုပ်ရေးမှ တေးသီချင်းခွေများ ထုတ်လုပ်ဖြန့်ချိရန်အတွက် Rock နှင့် R & B တေးသီချင်းများဝယ်ယူရန်စီစဉ်နေပြီး စိတ်ပါဝင်စားသူ တေးရေးများအနေဖြင့် ဖုန်းနံပါတ် ၀၉၅၀၉၆၉၀၃ သို့ ဆက်သွယ်ရောင်းချနိုင်ကြောင်း သိရသည်။ လတ်တလောတွင် Sunsilk ဖျော်ဖြေပွဲကို လိုက်ဖ်ရှိုးခွေအဖြစ်ပြန်လည်ထုတ်လုပ်ရန်ရှိပြီး ယင်းခွေတွင် ထည့်သွင်းရန် ရော့ခ်သီချင်းများ စုဆောင်းဝယ်ယူလိုကြောင်း အဆိုပါထုတ်လုပ်ရေးမှ ကိုဘိုဆန်းက ပြောသည်။

■ပတ္တမြားအက်ဖ်အမ်ထုတ်လွှင့်မှု ၂ နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အထူးအစီအစဉ်ပေါင်းများစွာ တင်ဆက်စီစဉ်ထားသည့်အထဲမှ နှစ်ပတ်လည်နေ့ကျရောက်သော အောက်တိုဘာလ ၁ ရက်နေ့တွင်အသံဖြင့် အလင်းဖြစ်စေခြင်း အလှူကို ရန်ကုန်မြို့၊ အစိုးရမျက်မမြင်ကျောင်းတွင် အဆိုတော်များက FM ပရိသတ်များနှင့်အတူ ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပြီး အောက်တိုဘာလ ၈ ရက်နေ့တွင် စစ်ကိုင်းမြို့နှင့် ၁၀ရက်နေ့တွင် ပခုက္ကူမျက်မမြင်ကျောင်းတို့တွင်လည်း ယင်းအလှူကို ပြုလုပ်သွားမည်ဖြစ်ကြောင်းသိရသည်။

## သီချင်းဟောင်းတွေပြန်ဆိုထားသည့် အေသင်ချိုဆွေ၏ "အနီးဆုံးလူနမ်းပါ" စီးရီးထွက်မည်

**အေးသူစံ**

**ရန်ကုန်၊ စက်တင်ဘာ- ၇**

ပလေးဘွိုင်သန်းနိုင်၏ 'Sweet 16 Live ' ဖျော်ဖြေပွဲတွင် 'ပန်းသီး ဖီလင်' သီချင်းကို သီဆိုဖျော်ဖြေမည့်အေသင်ချိုဆွေသည် သူမ၏ ဒုတိယမြောက်တစ်ကိုယ်တော်ခွေ မထွက်မီ ယခင်အဆိုတော်ကြီးအချို့၏ တေးသီချင်းများကိုပြန်လည်သီဆိုထားသည့် 'အနီးဆုံးလူနမ်းပါ' စီးရီးထွက်ရှိမည်ဟု သိရသည်။

"အေသင် သီချင်းဟောင်းတစ်ခွေနဲ့ တစ်ကိုယ်တော်ခွေပြိုင်လုပ်နေတယ်။ သီချင်းဟောင်းခွေက ဦးသစ်မင်းနဲ့ ဦးမင်းချစ်သူတို့ရေးထားတဲ့ သီချင်းနှစ်ပုဒ်ပေါင်းပြီး 'အနီးဆုံးလူနမ်းပါ' လို့ နာမည်ပေးထားပါတယ်။ အဲဒီခွေက ၁၁ လပိုင်း ၁၂လပိုင်းလောက်ထွက်ဖြစ်မယ်။ ဦးစိုးပိုင်၊ ဟေမာနေဝင်း၊ တင့်တင့်ထွန်း၊ ထွန်းအိန္ဒြာဗိုနဲ့ စိုင်းထီးဆိုင်သီချင်းတွေပါတယ်။ ဒီခွေလေးကို အမေက လုပ်ချင်တယ်ဆိုလို့ တစ်ကိုယ် တော်ခွေလုပ်လက်စကို ရပ်ပြီး ဒီခွေလေး အရင်ထွက်နိုင်အောင် လုပ်ခဲ့တာပါ။ စီဒီပဲ အရင်ထွက်ဖြစ်မှာပါ"ဟု ပြောသည်။

ယခင်က နာမည်ကြီးခဲ့သော တေးသီချင်းများကို ပြန်လည်သီဆိုရာတွင် မည်မျှ တာဝန်ကြီးပါသလဲဟု မေးမြန်းရာ "ဒီခွေလုပ်ရတာ တော်တော်ခက်တယ်။ အဆိုတော်ကြီးတွေဆိုဟန်နဲ့အရမ်းကွာဟသွားရင်လည်း တစ်မျိုးထင်ကြမှာ စိုးရိမ်တယ်။ 'အနီးဆုံးလူ' ကိုတော့ သံစဉ်အနှေးလေးနဲ့ ဆိုထားတယ်။ ကျန်တာတွေကို အရင်အဆိုတော်တွေပုံစံအတိုင်းပဲဆိုထားတယ်။ သီချင်းတွေကအေးပြီး အေသင်က အမြူးတွေဆိုတော့ ဒုက္ခရောက်ရော။ ဒါပေမဲ့ကြိုးစားပြီးသီဆိုထားပါတယ်"ဟုပြောသည်။ ယင်းစီးရီးထဲတွင် မင်းချစ်သူ၊ စိုင်းခမ်းလိတ်၊ စိုးလင်း၊ မောင်မောင်ဇော်လတ်တို့ရေးသားသော သီချင်းများပါဝင်သည်ဟု သိရသည်။

## TOP 10 MOVIES IN AMERICA

**ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ**

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | The Help | DreamWorks | ၁၂၄,၂၇၂,၁၂၄ | ၄ |
| ၂။ | The Debt | Focus Features | ၁၄,၇၅၃,၀၁၄ | ၁ |
| ၃။ | Apollo 18 | The Weinstein | ၁၀,၇၀၅,၅၅၆ | ၁ |
| ၄။ | Shark Night 3D | Relativity Media | ၁၀,၁၂၆,၄၅၈ | ၁ |
| ၅။ | Rise of the Planet of the Apes | 20th Century Fox | ၁၆၂,၅၅၀,၁၇၈ | ၅ |
| ၆။ | Colombiana | Sony Pictures | ၂၄,၁၃၂,၃၃၅ | ၂ |
| ၇။ | Our Idiot Brother | The Weinstein | ၁၇,၂၇၃,၅၉၃ | ၂ |
| ၈။ | Don't Be Afraid of the Dark | Film District | ၁၇,၈၈၂,၄၁၆ | ၂ |
| ၉။ | Spy Kids: All the Time in the World | The Weinstein | ၃၁,၂၀၁,၁၉၀ | ၃ |
| ၁၀။ | The Smurfs | Sony Pictures | ၁၃၃,၆၇၆,၇၀၅ | ၆ |

## Movie Review


### I Don't Know How she Does it




ကိတ်ရက်ဒီသည်ဘော်စတွန်မြို့ အခြေစိုက်ဘဏ္ဍာရေးကုမ္ပဏီတစ်ခုတွင်အလုပ်လုပ်သည်။ ညနေတွင် သူမ၏ ချစ်စဖွယ်ကလေး နှစ်ယောက်၊ အလိုက်သိတတ် သောယောက်ျားနှင့် အိမ်မှာ နေထိုင်ခွင့်ရသဖြင့် ပြီးပြည့်စုံသောဘဝကို ရရှိထားသည်။ သို့သော် အလုပ်တစ်ဖက်နှင့် လင်မယားနှစ်ယောက်ကလေးတွေကို ပြုစုစောင့်ရှောက်ရသည်မှာ လွယ်တော့မလွယ်။ နောက်ပိုင်းတွင် ကိတ်၏ အလုပ်သဘောအရ ခရီးဝေးသွားရခြင်းများလာသလို ယောက်ျားကလည်း ရာထူးကြီးကြီးတိုးရပြီး ဝေးလံသောမြို့ကို ပြောင်းရွှေ့ရသည်။ ယောက်ျားနှင့်ကလေးနှစ်ယောက်ကြား ဗျာများနေစဉ် ကိတ်နှင့် အလုပ်တွဲလုပ်မည့် လူငယ်ကလည်း ဆွဲဆောင်မှု အားကောင်းနေရာ ကိတ်တစ်ယောက် မည်သို့မည်ပုံ ကိုင်တွယ်မည်နည်းဆိုသည်မှာ. . .။

ဒါရိုက်တာ Dougls McGrath ရိုက်ကူးထားသောဟာသ၊ ဒရာမာမိသားစုဇာတ်ကားတွင် Sarah Jessica Parker, Pierce Brosnan တို့ဦးဆောင်ပါဝင်ပြီး The Weinstein Company ကစက်တင်ဘာလ ၁၆ ရက်တွင်ဖြန့်ချိမည်ဖြစ်သည်။

Sports
7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011



အားကစားကြယ်ပွင့်

# ဂျမေကာ၏ ဒုတိယအူစိန်ဘော့ (သို့မဟုတ်) လက်ရှိမီတာ ၁၀၀ ကမ္ဘာ့ချန်ပီယံ

# ယိုဟာန် ဘလိတ်

ကျော်မျိုး

ယိုဟာန်ဘလိတ်လို့ခေါ်တဲ့ ဂျမေကာနွယ်ဖွား လူငယ်အပြေးသမား လေးဟာ ပြီးခဲ့တဲ့ ၂၀၁၁ ဒေဂူ ကမ္ဘာ့ချန်ပီယံရှစ် ပြေးခုန်ပစ်ပြိုင်ပွဲမှာ တစ်နိုင်ငံတည်းသား ကမ္ဘာ့အမြန်ဆုံးလူသား အူစိန်ဘော့ပြိုင်ပွဲ မှထွက်ခွာခဲ့ရပြီးနောက် မီတာ ၁၀၀ ပြိုင်ပွဲမှာ ဗိုလ်စွဲခဲ့ပြီး လက်ရှိကမ္ဘာ့မီတာ ၁၀၀ ချန်ပီယံဘွဲ့ကိုရရှိခဲ့ပါတယ်။ ဘလိတ်ဟာ ငယ်စဉ်ကပင် စွမ်းဆောင်ရည်မြင့်မားခဲ့တဲ့ ကစားသမားတစ်ဦး ဖြစ်ခဲ့ပြီး ဂျမေကာမှာလည်း အငယ်တန်း အဆင့်မီတာ ၁၀၀ ပြိုင်ပွဲတွေမှာ စံချိန်တင်ထားနိုင်သူဖြစ်ပါတယ်။ ဒါ့အပြင် ၎င်းဟာ ၁၀ စက္ကန့် အောက်စံချိန်အတွင်း ပြေးနိုင်တဲ့ အသက်အငယ်ဆုံးမီတာ ၁၀၀ အပြေးသမားအဖြစ် ဆွန်အိုဂန်ကိုယာနဲ့အတူ စံချိန်ရထားသူဖြစ်ပါတယ်။ ဒါ့ကြောင့်အူစိန်ဘော့၊ ဒန်နီယယ်ဘိုင်လီတို့နဲ့အတူ နည်းပြဂလင်းမေးလ်ရဲ့ ကြီးကြပ်မှုအောက်မှာလေ့ကျင့်နေတဲ့ လက်ရှိမီတာ ၁၀၀ ကမ္ဘာ့ချန်ပီယံလေး ယိုဟာန်ဘလိတ်ရဲ့အကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။ စာ(၅၁)သို့

# သုဝဏ္ဏကွင်း မြက်ခင်းပြင်ပျက်စီးမှုများကို ဝေဖန်မှုများထွက်ပေါ်

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၉**

မိုးရွာသွန်းမှုကြောင့် အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ပွဲစဉ်များအား လက်ခံကျင်းပနေသည့် သုဝဏ္ဏကွင်းမြက်ခင်းပြင် ပျက်စီးမှုကြောင့် ပြိုင်ပွဲဝင်အသင်းများ အခက်အခဲကြုံတွေ့ခဲ့ရပြီး အသင်းနည်းပြများကလည်း ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။

စက်တင်ဘာ ၈ ရက်က စတင်ကျင်းပလျက်ရှိသည့် အဆိုပြိုင်ပွဲ၏ အဖွင့်ပွဲစဉ်များမတိုင်မီ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သုဝဏ္ဏကွင်းမြက်ခင်းပြင်သည် ပျက်စီးမှုများဖြစ်ပေါ်ခဲ့ပြီး ပထမပွဲစဉ်ဖြစ်သည့် လာအိုနှင့် အင်ဒိုနီးရှားအသင်းများ ယှဉ်ပြိုင်ကစားအပြီးတွင် လာအိုနည်းပြချုပ်က ပြိုင်ပွဲကျင်းပသည့် ကွင်းသာမက လေ့ကျင့်ရေးကွင်းများပါ ညံ့ဖျင်းကြောင်း ဝေဖန်သွားခဲ့သည်။

"ကစားရတဲ့ ကွင်းက တော်တော်ဆိုးပါတယ်။ လေ့ကျင့်ရေးကွင်းတွေလည်း မကောင်းပါဘူး။ ကျွန်တော်တို့ဆီမှာ ဒီလိုမျိုး မဟုတ်ပါဘူး။ ကွင်းတွေကို သေချာမပြင်ဆင်နိုင်ဘူးဆိုရင် ပြိုင်ပွဲမလုပ်တာ အကောင်းဆုံးပါပဲ"ဟု လာအိုနည်းပြချုပ်ဆီဗီဆေးက ပွဲအပြီး သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အင်ဒိုနီးရှားအသင်းနည်းပြချုပ်အယ်လ်ဖက်ကလည်း "ကစားရတဲ့ ကွင်းအခြေအနေဆိုးတဲ့အတွက်ကစားကွက်ပြောင်းကစားရခဲ့ပါတယ်" ဟု ပြောကြားသည်။



ဓာတ်ပုံ - အောင်အောင်

စက်တင်ဘာ ၉ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် စင်ကာပူနှင့်ဖိလစ်ပိုင်ပွဲစဉ်အပြီးတွင်လည်း "ပွဲရလဒ်နဲ့ပတ်သက်ပြီး နှစ်သင်းစလုံး တစ်ကွင်းထဲမှာ ကစားရတဲ့အတွက် ဆင်ခြေပေးစရာ မရှိပါဘူး။ ဒါပေမဲ့ ကွင်းအနေအထားက ဒီထက်ပိုခြောက်သွေ့မယ်ဆိုရင် နှစ်သင်းစလုံးဒီထက် မြန်မြန်ဆန်ဆန် ပိုကစားနိုင်ပြီး အကြိတ်အနယ်ရှိမှာပါ"ဟု စင်ကာပူအသင်းနည်းပြချုပ်က ပြောကြားသည်။

၎င်းပြိုင်ပွဲ၏ ပွဲစဉ်အားလုံးအား သုဝဏ္ဏကွင်းတစ်ခုတည်းတွင်သာ လက်ခံကျင်းပရန် စီစဉ်ထားခဲ့သော်လည်း ရာသီဥတုအခြေအနေအရ ကွင်းအခြေအနေ ဆက်လက်ဆိုးရွားလာနိုင်သည့်အတွက် ပြိုင်ပွဲကျင်းပရေးကော်မတီသည် စက်တင်ဘာ ၈ ရက်ညပိုင်းတွင် အရေးပေါ်အစည်းအဝေးပြုလုပ်ကာ ပွဲစဉ်အချို့အား အောင်ဆန်းကွင်း၌ပါ ကျင်းပရန် ဆုံးဖြတ်ခဲ့သည်။

ထို့ကြောင့် မူလက သုဝဏ္ဏကွင်းတွင် တစ်ရက်နှစ်ပွဲနှုန်းဖြင့် ကျင်းပရန် စီစဉ်ထားသည့် အာဆီယံ-ယူ-၁၉ ပွဲစဉ်များအား အောင်ဆန်းကွင်း၌ပါ တစ်ပြိုင်နက် ကျင်းပသွားမည်ဖြစ်သည်။

အိမ်ရှင်မြန်မာအသင်း ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များကို မူ သုဝဏ္ဏကွင်း၌သာ ကျင်းပမည်ဖြစ်ပြီး

စာ(၅၁)သို့

# တိုင်းနှင့် ပြည်နယ်ဘောလုံးပြိုင်ပွဲတွင် လက်ရွေးစင်များ ထည့်သွင်းကစားခွင့် မပြုဟုဆို

ဗိုလ်ဗိုလ်ဝင်း

**ရန်ကုန်၊ စက်တင်ဘာ-၇**

(၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ်အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် လက်ရွေးစင်ကစားသမားများအား ထည့်သွင်းကစားခွင့်ပြုမည်မဟုတ်ကြောင်း သတင်းရရှိသည်။

အဆိုပါ ပြိုင်ပွဲအား စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၂၀ ရက်အထိ ရန်ကုန်မြို့၊ အောင်ဆန်းကွင်း၊ ပဒုမ္မာကွင်း၊ စလင်းကွင်းနှင့်ပဒေသာကွင်းများတွင် ကျင်းပရန် စီစဉ်ထားကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ သတင်းရရှိသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသင်းများဝင်ရောက် ယှဉ်ပြိုင်မည့် ၎င်းပြိုင်ပွဲတွင် လာမည့် အောက်တိုဘာ လာအိုနိုင်ငံ၌ ကျင်းပမည့် အာဆီယံအမျိုးသမီးဘောလုံးပြိုင်ပွဲအတွက် ရွေးချယ်လေ့ကျင့်လျက်ရှိသော လက်ရွေးစင်အသင်းမှ ကစားသမားများအား ထည့်သွင်းကစားခွင့်ပြုမည်မဟုတ်ကြောင်း ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူကပြောသည်။

နှစ်စဉ်ကျင်းပလျက်ရှိသည့် ၎င်းပြိုင်ပွဲအား ယခင်နှစ်က ပဲခူးမြို့တွင် ကျင်းပခဲ့ပြီး လက်ရှိ ချန်ပီယံအသင်းမှာ မန္တလေးတိုင်းဒေသကြီးအသင်းဖြစ်သည်။



# ဒိုင်နှင့် တာဝန်ကျရဲမှူးကို မချေမငံပြောဆိုသည့် ဘောလုံးသမားအား ပြစ်ဒဏ်ပေး

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၇**

ကွင်းလယ်ဒိုင်ကို ဆဲဆိုပြီး တာဝန်ကျရဲမှူးအား မချေမငံပြောဆိုခဲ့သည့် ဘောလုံးသမားအား စည်းကမ်းထိန်းသိမ်းရေးကော်မတီက ပွဲပယ်လေးပွဲနှင့် ဒဏ်ကြေးငွေကျပ်သုံးသိန်းပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သတင်းရရှိသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၃ ရက်က မြန်မာနေရှင်နယ်လိဂ်ပွဲစဉ်(၉၈)အဖြစ် သုဝဏ္ဏကွင်းတွင် မကွေးအက်ဖ်စီနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

အဆိုပါ ပွဲစဉ်၏ ပွဲချိန် ၈၄ မိနစ်တွင် မကွေးအသင်းမှ ကစားသမား လင်းလင်းထွေးသည် နှစ်ဝါ တစ်နီဖြင့် အထုတ်ခံခဲ့ရပြီး ဒိုင်လူကြီးက အနီကတ်ပြထုတ်ရာတွင် ၎င်းက မကျေနပ်ဘဲ ဒိုင်အား ဆဲဆိုခြင်း၊ တာဝန်ကျရဲမှူးအား မချေမငံပြောဆိုခြင်းများနှင့် ပတ်သက်၍ အရေးယူပေးပါရန် ပြိုင်ပွဲကျင်းပရေးမှ တင်ပြခဲ့သည့်အတွက် ဘောလုံးအဖွဲ့ချုပ်စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အစည်းအဝေးပြုလုပ်၍ တာဝန်ရှိသူများအား ခေါ်ယူမေးမြန်း၊ အစီရင်ခံစာများအား ဖတ်ကြားကာ အထက်ပါအတိုင်း ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



ဓာတ်ပုံ - အောင်အောင်

"ခုနောက်ပိုင်း ဘောလုံးပွဲတွေမှာ ရိုင်းစိုင်းတဲ့အပြုအမူပြောဆိုမှုတွေ များလာတာ မကောင်းပါဘူး။ အသင်းတာဝန်ရှိသူတွေအနေနဲ့ ကစားသမားတွေကို ဘောလုံးဥပဒေတွေရော၊ စည်းကမ်းထိန်းသိမ်းရေးက ချမှတ်နိုင်တဲ့ ပြစ်ဒဏ်တွေအတွက်ပါ နားလည်အောင် သင်ကြားပေးသင့်ပြီး ကိုယ်တိုင်လည်း လိုက်နာသင့်ပါတယ်။ ဒိုင်လူကြီးဆိုတာ ပွဲကစားနေစဉ်မှာ တာဝန်အရှိဆုံးပုဂ္ဂိုလ်ဖြစ်တဲ့အတွက် သူ့ဆုံးဖြတ်ချက်မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ နာခံရမှာပါ။ ဒိုင်လူကြီးတွေအနေနဲ့လည်းကြိုးစားလုပ်ဆောင်ဖို့လိုပြီး ဆုံးဖြတ်ချက်တွေ မှားယွင်းလို့တိုင်ကြားလာပါကလည်း စစ်ဆေးအရေးယူသွားမှာပါ" ဟု စည်းကမ်း ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌဦးခင်မောင်ထွေးက ပြောကြားသည်။

# မြန်မာရေကူး/ဒိုင်ဗင်အဖွဲ့ ဆီးဂိမ်းအတွက် တရုတ်နှင့် ပူးတွဲလေ့ကျင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ-၇**

လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်နေသော မြန်မာရေကူး/ဒိုင်ဗင်အားကစားအဖွဲ့သည် တရုတ်နိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများသွားရောက်ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာရေကူးအားကစားအဖွဲ့သည် စက်တင်ဘာ ၁၇ ရက်မှ ၂၂ ရက်အထိ တရုတ်နိုင်ငံ၊ ကွမ်ချိုးပြည်နယ်၊ နန်နင်းမြို့တွင် တရုတ်အားကစားသမားများနှင့် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာအားကစားအဖွဲ့တွင် ရေကူးကစားသမားအမျိုးသား ငါးဦးနှင့် အမျိုးသမီးသုံးဦး၊ ဒိုင်ဗင်အားကစားသမားအမျိုးသားလေးဦးနှင့် အမျိုးသမီး နှစ်ဦးပါဝင်မည်ဖြစ်ပြီး နန်နင်းပြည်နယ်လက်ရွေးစင် အားကစားသမားများနှင့် ပူးတွဲလေ့ကျင့်မှုများအပြင် ပြိုင်ပွဲများလည်း ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

အင်ဒိုနီးရှားဆီးဂိမ်းပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာရေကူး/ဒိုင်ဗင် အားကစားသမားများအား တရုတ်နည်းပြဆရာနှစ်ဦးက လေ့ကျင့်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## စာ(၅၀) - သုဝဏ္ဏကွင်း မြက်ခင်းပြင်ပျက်စီးမှုများကို ဝေဖန်မှုများထွက်ပေါ် မှ

အကြိုဗိုလ်လုပွဲစဉ်များနှင့် ဗိုလ်လုပွဲစဉ်များကိုလည်း အဆိုပါကွင်း၌သာ ကျင်းပမည်ဟု သိရသည်။

နိုင်ငံတကာ ဘောလုံးပွဲစဉ်များအား ရန်ကုန်တွင် အဓိကလက်ခံကျင်းပသည့် တစ်ခုတည်းသော ဘောလုံးကွင်းဖြစ်သည့် သုဝဏ္ဏ ဘောလုံးကွင်းသည် ပရိသတ်နှစ်သောင်းဝန်းကျင် ဝင်ဆံ့ပြီး လက်ရှိတွင် ပရိသတ်များ ပိုမိုဝင်ဆံ့နိုင်ရန် ပွဲကြည့်စင်များအား အဆင့်မြှင့်တင်မှုများပြုလုပ်လျက်ရှိသည်။

၂၀၁၃ ဆီးဂိမ်းအားကစားပြိုင်ပွဲအား လက်ခံကျင်းပခွင့်ရရှိထားသည့် နေပြည်တော်တွင်မူ ပရိသတ်သုံးသောင်းဝင်ဆံ့သည့် နိုင်ငံတကာအဆင့်မီ အားကစားကွင်းကြီးနှစ်ကွင်းအား တည်ဆောက်လျက်ရှိသည်။

## စာ(၅၂) - စပါး-လီဗာပူး၊ မန်ယူ-ချယ်လ်ဆီး တနင်္ဂနွေပွဲကြီးပွဲကောင်းတွေနဲ့ပရီးမီးယား လိဂ်ပွဲစဉ် ၅ ပွဲကြိုခန့်မှန်းချက် မှ

**မန်ယူ - ချယ်လ်ဆီး**
**ည ၉ နာရီ ၃၀ မိနစ်**
**ယမန်နှစ်ရလဒ် ၂-၁**

မန်ယူဟာ ယမန်နှစ်က ချန်ပီယံလိဂ် နှစ်ပွဲနဲ့ အိမ်ကွင်းလိဂ်ပွဲတစ်ပွဲစုစုပေါင်း သုံးပွဲစလုံး ချယ်လ်ဆီးကို နိုင်ခဲ့ပါတယ်။ ချယ်ဆီးတို့ ရာသီအဖွင့်မှာ လူသစ်တွေထပ်ဖြည့်ထားသလို မန်ယူကလည်း အက်ရှ်လေယန်၊ ဝဲလ်ဘက်၊ ရွှန်းနီတို့ရဲ့ တိုက်စစ်တွဲလုံးသစ်နဲ့ ဂိုးတွေရနေပါတယ်။ ဧည့်သည့် ချယ်လ်ဆီးအတွက် အိုးလ်ထရက်ဖို့ဒ်ကွင်းမှာ မန်ယူကို အနိုင်ရဖို့မလွယ်သေးပါဘူး။ အလွန်ဆုံးသရေသာရနိုင်ပြီး အနိုင်ကိုတော့ ဂိုးအနည်းနဲ့ မန်ယူဘက်က ရပ်တည်ရမှာပါ။

# ကမ္ဘာ့လက်ဝှေ့ပြိုင်ပွဲသို့ မြန်မာကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ စက်တင်ဘာ- ၇**

အဇာဘိုင်ဂျန်နိုင်ငံတွင်ကျင်းပပြုလုပ်မည့် ကမ္ဘာ့လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲသို့ မြန်မာအမျိုးသား လက်ဝှေ့ကစားသမားနှစ်ဦးပထမဆုံးအကြိမ်ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါပြိုင်ပွဲကို အဇာဘိုင်ဂျန်နိုင်ငံ၊ Baku မြို့တွင် စက်တင်ဘာ ၂၂ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိပြုလုပ်သွားမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ မောင်ငယ်(၅၂ကီလိုတန်း)နှင့် ကျော်ကျော်လတ်(၅၆ ကီလိုတန်း)တို့ဝင် ရောက်ယှဉ်ပြိုင်သွားမည်ဖြစ် သည်။

ပြိုင်ပွဲဝင်နိုင်ငံများသည် ယင်းပြိုင်ပွဲမတိုင်ခင် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်အစီအစဉ်ဖြင့် ပူးတွဲလေ့ကျင့်မှုများ နှစ်ပတ်ကြာပြုလုပ်သွားမည်ဖြစ်ရာ အဆိုပါအစီအစဉ်တွင် မြန်မာလက်ဝှေ့ကစားသမားနှစ်ဦးလည်းပါဝင် လေ့ကျင့်သွားမည်ဖြစ်သည်။

"ကမ္ဘာ့လက်ဝှေ့တံခွန်စိုက်ပြိုင်ပွဲကို မြန်မာ(အမျိုးသား)ကစားသမားတွေဒါပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်တာပါ။ ပြိုင်ပွဲမတိုင်ခင် ကမ္ဘာ့အဆင့် ကစားသမားတွေနဲ့ ပူးတွဲလေ့ကျင့်ခွင့်ရရှိတဲ့အတွက် နည်းစနစ်ပိုင်းအတွေ့ အကြုံအများကြီးရရှိစေမှာပါ"ဟု မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

အပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ်(AIBA)သည် ၎င်းပြိုင်ပွဲအတွက် မြန်မာနိုင်ငံအား ယခုနှစ်တွင် ပထမဆုံးအကြိမ် စတင်ဖိတ်ခေါ်ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများ၏ ကုန်ကျစရိတ်အားလုံးကို (AIBA)မှ ကျခံပေးခြင်းဖြစ်ကြောင်းသိရသည်။

## စာ(၅၀) - အားကစားကြယ်ပွင့် မှ



**ငယ်ဘဝနှင့် အပြေးသမားဘဝ**

ယိုဟန်ဘလိက်ကို ဂျမေကာနိုင်ငံစိန့်ဂျိမ်းစ်မြို့မှာ မွေးဖွားခဲ့ပြီး ၁၉၈၉၊ ဒီဇင်ဘာ ၂၆ မှာမွေးခဲ့တာမို့ယခုဆို သူ့အသက် ၂၂ နှစ်ထဲရောက်ရှိနေပါပြီ။ ၎င်းဟာ ငယ်စဉ်က CARIFTA Games ပြိုင်ပွဲမှာအငယ်တန်းအဆင့်မီတာ ၁၀၀ ပြိုင်ပွဲကို စံချိန် ၁၀ ဒသမ ၁၁ စက္ကန့်ရအောင် ပြေးနိုင်ခဲ့ပြီး မီတာ ၂၀၀၊ မီတာ ၄၀၀ လက်ဆင့်ကမ်းနဲ့မီတာ ၁၀၀ လက်ဆင့်ကမ်းပြိုင်ပွဲတွေမှာပါ အသင်းဖော်တွေနဲ့အတူ နိုင်ပွဲတွေရခဲ့ပါတယ်။ ၎င်းဟာ အငယ်တန်းအဆင့်မှ အကြီးတန်းအဆင့်ပြိုင်ပွဲတစ်ပွဲဖြစ်တဲ့ ၂၀၀၉ ရီဘွတ်ခ်ဂရင်းပရက်စ် ပြိုင်ပွဲမှာတော့ မီတာ ၁၀၀ ပွဲစဉ်မှာ တိုင်ဆန်ဂေး၊ အဆာဖာပိုဝဲလ်စတဲ့ ထိပ်တန်းအပြေးသမားတွေနောက်က တတိယချိတ်ခဲ့ပြီးအငယ်တန်းကစားသမားအဆင့်နဲ့ မီတာ ၁၀၀ ကို ၁၀ စက္ကန့်အောက်စံချိန် (၉ ဒသမ ၉၆) စက္ကန့်နဲ့ ပြေးနိုင်ခဲ့ပြီး လူငယ်ကစားသမားဘဝ စံချိန်သစ်တစ်ခု ရခဲ့ပါတယ်။

ဒီလိုနဲ့လူငယ်ကစားသမားဘဝမှာပဲ အောင်မြင်မှုတွေ အရှိန်ရလာခဲ့တဲ့ ဘလိတ်ဟာ ၂၀၀၉ ကမ္ဘာ့ချန်ပီယံရှစ် ပြိုင်ပွဲမစတင်ခင်မှာတော့ တားမြစ်ဆေးသုံးစွဲမှုသံသယနဲ့ ဂျမေကာ တားမြစ်ဆေးသုံးစွဲမှု ပိတ်ပင်ရေး ကော်မရှင်ရဲ့စစ်ဆေးမှုကိုခံခဲ့ရပါတယ်။ ယင်းအဖွဲ့ဟာ ၎င်းကိုဆေးစစ်ချက်အရ ကမ္ဘာ့တားမြစ်ဆေးသုံး စွဲမှု တိုက်ဖျက်ရေး အေဂျင်စီ WADA ရဲ့စာရင်းထဲ မပါဝင်တဲ့ဆေးတစ်မျိုး (4-Methyl-2-Hexanamine) သုံးစွဲတာတွေ့ရတာကြောင့် နမူနာအနေနဲ့ကစားခွင့်ပိတ်ပင်မှု ပြုလုပ်ခဲ့ပါတယ်။ ဒါ့ကြောင့် ဂျမေကာ အပျော်တမ်းပြေးခုန်ပစ် အသင်းကလည်း ဘလိက်ကို လက်ဆင့်ကမ်းပြိုင်ပွဲတွေမှာ ဝင်ပြိုင်ခွင့် ပိတ်ပင်ခဲ့ပြီး ၎င်းတို့နဲ့အတူ အခြားအပြေးသမားတွေဖြစ်တဲ့ မာဗင်အန်ဒါဆင်၊ ရှုရီအန်းဘရွတ်ခ်တို့ကိုပါ ပြိုင်ပွဲကစားခွင့်သုံးလစီ ပိတ်ပင်ခဲ့ပြီး ဘလိက်ရဲ့အောင်မြင်မှုအရှိန်အဟုန်တွေရပ်တန့်ခံခဲ့ရပါတယ်။

ဒီနောက် ၂၀၁၁ ထဲရောက်မှာတော့ ဘလိက်ဟာ ကမ္ဘာ့အဆင့်ပြိုင်ပွဲတွေမှာ အောင်ပွဲခံနိုင်ဖို့ အပြင်းအထန်လေ့ကျင့်ခဲ့ပြီး ဒေဂူ ၂၀၁၁ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲအတွက်အထူးပြင်ဆင်ခဲ့ပါတယ်။ ၎င်းဟာဒီပြိုင်ပွဲမှာ တစ်နိုင်ငံတည်းသားအသင်းဖော် အူစိန်ဘော့ တာထွက်မှားလို့ ပြိုင်ပွဲမှထွက်ခဲ့ရပြီးနောက်နိုင်ငံအတွက် အကောင်းဆုံးစွမ်းဆောင်မှုအနေနဲ့ မီတာ ၁၀၀ ပွဲစဉ်မှာ စံချိန် ၉ ဒသမ ၉၂ စက္ကန့်ရကာ ဗိုလ်စွဲခဲ့ပါတယ်။ ဒါဟာ သူ့အတွက်ကတော့ တစ်ချိန်ကတားမြစ်ဆေး အရိပ်ကြောင့် အမည်းစက်ထင်ခဲ့ရတဲ့ အားကစားသမားဘဝကို အသစ်ပြန်လည် တည်ဆောက်နိုင်ခြင်းပဲဖြစ်ပါတယ်။ ဘလိက်ဟာ ဒေဂူပြိုင်ပွဲမှာ လေးယောက်တွဲမီတာ ၄၀၀ လက်ဆင့်ကမ်းပြိုင်ပွဲမှာလည်း အသင်းဖော်တွေနဲ့အတူ ဗိုလ်စွဲခဲ့ပြီး ဂျမေကာအသင်းကပဲ ၂၀၀၈ ဘေဂျင်းအိုလံပစ်မှာ တင်ခဲ့တဲ့စံချိန်ဟောင်းကိုစံချိန်သစ် ၃၇ ဒသမ ဝ၄ စက္ကန့်စံချိန်သစ်နဲ့ ချိုးဖျက်ပြနိုင်ခဲ့ပါတယ်။ ဘလိက်ဟာ ဒီနှစ်ထဲမှာ ၂၀၁၁ နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ် ဒိုင်းမွန်းလိဂ်ပြိုင်ပွဲမှာလည်း မီတာ ၁၀၀ မှာ အဆာဖာပိုဝဲလ်ကို အနိုင်ရကာ တစ်ဦးချင်းအကောင်းဆုံးစံချိန် ၉ ဒသမ ၈၂ စက္ကန့်ကို ရရှိထားတယ်။

ဒါ့ကြောင့်ပရိသတ်တွေအနေနဲ့လည်း ၂၀၀၅ ကမ္ဘာ့လူငယ်ချန်ပီယံရှစ်အပြေးပြိုင်ပွဲကစလို့ ပြေးခုန်ပစ်လောကရဲ့ ကြယ်တစ်ပွင့်ဖြစ်လာခဲ့တဲ့ယိုဟန်ဘလိက်က လက်ရှိမှာ မီတာ ၁၀၀ ကမ္ဘာ့ချန်ပီယံဖြစ်ရုံသာမက နောင်နှစ်မှာလည်း အူစိန်ဘော့ရဲ့ လက်ရှိမီတာ ၁၀၀ ကမ္ဘာ့စံချိန်ကိုပါ ချိုးဖျက်ပြီး စံချိန်သစ် တင်နိုင်ဦးမလား စောင့်ကြည့်ရဦးမှာပါ။

7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

# စပါး-လီဗာပူး၊ မန်ယူ-ချယ်ဆီး တနင်္ဂနွေပွဲကြီးပွဲကောင်းတွေနဲ့

## ပရီးမီးယားလိဂ်ပွဲစဉ် ၅ ပွဲကြိုခန့်မှန်းချက်

ကိုအေးမြတ်



ဒီတစ်ပတ်ပရီးမီးယားလိဂ်ပွဲစဉ် ၅ မှာတနင်္ဂနွေပွဲတွေအဖြစ် စပါး-လီဗာပူးပွဲနဲ့ မန်ယူ-ချယ်လ်ဆီး ထိပ်တိုက်တွေ့ဆုံမှုတွေပါဝင်နေပါတယ်။ ဒါ့အပြင် ယမန်နှစ်က အိမ်ကွင်းမှာ အနိုင်မရဘဲ ဂိုးမရှိသရေကျခဲ့တဲ့ ဘလက်ဘန်းကို ခြေစွမ်းမတည်ငြိမ်သေးတဲ့ အာဆင်နယ်တို့ ယခုအိမ်ကွင်းပွဲမှာ ဘယ်လိုရင်ဆိုင်မလဲဆိုတာလည်း စောင့်ကြည့်ရဦးမှာပါ။ မန်စီးတီးအသင်းကတော့ လီဗာပူး၊ ချယ်လ်ဆီးတို့လို အဝေးကွင်းပွဲတွေ ကစားရမှာဖြစ်ပေမယ့် ဖူလ်ဟမ်နဲ့တွေ့မှာမို့ အရေးသာနိုင်ပါတယ်။

**<u>၁၇ စက်တင်ဘာ စနေ</u>**

**ဘလက်ဘန်း - အာဆင်နယ်**
**ညနေ ၆ နာရီ ၁၅ မိနစ်**
**ယမန်နှစ်ရလဒ် ၁-၂**

အာဆင်နယ်တို့အတွက် ဒီရာသီအဖွင့်မှာ အဝေးကွင်းခြေစွမ်းထပ်မံစမ်းသပ်ရမယ့် ပွဲပါ။ ဘလက်ဘန်းတို့ ရာသီအဖွင့် သုံးပွဲစလုံး ရှုံးနိမ့်ခဲ့ပြီး ဇယားအောက်ခြေမှာ ရောက်နေတာမို့ ရိုဆစ်စကီး၊ ဗန်ပါစီတို့ရဲ့ အာဆင်နယ်အလယ်တန်းကပဲ အဝေးကွင်းမှာ ဖိကစားပြီးအနိုင်ရသွားမှာပါ။ ညှော်သည် အာဆင်နယ်တို့ အပြန်အလှန်သွင်းဂိုးတွေနဲ့ နိုင်မယ့်ပွဲပါ။

**ဗီလာ - နယူးကာဆယ်**
**ည ၈ နာရီ ၃၀ မိနစ်**
**ယမန်နှစ်ရလဒ် ၁-၀**

ဗီလာဟာ ယမန်နှစ်က နယူးကာဆယ်အိမ်ကွင်းမှာ ခြောက်ဂိုးပြတ်ရှုံးနိမ့်ခဲ့ရပေမယ့် အိမ်ကွင်းဗီလာပါ့ခ်မှာတော့ ပြန်အနိုင်ယူပြခဲ့တယ်။ ဗီလာတို့ရာသီအဖွင့်သရေပွဲများနေပေမယ့် ဒီပွဲမှာ ညှော်သည်နယူးကာဆယ်ကို ကပ်နိုင်ခြေရှိနေပါတယ်။

**ဘောလ်တန် - နော်ဝစ်ချ်စီးတီး**
**ည ၈ နာရီ ၃၀ မိနစ်**
**ယမန်နှစ်ရလဒ် - မရှိ**

ရာသီအဖွင့်မှာ ရှုံးပွဲဆက်ခဲ့တဲ့ဘောလ်တန်တို့ ဒီအိမ်ကွင်းပွဲမှာအနိုင်ရဖို့ကြိုးစားပါလိမ့်မယ်။ ဘောလ်တန်ရဲ့ အိမ်ကွင်းကစားကွက်ကြောင့် နော်ဝစ်ချ်တို့အများဆုံးသရေပဲ ရနိုင်ခြေရှိတယ်။ ဘောလ်တန်တို့ ဂိုးအနည်းနဲ့ရွေးသင့်ပါတယ်။

**အဲဗာတန် - ဝီဂန်**
**ည ၈ နာရီ ၃၀ မိနစ်**
**ယမန်နှစ်ရလဒ် ၀-၀**

ယမန်နှစ်က နှစ်ကျော့စလုံး သရေပွဲတွေဖြစ်ခဲ့တဲ့အတွက် ဒီနှစ်တွေ့ဆုံမှုမှာတော့ အိမ်ရှင်အဲဗာတန်တို့ ခြေကုန်ထုတ်ကစားသွားရမှာပဲ။ အဲဗာတန်တို့ ရာသီအဖွင့်မှာအိမ်ကွင်းရလဒ်ကောင်းခဲ့တာမို့ဒီပွဲကိုလည်း ဂိုးအနည်းနဲ့ ကပ်နိုင်ခြေရှိတယ်။

**ဆွမ်းဆီး - ဝက်စ်ဘရွန်း**
**ည ၈ နာရီ ၃၀ မိနစ်**
**ယမန်နှစ်ရလဒ် - မရှိ**

အိမ်ရှင်ဆွမ်းဆီးတို့ ရာသီအဖွင့် သုံးပွဲ ဆက်တိုက် အနိုင်ပျောက်ဆုံးနေတယ်။ ဝက်စ်ဘရွန်းကတော့ သရေပွဲတောင်မရှိဘဲ ဆက်တိုက်သုံးပွဲဆုံးရှုံးထားတယ်။ သရေဖြစ်နိုင်ခြေရှိပြီး နိုင်ခြေအနည်းငယ်သာနေတာ ညှော်သည် ဝက်စ်ဘရွန်းပါပဲ။ ဂိုးမများလောက်တဲ့ပွဲဖြစ်မယ်။

**ဝုလ် - ကျူပီအာ**
**ည ၈ နာရီ ၃၀ မိနစ်**
**ယမန်နှစ်ရလဒ် - မရှိ**

ဝုလ်ဟာ ရာသီအဖွင့်မှာ တောက်လျှောက်ခြေစွမ်းကောင်းခဲ့ပြီး ဒီအိမ်ကွင်းပွဲမှာလည်း တန်းတက်ကျူပီအာကို အနိုင်သုံးမှတ်ယူဖို့ အသင့်ပါပဲ။ ညှော်သည်ကျူပီအာတို့ အဝေးကွင်းနိုင်ပွဲရဖို့ခက်ခဲပြီး သရေလောက်သာ အမြင့်ဆုံးမှန်းနိုင်မှာပါ။ အိမ်ရှင်ဝုလ်ကို နှစ်ဂိုးလောက်နဲ့ ရွေးသင့်တယ်။

**<u>၁၈ စက်တင်ဘာ တနင်္ဂနွေ</u>**

**ဆန်းဒါးလန်း - စတုတ်စီးတီး**
**ညနေ ၆ နာရီ ၃၀ မိနစ်**
**ယမန်နှစ်ရလဒ် ၂-၀**

ယမန်နှစ်က နှစ်ကျော့စလုံးမှာတစ်ပွဲစီ အပြန်အလှန်နိုင်ခဲ့တဲ့အသင်းတွေဖြစ်ပါတယ်။ ဆန်းဒါးလန်းတို့ ဒီရာသီအဖွင့်မှာ သရေပွဲတွေများနေတာမို့ စတုတ်ကိုထိန်းကစားမှ အိမ်ကွင်းမှာ အခြေအနေကောင်းမယ်။ သရေ(သို့မဟုတ်) သွင်းဂိုးအများနဲ့ စတုတ်တို့နိုင်ခြေရှိတဲ့ပွဲပါ။

**စပါး - လီဗာပူး**
**ညနေ ၇ နာရီ**
**ယမန်နှစ်ရလဒ် ၂-၁**

လန်ဒန်မြို့ခံစပါးတို့ လီဗာပူးကို ယမန်နှစ်က နှစ်ကျော့စလုံး နိုင်ခဲ့တာ အံ့ဩစရာမဟုတ်ပါဘူး။ ဒါပေမဲ့ စပါးရဲ့ကွင်းလယ်နဲ့ တိုက်စစ်ဟာ ဒီရာသီအဖွင့်မှာတော့ ဂိုးသွင်းခြေ မရှိသလောက်ဖြစ်နေပါတယ်။ ညှော်သည် လီဗာပူးတို့ ဆွာရက်ဇ်၊ ဒေါ့ကုချ်တို့ရဲ့ တိုက်စစ်နဲ့ အဝေးကွင်းနိုင်ပွဲရသွားနိုင်တယ်။ ဂိုးနည်းပါလိမ့်မယ်။

**ဖူလ်ဟမ် - မန်စီးတီး**
**ည ၈ နာရီ ၃၀ မိနစ်**
**ယမန်နှစ်ရလဒ် ၁-၄**

ဖူလ်ဟမ်တို့ ရာသီအဖွင့်မှာ အိမ်ကွင်းရှုံးပွဲဆက်နိုင်ခြေရှိနေပါပြီ။ မန်စီးတီးဟာ တိုက်စစ်မှူးအဂူရိုအပါအဝင် ဒီဇီကို၊ တိုရေး၊ ဆေးလ်ဗားတို့ရဲ့ ကွင်းလယ်လှုပ်ရှားမှုနဲ့ ဂိုးသွင်းအားကောင်းနေပြီး အဝေးကွင်းဆိုပေမယ့် ဦးဆောင်ကစားသွားမှာပါ။ မန်စီးတီးတို့ နှစ်ဂိုးအသာလောက်ရနိုင်တဲ့ပွဲပါပဲ။

စာ(၅၁)သို့



7 DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011

# အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် တောမီးကြောင့် အိမ် ၅၀၀ လောင်ကျွမ်း

**တက္ကဆက်၊ စက်တင်ဘာ - ၆**


Photo- Reuters

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် မိုးရေငတ်နေသောလယ်ယာမြေများနှင့် မြင်းမွေးမြူရေးခြံကြီးများကို မီးစွဲလောင်ခဲ့ရာ လူနေအိမ်ပေါင်း ၅၀၀ ခန့် ပျက်စီးသွားကြောင်းသိရသည်။ အပူပိုင်းမုန်တိုင်း'လီ'၏ အကြွင်းအကျန်လေတိုက်ခတ်မှုကြောင့်လည်း တောမီးမှာ ထိန်းမနိုင် သိမ်းမနိုင်ဖြစ်ခဲ့ရသည်။

အော်စတင်မြို့အရှေ့ဘက်ဘက်စထရော့ပ်ဒေသတွင် မီးလောင်ကျွမ်းမှုကြောင့် လူပေါင်း ၅၀၀ ခန့်မှာ အိမ်များမှ ရွှေ့ပြောင်းနေထိုင်ခဲ့ရသည်။ ကိုလိုရာဒိုမြစ်ကမ်းနဖူးပေါ်ရှိ လူဦးရေ ၆,၀၀၀ နေထိုင်သည့် ဘက်စထရော့ပ်မြို့ပေါ်တွင် မီးခိုးများ ဖုံးလွှမ်းနေသည်။

တောမီးသည် မြေကေပေါင်း ၂၅,၀၀၀ ကို ဝါးမျိုသွားပြီး ၁၆ မိုင်ရှည်လျားသော လမ်းကြောင်းတစ်လျှောက် လောင်ကျွမ်းသွားခဲ့သည်ဟု တက္ကဆက်သစ်တောဌာနအရာရှိများကပြောသည်။

တောင် ကယ်ရိုလိုင်းနားပြည်နယ်သို့ သွားရောက်၍ ရီပတ်ဘလေကန် သမ္မတလောင်းအမည် စာရင်းတင်သွင်းရေးမဲဆွယ်နေသည့် တက္ကဆက်ပြည်နယ်အုပ်ချုပ်ရေးမှူး ရစ်ပယ်ရီသည်လည်း တောမီးကြောင့် ၎င်း၏ ပြည်နယ်သို့ပြန်လာခဲ့ရသည်။

အာဏာပိုင်များကလည်း နေရာပေါင်း၆၃နေရာတွင်လောင်ကျွမ်းနေသော တောမီးများကို ငြိမ်းသတ်နိုင်ရန် ကြည်းတပ်၊ လေတပ် တပ်ဖွဲ့ဝင်များ၏ အကူအညီရယူထားသည်။ အပူပိုင်းမုန်တိုင်း 'လီ' မဝင်ရောက်မီ တက္ကဆက်ပြည်နယ်သည်နှစ်ပေါင်း၅၀အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုကို ခံစားခဲ့ရသည်။

—*Ref: AP*

# တရုတ်အရပ်ဘက်သုံး ရဟတ်ယာဉ် စမ်းသပ်မှုအောင်မြင်

**ဘေဂျင်း၊ စက်တင်ဘာ - ၆**

တရုတ်နိုင်ငံသည်ပြည်တွင်း၌ပင် အရပ်ဘက်သုံးအဖြစ် ထုတ်လုပ်ထားသော ရဟတ်ယာဉ်ကို စမ်းသပ်မောင်းနှင်ခဲ့ရာ အမြင့် မီတာ ၈,၀၀၀ အထိ အောင်မြင်စွာ ပျံသန်းနိုင်ခဲ့ကြောင်းသိရသည်။

AC-313 ဟု အမည်ပေးထားသော ရဟတ်ယာဉ်ကို တရုတ်လေကြောင်း စက်မှုကော်ပိုရေးရှင်းက တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး စက်တင်ဘာလ ၂ ရက်က ကျင်ဟိုင်းပြည်နယ် ဂေါင်ဟီလေဆိပ်မှ အောင်မြင်စွာ စမ်းသပ်ပျံသန်းနိုင်ခဲ့ကြောင်းသိရသည်။

အဆိုပါရဟတ်ယာဉ်သည် အလေးချိန် ၁၃ ဒသမ ၈ တန်အထိ သယ်ဆောင်နိုင်ပြီး ပို့ဆောင်ဆက်သွယ်ရေး၊ တောမီးကာကွယ်ရေး၊ အရေးပေါ်ရှာဖွေရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝဘေးကာကွယ်ရေးနှင့် ဆေးဝါးအကူအညီများ ထောက်ပံ့ရာတွင် သုံးနိုင်မည့် အရပ်ဘက်သုံး ရဟတ်ယာဉ်ဖြစ်သည်။ တရုတ်ပညာရှင်များသည် ရဟတ်ယာဉ်ကို ပြီးခဲ့သည့်နှစ် မတ်လမှစ၍ စမ်းသပ်ပျံသန်းခဲ့ကြသည်။

—*Ref: Xinhua*

# ယခုနှစ်အတွင်း စပါးတန်ချိန် သန်း ၂၀ ပြည်ပတင်ပို့ရန် ရုရှားစီစဉ်

**မော်စကို၊ စက်တင်ဘာ - ၆**

ရုရှားနိုင်ငံသည် ယခုနှစ်အတွင်း စပါးတန်ချိန် သန်း၂၀ ခန့်ကို ပြည်ပသို့ တင်ပို့သွားရန် စီစဉ်ထားကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနကပြောကြားသည်။

ဝန်ကြီးဌာန၏ အဆိုအရ အဆိုပါပို့ကုန်များကို အစဉ်အလာအတိုင်း ဝယ်ယူနေကျနိုင်ငံများဖြစ်သော အီဂျစ်၊ ဆော်ဒီအာရေးဗီးယားနှင့် တူရကီနိုင်ငံများသို့ တင်ပို့မည်ဟုဆိုသည်။ စိုက်ပျိုးရေးဝန်ကြီး ယယ်လင်နာစကရင်နစ်ခ်ကလည်း ရုရှားတွင် ပြည်ပတင်ပို့မည့် ဆန်စပါးအများစုကို တောင်ပိုင်းနှင့် မြောက်ပိုင်း ကော့ကေးဆပ်ခရိုင်များမှ ထုတ်လုပ်ခြင်းဖြစ်ကြောင်း နိုင်ငံအလယ်ပိုင်းနှင့် ဗော်လဂါဒေသ ခရိုင်များမှ ထွက်ရှိသော ဆန်စပါးများကိုမူ ပြည်တွင်းစားသုံးမှုအတွက် အဓိကထုတ်လုပ်ကြောင်း ဆိုသည်။

ယခုအချိန်အထိ ရုရှားနိုင်ငံ ဆန်စပါးတန်ချိန် ၆၈ သန်းခန့် ရိတ်သိမ်းပြီးဖြစ်ကာ ၂၀၁၀ ပြည့်နှစ်ကထက် တန်ချိန်ရှစ်သန်း ပိုမိုထုတ်လုပ်နိုင်ခဲ့ကြောင်းသိရသည်။ ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာနသည် ပြီးခဲ့သောဇူလိုင်လက ဆန်စပါး တင်ပို့မှုကို မူလတန်ချိန် ၁၅ သန်းမှ ၁၈ သန်းအထိ တင်ပို့ရန် ပြောင်းလဲခန့်မှန်းခဲ့သည်။

—*Ref: Xinhua*

# အခွန်တိမ်းရှောင်သူများ၏ အချက်အလက်များ အမေရိကန် တောင်းဆိုနေခြင်းကို ဆွစ်ဘဏ်များ ငြင်းဆို

**ဂျီနီဗာ၊ စက်တင်ဘာ - ၆**



Photo- Reuters

အခွန်ထမ်းဆောင်ခြင်းများ လိမ်ညာရန် ဆွစ်ဇာလန်နိုင်ငံတွင် ဘဏ်စာရင်းများ ဖွင့်ထားသည့် အမေရိကန်နိုင်ငံသားများ၏ အသေးစိတ်အချက်အလက်များကိုလွှဲပြောင်းပေးရေးကိုရည်ရွယ်၍ အမေရိကန်နှင့် အခွန်သဘောတူညီချက်အသစ်တစ်ခု ချုပ်ဆိုရေးကို ဆွစ်ဇာလန်ဘဏ်လုပ်ငန်းရှင်များအဖွဲ့က ရှုတ်ချပြောဆိုလိုက်ကြောင်းသိရသည်။

ဆွစ်ဇာလန်ဘဏ်များအစည်းအရုံး ဥက္ကဋ္ဌ ပက်ထရစ်အိုဒီယာက အစိုးရနှင့် ဆွစ်ပြည်သူများအနေဖြင့် စည်းစည်းလုံးလုံး ရပ်တည်၍ နိုင်ငံအားလုံးအတွက် အကျိုးဝင်မည့် အဖြေတစ်ခုဖော်ထုတ်ရန် တိုက်တွန်းပြောကြားသည်။ အမေရိကန်နှင့် ဆွစ်ဇာလန်နိုင်ငံရေးသမားများသည် တည်ဆဲသဘောတူညီချက်များဖြင့် ပြဿနာကိုဖြေရှင်းရန်လည်း ၎င်းကပြောကြားသည်။

"နှစ်နိုင်ငံကြား ဒုတိယအကြိမ် သဘောတူညီချက်ကိုရှောင်ရှားရပါမယ်။ အမေရိကန်ကလည်း ဒါကို လေးစားဖို့လိုပါတယ်"ဟု ဆွစ်ဘဏ်လုပ်ငန်းရှင်များ ဥက္ကဋ္ဌကပြောကြားသည်။

နှစ်ထပ်ကွမ်း အခွန်ကောက်ရေးသဘောတူညီချက်ကို ၂၀၀၉ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံက အတည်ပြုခဲ့သည်။ သို့သော် ယင်းကို အမေရိကန် အထက်လွှတ်တော်က အတည်မပြုရသေးပေ။ ပြီးခဲ့သည့်နှစ်ကလည်း အမေရိကန်သည် ဆွစ်ဇာလန်နှင့် အခွန်ကောက်ခံရေး သီးခြားသဘောတူညီချက်ရရှိရန် ဖိအားပေးခဲ့သည်။ အမေရိကန်ထောင်ပေါင်းများစွာ၏ နိုင်ငံရပ်ခြားငွေစာရင်းများနှင့် ပတ်သက်၍လည်း ဆွစ်ဇာလန်နိုင်ငံ၏ ဘဏ္ဍာရေးလျှို့ဝှက်မှု ဥပဒေများကိုချိုးဖောက်ရန် အမေရိကန်ကဖိအား ပေးခဲ့သည်။

—*Ref: Agencies*






7 DAY NEWS JOURNAL
Vol.10, No.26 · SEPTEMBER 15, 2011

## နယူးဒေလီဗုံးပေါက်ကွဲမှုကို အမျိုးသားစုံစမ်းစစ်ဆေးရေးအေဂျင်စီ လွှဲပြောင်းရယူ



Photo- AP

**နယူးဒေလီ၊ စက်တင်ဘာ - ၈**

စက်တင်ဘာလ ၇ ရက်က ဖြစ်ပွားခဲ့သော နယူးဒေလီမြို့ တရားရုံးချုပ် ဗုံးပေါက်ကွဲမှု စုံစမ်းစစ်ဆေးမှုကို အသစ်ဖွဲ့စည်းထားသည့် အမျိုးသားစုံ စမ်းစစ်ဆေးရေးအေဂျင်စီ(NIA)က လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုမှာ ၎င်းတို့လက်ချက်ဟု ဟာကတ်အယ်လ်ဂျီဟတ်အစ္စလာမီ(HuJI)အဖွဲ့၏ ပြောကြားမှုကို အလေးအနက်ထား ကြည့်ရှုနေကြောင်း၊ ယင်းအဖွဲ့မှာ ထင်ရှားသော အကြမ်းဖက်အုပ်စုဖြစ်ပြီး အိန္ဒိယအားနံပါတ်တစ်ပစ်မှတ်အဖြစ် သတ်မှတ်ထားသည့်အဖွဲ့ဖြစ်ကြောင်း NIA ၏ ညွှန်ကြားရေးမှူးချုပ် အက်၊စီ၊ ဆင်းဟာက သတင်းထောက်များအားပြောသည်။

၂၀၀၈ ခုနှစ် နိုဝင်ဘာလ မွန်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုနောက်ပိုင်းတွင် အမျိုးသားစုံစမ်းစစ်ဆေးရေးအေဂျင်စီအား ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ယခုစစ်ဆေးမှုမှာ ယင်းအဖွဲ့က ပထမဦးဆုံးကိုင်တွယ်စစ်ဆေးမည့်အရေးကိစ္စဖြစ်လာသည်။ ယခု ဗုံးပေါက်ကွဲမှုကိုစစ်ဆေးရန် NIA က အဖွဲ့ဝင် ၂၀ ဦးပါ အဖွဲ့ကို ဖွဲ့စည်းထားသည်။

ဗုံးပေါက်ကွဲမှုကြောင့် လူကိုးဦးသေဆုံးခဲ့ပြီး ၄၅ ဦးဒဏ်ရာရရှိကြောင်း အစောပိုင်းတွင် သတင်းများက ဖော်ပြခဲ့သော်လည်း နောက်ပိုင်း၌ လူ ၁၁ ဦးသေဆုံးပြီး ၇၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အိန္ဒိယပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်သည်။

ဗုံးဖောက်ကွဲမှုမှာ 'အကြမ်းဖက်သမားတို့၏ သဘာဝအတိုင်း သူရဲဘောနည်းသောလုပ်ရပ်ဖြစ်ကြောင်း' အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းကပြောကြားသည်။ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် လုံခြုံရေးကောင်စီတို့ကလည်း ဗုံးဖောက်ကွဲမှုကို ပြင်းပြင်းထန်ထန်ရှုတ်ချလိုက်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ်တစ်ဦးကပြောကြားသည်။



*—Ref: The Hindu/AFP*

## အတ္တလန်တစ်သမုဒ္ဒရာတွင် မုန်တိုင်းသုံးလုံးဖြစ်ပေါ်နေ

**မီယာမီ၊ စက်တင်ဘာ - ၈**

အမေရိကန်နိုင်ငံ၊ မက္ကစီကိုပင်လယ်ကွေ့အနောက်ပိုင်းတွင် အပူပိုင်းမုန်တိုင်း 'နာတီ'အသက်ဝင်လာစဉ်မှာပင် အတ္တလန်တစ်သမုဒ္ဒရာတွင်'မာရီယာ'မုန်တိုင်း ဖြစ်တည်လာပြီး'ကာတီယာ'ဟာရီကိန်းမုန်တိုင်းမှာ ဘာမူဒါနှင့် အမေရိကန်အရှေ့ဘက်ကမ်းခြေ တွင် လှိုင်းများထကြွလာစေ ကြောင်း မိုးလေဝသခန့်မှန်းသူများကပြောကြားသည်။

ယင်းအပူပိုင်း ဆိုင်ကလုန်းမုန်တိုင်းများမှာ ဇွန်လမှ နိုဝင်ဘာလကာလ အစဉ်အလာဖြစ်သော ဟာရီကိန်းမုန်တိုင်းရာသီတွင် ဖြစ်ပေါ်လာခြင်းဖြစ်သည်။ "တစ်နှစ်လုံး ဒီအချိန်ဆိုရင် ဟာရီကိန်းရာသီရဲ့ အထွတ်အထိပ်ကိုရောက်လာတာပါပဲ"ဟု မီယာမီရှိ အမေရိကန်အမျိုးသားဟာရီကိန်းစင်တာမှ ဟာရီကိန်းကျွမ်းကျင်သူဂျွန်ကန်ဂျီရာလိုစီကပြောသည်။

'နာတီ'အပူပိုင်းမုန်တိုင်းသည် မက္ကစီကိုပင်လယ်ကွေ့ ကမ်ပါချီဒေသအနီးတွင် ဖွဲ့စည်းဖြစ်တည်လာခဲ့ရာ မက္ကစီကိုအစိုးရက ၎င်း၏ ကမ်းခြေတစ်လျှောက် မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ထားသည်။'နာတီ'မုန်တိုင်းသည်လောလောဆယ်၌အပူပိုင်းမုန်တိုင်းအဆင့်တွင် ရှိသေးသော်လည်း နောက်ပိုင်းတွင် ဟာရီကိန်း အဖြစ်အားကောင်းလာကာ မက္ကစီကိုကမ်းရိုးတန်းမြောက်ဘက်နှင့် အရှေ့မြောက်သို့ ဦးတည်နိုင်သည်ဟုခန့်မှန်းထားသည်။

အတ္တလန်တစ်သမုဒ္ဒရာတွင် ဖြစ်ပေါ်လာသည့် 'မာရီယာ'မုန်တိုင်းကလည်း ပွာတိုရီကိုနှင့် လီဝါ့ဒ်ကျွန်းများကို ခြိမ်းခြောက်နေကြောင်းသိရသည်။

'ကာတီယာ'မုန်တိုင်းမှာ လွန်ခဲ့သည့်နှစ်ရက်အတွင်း အားပျော့လာသော်လည်း လေတိုက်နှုန်း မိုင် ၈၀ ရှိ ပြင်းအားအဆင့်တစ် ဟာရီကိန်းမုန်တိုင်းအဖြစ်ရှိနေသေးပြီး ဘာမူဒါနှင့် အမေရိကန်အရှေ့ဘက်ကမ်းခြေဒေသကြားကို နှစ်ရက်အတွင်း ဝင်ရောက်လာမည်ဟု ခန့်မှန်းထားသည်။

*—Ref: Reuters*






7DAY NEWS JOURNAL
Vol.10, No.26 • SEPTEMBER 15, 2011

# အစ္စရေး – တူရကီပဋိပက္ခသည် တိုးတက်နေသည့် နှစ်ဖက်ကုန်သွယ်ရေးကို ခြိမ်းခြောက်နေ

**ဂျေရုဆလင်၊ စက်တင်ဘာ – ၈**

အစ္စရေးနှင့် တူရကီနှစ်နိုင်ငံကြား ဆက်ဆံရေး ယိုယွင်းလာမှုသည် ကာကွယ်ရေးနှင့် လုံခြုံရေးဆက်ဆံရေးကို ထိခိုက်သည်ထက် နှစ်ဖက်ကုန်သွယ်ရေးအပေါ် ပိုမိုသက်ရောက်မှုရှိနိုင်ကြောင်း ကျွမ်းကျင်သူများကပြောကြားသည်။

၂၀၁၀ ပြည့်နှစ် မေလက ဂါဇာသို့သွားရောက်မည့်ရေယာဉ်တန်းအား အစ္စရေးနိုင်ငံက စီးနင်းခဲ့ခြင်းနှင့်ပတ်သက်၍ မကြာသေးမီရက်ပိုင်းအတွင်း တစ်ချိန်က ရင်းနှီးမှုရှိခဲ့သော နှစ်နိုင်ငံဆက်ဆံရေးတွင် တင်းမာမှုများမြင့်တက်လာသည်။ အစ္စရေး၏စီးနင်းမှုကြောင့် တူရကီနိုင်ငံသားကိုးဦး သေဆုံးခဲ့သည်။



Photo- Getty Images

တူရကီအစိုးရသည် ကာကွယ်ရေးနှင့်ပတ်သက်သည့် ကုန်သွယ်မှုအပါအဝင် စစ်ဘက်ဆိုင်ရာဆက်ဆံမှုအားလုံးကို ဖြတ်တောက်သွားမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ် ရီကက်တေရစ်အာဒိုဂန်ကပြောကြားသည်။ ဂါဇာကမ်းမြောင်ဒေသသို့ သွားရောက်လည်ပတ်ရေးကိုပင် စဉ်းစားနေသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

"ပထမဦးဆုံးကတော့ သံတမန်ရေးထိုးနှက်ခံရတာပါပဲ"ဟု တူရကီနိုင်ငံမြို့တော်အန်ကာရာတွင် တာဝန်ထမ်းဆောင်ခဲ့သည့် အစ္စရေးသံတမန်ဟောင်း အလွန်လီရယ်က အေအက်ဖ်ပီသတင်းဌာနအားပြောကြားသည်။ အစ္စရေးနိုင်ငံ သံအမတ်ကြီးအား နှင်ထုတ်လိုက်ခြင်းသည်နှစ်ဖက်ဆက်ဆံရေးကောင်းမွန်မှုကို ထိခိုက်ပြီး အရှေ့အလယ်ပိုင်းတွင် အစ္စရေးနိုင်ငံ၏ အနေအထားကိုလည်း ထိခိုက်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

သို့သော် ပဋိပက္ခ၏ အကြီးမားဆုံးသက်ရောက်မှုကို မကြာမီနှစ်များအတွင်း တိုးပွားလာသည့် ပုဂ္ဂလိကကုန်သွယ်ရေးကဏ္ဍတွင် ခံစားရနိုင်ကြောင်းသိရသည်။

"ဆိုးကျိုးတွေရှိပါလိမ့်မယ်။ တူရကီမှာ စီးပွားရေးလုပ်ရတာ လုံခြုံမှုနည်းလာသလို အစ္စရေးက ခံစားရပါလိမ့်မယ်"ဟု အစ္စရေးသံတမန်က ပြောကြားသည်။ အစ္စရေး-တူရကီ စီးပွားရေးကောင်စီဒု-ဥက္ကဋ္ဌ ဒယ်နီရယ်ဇီ မက်ကလည်း "မကြာမီက အဖြစ်အပျက်တွေကြောင့် နှေးကွေးလေးကန်မှုတွေဖြစ်လာမှာကတော့ သဘာဝပါပဲ"ဟုပြောကြားသည်။

၂၀၁၀ ပြည့်နှစ်တွင် အစ္စရေးနိုင်ငံမှ တူရကီနိုင်ငံသို့ ကုန်ပစ္စည်းတင်ပို့မှုမှာ ကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံရှိပြီး တူရကီမှ ကုန်ပစ္စည်းတင်သွင်းမှုမှာ ကန်ဒေါ်လာ ၁ ဒသမ ၈ ဘီလီယံရှိကြောင်းနှင့် ယင်းမှာ ပြီးခဲ့သည့်နှစ်ကထက် ၃၀ ရာခိုင်နှုန်းခန့် တိုးတက်လာခြင်းဖြစ်ကြောင်း အစ္စရေး၏ စာရင်းဇယားများအရသိရသည်။ —*Ref: AFP*

# နိုင်ငံတကာရာဇဝတ်မှုခုံ ုံးက ယူဂိုဆလပ် စစ်ခေါင်းဆောင်ဟောင်းကို ထောင်ဒဏ် ၂၇ နှစ် ချမှတ်

**သည်ဟိတ်၊ စက်တင်ဘာ – ၇**

နိုင်ငံတကာရာဇဝတ်ခုံရုံးသည်ယခင်ယူဂိုဆလဗ်စစ်တပ်အကြီးအကဲ မွန်ဆီလိုပီရီဆစ်ကို ထောင်ဒဏ် ၂၇ နှစ် ကျခံစေရန်ချမှတ်လိုက်ကြောင်းသိရသည်။

တရားရုံးတော်က ၎င်းသည် ဘော့စနီးယား၊ ဟာဇီဂိုဗီးနားနှင့် ခရိုအေးရှားတို့တွင် စစ်ရာဇဝတ်မှုနှင့် လူသားမျိုးနွယ်အပေါ် မျိုးတုံးသတ်ဖြတ်မှုစွဲချက်များဖြင့် အပြစ်ရှိကြောင်း တွေ့ရှိရ၍ ယင်းသို့ ထောင်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ ပီရီဆစ်သည် ယူဂိုဆလဗ်စစ်ပွဲကာလတွင် ယူဂိုဆလဗ်စစ်တပ်အကြီးအကဲအဖြစ် ၁၉၉၃ မှ ၁၉၉၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် လက်နက်ချအဖမ်းခံခဲ့သည်။

၎င်းသည် ဆာရာဂျေဗိုမြို့တော်ကို လေးနှစ်ကြာ သိမ်းပိုက်ခဲ့မှုတွင် ပြည်သူများ သေဆုံးရမှုနှင့် ဘော့စနီးယားဆာ့ဗ်တပ်ဖွဲ့များက ဆရီဘရီနီကာ အစုလိုက်အပြုံလိုက်လူသတ်ပွဲကျူးလွန်ရာတွင်လည်း စစ်ရေးအကူအညီများပေးအပ်ခဲ့သည်။ ယခုကဲ့သို့ ၎င်းကို ထောင်ဒဏ်ချမှတ်ခြင်းသည် ဘော့စနီးယားစစ်ပွဲအပြီး စစ်ရာဇဝတ်ကောင်များကို ပြစ်ဒဏ်ချမှတ်ရာ၌ ပထမဆုံးအမှုဖြစ်လာသည်။ ယခင်ယူဂိုဆလဗ်သမ္မတဟောင်း ဆလိုဗိုဒန်မီလိုဆီဗစ်မှာလည်း စစ်ရာဇဝတ်မှုဖြင့် တရားစွဲခံခဲ့ရပြီး ၂၀၀၆ ခုနှစ်တွင် ဖမ်းဆီးခံရချိန်၌ပင် သေဆုံးခဲ့သည်။ —*Ref: Xinhua*



7 DAY NEWS JOURNAL

# International

Vol.10, No.26 • SEPTEMBER 15, 2011

## နောက်ဆုံး ခံစစ်မြို့များကို အာရုံစိုက်နေစဉ် ကဒါဖီ၏သားတစ်ဦး နိုင်ဂျာနိုင်ငံသို့ထွက်ပြေး

**ဘာနီဝါလစ်၊ စက်တင်ဘာ - ၁၁**

လစ်ဗျားတိုက်ခိုက်ရေးသမားများသည် မွမ်မာကဒါဖီကို သစ္စာခံသည့်မြို့တစ်မြို့အား ထိုးစစ်ဆင်ခြင်းများကို ဆိုင်းငံ့ထားသော်လည်း ၎င်း၏မွေးရပ်မြေ ဆာတီမြို့အနီးသို့မူ ချဉ်းကပ်နေကြောင်း လစ်ဗျားနိုင်ငံ အုပ်ချုပ်သူအသစ်များကပြောကြားသည်။

ထိုအတောအတွင်း ထွက်ပြေးတိမ်းရှောင်နေသည့်လစ်ဗျားခေါင်းဆောင်ဟောင်း ကဒါဖီ၏သားတစ်ဦးဖြစ်သူ ဆာဒီကဒါဖီသည်ဆာဟာရသဲကန္တာရနယ်စပ်ဝင်ပေါက်မှနိုင်ဂျာနိုင်ငံသို့ရောက်ရှိလာကြောင်း နိုင်ဂျာနိုင်ငံက ပြောကြားသည်။



လစ်ဗျားအမျိုးသားအသွင်ကူးပြောင်းရေးကောင်စီ(NTC)ကလည်း ရှေ့လာမည့်ခုနစ်ရက်မှ ဆယ်ရက်အတွင်း ဘက်ပေါင်းစုံပါဝင်သည့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းရေးတင်ပြသွားမည်ဟုပြောသည်။ ရေနံထုတ်လုပ်ခြင်းကိုလည်း ပြန်လည်စတင်နေပြီဟု အသွင်ကူးပြောင်းရေးကောင်စီကပြောသည်။ အသွင်ကူးပြောင်းရေးတိုက်ခိုက်ရေးသမားများသည် ထရီပိုလီမြို့တွင် ကဒါဖီ၏ နိုင်ငံခြားရေးထောက်လှမ်းရေးအကြီးအကဲကို ဖမ်းဆီးလိုက်ကြောင်းလည်းသိရသည်။

စာ(၄၅)သို့



Photo- osha.gov



Photo- AP




Photo- Reuters

## ၉/၁၁ အောက်မေ့ဖွယ်အခမ်းအနား အမေရိကန်မြို့ကြီးများတွင်ကျင်းပ

**နယူးယောက်၊ စက်တင်ဘာ - ၁၁**





Photo- Getty Images

စက်တင်ဘာလ ၁၁ ရက်နေ့တိုက်ခိုက်မှု ဆယ်နှစ်မြောက် နှစ်ပတ်လည်အခမ်းအနားများ အမေရိကန်နိုင်ငံတွင်ကျင်းပစဉ် တိုက်ခိုက်မှုကြောင့် သေဆုံးသွားသည့် လူပေါင်း ၃,၀၀၀ ၏ အမည်များရေးထိုးထားသည့် အထိမ်းအမှတ်ကျောက်သားတံတိုင်းရှေ့၌ မိဘများ ဆုံးရှုံးသွားသည့် ကလေးများနှင့် အရွယ်ရောက် ယောကျ်ားများနှင့် မိန်းမများ ဝမ်းနည်းပူဆွေးငိုကြွေးခဲ့ကြသည်။

တစ်ချိန်က ကမ္ဘာ့ကုန်သွယ် ရေးမျှော်စင်ညီနောင်တည်ရှိခဲ့သည့်နေရာတွင် ပြုလုပ်သည့် ကြေကွဲဖွယ်အခမ်းအနား၌ အယ်လ်ကိုင်ဒါများ လေယာဉ်အပိုင်စီးတိုက်ခိုက်မှုကြောင့် သေဆုံးခဲ့သည့် လူတစ်ဦးချင်းစီ၏ နာမည်ကို ဖတ်ကြားခဲ့သည်။ အခမ်းအနားမှာ ငါးနာရီနီးပါးခန့် ကြာမြင့်ခဲ့သည်။ စာ(၄၅)သို့

## ဂရိငွေကြေးအကျပ်အတည်း ပူပန်မှုများကြောင့် ယူ႐ိုတန်ဖိုး ကျဆင်း

**တိုကျို၊ စက်တင်ဘာ - ၁၂**

ဂရိနိုင်ငံသည် ကြွေးမြီများပြန်လည်ပေးဆပ်ရန် ပျက်ကွက်လိမ့်မည်ဟူသော စိုးရိမ်မှုများနှင့် ဂျာမနီနိုင်ငံ၏ သတိပေးချက်များ ထွက်ပေါ်ခဲ့ပြီးနောက် ဥရောပဘုံငွေကြေးယူရိုငွေတန်ဖိုးမှာ အာရှကုန်သွယ်ရေးတွင် တန်ဖိုးထိုးကျလာကြောင်းသိရသည်။ ဂျပန်ယန်းငွေနှင့်နှိုင်းယှဉ်လျှင် ယူရိုငွေသည်ဆယ်နှစ်အတွင်း အနိမ့်ဆုံးတန်ဖိုးသို့ ကျဆင်းခဲ့သည်။

ဥရောပနှင့် အမေရိကန်စျေးကွက်များတွင် ယူရိုငွေတန်ဖိုး ဆုံးရှုံးမှုများပြားခဲ့ခြင်းကြောင့်လည်း ယူရိုငွေရောင်းထုတ်ရေးဖိအားများ ကြီးထွားခဲ့သည်။ ဥရောပဗဟိုဘဏ်ကော်မတီမှ အရေးပါသူတစ်ဦး နုတ်ထွက်ခဲ့ခြင်းကလည်း ရင်းနှီးမြှုပ်နှံသူများအပေါ် သက်ရောက်မှုရှိခဲ့သည်။

ပြီးခဲ့သည့်သောကြာနေ့တွင် ယန်းငွေနှင့် နှိုင်းယှဉ်ပါက ၁၀၇ ဒသမ ၆၆ ယန်းရှိခဲ့သည့် ယူရိုငွေတန်ဖိုးမှာ တနင်္လာနေ့ အာရှရှယ်ယာစျေးကွက်ရောင်းဝယ်မှုစတင်ချိန်တွင် တစ်ယူရိုလျှင် ၁၀၄ ဒသမ ၉၀ ယန်းသို့ ကျဆင်းခဲ့သည်။ ယင်းမှာ ၂၀၀၁ ခုနှစ် ဇူလိုင်လနောက်ပိုင်း၌ အနိမ့်ဆုံး ယူရိုငွေတန်ဖိုးဖြစ်သည်။

စာ(၄၅)သို့



Photo- Getty Images

## ဂျပန်ဆူနာမီ ခြောက်လပြည့်အမှတ်တရပွဲများ ကျင်းပ

**မီနာမီဆန်ရီကု၊ စက်တင်ဘာ - ၁၁**

လူပေါင်းနှစ်သောင်းခန့် သေဆုံးခြင်းနှင့်ပျောက်ဆုံးခြင်းဖြစ်ခဲ့သော နျူကလီးယားအကျပ်အတည်းကြုံခဲ့ရသည့်ငလျင်နှင့်ဆူနာမီဖြစ်ပွားပြီး ခြောက်လအကြာ စက်တင်ဘာလ ၁၁ ရက်တွင် ဂျပန်နိုင်ငံတစ်ဝန်း၌ အောက်မေ့သတိရဆုတောင်းပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။

ပြင်းအား ၉ မဂ္ဂနီကျူဒ်အဆင့်ရှိ မြေငလျင်လှုပ်ခတ်မှု စတင်ခဲ့သည့်အချိန် မွန်းလွဲ ၂နာရီ ၄၆ မိနစ်တွင် သတိပေးအချက်ပြသံများ မြည်လာခဲ့သည်။ အကြီးအကျယ်ပျက်စီးခဲ့သော ပစိဖိတ်သမုဒ္ဒရာကမ်းရိုးတန်းတစ်လျှောက်မြို့များတွင်သေဆုံးသူများအတွက် ဆုတောင်းပွဲ၊ အောက်မေ့သတိရပွဲများ ကျင်းပကြစဉ် မြို့တော်တိုကျို၌ နျူကလီးယားဆန့်ကျင်ရေးချီတက်ပွဲများဖြစ်ပေါ်ခဲ့သည်။

စာ(၄၅)သို့

